


# တြိစက္က

## မိုးမခဝတ်ဝါ


စာမူခွင့်ပြုချက် - ၅၀၀၈၈၈၀၅၀၇

မျက်နှာဖုံးခွင့်ပြုချက် - ၅၀၀၉၄၈၀၅၀၈

- ၂၀၀၅ - ခုနှစ်၊ ဒီဇင်ဘာလ ပထမ အကြိမ်

အုပ်ရေ - ၅၀၀

တန်ဖိုး - ၁၅၀ိ/-

ထုတ်ဝေသူ - ဒေါ်ကေခိုင်ဦး (မြ - ၀၇၇၆၉)
ရွှေသမင်စာပေ
၃၇၊၄၄-လမ်း၊ ဗိုလ်တထောင်မြို့နယ်
ရန်ကုန်တိုင်း။

အတွင်း/အဖုံး ပုံနှိပ်သူ - ဦးကျော်ဇင် (မြ - ၀၄၂၂၉)
နိုင်ရည်မွန်ပုံနှိပ်တိုက်၊ ၈၁၊ဗိုလ်ချုပ်…
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။


ရွှေသမင်စာပေ၏ စီစဉ်တင်ဆက်မှု

## ဒို့တာဝန်အရေး သုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

**နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည် ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။**

## ပြည်သူ့သဘောထား

- ◆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ◆ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ◆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ◆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- ◆ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- ◆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ◆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ◆ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄)ရပ်

- ◆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ◆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ◆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ◆ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံး၏ ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄)ရပ်

- ◆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- ◆ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- ◆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- ◆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

ရွှေသမင်
စာပေမှ စီစဉ်တင်ဆက်သည်

# ကြီးကူ

## မိုးမခဝက်ပါ

[ဂမ္ဘီရဆန်ကြိုမ် ဝတ္ထုရှည်]

## ဆက်လက်ထွက်ရှိမည့် စာအုပ်များ

၃၈။ ကြယ်နဂါးနဲ့ ရွှေသားလိုဏ်ဂူ
၃၉။ ဂမုန်းနက် ရန်စွယ်
၄၀။ မဟူရာရန်စွယ်
၄၁။ ဇီဝစိုးကျိန်စာ
၄၂။ သလင်းကျောက်နန်းတော်
၄၃။ မြနှင်းဖြူ မြသင်းကြူ မြဝင်းသူ
၄၄။ ပျဉ်ဒရယ်မြနဒီ
၄၅။ နဂါးဖွက်အိုင်လမ်း
၄၆။ မောရမြိုင်မှ သောဠသဝက်ပါ
၄၇။ ကျောက်လက်ဝါးအမြူတေ
၄၈။ နှင်းဖြူတောင်တန်း လွမ်းသက်သေ





## ပါဝင်သောအခန်းများ

အမှာစာ...
အခန်း (၁) ပင်လယ်ပြင်၌အဆိပ်သင့်ခြင်း
အခန်း (၂) ကျွန်ုပ်နှင့် ထက်မင်းကျော်စွာ
အခန်း (၃) လူသတ်နွယ်ရှင်များ
အခန်း (၄) ဒေါက်တာဇီဝနှင့် အိုမီဂါစီမံကိန်း
အခန်း (၅) ဇင်မာဝေနှင့်ပတ်သက်၍
အခန်း (၆) မင်းမခမှအန္တရာယ်
အခန်း (၇) အသက်ခြွေသော ကာဝေလက်သည်း
အခန်း (၈) စနေနှစ်ခု ထိအောင်ပြူတော့
အခန်း (၉) အိုမီဂါသဲလွန်စ
အခန်း (၁၀) ရန်သူထောင်ချောက်
အခန်း (၁၁) အသက်လုရသောပွဲ
အခန်း (၁၂) မိုးမခမျက်နှာဝက်ပါ
အခန်း (၁၃) ဆံသ,သမားမျက်နှာနှင့်လူ
အခန်း (၁၄) အိုမီဂါစီမံကိန်းအတွင်းမှတိုက်ပွဲ
အခန်း (၁၅) သူ့အသက်ကိုယ့်အသက် လုကြရပြီ
အခန်း (၁၆) ကန္တာရအတွင်းမှဒုက္ခဆိုး
အခန်း (၁၇) ဒေါက်တာဇီဝနှင့် နောက်ဆုံးဘဝ
အခန်း (၁၈) မိုးမခနိဂုံး

# စာရေးသူ၏အမှာစာ

ကျွန်တော်သည် ဂမ္ဘီရဆန်းကြယ်ဝတ္ထုများကို ဦးစားပေး ရေးသားခဲ့သော်လည်း စုံထောက်နှင့် ပတ်သက်သော ဝတ္ထုများကိုလည်း ရေးသားခဲ့ပါသည်။

ကျောက်စိမ်းနက်ဝက်ပါ...

နဂါးဝိညာဉ်ကျိန်စာ...

နဂါးခံတွင်း ကျားခံတွင်း...

အစရှိသော စာအုပ်များမှာ စုံထောက်ပညာနှင့် ဂမ္ဘီရပညာကို ရောမွှေရေးသားသော စာအုပ်များ ဖြစ်ပါသည်။


ယခု 'မိုးမခဝက်ပါ' အပါအဝင် နောက်လများမှာလည်း ဂမ္ဘီရဆန်းကြယ်ဝတ္ထုနှင့် ဂမ္ဘီရ စုံထောက်ဝတ္ထုများကို ရွှေသမင်စာပေတိုက်မှ အလှည့်ကျရေးသားရန် အစီအစဉ်များရှိကြောင်း ကျွန်တော့်ရဲ့ ချစ်သောပရိသတ်များကို လေးစားစွာ အသိပေး အပ်ပါသည်။

စာဖတ်သူများ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာကြပါစေ...

(ထြိုစကြ)







ဒုက္ခဆိုတာ လူ့ဘဝရဲ့

မှတ်ကျောက်တစ်ခုပဲ...

ဒုက္ခနဲ့မတွေ့ဖူးသေးသမျှ

တောက်ပြောင်တဲ့ဘဝကို

မရနိုင်သေးဘူး။







ကိုယ့်ကိုယ်ကို နည်းမျိုးစုံနဲ့ အသက်
သက်တာ ပိုကောင်းအောင် ကြိုးစားနေတာ၊
အကျင့်စာရိတ္တ၊ စိတ်နေသဘောထား၊
လုပ်ရည်ကိုင်ရည် ကောင်းအောင်ကြိုးစား
နေတာ၊ ဉာဏ်ပညာ ရင့်ကျက်အောင်
ကြိုးစားနေတာပါ၊ သင့်အတွက် အရေး
အကြီးဆုံးပဲ...





ရရှိထားတဲ့ သဘောထားအနေကို
စိတ်တိုင်းမကျရင် စိတ်တိုင်းကျအောင်
လုပ်ယူရမှာ တခြားလူ တာဝန်ထက်
ကိုယ့်တာဝန်ဆိုတာ သိမှုပြင်း…ပါ။

ဘဝမှာ အောင်မြင်မှု မရ ဘူးဆိုတာ
ရည်ရွယ်ချက်နဲ့ ကောင်းတာတစ်ခုခု
ကို စွဲစွဲမြဲမြဲမလုပ်တဲ့ အကျင့်ဆိုး
ကြောင့်ပါပဲ။





နှလုံးသားဆိုတာ ခံစားဖို့ပါပဲ
အလိုလိုက်ဖို့ မဟုတ်ပါဘူး။

သင့်ဘဝမှာ

ဘာတစ်ခုမှ

အများမလုပ်သေးဘူးဆိုရင်

လုပ်သမျှ များနေဦးမှာပဲ...







အမှန်တရားကိုရအောင် ပြင်ယူမယ်
ဆိုရင် ကိုယ့်အတွက်ကို ခက်ခွာထားမှ
ဖြစ်မယ်...။

ရုပ်ခန္ဓာကို၊ ဂုဏ်သိက္ခာ

ဆိုတာ (Outer World)

ပြင်ပလောက ဖြစ်တယ်။

စိတ်ဓာတ်ခွန်အားမှု၊ အသိဉာဏ်ဆိုတာ (Inner World) အတွင်းလောက ဖြစ်တယ်။ အပြင်လောက (Outer World) ဆိုတာ အများနဲ့ဆိုင်တယ်၊ ကိုယ်တစ်ဦးတည်း ပိုင်ဆိုင်လို့မရနိုင်ဘူး အချိန်မရွေး သူများလက်ထဲရောက်သွားနိုင်တယ်၊ အသိဉာဏ်နဲ့စိတ်အေးချမ်းမှု (Inner World) က အများပိုင် အများဆိုင်မဟုတ်ဘူး ဘယ်သူမှ ယူသွားလို့မရဘူး။ ဒါကြောင့် ကိုယ့်ရဲ့ (Inner World) အတွင်းလောကမှာ ပျော်ရွှင်ဖို့ကို အလေးထားရမယ်။





# အခန်း [ ၁ ]

## ပင်လယ်ပြင်၌အဆိပ်သင့်ခြင်း

တနင်္သာရီခရိုင်နယ်ဟု ဆိုအပ်သော ကမ်းရိုးတန်းတစ်လျှောက်တွင် အမိုပြုနေထိုင်ကြသော မြို့ရွာဒေသ အတော်များများမှာ ပင်လယ်ပြင်ကြီးအား အမှီသဟဲပြုကာ အသက်မွေးဝမ်းကျောင်း ပြုကြလေသည်။

ပင်လယ်ကမ်းရိုးတန်း တစ်လျှောက်ကိုကြည့်လျှင် ငါးဖမ်းလက်လှေ၊ ကတ္တူလှေများကို အများအပြား မြင်နိုင်ပေ၏။

တနင်္သာရီခရိုင်၏ တောင်ဘက်အစွန်ဆုံးကျသော (မြိတ်ခ၀တြိုတ်) မြိတ်မြို့မှာ ကမ်းရိုးတန်းဒေသတွင် အချက်အချာ

ကျသော မြို့တစ်မြို့ဖြစ်သည်နှင့်အညီ လူဝင်လူထွက်များပြား ကျသော မြို့တစ်မြို့လည်းဖြစ်သည်။ ၎င်းသည် ပင်လယ်ကမ်းရိုး တန်းဘက်တွင် စီးပွားရေးအတွက် ဈေးကွက်ကျသော နေရာ ဖြစ်သဖြင့် တစ်လလျှင် နှစ်ကြိမ်ခန့် ပင်လယ်ကူးသင်္ဘောကြီး များ ဝင်ထွက်သွားလာသော မြို့တစ်မြို့ဖြစ်သည်။

၎င်းသည် တနင်္သာရီမြစ်ဝ၌ တည်ရှိပြီး ၎င်းမြစ်၏မြစ်ဖျား ခံရာမှာ တနင်္သာရီရိုးမဖြစ်သည်။ ထိုနေရာမှ စတင်စီးဆင်းလာ သော တနင်္သာရီမြစ်သည် တနင်္သာရီမြို့အနီးတွင် အနောက် ဘက်သို့ ကွေ့သွားပြီးနောက် ပင်လယ်တွင်းသို့ စီးဝင်သွားလေ သည်။ ကမ်းရိုးတန်းတစ်လျှောက်မှာ ကျောက်ဆောင်များ လွန်စွာထူထဲလှပြီး သဲသောင်ပြင်များလည်း ရှိပေသည်။

အနောက်ဘက် ပင်လယ်ထဲမှာတော့ ထောင်ပေါင်း ရာပေါင်းများစွာသော ကျွန်းစုကျွန်းငယ်များ ရှိလေသည်။

အနောက်တောင်ဘက်ယွန်းယွန်း ပင်လယ်ထဲမှာတော့ 'မေဂရက်' ရေလက်ကြားရှိသော ဝေလပင်လယ်အော်ရှိသည်။

အနောက်ဘက်ယွန်းယွန်းမှာတော့ တနင်္သာရီကမ်းရိုး တန်း ဒေသကို စီတန်းကာ ကာရံထားသော ကျွန်းများစွာ ရှိကြသည်။

၎င်းတို့အထဲမှ ထင်ရှားသောကျွန်းများမှာ...





မလိကျွန်း၊ မလိငယ်ကျွန်း၊ သမိးလှကျွန်း၊ တနင်္သာရီ ကျွန်း၊ ကတန်ကျွန်း၊ သရော့သဲတန်းကျွန်း၊ ဒုံးကျွန်း၊ ခန်းသစ်ကျွန်း၊ သိမ်ဖြူကျွန်း၊ ကွမ်းသီးကျွန်း၊ ကံမော်ကျွန်း၊ ဘင်းတင့်ကျွန်း၊ ပန်းထောင်ကျွန်း၊ ဖရဲကျွန်း၊ အိုဝင်ကျွန်း၊ ကော့ရေးကျွန်း၊ ကလဲရားကျွန်း၊ လန်ပီကျွန်း၊ လာဘိုးရားကျွန်း၊ လောကာ ကျွန်းလိုကျွန်း၊ ဇာဒက်ကလေးကျွန်း၊ သူခွေးကျွန်း၊ ဇာဒက်ကြီးကျွန်း၊ သံကျွန်း......

အစရှိသည်တို့ဖြစ်ကာ သံကျွန်းသည် မြန်မာနိုင်ငံ၏ တောင်ဘက်အစွန်ဆုံးရှိ ဘုရင့်နောင်အငူကွေ့နှင့် တစ်ဆက် တစ်စပ်တည်းလောက် တည်ရှိပေသည်။

အများအားဖြင့်တော့ တနင်္သာရီကမ်းမြောင်ဒေသမှာ ကျွန်းစု ကျွန်းငယ်များဖြင့် ဝန်းရံထားကာ ရေလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူ များလှသည်။

အချိန်မှာ မြန်မာနိုင်ငံကို ကိုလိုနီနယ်ချဲ့များ သိမ်းပိုက် အုပ်ချုပ်နေသော ကာလလည်းဖြစ်ရာ အသိပညာနှင့် ဖွံ့ဖြိုးမှု တိုးတက်သောနေရာများ ဆိုကလည်း မများပေ။

၎င်းနေရာများတွင် နေထိုင်ကြသော လူအများစုမှာ တစ်နေ့ လုပ်တစ်နေ့စား အလုပ်ကြမ်းသမား များပေသည်။

ပညာတတ်၊ ခေတ်မီသူများအနေနှင့်လည်း ထိုမျှသီခေါင်လှသော အရပ်ဒေသများသို့ လာရောက်ရန် အကြောင်းမရှိသောကြောင့် မလာကြပေ။

ငါးဒိုင်နှင့် ရေလုပ်ငန်းပိုင်ရှင် အတော်များများကလည်း ရန်ကုန်၊ မြိတ်၊ ထားဝယ် အစရှိသော မြို့ကြီးများလောက်သာ နေထိုင်ကြပြီး လုပ်ငန်းအတော်များများကိုတော့ စိတ်ချယုံကြည်ရသော လူများနှင့် လုပ်ကိုင်ကြစေသည်။

လုပ်ငန်းရှင်အတော်များများကတော့ ရာသီဥတု သာယာသောအချိန်များမှာ ပင်လယ်ကူးသင်္ဘောများနှင့် လိုက်လာကာ မိမိတို့လုပ်ငန်းများကို စီမံခန့်ခွဲလေ့ရှိကြသည်။

ပင်လယ်လုပ်ငန်းဆိုသည်မှာလည်း ကော်ရုံအသိဉာဏ်ရှိသူများ မလုပ်ချင်သောလုပ်ငန်းဖြစ်ပြီး အကြမ်းမခံနိုင်သူ၊ သတ္တိနည်းသူများလည်း မလုပ်ဝံ့သော အလုပ်ကြမ်းများဖြစ်ကြသည်။

ကမ်းရိုးတန်းတစ်ဝိုက်မှာ လုပ်ရသည်ထက် ပင်လယ်ပြင်သို့ ရက်အတန်ကြာအောင် ထွက်လုပ်ရသော အလုပ်များက ပိုဆိုးသည်။

လှိုင်းဒဏ်၊ လေဒဏ်၊ ရာသီဥတုကြမ်းများ ဒဏ်ကို ခံနိုင်ပါမှ ပင်လယ်သို့ထွက်နိုင်သည်။





ထိုအချိန်ကတော့ ပင်လယ်သို့ထွက်မည့် ကတ္တူလှေများနှင့်လိုက်မည့် အလုပ်သမားများမှာ အရက်၊ ဘိန်း၊ ဆေးခြောက်များကို ယူဆောင်သွားကြပြီး ထိုအရာများကို သုံးစွဲကာ လှိုင်းဒဏ်၊ လေဒဏ်၊ အလုပ်ကြမ်း၏ ပင်ပန်းမှုဒဏ်များကို ခံနိုင်အောင် ကာကွယ်ကြသည်။

ပင်လယ်အလုပ်သမားများဘဝမှာ တကယ်တော့ သနားစရာ ကောင်းလှသည်။

ရသောငွေနှင့် လုပ်ရသည့်အလုပ်က မကာမိပေ...။

အသက်စွန့်ကာလုပ်ရသလောက် ရရှိသောငွေကြေးက နည်းလှသည်။ ထို့ကြောင့်လည်း ပင်လယ်အလုပ် ဘယ်လောက်ပဲ လုပ်လုပ် ကြီးပွားချမ်းသာခြင်းမရှိဘဲ ပင်လယ်မှာမွေး... ပင်လယ်ပြင်မှာ ဘဝဆုံးကြရသည်။

တစ်နေ့တခြား ကြီးပွားချမ်းသာသူများကတော့ ငွေရှင်ကြေးရှင် အလုပ်ရှင်များသာဖြစ်သည်။

ထိုခေတ်အခါကလည်း မြန်မာအမျိုးသားလုပ်ငန်းပိုင်ရှင်များ သိပ်မရှိလှဘဲ တရုတ်၊ ကုလား လူမျိုးကွဲလုပ်ငန်းရှင်သူဌေးများသာ အုပ်စိုးခြယ်လှယ်ထားသော ကာလဖြစ်သည်။

၎င်းတို့က ငွေအင်အား၊ လူအင်အား တောင့်ကြသဖြင့် တစ်ဦးစ နှစ်ဦးစသာရှိသော မြန်မာလုပ်ငန်းရှင်များမှာ ၎င်းတို့

ပိုင်းဝန်းနှိပ်စက်ကြသဖြင့် ကြာတော့ မခံနိုင်ဖြစ်ကာ အလုပ်နား ကြရလေသည်။

နောက်ဆုံး မိမိတို့ပိုင်ဆိုင်သော လှေများ၊ လုပ်ငန်းသုံး ကိရိယာများကို ကုလား၊ တရုတ် သူဌေးများလက်သို့ ထိုးအပ် ရသည်များ ရှိသည်။ ဒါမှမဟုတ်ရင်တော့ ပင်လယ်ပြင်မှာ အုပ်စုဖွဲ့ကာ ရန်ရှာသောကြောင့် လူရောပစ္စည်းများပါ ဆုံးရှုံးမှု များ မကြာခဏ ကြုံကြရလေသည်။

သို့သော်လည်း…

တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်မှာတော့ ရေလုပ်ငန်း သမားများ၊ လက်လုပ်လက်စားများ၊ အလုပ်ကြမ်းသမား များဖြင့် စည်ကားနေမြဲဖြစ်ပေသည်။

တစ်နေ့သောအခါ… တနင်္သာရီ ကမ်းရိုးတန်းဒေသ တစ်လျှောက်ရှိ တောင်တန်းများပေါ်တွင် ငါးအသေများ ဖွေးဖွေးလှုပ်အောင် လာတင်နေလေသည်။

ငါးများမှာ အကြီးအသေးစုံလှပြီး အမျိုးအမည်ကလည်း စုံလင်လှပေသည်။ ငါးအသေကောင်များမှာ တောင်ပုံရာပုံ ရှိနေပြီး ဘယ်အချိန်က ဘယ်လိုအကြောင်းကြောင့် ယခုလို အစုလိုက် အပြုံလိုက် သေဆုံးနေကြသည်ကို မသိရပေ။





နံနက်လင်း၍ ကမ်းစပ်သို့ဆင်းလာသော အလုပ်သမား များမှာ သောင်ပြင်များပေါ်၌ ဖွေးဖွေးလှုပ်မျှ တင်နေသော ငါးများကို တွေ့မြင်ရသောအခါ အလုအယက် ကောက်ယူကြ သည်။

ငါးအသေများမှာ သေဆုံးသောအချိန် မကြာသေးသော ကြောင့် လတ်လတ်ဆတ်ဆတ်ပင် ရှိနေသေးသည်။

ထို့ကြောင့် မိမိတို့နေအိမ်များသို့ ယူဆောင်သွားကြပြီး ငါးကြီးငါးကောင်းများကို ချက်ပြုတ်စားသောက်ကြသည်။ အချို့ ပိုလျှံသောငါးများကို လှည့်လည်ရောင်းချခြင်း၊ ဈေးသို့တင်ပို့ ခြင်း၊ နိုင်များသို့သွင်းခြင်း၊ ငါးပိ–ငါးခြောက်များ လုပ်သူက လုပ်ကြလေသည်။

ထိုသို့စားသောက်ကြပြီး နေ့လယ်လောက်ရောက်သော အခါ ထိုငါးများကိုစားသူမှန်သမျှ အစာအဆိပ်သင့်ကုန်ကြ တော့သည်။

အော့အန်ခြင်း၊ ဝမ်းသွားခြင်းများ ဖြစ်ရုံမက ဘယ်လိုမှ ဆေးကု၍မရတော့ဘဲ သေဆုံးကုန်လေသည်။

ထိုအချိန်က မြို့ကြီးများနှင့် အလှမ်းဝေးသောနေရာများ တွင် ဆေးရုံနှင့် ဆေးပေးခန်းများ လုံလောက်အောင်မရှိသည်က တစ်ကြောင်း၊ ဆရာဝန်၊ ဆရာမများ ရှားပါးလှသောကြောင့်

တော်ရုံတန်ရုံရောဂါဖြစ်လျှင် ဆေးကုသခွင့်မရဘဲ အသက်ဆုံးကြသည်သာ များပေသည်။

၎င်းတို့အားထားရသော တနင်္သာရီမြို့ကလေး၏ ဆေးရုံမှာပင် ဆေးဝါးပစ္စည်းနှင့် ဆရာဝန်၊ ဆရာမများ မရှိပေ။

ယခုလို ကပ်ရောဂါကဲ့သို့ လူပေါင်းများစွာတို့ တစ်ပြိုင်နက်ရောဂါဖြစ်လာသောအခါ ဆေးရုံပေါ်တွင် လူနာများ ထားစရာနေရာမရှိအောင် များပြားလှသလို သေဆုံးသွားသော အလောင်းများကို မြှုပ်စရာမြေမရှိတော့အောင် ဖြစ်ကုန်လေသည်။

ထို့ကြောင့်...

သေဆုံးသူများ၏ အလောင်းများကို လှေများပေါ်တင်၍ ပင်လယ်ထဲသို့ သယ်ဆောင်သွားကာ ပင်လယ်ဝ၌ ပစ်ချသင်္ဂြိုဟ်ကြရသည်။

ဆေးရုံရောက်လာသော လူနာများကို ဆရာဝန်များက စမ်းသပ်စစ်ဆေးကြည့်သောအခါ ပင်လယ်ထဲမှာ လွန်စွာပြင်းထန်သော အဆိပ်တစ်မျိုးကြောင့် ငါးများ အဆိပ်မိပြီး သေဆုံးရခြင်းဖြစ်ရာ ထိုငါးများကို စားမိသူများလည်း အဆိပ်မိကာ သေဆုံးကြခြင်းဖြစ်သည်ဟု အဖြေထွက်လာသည်။

ထိုအခါ အဆိပ်ဖြစ်ရခြင်းအကြောင်းမှာ ပင်လယ်ရေကြောင့်လား။ ဒါမှမဟုတ် အစားအစာတစ်ခုခုကြောင့် ဖြစ်တာလားဟု ခွဲခွဲခြားခြားတော့ အဖြေမသိရပေ။





ထို့အတွက်ကြောင့် ပင်လယ်ပြင်သို့ထွက်သူများ မထွက်ဝံ့ကြတော့သလို ပင်လယ်ထွက် ငါး၊ ပုစွန်များကိုပင် ဘယ်သူမှ တားပုံကြတော့သဖြင့် ရေလုပ်ငန်းသမားများအတွက် များစွာထိခိုက်နစ်နာမှုများ ဖြစ်ကြရသည်။

ထိုအကြောင်းများကို မော်လမြိုင်မြို့တွင် ထုတ်ဝေဖြန့်ချိလျက်ရှိသော မြန်မာသတင်းစာတစ်စောင်နှင့် ရန်ကုန်မြို့မှထုတ်ဝေဖြန့်ချိသော မြန်မာ့အသံတော်ဆင့်သတင်းစာ နှစ်စောင်တို့တွင် အသီးသီးဖော်ပြပေးကြသည်။

## အဆိပ်သင့်မှုအကြောင်း

တနင်္သာရီခရိုင်နယ်၊ တောင်ဘက် အစွန်ဆုံးကျသော (မြိတ်ဒိစတြိတ်) တနင်္သာရီမြို့နှင့် အနီးတစ်ဝိုက်တွင် မှီခိုနေထိုင်ကြသူအပေါင်းတို့မှာ စိတ်နှလုံး ဖြူစင်ရိုးသားစွာဖြင့် မိရိုးဖလာအားမဦးချအလုပ်ဖြစ်သော ရေပိုးရေမွှား ရှာဖွေစားသောက်ခြင်းအမှုကို ပြုခဲ့ကြသည်မှာ ရှေးအစဉ်အဆက်ကပင် ဖြစ်၏။

သို့ပါသော်လည်း ယခုအခါတွင် ကြမ္မာဆိုးမှောက်၊ ကံဆိုးရောက်၍ ကောက်ယူရရှိသော ငါးများကို ဝမ်းသာအားရကောက်ယူ စားသုံးမိသည်မှ အဆိပ်သင့်ကြလေသည်။

ထို့ကြောင့် လူပေါင်းများစွာတို့မှာ 'ကယ်ပါ ယူပါ' တစာစာဖြင့် ရောဂါဖစ်မြစ် ရှာဖွေလှစ်သောအခါ အဆိပ်သင့်ကြောင်း စုံစမ်းသိရှိရပါသော်လည်း ဆေးဝါးမစုံလင်၊ ဆေးရုံအပြင်၌ နေရသဖြင့် သေဆုံးရသူ များကြလေသည်။

ထိုအကြောင်းကို မြို့အုပ်တော်မင်း သိရှိတော်မူသဖြင့် ကိုယ်တိုင်ကြပ်မတ် သွားရောက်ကြည့်ရှု စစ်ဆေးကာ စီစဉ်တန်သမျှ စီစဉ်ပေးတော်မူသည်မှာ...

**သေဆုံးသူအလောင်းများကို ပင်လယ်ဝသို့ ချစေ...**

**တာဝန်ရှိသူများက အဆိပ်ဖျန်းသောသူ၊ ဒါမှမဟုတ် အဆိပ်သင့်ရခြင်း အကြောင်းရင်းမှန်ကို မချွင်းမချန် စုံစမ်းစစ်ဆေးကြစေ...**

ဟု မြို့အုပ်တော်မင်းက စီစဉ်တော်မူလေသည်။

၁၂၃၈၊ တော်သလင်းလပြည့်ကျော် (၁၃)ရက်
၁၈၈၆–ခု၊ စက်တင်ဘာလ (၁၅)ရက်၊ သောကြာနေ့
မြန်မာသံတော်ဆင့်သတင်းစာ။

ဟူ၍ ကြော်ငြာပါလာပြီး ရက်သတ္တတစ်ပတ်ခန့် ကြာသောအခါ နောက်ဆက်တွဲ သတင်းတစ်ပုဒ် ဆက်ပါလာလေသည်။





## အဆိပ်သင့်မှုနှင့်ပတ်သက်၍

### နောက်ဆက်တွဲသတင်း

တနင်္သာရီဒိဗိဇင်၊ တနင်္သာရီမြို့နယ်အတွင်းမှာ ယခင် တစ်ပတ်ခန့်က ကြောက်မက်ဖွယ်ရာ ကပ်ဆိုးကြီးတစ်ခု ဖြစ်ပွားခဲ့သောကြောင့် ကံအကြောင်းမလှစွာဖြင့် လူပေါင်းများစွာတို့ သေကြေ ပျက်စီးခဲ့ကြရပေသည်။

ထိုအကြောင်းကို တနင်္သာရီ မြို့အုပ်တော်မင်းက သေချာစွာ ထောက်လှမ်းမှု ပြုသောအခါ ဝိဘာဂဝင့်ကြွေးကြောင့် သေကြသည်မဟုတ်မူဘဲ ဥပစ္ဆေဒက,ကံကြောင့် အကြောင်းမဲ့ သေဆုံးကြရကြောင်း စုံစမ်းသိရပေသည်။

ထို့ကြောင့်... တရားခံလူမိုက်အား အမြန်ဆုံး ဖော်ထုတ် အရေးယူနိုင်ရန်အတွက် ဌာနာအုပ်နှင့် ပုလိပ်များကို စေလွှတ် စုံစမ်းစေကြောင်း၊ သို့မှ မအောင်မြင်ပါက ရန်ကုန်မြို့ရှိ မြို့ဝန် မင်းဘုရားမှတစ်ဆင့် ပုလိပ်မင်းကြီးထံသို့ အကြောင်းကြားကာ ရန်ကုန်မြို့မှ လူတော် လူမော်များကိုခေါ်၍ အမှုမှန် အမြန်ပေါ်စေကြောင်း... အကြံကောင်းရှိသည်ကို ဖော်ပြလိုက်ရပေသည်။

မြန်မာသံတော်ဆင့်သတင်းစာ။

ဟူ၍ သတင်းပါလာပြန်လေတော့သည်။

ထိုသတင်းနှစ်ပုဒ် ရှေ့ဆင့်နောက်ဆင့် ပါလာပြီးနောက် တစ်ခုသော ညချမ်းအချိန်တွင် ပင်လယ်ပြင်ပေါ်မှာ သားငါးရှာဖွေရန်ထွက်လာသည့် ကတ္တူတစ်စင်းပေါ်မှ အလုပ်သမားများသည် ပင်လယ်ပြင် တစ်နေရာတွင် မသက်ာဖွယ်ရာကောင်းသော စက်လှေတစ်စင်းကို တွေ့သဖြင့် မိမိတို့လှေကို ကျောက်ဆောင်ကွယ်များနောက်သို့ သွင်းကာ အခြေအနေကို စောင့်ကြည့်ကြစဉ် ထိုစက်လှေပေါ်မှ လူများသည် ခေတ်မီလှသည့် အနောက်နိုင်ငံများတွင် ဝတ်ဆင်အသုံးပြုသည့် ရေငုပ်ဝတ်စုံများကို ဝတ်ဆင်ကာ ရေအောက်သို့ ဆင်းသွားကြသည်ကို တွေ့ကြရသည်။

ကြည့်ရသည်မှာ...

ထိုလူများသည် ငါး၊ ပုစွန် ဖမ်းဆီးရန်အတွက် ပင်လယ်ရေအောက်သို့ ဆင်းကြသည် မဟုတ်မှန်းတော့ ကြည့်ရုံနှင့် သိနိုင်ပေသည်။

၎င်းတို့သည် ပင်လယ်ရေအောက်၌ သားငါးရှာဖွေခြင်း မဟုတ်ဘဲ အခြားပစ္စည်းများ ရှာဖွေနေကြဟန်ရှိသည်။

အဘယ်ကြောင့်ဆိုသော်...





ပင်လယ်ရေအောက်၌ နစ်မြုပ်နေသော ရတနာပစ္စည်းများ အပါအဝင် ဆေးဖက်ဝင်ပစ္စည်းများနှင့် ဓာတ်သတ္တုအမြောက်အမြား ရှိကြသောကြောင့် ဖြစ်သည်။

ထိုမသင်္ကာဖွယ် အခြေအနေအချို့ကို တွေ့ရသည်မှလွဲပြီး ပင်လယ်ပြင်မှငါးများ အဆိပ်သင့်ခြင်းအကြောင်း၏ အဖြေကိုမူ ယခုတိုင် အဖြေမထုတ်နိုင်ကြသေးပေ။

ရိုးသားသော ပင်လယ်အလုပ်သမား အတော်များများကတော့ ပင်လယ်စောင့်နတ်မင်းများ မနှစ်သက်သော အမှားအယွင်းတစ်ခုခု လုပ်မိသောကြောင့် ဒေါသဖြစ်ကာ ယခုကဲ့သို့ ပြင်းပြင်းထန်ထန် ဒဏ်ခတ်အပြစ်ပေးသည်ဟု ယုံကြည်ကြသည်။

ထိုအဖြစ်အပျက်များ ဖြစ်ပျက်ခဲ့ပြီး နောက်ထပ် လပေါင်းအနည်းငယ်ကြာသောအခါတွင် ပင်လယ်ပြင်၌ နောက်ထပ်တစ်ကြိမ် အဆိပ်သင့်မှုတစ်ခု ထပ်မံပေါ်ပေါက်ခဲ့ပြန်လေသည်။

# အခန်း [ ၂ ]

## ကျွန်ုပ်နှင့် ထက်မင်းကျော်စွာ

တစ်နေ့သ၌ ကျွန်ုပ်သည် ရုံးခန်းအတွင်း၌ ကျွန်ုပ်ဆီသို့ ရောက်ရှိနေသော အမှုတွဲများကို စစ်ဆေးနေစဉ် ချာပရာစီ လိပ်ကလေးရောက်လာပြီး ကျွန်ုပ်အား ဆလံပေးကာ...

"ဆရာကြီးကို A.D.L.G. (Crime) ခေါ်နေတယ်၊ သူ့အခန်းကို လာခဲ့ပါတဲ့ဆရာ .."

"အေး... ကောင်းပြီ"

ပုလိပ်ကလေး ပြန်ထွက်သွားသောအခါ ကျွန်ုပ်သည် ပွဲပေါ်တွင်ချထားသော (Case Parade) ခေါ် အမှုတွဲအချို့

ကို ဗိုင်တစ်ခုထဲတွင် အသေအချာထည့်ယူကာ လက်ထောက်ပုလိပ်မင်းကြီး ဦးဟန်စိန်ရုံးခန်းရှိရာသို့ ထွက်လာခဲ့သည်။

ဦးဟန်စိန်သည် အသက်ငါးဆယ်ကျော် အရွယ်ရှိပြီး နဖူးပြောင်ပြောင် အရပ် ထောင်ထောင်မောင်းမောင်းနှင့် ဖြစ်သည်။ ၎င်းသည် အင်္ဂလိပ်သွေးပါသူ တစ်ယောက်ဖြစ်ကာ မြန်မာလူမျိုးများထဲမှာတော့ ထူးထူးခြားခြား ကိုယ်လုံးကိုယ်ထည် ထွားကျိုင်းကာ အရပ်အမောင်း ကောင်းသူတစ်ယောက် ဖြစ်သည်။

သူသည် မြန်မာပြည်မှာမွေးပြီး မြန်မာသွေးပါသူတစ်ဦးဖြစ်သော်လည်း မြန်မာလူမျိုးတို့အပေါ်တွင် များစွာအထင်မကြီးလှဘဲ တိုင်းတစ်ပါးသား နယ်ချဲ့အင်္ဂလိပ်များကိုသာ အထင်ကြီးလေးစားသူတစ်ယောက် ဖြစ်လေသည်။

ထို့ကြောင့် မြန်မာအမျိုးသားချင်း ရိုင်းပင်းကူညီရမည့်အစား ဗျူရိုကရက်စိတ်ဖြင့် နှိမ့်ချချင်သူဖြစ်သည်။

စီအိုင်ဒီ (C.I.D) စုံထောက်ဌာနတွင် ပုလိပ်မင်းကြီးမစ္စတာစမစ်သည် အင်္ဂလိပ်လူမျိုးစစ်စစ် တစ်ယောက်ဖြစ်ကာ ရာထူးအကြီးဆုံးဖြစ်သော်လည်း ပုလိပ်မင်းကြီးနှင့် အတွေ့ရနည်းကာ လက်ထောက်ပုလိပ်မင်းကြီး ဦးဟန်စိန်နှင့်သာ တွေ့ရတာပိုများသည်။





ပုလိပ်မင်းကြီး မစ္စတာစမစ်သည် အင်္ဂလိပ်လူမျိုးတစ်ယောက် ဖြစ်သောကြောင့် ဆဲရေးတိုင်းထွာမှုတွင် ဝေါဟာရနည်းသလောက် မြန်မာလူမျိုးတစ်ယောက်ဖြစ်သော ဦးဟန်စိန်မှာ ဆဲရေးတိုင်းထွာမှုတွင် ဝေါဟာရ ကြွယ်လှသောကြောင့် ဆဲဆိုနည်းဝေါဟာရ ကျမ်းတစ်စောင်ပင် ထုတ်နိုင်သူဖြစ်သည်။

ထို့ကြောင့် စီအိုင်ဒီရှိ စုံထောက်အရာရှိများက ဦးဟန်စိန်အား ရွံ့ကြောက် ကြောက်ကြလေသည်။

စုံထောက်မင်းကြီး မစ္စတာစမစ်နှင့် တွေ့ရသောအချိန်မှာ သစဉ် (Case Parade) ခေါ် စစ်ဆေးခြင်း။ တိုးတက်မှု အစီရင်ခံစာကြားနာခြင်း။ ညွှန်ကြားချက်များပေးခြင်း စသည်တို့ ပြုလုပ်သောအခါတွင် ဖြစ်သည်။

ထို (Case Parade) ခေါ် အမှုတွဲများ တင်ပြခြင်း။ စစ်ဆေးခြင်းများ ပြုလုပ်ရမည့်နေ့ကို စုံထောက်အရာရှိတိုင်း ကြောက်ရွံ့ကြသည်။ ဖြစ်နိုင်လျှင် ကျားမြီးကိုသာ ပြေးဆွဲလိုက်နိုင်သည်။ စုံထောက်မင်းကြီးနှင့် မတွေ့လိုလှပေ။

(အို–ဘီ–အီး)နှင့် တွေ့ရသည့်အခါ အနည်းနှင့်အများ ဆူပူကြိမ်းမောင်းခြင်း ခံရမည်ကိုသိသောကြောင့် စုံထောက်အရာရှိတိုင်း ကြောက်ရွံ့ကြခြင်းဖြစ်၏။ အချို့ဆိုလျှင် (အို–

ဘီ–အီး)ရှေ့ရောက်မှ အမှားမှားအယွင်းယွင်း ပို၍ဖြစ်လေ့ရှိရာ ပိုမိုအဆူခံထိလေသည်။

ကျွန်ုပ်သည် လက်ထောက်ပုလိပ်မင်းကြီး ဦးဟန်စိန်က ခေါ်သဖြင့် စားပွဲပေါ်မှ ဖိုင်အချို့ကိုသယ်ယူခဲ့ပြီး ၎င်းရုံးခန်းရှိရာသို့ ထွက်လာခဲ့ရာ အခန်းဝသို့ရောက်သောအခါ ချာပရာစီ ပုလိပ်ကလေးတစ်ယောက်က တံခါးဖွင့်ပေးသဖြင့် အတွင်းသို့ ဝင်ခဲ့သည်။

အတွင်းသို့ရောက်သောအခါ ဦးဟန်စိန်ကို စားပွဲနောက်တွင် ဖိုင်တွဲများနှင့် အလုပ်ရှုပ်နေသည်ကို တွေ့ရသည်။

ကျွန်ုပ် အနီးသို့ရောက်သောအခါ သူက လှည့်မကြည့်ဘဲနှင့်...

"ထိုင်ဗျာ... အိုင်ပီအောင်မင်းအောင်"

ဟု ပြောလိုက်သဖြင့် ကျွန်ုပ်လည်း စားပွဲရှေ့မှ ကုလားထိုင် တစ်လုံးတွင် ဝင်ထိုင်လိုက်သည်။

အတန်ကြာသောအခါမှ ဦးဟန်စိန်က ဘီရိုထဲမှ ဖိုင်တစ်ခုကို ထုတ်ယူလာပြီး စားပွဲပေါ်သို့ချသည်။

"ဒီလိုဗျာ... ခင်ဗျားကို ခေါ်ရတဲ့ကိစ္စကတော့ တခြားမဟုတ်ဘူး။ ကျန်ခဲ့တဲ့လေးငါးလလောက်တုန်းက တနင်္သာရီဘက်မှာ အဆိပ်သင့်တဲ့ ငါးတွေစားမိပြီး လူတွေအများကြီး





သေတဲ့ သတင်းတစ်ပုဒ် သံတော်ဆင့်သတင်းစာမှာ ပါတာ ခင်ဗျားလည်း ဖတ်မိမှာပေါ့"

"ဖတ်ရပါတယ် မင်းကြီး"

"တနင်္သာရီဒိဗြိတ်ရုံးက ပုလိပ်အရာရှိတွေ အစီရင်ခံစာ ဘင်တာကတော့ ငါးတွေဟာ ရိုးရိုးရောဂါတစ်မျိုးဖြစ်ပြီး သေတာကို လူတွေကစားမိတော့ လူတွေပါ သေကုန်တာလို့ အစီရင်ခံစာမှာပါတယ်... ကျုပ်တို့ကလည်း ရိုးရိုးကပ်ရောဂါ တစ်ခုကြောင့် သေတယ်ဆိုတော့ ဘာမှလုပ်မရတာနဲ့ အဲဒီအမှုတွဲကို လူသေမှုအနေနဲ့ ထားလိုက်ရတယ်"

"ဟုတ်ကဲ့..."

"ဒါပေမယ့်... ကျုပ်တို့ထင်သလို မဟုတ်ဘူးဗျ၊ အခု အဲဒီနယ်မှာ အဲဒီလိုအဖြစ်မျိုး ထပ်ဖြစ်လာပြန်တယ်၊ အခုတစ်ခါလည်း ငါးတွေ အမြောက်အမြားသေပြီး ကမ်းစပ်တွေမှာ သောင်တင်နေပြန်သတဲ့... ဒါပေမယ့် ဒီတစ်ခါတော့ ဘယ်သူမှ မစားဝံ့ကြတော့ဘူး"

ထိုစကားကြောင့် ကျွန်ုပ်မှာ သက်ပြင်းချလိုက်သည်။

"ဒီသတင်းကို သံတော်ဆင့်သတင်းစာမှာ ပါလာတယ်၊ သူတို့က ဒီလောက် အရေးကြီးတဲ့ကိစ္စကို ပေါ့ပေါ့တန်တန် သဘောထားနေတယ် ဆိုပြီး ကျုပ်တို့အဖွဲ့ကြီးကို အပြစ်

တင်တဲ့ လေသံနဲ့ ရေးထားတယ်ဗျ… သတင်းစာဆရာတွေကတော့ အမြင်မတော်ရင် ဆော်ဖို့ပဲ ကြည့်နေကာမဟုတ်လား…"

ဟု ဒေါသသံဖြင့်ပြောကာ စားပွဲအံဆွဲထဲမှ ဆေးပြင်းလိပ်တစ်လိပ်ကိုထုတ်ကာ မီးညှိ၍ တစ်ဖွာနှစ်ဖွာ ဖွာလိုက်သဖြင့် မီးခိုးငွေ့များက အခန်းထဲမှာ ဝေ့ဝဲပျံ့လွင့်လာသည်။

"နောက်တစ်ချက်က တနင်္သာရီပုလိပ်အဖွဲ့က ကျုပ်တို့ဆီကို အစီရင်ခံစာတက်လာတယ်၊ သူတို့ရဲ့ အစီရင်ခံစာမှာတော့ ဆရာဝန်ကြီးတွေနဲ့ စုံစမ်းကြည့်တဲ့အခါ ငါးတွေဟာ ရိုးရိုးသေတာမဟုတ်ဘဲ ပြင်းထန်တဲ့ အဆိပ်တစ်ခုခုကြောင့် သေတာဖြစ်တယ်လို့ ပါတယ်…ဒါဟာလည်း တစ်စုံတစ်ဦးရဲ့လက်ချက်ဖြစ်နိုင်တယ်လို့ အစီရင်ခံစာမှာပါတယ်၊ သူတို့က ဒီအမှုကို စုံစမ်းဖို့ ဒီက လူလွှတ်ပေးဖို့လည်း တောင်းဆိုထားတယ် အိုင်ဘီအောင်မင်းအောင်"

"ဟုတ်ကဲ့…မင်းကြီး"

"ဒီအမှုတွဲကို ကျုပ် အိုဘီအီးဆီကိုလည်း တင်ပြပြီး ခွင့်ပြုမိန့်ယူထားတယ်၊ အဲဒီတော့ စုံထောက်အရာရှိတွေထဲမှာ အဲဒီကိုလွှတ်ဖို့ လူကြည့်တော့လည်း တခြားလူကိုမမြင်ဘူး။ လွှတ်လည်း အဆင်ပြေအောင် လုပ်နိုင်မယ့်လူ မတွေ့ဘူး။





ဒီအထဲမှာတော့ ခင်ဗျားတစ်ယောက်ကိုသာမြင်တာမို့ အဲဒီကို ခင်ဗျား သွားပြီးစုံစမ်းပါ"

"ကောင်းပါပြီ… မင်းကြီး"

ကျွန်ုပ်စိတ်ထဲမှာတော့ စီအိုင်ဒီတွင်နေရသည်နှင့် အပြင်သွားနေရသည်က ပို၍လွတ်လပ်သည်ဟု ထင်သောကြောင့် အလွယ်တကူပင် အဖြေပေးလိုက်မိသည်။

"ဒီက ခင်ဗျားကြိုက်တဲ့လူကို ခေါ်သွားပါ… ဟိုမှာ တနင်္သာရီဌာနအုပ်ရုံးမှာ ဌာနအုပ်ဦးဘကျော်ရှိတယ်၊ သူ… စောင့်နေပါလိမ့်မယ်၊ ခင်ဗျား ဟိုရောက်ရင် အစစအရာရာ သူနဲ့ ပူးပေါင်းဆောင်ရွက်ပေတော့"

"ကောင်းပါပြီ မင်းကြီး"

ကျွန်ုပ်က နေရာမှ ထလိုက်သောအခါ ဦးဟန်စိန်က ၎င်း၏ရှေ့မှာ အမှုတွဲဖိုင်တစ်ခုကို ကျွန်ုပ်ရှေ့သို့ တွန်းပေးလိုက်သည်။

"ဒီအထဲမှာ လိုအပ်တဲ့အချက်အလက်တွေ အားလုံးပါတယ်၊ ခင်ဗျား ဘယ်သူ့ကိုခေါ်သွားမလဲ…"

"ထက်မင်းကျော်စွာကိုပဲ ခေါ်သွားပါ့မယ်"

"တစ်ခုတော့ မှာလိုက်မယ်… ခင်ဗျားတို့နှစ်ယောက် အတူတူသွားလို့တော့ မရဘူး။ ကိုယ့်အစီအစဉ်နဲ့ ကိုယ်သွား

ကြပြီး ဟိုရောက်မှဆုံကြပေတော့၊ ဒီဖိုင်ထဲမှာ အတော်အုံသြစရာကောင်းတဲ့ အချက်အလက်တွေပါတယ်၊ ဝေကယ်လို့ ဒီအထဲကအတိုင်း မှန်တယ်ဆိုရင်တော့ ခင်ဗျားတို့ အတော်ခက်ခက်ခဲခဲ လုပ်ရလိမ့်မယ်"

ဟု ပြောကာ ဖိုင်ကိုပေးသဖြင့် ကျွန်ုပ်လည်း ဦးဟန်စိန်ကို အလေးပြုပြီး အခန်းထဲမှထွက်လာကာ ရုံးရှေ့တွင်ရပ်ထားသော ကျွန်ုပ်၏ ဘောက်စ်ဝက်ဂွန်း ကားကလေးကို မောင်းကာ ကျွန်ုပ်၏မိတ်ဆွေ ထက်မင်းကျော်စွာရှိရာသို့ ဦးတည်ကာ ထွက်လာခဲ့သည်။

ထက်မင်းကျော်စွာမှာ အသက် (၃၀) ကျော် အရွယ်ခန့်သာရှိသေးပြီး ကြံ့ခိုင်သန်စွမ်းသော လူရွယ်တစ်ဦးဖြစ်ရုံမက တစ်ခေတ်တစ်ခါက နာမည်ကျော်ကြားခဲ့သော စုံထောက်ကြီး ဦးစံရှားကဲ့သို့ စုံထောက်ပညာတွင် ကျွမ်းကျင်လိမ္မာသူဖြစ်သည်။

၎င်းကိုင်တွယ်ဖြေရှင်းသော အမှုအခင်းမှန်သမျှ တရားခံမပေါ်သောအမှုဟူ၍ မရှိသလောက်ပင်။

၎င်းမှာ အင်္ဂလိပ်လက်အောက်မှ အစိုးရအမှုထမ်းတစ်ဦးဖြစ်သော်လည်း မိမိတို့တိုင်းပြည်ကို မတရား လာရောက်သိမ်းပိုက်ထားသော အင်္ဂလိပ်နယ်ချဲ့များကို လွန်စွာမုန်းတီးသူဖြစ်သည်။





ထို့ကြောင့် ဗျူရိုကရက်ဟု အမည်ပေးထားသော အထက်လူကြီးများနှင့် ဆက်ဆံရာတွင် ချောချောမွေ့မွေ့ ရှိသောကြောင့် ရာထူးတိုးရန် အမည်စာရင်း တင်သွင်းသူများ ထဲတွင် ၎င်း၏နာမည်မပါဘဲ ကျန်ရစ်ခဲ့သည်ကများသည်။

ထက်မင်းကျော်စွာကလည်း လူတစ်မျိုးဖြစ်သည်။

၎င်းအား ရာထူးတိုးပေးသည်ဖြစ်စေ၊ မပေးသည်ဖြစ်စေ ညည်သည့်အထက်လူကြီးကိုမှ မျက်နှာချိုသွေးကာ အောက်ကျ နောက်ကျ ဆက်ဆံလေ့မရှိဘဲ ၎င်းနှင့်ပတ်သက်သော တာဝန် ဝတ္တရားများကိုသာ ကျေပွန်အောင် ဆောင်ရွက်လေ့ရှိသည်။

သို့စေကာမူ...

ပုလိပ်မင်းကြီးအပါအဝင် အထက်လူကြီးများက အရေးကြီး၍ ခက်ခဲသောအမှုကြီးများဖြစ်တိုင်း ထက်မင်းကျော်စွာကိုတော့ သတိရတတ်ကြသည်။

အခြားအချိန်များတွင် ထက်မင်းကျော်စွာနှင့် မျက်နှာချင်းဆိုင်ကာ စကားမပြောလိုကြသော်လည်း ထိုသို့ အမှုကြီးများ ပေါ်လာ၍ အခြားစုံထောက်များလွှတ်၍ အဆင်မပြေလျှင်...

"မောင်မင်း... သွားပြီးစုံစမ်းပေးပါ"

ဟူသော စကားတစ်ခွန်းကိုတော့ မလွဲမရှောင်သာ ပြောလေ့ရှိကြသည်။

ထက်မင်းကျော်စွာကလည်း သူ့အား ထိုသို့မပြောမချင်း ဘယ်လောက်အရေးကြီးသော အမှုမျိုးမဆို သူနှင့်မဆိုင်သလို အေးအေးနေလေ့ရှိသည်။ အခြားသူများကဲ့သို့ အလုပ်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ အရာရှိများနှင့် သင့်မြတ်အောင် ပေါင်းသင်းကာ အရောတဝင်နေလေ့မရှိပေ။

တစ်ခုတော့ ခြွင်းချက်ထားရပေမည်။

စီအိုင်ဒီမှာရှိသော စုံထောက်အရာရှိများထဲမှာ ကျွန်ုပ်တစ်ယောက်ကိုတော့ ခင်မင်ရင်းနှီးစွာ ပေါင်းသင်းလေ့ရှိသည်။

အဘယ့်ကြောင့်ဆိုမူ ကျွန်ုပ်မှာ စာပေဝါသနာပါသူဖြစ်ရာ ထက်မင်းကျော်စွာကလည်း စာပေဝါသနာပါသူ ဖြစ်သောကြောင့် ဝါသနာတူချင်း ပေါင်းသင်းမိကြခြင်းဖြစ်သည်။

ထို့ကြောင့် အခြားစုံထောက်များက ကျွန်ုပ်တို့နှစ်ဦး တွဲလာလျှင် 'စာဗူးတောင်းနှစ်လုံး' ဟုပင် အမည်ပေးထားကြသည်။

ကျွန်ုပ်အနေနှင့် ထက်မင်းကျော်စွာနှင့် ပေါင်းသင်းရသောအချက်မှာ စာပေဝါသနာတူသူချင်း ဖြစ်သည့်အပြင် ကျွန်ုပ်ကိုင်တွယ်ဖြေရှင်းရသော အမှုကြီးများမှာ ထက်မင်းကျော်စွာဝင်ရှင်းလျှင် လွယ်လွယ်ကလေးနှင့် အမှုမှန်ပေါ်လေ့ရှိသောကြောင့်လည်း ပါပေသည်။





ထက်မင်းကျော်စွာကလည်း ကျွန်ုပ်နှင့်ပတ်သက်သည့် အမှုတိုင်းကို စိတ်ပါလက်ပါ လိုက်လံ ဆောင်ရွက်ပေးလေ့ရှိသည်။

သို့အတွက်ကြောင့်ပင် ယခု ပုလိပ်မင်းကြီးဦးဟန်စိန်က အမှုတစ်ခု တာဝန်ပေးလိုက်သည်နှင့် အခြားစဉ်းစားစရာမလိုဘဲ ထက်မင်းကျော်စွာနေထိုင်ရာ ကရိုလမ်း (ယခု ဗိုလ်မြတ်ထွန်းလမ်း)သို့ ကားကိုမောင်းလာခဲ့ခြင်းဖြစ်သည်။

ကျွန်ုပ်သည် ကားကို ပြည်လမ်းအတိုင်း မောင်းနှင်လာခဲ့ပြီး ဗိုလ်ချုပ်လမ်းအတိုင်း အရှေ့ဘက်သို့ မောင်းလာကာ ဒရကျော်ဈေးဘက် ရောက်သောအခါ တောင်ဘက်သို့ ချိုးဝင်လိုက်သည်။

ထက်မင်းကျော်စွာ နေထိုင်သောအခန်းမှာ ကရိုလမ်းအလယ်လောက်တွင်ရှိသော ခရစ်ယာန်ဘုရားရှိခိုးကျောင်း၏ အရှေ့ဘက်တွင် ဖြစ်သည်။

ကျွန်ုပ်ရောက်သွားသောအချိန်မှာ မွန်းလွဲ (၃) နာရီခန့်ရှိပြီဖြစ်သောကြောင့် ထက်မင်းကျော်စွာတစ်ယောက် အခန်းမှာရှိပါ့မလားဟု တွေးပူမိလိုက်သည်။

၎င်းနေထိုင်သောအထပ်မှာ ပထမထပ်တွင် ရှိသဖြင့် အပေါ် သို့တက်သွားစဉ် လှေကားထိပ်သို့ရောက်သောအခါ

အခန်းတံခါး ဟ,ထားသည်ကို မြင်လိုက်ရမှ အတန်ငယ် စိတ်အေးသွားသည်။

ကျွန်ုပ် အခန်းထဲဝင်သွားသောအခါ ထက်မင်းကျော်စွာကို ပြတင်းပေါက်နားတွင်ထိုင်၍ တစ်စုံတစ်ခုကို သဲကြီးမဲကြီး လေ့လာ ဖတ်ရှုနေသည်ကို လှမ်းမြင်ရသည်။

"အဲဒီမှာခဏထိုင်ပါ အိုင်ပီ... အဲဒီစားပွဲပေါ်မှာ ဒီကနေ့ထုတ် သံတော်ဆင့်သတင်းစာ တင်ထားပါတယ်၊ အဲဒီအထဲက သတင်းတစ်ပုဒ်ကိုတော့ အိုင်ပီ စိတ်ဝင်စားမယ် ထင်ပါတယ်"

ဟု လှည့်မကြည့်ဘဲ ပြောလိုက်သဖြင့် စားပွဲနောက်ရှိ ကုလားထိုင်တွင်ဝင်ထိုင်ရင်း ခေါင်းပေါ်မှ ဦးထုပ်ကိုချွတ်၍ ယပ်ခပ်လိုက်သည်။

ကျွန်ုပ်တစ်ကိုယ်လုံး ချွေးများထွက်နေသည်။

"တော်သလင်းနေ ပုစွန်သေ ဆိုတဲ့ စကားလိုပဲ... တော်သလင်းလဆိုတာ မိုးရွာရင်လည်း ကန်သင်းကျိုးအောင် ရွာသလို... နေပူရင်လည်း ပုစွန်သေအောင်ပူတယ်၊ အိုင်ပီက အပူထဲကလာတာဆိုတော့ အအေးမသောက်နဲ့... ရင်ထဲမှာ ပိုပူသွားမယ်... အဲဒီစားပွဲပေါ်မှာ အိုင်ပီကြိုက်တဲ့ ရွှေခြသေ့ ကော်ဖီမှုန့်နဲ့ ဖျော်ထားတဲ့ ကော်ဖီပူပူလေးရှိတယ်၊ သောက်လိုက်ပါဦး"





ဟု ဆိုပြန်သဖြင့် ကျွန်ုပ်မှာ အံ့ဩစွာဖြင့် စားပွဲပေါ်သို့ ကြည့်လိုက်သောအခါ အဖုံးတစ်ခုဖြင့် အုပ်ထားသော ကော်ဖီပန်းကန်ကိုတွေ့သဖြင့် ယူ၍ တစ်ငုံသောက်လိုက်သည်။

ကော်ဖီမှာ ဖျော်ထားတာ မကြာသေးဟန်ဖြင့် ပူပူနွေးနွေးပင်ရှိသေးသည်။

ကျွန်ုပ် ကော်ဖီသောက်နေစဉ် ထက်မင်းကျော်စွာက စကားဆက်မပြောတော့သဖြင့် အသင့်ချထားဟန် တူသော သံတော်ဆင့် သတင်းစာကို လှန်လှောဖတ်ရှုလိုက်သည်။

သတင်းစာထဲမှာ ခေါင်းကြီးပိုင်းတွင် ရေနံမထွန်းရဟုတားမြစ်သော အစိုးရအမိန့်၊ ဘာသာရေးတွင် နောင်တော်ကြီးကို ထီးတော်တင်ရန် မောင်မှန်တော်ကို ခွင့်ပေးသည့်အကြောင်း။ ပညာရေးတွင် မိန်းကလေးများ ကျောင်းဆောက်ငွေတော် သနားသည့်အကြောင်း။

စာပေရေးရာတွင် မော်လမြိုင်ဘဆွေ သတင်းစာ အကြောင်းနှင့် အမှုအခင်းတွင် ဓားပြမှု၊ လူသတ်မှု၊ အနုကြမ်းစီးမှု၊ ခိုးမှု၊ လုယက်မှု၊ လိမ်လည်မှု၊ ရိုက်နှက်မှု အစရှိသော အမှုအခင်းသတင်းများ များပြားစွာပါရှိလေသည်။

ထိုအထဲမှာမှ တနင်္သာရီဒိစတြိတ်အတွင်း၌ ငါးများအသိပ်သင့်၍ သေကြေပျက်စီးသည့် သတင်းတစ်ပုဒ်ပါလာသည်။

## အဆိပ်သင့်မှုသတင်း

တနင်္သာရီ ဒီစတြိတ်အတွင်း ပင်လယ်ကမ်းမြောင် ဒေသတွင် လွင့်ခဲ့သော မြောက်လခန့်က အဆိပ်သင့်သော ငါးများ လာရောက်တင်နေလေရာ ထိုငါးများကို စားသောက်မိသော လူပေါင်းများစွာတို့မှာ ခန္ဓာစဲ၍ သေပွဲဝင်ခဲ့ကြရပေသည်။

ယခုတစ်ဖန်မှာလည်း ထိုကဲ့သို့သော ကြမ္မာဆိုးများက ဝင်ရောက်လာလေဟန်ဖြင့် တနင်္သာရီကမ်းမြောင်ရှိ ပင်လယ်ကမ်းခြေအနီးသို့ ငါးအသေများ လာရောက် တင်နေပြန်လေသည်။

သည်တစ်ကြိမ်မှာတော့ ထိုငါးများကို မည်သူတစ်ဦးတစ်ယောက်ကမှ ထိဝံ့ကိုင်ဝံ့သူ မရှိသောကြောင့် ပင်လယ်ကမ်းခြေတစ်လျှောက်တွင် ငါးပုပ်နံ့များ လှိုင်နေလေရာ အနီးဝန်းကျင်မှ လူအများမှာ မနေသာအောင်ရှိပေတော့သည်။

သည်ကိစ္စနှင့်ပတ်သက်၍ တာဝန်ရှိ အစိုးရမင်းများက ကြပ်ကြပ်မတ်မတ်နှင့် အရေးကိစ္စအခြေအနေ၏ အဖြေမှန်ကို ကြိုးစားဖော်ထုတ်သင့်ပါသော်လည်း ယခုတိုင် မိမိတို့အရေးနှင့် မဆိုင်သလို နေပါသောကြောင့် အရေးယူဆောင်ရွက်ပေးစေရန် ဤသတင်းစာမှ ဖော်ပြရေးသားလိုက်ရပေသည်။

မြန်မာသံတော်ဆင့်သတင်းစာ။





ဟူသော သတင်းကို ဖတ်ရှုရလေသည်။

ကျွန်ုပ်သည် သတင်းစာ၌ပါသော သတင်းကို ဖတ်ရှုပြီးသက်ပြင်းတစ်ချက်ချကာ သတင်းစာကို ပြန်ချထားလိုက်သည်။

ထို့နောက် ကော်ဖီကို ဆက်သောက်နေစဉ် ထက်မင်းကျော်စွာက သူ သဲသဲမဲမဲ ဖတ်ရှုနေသော စာအုပ်များကိုယူလာပြီး နေရာမှထကာ ကျွန်ုပ်ရှေ့တွင် ဝင်ထိုင်သည်။

"အဆိပ်ဆိုတာကတော့ သင့်ပြီဆိုတာနဲ့ လူပဲဖြစ်ဖြစ်၊ တိရစ္ဆာန်ပဲဖြစ်ဖြစ် သေကျေပျက်စီးတာပါပဲ၊ ဒါကြောင့် မန်လည်ဆရာတော်ကြီး ရေးသားတော်မူတဲ့ မာဃဒေဝလင်္ကာမှာ...

အဆိပ်ရှိတဲ့ မြွေ၊ မီး၊ အခြံအရံရှိသောမင်း၊ ရဟန်းအစ ရှိတဲ့လေးပါးကို မလေးမစားပမာမခန့် မပြုရဘူးလို့ သတိပေး ရေးသားထားခဲ့တယ်၊

အဲဒီမှာ 'အဆိပ်'ရှိတဲ့မြွေကို နံပါတ်(၁) နေရာမှာထားပြီး ရေးကတည်းကိုက 'အဆိပ်' ဆိုတာ ဘယ်လောက်ကြောက်ဖို့ ကောင်းတယ်ဆိုတာ သိနိုင်တာပဲ"

"အင်း... ဆက်ပြောပါဦး"

"ဒါကြောင့် 'ထက်မြက်စွမ်းဆူ၊ အဆိပ်ဟူသည်၊ သင့်သူ သာမျှ၊ သေတတ်စွ၏၊ သာမဏ၊ ဗြဟ္မဏ၊ အရိယာနှင့် သံဃာရဟန်း ကျင့်ခဏ်းမြတ်သူ၊ အဆိပ်မူကား၊ ရှင်လူခပင်း။

ရွှေသင်ပင်းနှင့်၊ မကြွင်းပျက်စီး၊ လောင်သည့်မီးသို့၊ သေပြီး ဆက်ဆက်၊ ငရဲကျက်၏' လို့ အဆိပ်ရဲ့ ကြောက်စရာကောင်းပုံကို လက်ာနဲ့ ရေးသားထားခဲ့တာပဲ"

"အင်း... ဟုတ်ပါတယ်"

"နောက်တစ်ခုရှိသေးတယ် အိုင်ဗီရဲ့... အဆိပ်ဆိုတာ ဘယ်လောက် ပြင်းထန်တယ်ဆိုတာကို ပြတဲ့အနေနဲ့ ပိဋကတ်တော်မှာ...

၁။ ဒဋ္ဌဝိသ၊ အကိုက်ခံရတာနဲ့ အဆိပ်တက်တဲ့မြွေ၊

၂။ ဒိဋ္ဌဝိသ၊ မြင်လိုက်ရုံနဲ့ အဆိပ်တက်တဲ့မြွေ၊

၃။ ဖုဋ္ဌဝိသ၊ ထိလိုက်ရုံနဲ့ အဆိပ်တက်တဲ့မြွေ၊

၄။ ဝါတဝိသ၊ လေထိရုံနဲ့ အဆိပ်တက်တဲ့မြွေဆိုပြီး အဆိပ်ရဲ့ ပြင်းထန်ပုံကို ဖော်ပြထားတာ တွေ့ရသေးကယ်၊

မြတ်စွာဘုရားရဲ့ လက်ယာတော်ရံအဂ္ဂသာဝက အရှင်သာရိပုတ္တရာရဲ့ညီတော် အရှင်ဥပသေနမထေရ်က မိမိနေထိုင်ရာ လိုဏ်ဂူအတွင်းမှာ သင်္ကန်းချုပ်နေစဉ် ဂူအမိုးပေါ်မှာ ကစားနေတဲ့ မြွေငယ်နှစ်ကောင်အနက် တစ်ကောင်က အရှင်မြတ်ရဲ့ပခုံးပေါ်ကို ကျလာတယ်၊ အဲဒီမြွေဟာ ထိလိုက်တာနဲ့ အဆိပ်တက်မယ့် ဖုဋ္ဌဝိသဖြစ်တဲ့ မြွေမျိုးဖြစ်ကယ် ဆိုတာကို သိလိုက်တဲ့ အရှင်သူမြတ်ဟာ မိမိကိုယ်ကို





အတွင်းမှာ မပျက်စီးစေဖို့ တန်ခိုးတော်နဲ့ အဓိဋ္ဌာန်ပြုပြီး ...တင်းသုံးဖော်ရဟန်းတွေကို မိမိကိုယ်ကို ခုတင်ပေါ်တင်စေပြီး အပြင်ဘက်ကို ထုတ်ခိုင်းတယ်၊ ဂူအပြင် ရောက်တာနဲ့ အရှင်မြတ်ရဲ့ခန္ဓာကိုယ်ဟာ ဖွဲဆုပ်ပမာ ပြန့်ကျဲ ပျက်စီးတော် ...သတဲ့...

အဆိပ်ဆိုတာ ဒီလောက် ကြောက်စရာ ကောင်းနေ ...တော့ တနင်္သာရီဘက်မှာ ငါးတွေသေတာ ဘာဆန်းတော့မလဲ ...င်ဗီရယ်..."

ဟု ခပ်ပြုံးပြုံး အမှုအရာဖြင့် ပြောလိုက်လေသည်။

"ဟင်... ဒါဖြင့် မောင်ကျော်စွာက ကျွန်ုပ်လာတာ ...အတွက်ဆိုတာကို ကြိုသိနေတယ်ဆိုပါတော့ ဟုတ်လား..."

ဟု တအံ့တသြ မေးလိုက်လေသည်။

"သိပါတယ်... ဒါကြောင့် ကော်ဖီတောင် ဖျော်ပြီးချထား ...တာပေါ့"

"အံ့သြစရာပဲ... ဘယ်လိုသိနေလဲလို့ မေးရမှာတောင် ...ပ်ခက်ခက်ပဲ"

"ဒါက အံ့သြစရာမဟုတ်ပါဘူး အိုင်ဗီရယ်... ဒီအဆိပ် ...င့်တဲ့အမှုက အခုမှဖြစ်တာမှမဟုတ်တာ၊ အရင်တစ်ခါ

ဖြစ်ခဲ့ပြီးပြီလေ... သူတို့လည်း ကိုယ့်နည်းကိုယ့်ဟန်နဲ့တော့ စုံစမ်းကြတာပဲ... ဒါပေမယ့် အခြေအနေက မထူးလာဘူး။ ဒါကြောင့် နောက်ဘစ်ကြိမ် ထပ်ဖြစ်လာပြန်တာပေါ့"

"ဒါဖြင့် ဟောင်ကျော်စွာ ပြောပုံအရဆိုရင် တစ်ယောက်၊ ယောက်ရဲ့လက်ချက်လို့ ဆိုချင်တာလား"

"ဒီအတိုင်းပါပဲ... လူတစ်ယောက်ယောက်က မလုပ်ဘဲနဲ့တော့ ပင်လယ်ထဲမှာနေတဲ့ငါးတွေက သူ့အလိုလို သေချင်ကြမယ် မဟုတ်ပါဘူး"

"ဒါဖြင့် ကျွန်ုပ်လာမယ်ဆိုတာရော ဘယ်လို သိနေတာလဲ"

"ဒီကနေ့သတင်းစာမှာ ဒီအကြောင်းထပ်ပါလာတယ်၊ သတင်းစာဆရာက ပုလိပ်အဖွဲ့ကြီးကို ဝေဖန် ထိုးနှက်ထားတယ်၊ ဒီသတင်းစာကြောင့် ပုလိပ်မင်းကြီးက သူ့ကုလားထိုင်လှုပ်မယ့် ကိစ္စမျိုးဆိုတော့ ဘယ်နည်းနဲ့မှ အေးအေးနေမှာ မဟုတ်ဘူး။ ဒီကိစ္စကို စုံစမ်းဖို့ တစ်ယောက်ယောက်ကို လွှတ်ရမှာပဲ... တခြားလူကိုလွှတ်ရင်တော့ကိစ္စမရှိဘူး၊ အိုင်ပီကို ရွေးပြီးလွှတ်မယ်ဆိုရင်တော့ မလွဲမသွေ ကျွန်တော့်ဆီ ရောက်လာမှာပဲလို့ တွေးမိတာနဲ့ ကော်ဖီဖျော်ပြီး တမင်စောင့်နေတာပါ။ ဒီလိုလုပ်ရတာကလည်း အကြောင်းရှိပါတယ်၊ ကိုယ့်ရဲ့ တွေးခေါ်





ငုံ်းအား ဘယ်လောက် မှန်–မမှန်သိချင်လို့ စမ်းကြည့်တာ ည်း ပါ,ပါတယ်...

အခု ကျွန်တော်ဖျော်ထားတဲ့ ကော်ဖီမအေးခင် အိုင်ပီ ောက်လာတယ်ဆိုတော့ ကျွန်တော့်အတွေး မဆိုးလှပေ ူးပေါ့"

"မဆိုးရုံမဟုတ်ပါဘူး... တော်ကိုတော်တာပါ မောင် ျော်စွာရယ်... မောင်ရင်တွေးတဲ့ အတိုင်းပါပဲ၊ ဒီအမှုတွဲကို ုပ်လက်ထဲကို မင်းကြီးကထည့်လိုက်ပြီးပြီ၊ အဲဒါ တနင်္သာရီ သွားကြရမယ်၊ ဒါကြောင့် မောင်ရင့်ကို လာခေါ်တာပဲ..."

ဟု ပြောပြလိုက်သည်။

"ဘယ်လိုအစီအစဉ်နဲ့ သွားကြမှာလဲ အိုင်ပီ..."

"ခရီးစဉ်ကတော့ ကျွန်းပတ်သင်္ဘောနဲ့ သွားရမှာပဲ၊ ပ မယ့် မောင်ရင်နဲ့ကျွန်ုပ်နဲ့က အတူတူသွားလို့မဖြစ်ဘူး၊ ုပ်က သင်္ဘောတစ်ပတ်စောပြီး တနင်္သာရီကို သွားနှင့်မယ်၊ ောင်ရင်က တစ်ပတ်နောက်ကျပြီးမှ လိုက်လာခဲ့ပေါ့။ ကျွန်ုပ်က ရောက်တာနဲ့ စီစဉ်စရာရှိတာတွေစီစဉ်ပြီး စုံစမ်းစရာတွေ လည်း ကြိုပြီးစုံစမ်းထားနှင့်မယ်၊ အဲဒီအစီအစဉ် မကောင်း ူးလား"

"ကောင်းပါတယ်၊ ကျွန်တော်လည်း စုံစမ်းစရာလေးတွေ သပ်ပြီး စုံစမ်းလို့ရတာပေါ့"

ဟု ဆိုကာ ထက်မင်းကျော်စွာက နေရာမှထသဖြင့် ကျွန်ုပ်လည်း ကုလားထိုင်ပေါ်မှ ထလိုက်သည်။

ထက်မင်းကျော်စွာက လက်မှနာရီကို တစ်ချက်ကြည့်ပြီး–

"အင်း... လေးနာရီကျော်ပြီဆိုတော့ ဒီအချိန်လောက်ဆိုရင် ရေကျော်ဈေးထိပ်မှာဖွင့်တဲ့ 'နှီးတိတ်ဆွေ' ဝက်သားစွပ်ပြုတ်ဆိုင် ဖွင့်လောက်ပြီ... အဲဒီမှာ ဝက်သားစွပ်ပြုတ် သွားစားကြရအောင် အိုင်ပီ..."

ဟု ခေါ်သဖြင့် နှစ်ယောက်သား ရေကျော်ဈေးဘက်သို့ ထွက်ခဲ့ကြလေတော့သည်။





# အခန်း [ ၃ ]

## လူသတ်ဆွယ်ရှင်များ

မြန်မာနိုင်ငံ၏ တောင်ဘက်ဖျားဒေသများဟု ခေါ်ဆိုကြသည့် မြိတ်၊ ထားဝယ်၊ တနင်္သာရီ အစရှိသောနေရာများမှာ ထက်မင်းကျော်စွာအတွက် အတွေ့အကြုံစိမ်းလွန်းသော နေရာများတော့ မဟုတ်ကြပေ။

အမှုကိစ္စများအတွက် တစ်နှစ်လျှင် တစ်ခေါက် နှစ်ခေါက် ရောက်လေ့ရှိသော နေရာများဖြစ်သည်။

သူသည် ရန်ကုန်မှ တစ်လလျှင် နှစ်ကြိမ်ထွက်သော နီးပတ်သင်္ဘောဖြင့် လိုက်လာကာ တနင်္သာရီသို့ ရောက်

သောအခါ (ရွှေကမာ)ဟုအမည်ရှိသော တည်းခိုခန်းတစ်ခုတွင် ရှပ်ဖျက်၍ တည်းခိုနေသည်။

နောက်တစ်နေ့ မြို့ထဲထွက်ရန် နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးအတုများ တပ်နေစဉ် အခန်းတံခါးခေါက်သံ ကြားရသောကြောင့် ပစ္စည်းအချို့ကိုသိမ်း၍ တံခါးဖွင့်ပေးလိုက်သည်။

အခန်းဝမှာ အသက်နှစ်ဆယ်ကျော်အရွယ်ရှိ အမျိုးသမီးတစ်ယောက်ကို တွေ့ရသည်။

"ဘာကိစ္စလဲ မိန်းကလေး..."

မိန်းကလေးက ချိုသာသောအပြုံးဖြင့် သူ့ကိုကြည့်ကာ...

"အစ်ကို ဘာများလိုမလဲလို့ လာမေးတာပါ၊ ကျွန်မတို့တည်းခိုခန်းမှာ လိုအပ်တာမှန်သမျှ အကုန်ဖြည့်ဆည်းပေးနိုင်ပါတယ်"

"ကျေးဇူးတင်ပါတယ်ကွယ်... ကျုပ်က အခုပဲ မြို့ထဲထွက်တော့မှာဆိုတော့ ဘာမှမလိုသေးပါဘူး"

ထက်မင်းကျော်စွာက လူကြီးတစ်ယောက်လေသံဖြင့် ပြောလိုက်သည်။

"ဒါထက်... အစ်ကိုက ဘယ်ကလာတာလဲဟင်"

မိန်းကလေးက တာဝန်တစ်ခုကို ထမ်းဆောင်နေသည့်ဟန်ဖြင့် ဖွဲ့ကောင်းကောင်းဖြင့် ဆက်မေးပြန်သည်။





"ရန်ကုန်က လာတာပါ... ကျုပ်က ဆေးဝါးဖော်စပ်တာဝါသနာပါတော့ ဒီနယ်ဘက်မှာ အဆိပ်နဲ့ပတ်သက်တဲ့ ဆေးဝါးပစ္စည်းလေးတွေ ပေါတယ်ဆိုလို့ လာရှာတာပါ"

ဟု ပြောပြလိုက်သည်။

သူမက လိုချင်သောအချက်ရသဖြင့် တာဝန်ကြေသွားဟန်ဖြင့် ထက်မင်းကျော်စွာကို ပြုံး၍နှုတ်ဆက်ကာ ပြန်လှည့်ထွက်သွားလေသည်။

ထက်မင်းကျော်စွာကလည်း သဘောပေါက်စွာဖြင့် တစ်ချက်ပြုံးကာ အဝတ်အစားများလဲကာ အပြင်သို့ထွက်ခဲ့သည်။

တံခါးကိုတော့ သေချာစွာစစ်ဆေးပြီးမှ ပိတ်သည်။

သို့သော်လည်း တည်းခိုခန်းရှိ အခန်းအားလုံး၏ သော့ပိုများမှာ မန်နေဂျာလက်ထဲမှာရှိသောကြောင့် အခန်းထဲသို့ အချိန် မရွေးဝင်နိုင်ကြောင်းလည်း သဘောပေါက်မိသည်။

အကယ်၍ မိမိအပြင်ထွက်သွားစဉ် တစ်စုံတစ်ယောက်က အခန်းထဲဝင်ပြီး ရှာဖွေပါက အိတ်တစ်လုံး၊ အဝတ်အစားအနည်းငယ်၊ မြန်မာ့တိုင်းရင်းဆေးနှင့်ပတ်သက်သော မှတ်တမ်းမှတ်ရာများ၊ ပရဆေးနှင့်ပတ်သက်သော ဆေးဝါးပစ္စည်းများနှင့် အင်္ဂလိပ်အစိုးရက ထုတ်ပေးထားသည့် မြန်မာ့ပရဆေး

ဖော်စပ် သုံးစွဲခွင့်ပြုသော လက်မှတ်တစ်စောင်ကိုသာ တွေ့ရမည် ဖြစ်သည်။

အပြင်ထွက်ခါနီးတွင် တည်းခိုခန်းစာရေးအား မိမိအား လာရောက်မေးမြန်းသူရှိလျှင် အသေအချာ မှတ်သားထားရန် မှာကြားထားခဲ့ပြီး ငွေငါးကျပ်ကိုပေးထားခဲ့ကာ အပြင်သို့ ထွက်လာခဲ့သည်။

မိုးကုန်ကာနီးဖြစ်သော်လည်း ပင်လယ်နှင့် လွန်စွာနီး သောနေရာ ဖြစ်သောကြောင့် ရာသီဥတုက ကြည်ကြည် လင်လင်မရှိလှတဲ့ မိုးရွာသည့်အခါ ရွတ်တရက် ရွာချတတ် ပေသည်။

တနင်္သာရီသည် အစိုးရရုံးစိုက်ရာ ဒိစတြိတ်မြို့ဖြစ်သည် က တစ်ကြောင်း။ အရောင်းအဝယ် ဖွံ့ဖြိုးစည်ကားလှသော နေရာ တစ်ခုဖြစ်သောကြောင့် စည်ကားလှသည်။

ဒေသထွက် ပင်လယ်ထွက်ကုန်များအပြင် ထိုင်း(ယိုးဒယား) ပင်လယ်ဘက်မှ စက်လှေများဖြင့်တင်လာသော ပစ္စည်းများ ကလည်း လွန်စွာပေါလှသောကြောင့် ကုန်သည်ပွဲစားများ။ အရောင်းအဝယ်သမားများဖြင့် လွန်စွာစည်ကား လှပေသည်။

အချိန်ကာလမှာ အင်္ဂလိပ်အစိုးရက အုပ်ချုပ်နေသည် ဆိုစေကာမူ ထိထိရောက်ရောက် မရှိလှသောကြောင့်





...ည်းအမျိုးမျိုးဖြင့် သိုးသွင်းသောင်းကျန်းသူများ။ ဒုစရိုက်သမား ...ားလည်း ပေါလှသည်။

ပင်လယ်ပြင်မှာသော်လည်းကောင်း၊ နယ်ခြားတောင် ...ကြား လမ်းများဘက်မှာသော်လည်းကောင်း လုယက်တိုက်ခိုက် သတ်ဖြတ်မှုများ မကြာခဏဖြစ်ပွားလေ့ရှိသည်။

ကိုလိုနီနယ်ချဲ့အစိုးရ၏ ဥပဒေလက်တံ ထိုနေရာများသို့ ...ရောက်နိုင်သောကြောင့် ဒုစရိုက်သမားများမှာ အတင့်ရဲ ...ထက်ရဲကာ တနင်္သာရီမြို့နှင့် အနီးဝန်းကျင်သို့ပင်ဆင်းကာ ...င်ရောက် သောင်းကျန်းလေ့ရှိသဖြင့် သူ့ငါမယုံ၊ ငါသူမယုံရ ...သော ခေတ်ဆိုးကာလလည်း ဖြစ်ပေသည်။

ထို့ကြောင့်လည်း ဘယ်နေရာသွားသွား သတိနှင့် ...သွားလာနေထိုင်ရသည်။ ထက်မင်းကျော်စွာသည် တစ်ယောက် ...ည်း အတွေးကောင်းစွာဖြင့် လျှောက်လာစဉ် ဈေးနှင့်မနီးမဝေး ...ွက် လပ်ကြီးတစ်နေရာတွင် လူများဝိုင်းအုံကြည့်နေသည်ကို ...ွမ်းမြင်ရသဖြင့် ထိုနေရာသို့လျှောက်သွားကာ လူကြားထဲ ...ိုးကာ ဝင်ကြည့်လိုက်သည်။

စည်းဝိုင်း ဝိုင်းထားသောကြောင့် မျက်လှည့်ပွဲတစ်ပွဲဟု ...င်လိုက်မိသော်လည်း အထဲဝင်ကြည့်မှ မဟုတ်မှန်းသိရ ...သည်။

ဂမုန်းပင်ကဲ့သို့ နွယ်ပင်များကို ရောင်းချနေခြင်းဖြစ်သည်၊ ရောင်းချနေသူမှာ ရှမ်းဘောင်းဘီ၊ အင်္ကျီ၊ ခေါင်းပေါင်းများကို ဝတ်ဆင်ထားကာ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေး အရှည်များ ရှိသော အသက်ခြောက်ဆယ် ဝန်းကျင်ခန့် လူကြီးတစ်ဦး ဖြစ်သည်။ သူ့ရှေ့တွင် ဝါးဖြင့်ယက်ထားသော ခြင်းတောင်းများ ရှိသည်။ ထိုခြင်းတောင်းများထဲမှာ မြေကြီးခံ၍စိုက်ထားသော နွယ်ပင်ကဲ့သို့ အပင်များရှိသည်။

နွယ်ပင်များမှာ လက်ညှိုးလက်မခန့်ရှိကာ မြေကြီးပေါ်သို့ ခွေကျနေသည်မှာ မြွေစိမ်းများနှင့်တူလှပေသည်။

"ဒါ... မြွေစိမ်းနွယ်ရှင်လို့ ခေါ်ပါတယ်... ပေါက်တဲ့ ဒေသတွေကတော့ လူသူအရောက်အပေါက်နည်းတဲ့ တောင်တန်းတွေမှာ ပေါက်လေ့ရှိပါတယ်... သူ့အပင်ကထွက်တဲ့ အစေးက မြွေဆိပ်လိုပဲ အသက်ကိုသေစေနိုင်ပါတယ်...

အခုအခြေအနေအတိုင်း ကြည့်မယ်ဆိုရင်တော့ အပင်ပုံစံကလည်း မလှ... အသုံးလည်းမကျလှဘူးလို့ ထင်စရာရှိပေမယ့် မိမိတို့အိမ်ခြံဝင်းတွေထဲမှာ စိုက်ထားရင် အကာအကွယ် အစောင့်အရှောက် ရနိုင်ပါတယ်"

ဟု လူကြီးကပြောရင်း ပရိသတ်များက သူပြောတာကို စိတ်ဝင်စားမှုရှိ မရှိ အကဲခတ်ကြည့်လိုက်သည်။





ပရိသတ်များက များစွာစိတ်ဝင်စားမှုရှိကြောင်း သိရသောအခါ စကားဆက်ပြောသည်။

"ဒီမြွေဆိပ်နွယ်ပင်မျိုးတွေက အစကတော့ ဒီဘက်မှာ မရှိပါဘူး။ အင်္ဂလိပ်စစ်သားတွေက ဩစတြေးလျဘက် ရောက်တုန်းမှာ ထူးဆန်းလို့ ယူလာရင်းနဲ့ မြန်မာပြည်ကို ရောက်ခဲ့တာပါ...

ဒီနွယ်ပင်ကို မိမိတို့ခြံဝန်းထဲမှာစိုက်ထားရင် ခွေး၊ ကြောင်၊ ကြွက်၊ ငှက်၊ ဝက်၊ ဆိတ် အစရှိတဲ့ သစ်ပင်တွေကို လာရောက် ဖျက်ဆီးကြတဲ့ တိရစ္ဆာန်တွေကို ကာကွယ်ပေးနိုင်ပါတယ်...

နောက်ပြီး သူခိုးတွေဘာတွေရဲ့ရန်ကိုလည်း ကာကွယ်ပေးနိုင်ပါတယ်..."

"ဘယ်လို ကာကွယ်ပေးတယ်ဆိုတာ တစ်ဆိတ်လောက် ပြောပြပေးပါ ဆရာကြီး"

လူအုပ်ထဲမှတစ်ယောက်က ထပြောလိုက်သည်။

"ဟုတ်ကဲ့... လက်တွေ့ပြပေးပါ့မယ်"

ဟု ဆိုကာ နွယ်ပင်များကိုစိုက်ထားသော ခြင်းတောင်းတစ်ခုကို မ,ယူလာပြီး စည်းဝိုင်းအလယ်တွင် ချလိုက်သည်။

"အခုအချိန်အထိတော့ ဒီအပင်တွေဟာ အသက်မဝင်သေးပါဘူး... သူ့ကို အသက်သွင်းဖို့ ဆေးရည်လိုပါတယ်၊ ဆေးရည် ဖျန်းပေးရပါမယ်..."

ဟု ပြောကာ တပည့်တစ်ယောက်ကို ရေတစ်ခွက်ခပ်လာခိုင်းပြီး တစ်ဝှံတစ်ခုကို တိုင်တည် ရွတ်ဆိုနေဟန်ပြုလေသည်။

အတန်ကြာသောအခါ တပည့်တစ်ယောက်က အသင့်ယူဆောင်လာဟန်တူသော ကြက်ဖတစ်ကောင်ကို ယူလာပြီး နွယ်ပင်များနှင့် မလှမ်းမကမ်းတွင် ဆန်ကွဲများကြဲကာ ချပေးလိုက်သည်။

ကြက်ဖက လူများကိုမြင်သောအခါ ကြောက်ရွံ့ဟန်ရှိသော်လည်း ဆန်ကွဲများကိုမြင်သောအခါ တဘောက်ဘောက်နှင့် ကောက်စားနေတော့သည်။ ထိုအခါ ဆရာကြီးဆိုသူက နွယ်ပင်များအပေါ်သို့ ၎င်းမန်းမှုတ်ထားသောရေနှင့် ဖျန်းလိုက်သည်။

ရေနှင့်ထိလိုက်သောအခါ စောစောက အသက်မရှိသလို ခွေကျနေသောနွယ်ညွန့်များမှာ ကျစ်ထားသောကြိုးကို ဖြေချလိုက်သောအခါ ကျပ်တွန့်များတက်လာသကဲ့သို့ တလူးလူး တလွန့်လွန့်နှင့် လှုပ်ရှားလာတော့သည်။ နွယ်ညွန့်များက





ြွတစ်ကောင်လို အစာကောက်စားနေသော ကြက်ရှိရာသို့ တိုးလာသည်။

ကြက်မှာ အစာမက်နေသောကြောင့် တိုးဝင်လာသော နွယ်ရှင်များကို ရှောင်ရင်း တိမ်းရင်းနှင့်ပင် တစ်ခုသော နွယ်ပင်တစ်ပင်က ကြက်၏လည်ပင်းကို ဆွဲပတ်ကာ ယူသွားလေတော့ သည်။

"ဟင်..."

"ဟာ..."

"ဟယ်..."

ကြည့်နေသောလူများမှာ ထိတ်လန့်တကြားနှင့် အာမေဍိတ် အသံများ အသီးသီး ထွက်လာလေတော့သည်။

ကြက်မှာ နွယ်ရှင်များ၏ရစ်ပတ်မှုမှ လွတ်မြောက်အောင် ရုန်းကန်သော်လည်း ဘယ်လိုမှ မလွတ်နိုင်တော့ဘဲ ခဏကြာ သောအခါ အသက်ပျောက်သွားလေတော့သည်။

"ဒါက... ကြက်ကို နမူနာပြတာပါ၊ ဝက်တို့ ဆိတ်တို့ ဒီနေရာမှာရှိနေရင်လည်း သေမှာပါပဲ၊ နောက်ဆုံး လူကိုအပတ် ခံရရင်လည်း ဘယ်လိုမှ မလွတ်နိုင်ပါဘူး...

ဒါကြောင့် မိမိတို့ခြံဝန်းထဲမှာ အိမ်နားမှာ စိုက်ထားရင် ိုးတားပြရန်ကို ကာကွယ်ပေးသလို မိမိတို့ခြံထဲကို လာရောက်

ဖျက်ဆီးမယ့် တိရစ္ဆာန်တွေရဲ့ရန်ကိုလည်း အကာအကွယ် ပေးနိုင်ပါတယ်"

"ဒီအပင်ကိုသုံးချင်ရင် ဘယ်လိုသုံးရမှာလဲ ဆရာကြီး"

"သူ့ကိုအသုံးပြုချင်ရင် ကျွန်တော့်ဆီမှာ နွယ်ပင်တွေကို နှီးထရှင်သန်လာစေတဲ့ ဆေးတစ်မျိုးပါ,ပါတယ်၊ နွယ်ပင်ဝယ်ရင် ဆေးပုလင်းကို လက်ဆောင်ပေးမှာပါ၊ အသုံးပြုကာနီးတော့ ဆေးရည်ကို ရေများများနဲ့ ရောပြီးတော့ နွယ်ပင်တွေကို ဖြန်းပြီး အသုံးပြုနိုင်ပါတယ်"

ဟု ပြောကာ နွယ်ပင်များကို တစ်ပင်လျှင် ငွေတစ်ဆယ့်ငါးကျပ်နှင့် ရောင်းလေရာ အလုအယက် ဝယ်ယူကြသောကြောင့် ခဏလေးမှာပင် နွယ်ရှင်များ ကုန်သွားလေတော့သည်။

ပြီးသည်နှင့် ဆရာကြီးဆိုသူမှာ ရရှိသောငွေများကို လွယ်အိတ်အတွင်းသို့ သေချာစွာထည့်ပြီးနောက် လူအုပ်ထဲမှ ထွက်သွားလေတော့သည်။

ထက်မင်းကျော်စွာက ဆရာကြီးဆိုသူကို အသေအချာ အကဲခတ်ကြည့်ပြီးနောက် အပြင်သို့ ထွက်လာခဲ့သည်။

သူသည် မြို့ပြင်တစ်နေရာရှိ စားသောက်ဆိုင်တစ်ဆိုင်သို့ ရောက်သောအခါ ချောင်ကျကျစားပွဲတွင် ဝင်ရောက်နေရာယူပြီး အစားအစာများ မှာလိုက်လေသည်။





ဆိုင်ထဲမှာတော့ စားပွဲတိုင်းလိုလို စားသောက်သူများ နှင့် ပြည့်နေကာ မိမိထိုင်သော စားပွဲတစ်လုံးသာ လွတ်နေသသည်။

မှာထားသောအစားအစာများ ရောက်မလာသေးသဖြင့် ဘာစောကတွေ့ခဲ့ရသော နွယ်ပင်များအကြောင်းကို ပြန်လည်တွေးစားကြည့်နေစဉ် ဆိုင်ထဲသို့ လူကြီးတစ်ဦးဝင်လာသည်ကို သိမ်းမြင်လိုက်သည်၊ ထိုလူကြီးမှာ တစ်ဆိုင်လုံး ထိုင်စရာနေရာ ရှာကြည့်သော်လည်း မတွေ့ရသောကြောင့် သူထိုင်နေသော စားပွဲရှိရာဘက်သို့ လျှောက်လာကာ...

"ဒီခုံမှာ ထိုင်သူမရှိရင် ကျုပ်ထိုင်ပါရစေ မောင်ရင်..."

ဟု ခွင့်တောင်းလိုက်သည်။

"ဟုတ်ကဲ့... ရပါတယ်၊ ထိုင်ပါ..."

ထိုအခါ လူကြီးက သူ့ရှေ့မှကုလားထိုင်မှာ ဝင်ထိုင်ရင်း...

"တနင်္ဂနွေကရိုက ရောင်းပန်းဝယ်ပန်းကောင်းတော့ လူ အတော်စည်တယ်... ဒါထက် မောင်ရင်က ဒီနယ်ကပဲလား"

ဟု မေးလိုက်သည်။

"မဟုတ်ပါဘူး... ကျွန်တော်က ပြည်မဘက်ကလာတာ ပါ အရောင်းအဝယ်ကိစ္စနဲ့ လာတာဆိုပါတော့"

"ဒါထက်… စပ်စုတယ်လို့တော့ မထင်ပါနဲ့ မောင်ရင်က ဘာပစ္စည်းတွေ လာရောင်းတာလဲကွယ်"

"ရပါတယ်… ကျွန်တော်က 'ကျောက်ငါး'လေးတွေ လာရောင်းတာပါ"

"ကျောက်ငါး… ကျောက်ငါးဆိုတာ ဘယ်လိုဟာမျိုးလဲကွယ့်… ကျုပ်တော့ ဒီအသက်အရွယ်အထိ တစ်ခါမှမကြားမိလို့ပါ"

လူကြီးက တအံ့တသြ မေးလိုက်သည်။

"ကျောက်ငါးဆိုတာက ကျောက်သားစစ်စစ်တွေကနေ သဘာဝအတိုင်း ငါးရုပ်ကလေးတွေ ဖြစ်နေတာပါ"

"ဟင်…"

"အဲဒီကျောက်ငါးလေးတွေကို ရေကန်ထဲမှာ ချလိုက်ရင် အသက်ဝင်လာပြီးတော့ သက်ရှိငါးကလေးတွေလို ကူးခတ်နိုင်ပါတယ်"

"ဟင်… ဟုတ်လား"

"ဟုတ်ပါတယ်၊ ဒါပေမယ့်… ငါးကလေးတွေ အသက်ဝင်လာအောင် ရေတွေကို မန်းမှုတ်ပေးရမလိုပါဘူး။ ဘယ်လို ရေထဲပဲထည့်ထည့် ကူးပါတယ်"

ဟု ပြောပြလိုက်သည်။





ထိုစကားကြောင့် အဘိုးကြီးက သူ့ကို တအံ့တသြ ဖော့ ကြည့်လေသည်။

"မင်း… ဒီပညာတွေ ဘယ်က သင်ထားတာလဲကွယ့်"

"ကျွန်တော့်ကို ဒီဂမ္ဘီရပညာတွေ သင်ပေးတာက းဝန်ကောင်းပါ"

ဟု ထက်မင်းကျော်စွာက ပြောလိုက်သောအခါ အဘိုးကြီးက သဘောကျစွာဖြင့် 'ဟက်'ခနဲ တစ်ချက် ရယ်လိုက်သည်။

"ဒီကနေ့တော့ ကိုယ်နဲ့လုပ်ငန်းတူ၊ ဝါသနာတူချင်း ာတွေ့ရတာ မဆိုးလှဘူးလို့ ဆိုရမှာပဲ… ငါက စောစောကမှ ယ်ရှင်တွေရောင်းပြီး ထွက်လာခဲ့တာ"

"ကျွန်တော် မြင်ပါတယ်… ကြက်တစ်ကောင်လောက် း်းပြီး အတော်ကလေး စို့စို့ပို့ပို့ ရလာတယ်ဆိုပါတော့"

"ဟုတ်တယ်၊ ဒါကြောင့် ဒီကနေ့ စားတဲ့သောက်တဲ့ သင့်ငွေကို ငါပဲရှင်းပေးလိုက်မယ်… မင်းကြိုက်တာသာ ားပေတော့ဟေ့… ဆရာသမားဆိုတာ ကိုယ့်တပည့် စ်ယောက်နဲ့တွေ့မှတော့ ဒီလောက်တော့ ကျွေးရမှာပေါ့ကွာ"

ဟု ပြောဆိုကာ သူ့ဘာသာ သဘောကျစွာဖြင့် ရယ် နေလေသည်။

ထိုအခိုက်မှာပင် မှာကြားထားသော အစားအသောက်များ ရောက်လာသဖြင့် နှစ်ယောက်သား စားသောက်ကြလေတော့သည်။

"မင်း... အခု ဒီကို ဘာလာရှာတာလဲ ကောင်လေး..."

ဟု အဘိုးကြီးကမေးသည်။

"ဆေးဖော်ဖို့အတွက် အဆိပ်ကလေး ဘာလေး လိုချင်လို့ လာခဲ့တာပါ၊ ဒီဘက်မှာက ငါးတွေတောင် မကြာခဏ အဆိပ်သင့်နေတယ်လို့...သတင်းစာမှာဖတ်ရတော့ အဆိပ်တွေ ပေါ်မယ်ထင်လို့ လာတာပါ"

ထက်မင်းကျော်စွာက ထမင်းစားရင်း တိုးတိုးပြောလိုက်သည်။

အဘိုးကြီးက ထမင်းကို အားရပါးရ စားနေရင်းမှ...

"ဒီဘက်မှာ အဆိပ်နဲ့ပတ်သက်ပြီး မင်းရှာနေတဲ့ပစ္စည်းတွေ၊ အချက်အလက်တွေ သိပ်ရနိုင်မယ်မထင်ဘူး။ ဒီကနေ တနင်္သာရီမြစ်ရဲ့ အရှေ့ဘက်ခြမ်းဘက်ကိုသွားမှ နယ်ခြားဘက်ထွက်တဲ့ နေရာတွေလောက်မှာ မင်းလိုချင်တာတွေရနိုင်တယ် ကောင်လေး"

ဟု ပြောပြလေသည်။





"ကျေးဇူးပါပဲ... တစ်လက်စတည်း မေးရဦးမယ်၊ သိမ်းငှက်ဥလေး ဘာလေး ဘယ်နေရာမှာ ရနိုင်မလဲ၊ သိရင်ပြောပါဦး"

"ဒီမှာက ကြက်ဥ၊ ဘဲဥတွေကတော့ နေရာအနှံ့မှာရှိတယ်၊ သိမ်းငှက်ဥက ရှားတယ်ကွ၊ ဒါပေမယ့် မင်းလိုချင်ရင်တော့ ငါစုံစမ်းပေးပါ့မယ်... သိရင် ငါက ဘယ်နေရာမှာလာပြောရမှာလဲ"

"ကျွန်တော် ရွှေကမာမှာ ရှိမယ်"

"အေး... ရွှေကမာဆိုတာ မင်းအတွက် စိတ်ချလက်ချနေရမယ့် နေရာတော့မဟုတ်ဘူးကောင်လေး... သတိထားရင် မှားဘူး"

ဟု စကားတပြောပြောနှင့် စားသောက်ကြရာ မကြာမီ ...စီးသွားသောအခါ နွယ်ရှင်ရောင်းသော အဘိုးကြီးက ကျသင့်ငွေကို ရှင်းပေးလိုက်ပြီးနောက် လူခွဲကာ ထက်မင်းကျော်စွာလည်း မိမိတည်းခိုရာနေရာသို့ ပြန်လာခဲ့သည်။

# အခန်း [ ၄ ]

## ဒေါက်တာဗြဲဝနှင့် အိုမီဂါစီမံကိန်း

ထက်မင်းကျော်စွာသည် ထမင်းစားသောက်ပြီး နွယ်ရှင် ရောင်းသော အဘိုးကြီးနှင့် လမ်းခွဲပြီးနောက် မြို့ထဲအနှံ့ လျှောက်သွားကာ အတန်ငယ် မိုးချုပ်သောအခါမှ တည်းခိုခန်း သို့ ပြန်သွားသည်။

သူဝင်သွားတော့ ဟိုတယ်စာရေးက...

"ဆရာက အခန်း(၉)မှာတည်းနေတဲ့ ညွှန့်သည်လား"

ဟု မေးသည်။

"အေး... ဟုတ်တယ်"

"နောက်ပြီး ဆရာက ကျောက်ငါးလာရောင်းတဲ့သူလား"

"ဟုတ်တယ်..."

"ဒီမှာ အဘိုးကြီးတစ်ယောက်က ဆရာ့ကို စာတစ်စောင် လာပေးသွားတယ်"

ဟု ဆိုကာ အံဆွဲအတွင်းမှာ ထည့်ထားသော စာ တစ်စောင်ကို ထုတ်ပေးသည်။

"အေး... ကျေးဇူးပဲ... သူက တခြား ဘာမှာသွား သေးလဲ"

"သူ မနက်ဖြန်ခါ ပစ္စည်းပြတ်သွားလို့ ဈေးရောင်းမထွက် တော့ဘူးလို့တော့ မှာသွားတယ်"

"အေး... အေး..."

ဟု ပြောကာ ထက်မင်းကျော်စွာက ဟိုတယ်စာရေးကို ငွေငါးကျပ်ပေးထားခဲ့ပြီး မိမိအခန်းရှိရာ အပေါ်ထပ်သို့ တက် လာခဲ့သည်။

စင်္ကြံလမ်းတစ်လျှောက်မှာ မီးအိမ်များ ထွန်းထားသော ကြောင့် အလင်းရောင် ကောင်းစွာရနေသည်။

မိမိယူထားသောအခန်းမှာ နံပါတ် (၉) ဖြစ်သည်။

အခန်းရှေ့ရောက်၍ တံခါးလက်ကိုင်ဘုကို ကိုင်ကြည့် လိုက်သောအခါ သော့ပွင့်နေသည်ကို တွေ့ရသည်။





အိတ်ထဲမှာ လက်နှိပ်မီး အသေးစားလေးကို ထုတ်ပြီး ထိုးကြည့်သောအခါ လက်ကိုင်ပေါ်မှာဖြူးထားသော ပေါင်ဒါ မှုန့်ကလေးများ မရှိတော့ပေ။

မိမိပိတ်ထားခဲ့သော တံခါးသော့ကို တစ်စုံတစ်ယောက် က ဖွင့်ထားနှင့်လေပြီ... သူ သတိဖြင့် အိတ်ထဲမှသေနတ်ကို အသာထုတ်သွယ်လိုက်သည်။

တည်းခိုခန်း စင်္ကြံလမ်းတစ်လျှောက်မှာတော့ လူသွား လူလာမရှိပေ။ အပေါ်ထပ်မှာ အိပ်ခန်းများရှိသော်လည်း အားလုံးပိတ်ထားသည်။

သူသည် စင်္ကြံမှာထွန်းထားသော မီးအိမ်မှမီးများကို လျှော့ချလိုက်ရာ အတန်ငယ်မှောင်သွားလေသည်။

ထို့နောက်တွင် သေနတ်ကို အဆင်သင့်ကိုင်ပြီး တံခါး လက်ကိုင်ဘုကို လှည့်ဖွင့်သည်။ သော့က ပွင့်နေပြီဖြစ်သော ကြောင့် အလွယ်တကူ ပွင့်သွားသည်။

တံခါးဟသွားသည်နှင့် အတွင်းမှလှုပ်ရှားမှုကို နားစွင့်ပြီး အတွင်းသို့ ဖျတ်ခနဲဝင်လိုက်သည်။

အခန်းထဲမှာ မှောင်နေသော်လည်း ပြတင်းပေါက်မှ ဘစ်ဆင့် ဝင်နေသော အလင်းရောင်အချို့ကြောင့် ဝိုးတဝါး မြင်နေရသည်။

သူ အခန်းထဲရောက်သည့်အထိ အခန်းထဲမှာ ဘာမှမထူးခြားသေးပေ။ အခန်းထောင့်မှာရပ်ပြီး တံခါးကိုပြန်ပိတ်ကာ မျက်စိကိုမှိတ်ပြီး နားစွင့်ကြည့်သည်။ မသင်္ကာစရာလှုပ်ရှားမှုမျိုး မကြားရပေ။ မိမိထင်သလို အခန်းထဲကို ရန်သူဝင်နေခြင်းဆိုသည်မှာ ဟုတ်ချင်မှဟုတ်ပေမည်။ သူ အပြင်ထွက်နေစဉ်တည်းခိုခန်းမှ သန့်ရှင်းရေးအလုပ်သမားတစ်ယောက် ဝင်လာပြီး သန့်ရှင်းရေးလုပ်သွားတာလည်း ဖြစ်ကောင်းဖြစ်နိုင်ပေသည်။

သို့မဟုတ် အခြားတစ်ယောက်ယောက်က မိမိမရှိခင် အခန်းထဲသို့ဝင်ပြီး ကသုတ်ကယက် ပြန်ထွက်သွားတာလည်း ဖြစ်နိုင်ပေသည်။

သို့သော် မသေချာလှပေ...။

သူယူထားသောအခန်းမှာ ဧည့်ခန်း၊ အိပ်ခန်း၊ ရေချိုးခန်း၊ ရေအိမ်ခန်း စသည်တို့ ပြည့်စုံစွာပါသော အခန်းကျယ်တစ်ခန်း ဖြစ်သည်။

သူရပ်နေသောနေရာမှာ ဧည့်ခန်းဖြစ်ပြီး ရေချိုးခန်း၊ ရေအိမ်ခန်းနှင့် အိပ်ခန်းတို့ကိုတော့ မကြည့်ရသေးပေ။

သူ သေနတ်ကို အဆင်သင့်ကိုင်ထားရင်း ရေချိုးခန်း၊ ရေအိမ်ခန်းတို့ကို ဝင်ကြည့်တော့ ဘာမှမတွေ့ရပေ...။

သူကြည့်စရာ အိပ်ခန်းတစ်ခုသာ ကျန်တော့သည်။





ဧည့်ခန်းကိုဖြတ်ကာ အိပ်ခန်းဆီသို့သွားသည်။ အခန်းရှေ့ရောက်တော့ အသာရပ်ကာ နားစွင့်လိုက်သည်။ တိတ်ဆိတ်နေသောအချိန်ပေဖို့ အခန်းထဲမှ အသက်ရှူသံလိုလို ကြားလိုက်မိသည်။

သေချာပြီ... ရန်သူက သူ့အခန်းထဲမှာ ရောက်နေပြီ...

အိပ်ခန်းတံခါးက ဟ,နေသည်။

ထိုနေရာမှ လက်ကိုသွင်းပြီး တံခါးကိုဖွင့်ကာ လိမ့်၍ အတွင်းသို့ဝင်သွားသည်။ ပြတင်းပေါက်မှဝင်လာသော အလင်းရောင်ကြောင့် ခုတင်ပေါ်မှာတော့ ဘာမှမရှိပေ။ သူ့ညာဘက်ရှိ ဆက်တီပေါ်မှလှုပ်ရှားမှုကို ရိပ်ခနဲ မြင်လိုက်ရသောကြောင့် သေနတ်ဖြင့်ချိန်ကာ မောင်းခွဲရန်ပြင်လိုက်သည်။

လက်ညှိုးမှာ တင်းခနဲဖြစ်သွားသောအခါမှ အချိန်မီကလေး သတိပြုလိုက်မိ၍သာ တော်ရော့သည်။

ပြတင်းပေါက်မှ တိုးဝင်နေသော အလင်းရောင်ကြောင့် ဆက်တီပေါ်တွင်ရှိနေသူမှာ ရန်သူတစ်ယောက် မဟုတ်ဘဲ မိန်းကလေးတစ်ယောက်မှန်း သိလိုက်သဖြင့် အရှိန်တန့်လိုက်၍သာ တော်ပေသည်။ ထို့နောက်တွင် နံရံမှာထွန်းထားသော မီးအိမ်ကို မီးမြှင့်လိုက်သောအခါမှ မြင်ကွင်းက ရှင်းသွားတော့သည်။

ဆက်တီပေါ်မှာလှဲအိပ်နေသော မိန်းကလေးမှာ အခြား မဟုတ်ပေ။ သူ အပြင်မထွက်ခင်က ရောက်လာသော တည်းခို ခန်းမှ မိန်းကလေးပင်ဖြစ်သည်။

ဆက်တီပေါ်တွင် အိပ်ပျော်နေဟန်ရှိသော မိန်းကလေး မှာ မီးရောင်လင်းလာသောကြောင့် အိပ်ရာမှ နိုးလာဟန်ရှိသည်။

ထက်မင်းကျော်စွာက သေနတ်ကို အိတ်ထဲသို့ အလျှင် အမြန်ထည့်ကာ အင်္ကျီနှင့် ဖုံးလိုက်ပြီးနောက် မိန်းကလေး အနီးသို့ လျှောက်လာလေသည်။

"မင်းက ဘယ်လိုကြောင့် ဒီအခန်းထဲ ရောက်နေတာလဲ ပြောပါဦး"

"ကျွန်မ ဒီအခန်းထဲကို ညဦးပိုင်းအချိန်လောက်ကတည်း က ရောက်နေတာပါ။ အခန်းတွေလိုက်စစ်ရင်းနဲ့ ဒီအခန်းရှေ့ ရောက်တော့ အခန်းတံခါးကြီး သော့ပွင့်နေတာတွေ့တာနဲ့ စိတ်မချလို့ အထဲမှာဝင်စောင့်ပေးရင်း အိပ်ပျော်သွားတာပါ... အစ်ကို အပြင်သွားတော့ တံခါးပိတ်ဖို့ မေ့သွားတယ် ထင်တယ်"

ဟု မိန်းကလေးက နေရာမှထရင်း ပြောသည်။

"အေး... ဟုတ်မယ်ထင်တယ်... ငါလည်း အလော တကြီးနဲ့ အပြင်ထွက်သွားတော့ တံခါးလော့ချဖို့ မေ့သွား





တယ်ထင်ပါရဲ့၊ အခုလို ဝင်စောင့်ပေးတာ ကျေးဇူးတင်ပါတယ် ကွယ်"

မိန်းကလေးက အသက်နှစ်ဆယ်ကျော်ခန့်ရှိပြီး ကိုယ်လုံး ကိုယ်ထည်ပြေပြစ်ကာ လှပချောမွေ့သူတစ်ဦး ဖြစ်သည်။

သူမက ကပိုကရိုဖြစ်နေသော ဆံပင်များကိုပြုပြင်ရင်း နေရာမှထလာကာ ထက်မင်းကျော်စွာနှင့် မလှမ်းမကမ်းတွင် ရပ်သည်။

"အစ်ကို... ဘာလိုဦးမလဲ... စားဖို့သောက်ဖို့ အခန်းထဲ ပို့ပေးရဦးမလား"

"ကျေးဇူးတင်ပါတယ်ကွာ... ငါက အပြင်က စားခဲ့ပြီးပြီ ဆိုတော့ မလိုတော့ပါဘူး"

"ဒါဆိုရင် ကျွန်မ သွားတော့မယ်အစ်ကို..."

ဟု နှုတ်ဆက်ကာ အခန်းထဲမှ ပြန်ထွက်သွားလေသည်။

ထိုအခါမှ ထက်မင်းကျော်စွာက အခန်းတံခါးကို အတွင်း မှ ချက်ချပိတ်လိုက်ပြီး မိမိအခန်းအတွင်းမှ အခြေအနေကို သေသေချာချာ လိုက်လံကြည့်ရှုလေသည်။

ဧည့်ခန်း၊ အိပ်ခန်း၊ ရေအိမ်ခန်းထဲအထိ လိုက်လံကြည့် သော်လည်း ဘာမှထူးခြားမှုမတွေ့ရဘဲ ရေချိုးခန်းထဲ ရောက်

သောအခါမှ မှန်ပေါ်မှာ သွေးရောင်ဖြင့်ရေးထားသော စာများကို တွေ့ရလေသည်။

စာများမှာ အနီရောင်မှင်... ဒါမှမဟုတ် သွေးများဖြင့် ကမန်းကတန်း ရေးထားခဲ့ဟန်ဖြင့် မသေမသပ် မညီမညာ ရှိလှသည်။

"အဆိပ်ဆိုတာ ထိရုံနဲ့ သေစေနိုင်တယ်...

အသက်မသေချင်ရင် အမြန်ဆုံးပြန်သွားပါ..."

ဖုဒ္ဓဝီသ

ဟူ၍ဖြစ်သည်။

ထက်မင်းကျော်စွာက စာကို နောက်တစ်ခေါက် ထပ်ဖတ်ပြီး လက်ရေးလက်သားနှင့် သတ်ပုံတို့ကို အသေအချာကြည့်သည်။

စိတ်ထဲမှာ ဓာတ်ပုံရိုက်ထားသလို စွဲနေအောင် မှတ်သားထားပြီးမှ မှန်ပေါ်မှာရေးထားသော စာများကို ဖျက်ပစ်လိုက်သည်။

"အင်း... ဒီနယ်မြေဟာ ငါ ထင်တာထက်တောင် ခြေလှမ်းပိုသွက်နေပါလား။ ဖုဒ္ဓဝီသ ဆိုတဲ့အမိဗ္ဗာယ်က ထိလိုက်တာနဲ့ ပြာကျသွားအောင် အဆိပ်ပြင်းတယ်ဆိုတော့ အင်း... တစ်ပွဲတစ်လမ်းတော့ တွေ့ကြဦးမှာပေါ့ကွာ..."





ဟု တွေးကာ ညေ့ခန်းသို့ပြန်လာကာ တည်းခိုခန်း စာရေး ပေးလိုက်သောစာကို ဖောက်ဖတ်ကြည့်သည်။

"ကောင်လေး...

မင်းက ကြိုကြိုဖန်ဖန် သိမ်းငှက်ဥ စားချင်တယ်ဆိုတော့ ငါလည်း လိုက်ရှာရတာပေါ့ကွာ...

မနက်လင်းတာနဲ့ မြို့ပြင် အဝေးပြေး လမ်းမကြီးရဲ့ အနောက်ဘက်မှာရှိတဲ့ မြေအမှတ် (......) ကို သွားလိုက်ပါ...

အဲဒီမှာ သိမ်းငှက်ကို တွေ့ရပါလိမ့်မယ်"

နွယ်ရှင်

ဟူ၍ ရေးထားသည်။

သူသည် စာကိုဖတ်ပြီးနောက် မီးရှို့ဖျက်ဆီးလိုက်ကာ အိပ်ရာဝင်ခဲ့သည်။ ထိုညက အနှောင့်အယှက်ကင်းစွာဖြင့် အိပ်ခဲ့ရသဖြင့် နောက်တစ်နေ့ နေအတော်မြင့်မှ အိပ်ရာမှနိုးခဲ့သည်။

အိပ်ရာမှထသည်နှင့် အဝတ်အစားလဲသည်။

သေနတ်ကို အသေအချာစစ်ဆေးကြည့်ရှုပြီး ချိုင်းအောက်မှ အိတ်ထဲမှာ အသေအချာထည့်သည်။

ထို့နောက်တွင် အခန်းတံခါးကို အသေအချာပိတ်ပြီး အပြင်သို့ ထွက်လာခဲ့သည်။

နံနက်လင်းစတွင် မိုးရိပ်များ အုံ့မှိုင်းနေသောကြောင့် ပတ်ဝန်းကျင်တစ်ဝိုက်မှာ မှုံမှုံမှိုင်းမှိုင်း ဖြစ်နေသည်။

လမ်းမကြီးများပေါ်မှာပင် လူသွားလူလာရှင်းနေသည်။

သူသည် လံချားတစ်စီးကိုခေါ်ပြီး မြို့ပြင်ထွက်သော လမ်းမကြီးဘက်သို့ ထွက်ခဲ့သည်။ ထိုလမ်းမကြီးတစ်ဝိုက်မှာပင် မြူနှင်းများကဲ့သို့ ဝေဆိုင်းနေပြီး လူသွားလူလာများ ရှင်းလှသည်။

တစ်ခါတစ်ရံ ဖြတ်မောင်းသွားသော ကုန်တင်ကားကြီးများမှလွဲပြီး အခြားလှုပ်ရှားမှု မတွေ့ရပေ။ ပတ်ဝန်းကျင်တစ်ခုလုံးမှာလည်း တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။

မြို့ပြင်လမ်းမပေါ် ရောက်သည်နှင့် လံချားသမားကို ပြန်လွှတ်လိုက်ပြီး လမ်းလျှောက်လာခဲ့လေသည်။

သည်လို အခြေအနေမျိုးတွင် သတိထားနိုင်ကာမှ တော်ကာကျပေမည်။ တစ်ချက်ကလေး သတိလစ်တာနှင့် အသက်ပေးရနိုင်သည်။

တစ်ယောက်တည်းလျှောက်လာရာ မြို့ပြင်ထွက်သော လမ်းပေါ် ရောက်လာသောအခါ လူသွားလူလာများ မတွေ့ရတော့ဘဲ ရှင်းသွားသည်။ ထိုနေရာဘက်တွင် အိမ်များမှာ တစ်အိမ်နှင့်တစ်အိမ် မနီးလှတော့ဘဲ ခြံကျယ်ကြီးများကိုသာ တွေ့ရတော့သည်။





ဆီထွက်အုန်းခြံများနှင့် ရာဘာပင်တောအချို့ကို ကျော်ဖြတ်လာပြီးသောအခါ ခြံကျယ်ကြီးတစ်ခြံကို တွေ့ရသည်။

ခြံဝ၌ ချိတ်ဆွဲထားသော ခြံအမှတ်မှာ စာထဲမှာပါသော ခြံအမှတ်ပင်ဖြစ်သည်။

ခြံဝန်းထဲမှာ ရော်ဘာပင်များရှိပြီး အဆောက်အအုံက အနောက်ဘက်မှာရှိသည်။ ခြံတံခါးကိုတော့ စေ့ရုံစေ့ထားသဖြင့် အသာတွန်းဖွင့်ပြီး ဝင်သွားသည်။

တစ်ဖက်တစ်ချက်မှာ ရော်ဘာပင်များက အုပ်အုပ်ဆိုင်းဆိုင်းပေါက်နေပြီး အလယ်မှာ မြေနီရောင် လူသွားလမ်းကလေးရှိသည်။

ဒီလိုနေရာမျိုးမှာ ထောင်ချောက် တစ်ခုအတွင်းသို့ ဝင်သလို ဖြစ်နိုင်သောကြောင့် သတိမပြတ်ထားမှ တော်ကာကျမည်ဟု တွေးမိသည်။

လမ်းကလေးအတွင်းသို့ ဝင်လာသောအခါ မကြာမီ တိုက်ခံအိမ်တစ်လုံးရှိရာသို့ ရောက်သွားသည်။

တံခါးဝမှာ ချိတ်ထားသောနံပါတ်မှာ သူရှာဖွေနေသော နံပါတ်ဖြစ်သည်။ ထို့အပြင် ထူးဆန်းသော ဆိုင်းဘုတ်တစ်ခုသည်း ကပ်ထားသည်။

(သိမ်းငှက်ဥ ရောင်းရန်ရှိသည်)

ဟုသော ဆိုင်းဘုတ်ဖြစ်သည်။

သူ တစ်ချက်ပြုံးလိုက်ပြီး စေ့ထားသောတံခါးမှ အတွင်းသို့ ဝင်သွားသောအခါ ဧည့်ခန်းတွင် အေးအေးဆေးဆေးထိုင်၍ ဆေးတံသောက်နေသော အိုင်ပီအောင်မင်းအောင်ကို တွေ့ရလေသည်။

အိုင်ပီအောင်မင်းအောင်က သူ့ကို ကုလားထိုင်ပေါ်တွင် ထိုင်ရန် ညွှန်ပြရင်း "ဘာထူးသေးလဲ"ဟု မေးသည်။

"သူတို့ကို လျှော့တွက်လို့တော့မရဘူး။ ကျွန်တော် ဒီရောက်တာနဲ့ ချက်ချင်းသိပြီး (                ) တောင် ပေးထားပြီးပြီ"

"ဒါကတော့ မြွေ မြွေချင်း ခြေမြင်ကြတဲ့သဘောပါပဲ၊ အခုအခြေအနေက ဒီနေရာလို နယ်စွန်နယ်ဖျားတွေမှာ သူတို့ဆိုးချင်တိုင်း ဆိုးနေတာပါ... တနည်းရှိဟာ ကျွန်ုပ်တို့အတွက် လုံခြုံမှုပေးနိုင်တဲ့ နေရာတစ်ခုတော့ မဟုတ်ပေဘူး"

ဟု ပြောကာ အံဆွဲထဲမှာ အသင့်ထည့်ထားဟန်ရှိသော စာရွက်စာတမ်းအချို့ကို ထုတ်ပြီး စားပွဲပေါ်တင်လိုက်သည်။

ထို့နောက် သီးသန့်ဖိုင်တစ်ခုကိုလည်း ထုတ်လိုက်သည်။

"ဒီမှာရှိတဲ့ ထောက်လှမ်းရေးသမားတွေဆီက အချက်အလက်· အတော်များများတော့ ရထားပါပြီ... အဖြစ်





အပျက်တွေရဲ့ အရင်းခံကတော့ အတော်စိတ်ဝင်စားဖို့ ကောင်းတယ်"

ဟု ပြောကာ ဆေးတံကို တစ်ဖွာနှစ်ဖွာ ဖွာလိုက်သည်။

"ကျွန်ခဲ့တဲ့ ဆယ်နှစ်လောက်က တို့မြန်မာနိုင်ငံက ဘုးချွန်တဲ့ ဆေးပညာရှင်တစ်ယောက် ပေါ်ခဲ့ဖူးတယ်၊ သူဟာ ဒ်ကာဘွဲ့ တွေတင်မကဘူး နိုင်ငံခြားမှာ အချိန်တော်တော်ကြာ အောင် သွားပြီးတော့ ဆေးပညာတွေကို လေ့လာသင်ယူ ခဲ့တယ်၊ နောက်တော့ ဒေါက်တာဘွဲ့ရပြီးတော့ မြန်မာနိုင်ငံကို ပြန်လာခဲ့တယ်၊ သူနဲ့ပတ်သက်တဲ့သတင်းတွေကို သတင်းစာ တွေမှာ အကျယ်တဝင့် ဖော်ပြခဲ့ဖူးတယ်၊ မောင်ကျော်စွာ သိတယ်မဟုတ်လား"

"ဒေါက်တာဇီဝကို ပြောတာမဟုတ်လား"

"ဟုတ်တယ်... ဒေါက်တာဇီဝ တတ်မြောက်လာတဲ့ ဆေးပညာတွေဟာ မှန်မှန်ကန်ကန် အသုံးချမယ်ဆိုရင် လူတွေအတွက် အတော်ကို အကျိုးပြုတဲ့ပညာရပ်တွေပဲ...

သစ်ပင်တွေကို တစ်ပင်နဲ့တစ်ပင်မျိုးစပ်ပြီး အမည်သစ် တစ်မျိုးနဲ့ရအောင်လုပ်တဲ့ ပညာတွေ၊ လူတွေရဲ့ မျိုးဆက်ဗီဇ သွေးတွေကို ပေါင်းစပ်ခြင်း၊ ပြောင်းလဲခြင်းလုပ်နိုင်တဲ့ ပညာတွေ ကို သူတတ်မြောက်ခဲ့တယ်...

ဒါပေမယ့် ဒီလူက လူတစ်မျိုးပဲ...

သူ့ရဲ့ ထူးချွန်တဲ့ပညာတွေကို လူတွေအတွက် အကျိုးရှိအောင်မသုံးဘဲ သူ့စိတ်ထဲမှာရှိတဲ့အတိုင်း သုတေသနအလုပ်တွေကိုပဲ လုပ်နေခဲ့တယ်၊ နောက်တော့ သူဟာ ကုန်းသတ္တဝါတွေနဲ့ ရေသတ္တဝါတွေရဲ့ မျိုးဆက်ဇီဝ ဆက်စပ်မှုရှိတာကို တွေ့ရှိခဲ့တယ်"

"ဘယ်လိုပေါင်းစပ်တာလဲ အိုင်ဗီ..."

"ကျွန်ုပ်တို့ စုံစမ်းရသမျှတော့ ဒီလိုမောင်ကျော်ဇွာရဲ့ ကုန်းပေါ်မှာရှိတဲ့ သတ္တဝါတွေမှန်သမျှ ရေထဲမှာရှိတာကို သူသတိ ပြုမိသွားတယ်... ကျား၊ ဆင်၊ ကျားသစ်၊ နွား၊ မြင်း၊ ဝက်၊ ကြွက်၊ စွန် အစရှိတဲ့ ကုန်းပေါ်မှာရော ရေထဲမှာပါရှိတဲ့ သတ္တဝါမှန်သမျှ ပင်လယ်ရေအောက်မှာ အကုန်ရှိတယ်...

ကျားငမန်း၊ ရေဆင်၊ ကျားသစ်ငါး၊ ရေနွား၊ ရေမြင်း၊ ရေဝက်၊ ရေကြွက်၊ လိပ်စွန်... ဆိုတဲ့ သတ္တဝါတွေဟာ ကုန်းပေါ်ကရှိတဲ့ သတ္တဝါတွေနဲ့ နာမည်ရော မျိုးဆက်ပါ တူသလို လှုပ်ရှားမှုတွေပါတူတယ်၊ လိပ်စွန်ဆိုရင် ရေထဲမှာ စွန်တစ်ကောင်လို တောင်ပံခတ်ပြီး ဝဲပျံသွားလေ့ရှိတယ်...





ဒေါက်တာဇီဝက အဲဒီမျိုးဆက်တွေကို စိတ်ဝင်စားလို့ သူ့ဘဝကို ဖာတ်မြှုပ်ပြီးတော့ ပင်လယ်မှာ သုတေသန လာလုပ်နေခဲ့တယ်"

"ဆက်ပြောပါဦး... အိုင်ဗီ"

"အဲဒီလို လေ့လာရင်းနဲ့ ပင်လယ်ရေမှော်တွေမှာ တွယ်ကပ်နေတဲ့ သံကောင်ပြာတစ်မျိုးကတစ်ဆင့် ထုတ်ယူတဲ့ 'ဇီဝပိုး' တစ်မျိုးကို ရှာတွေ့ခဲ့တယ်၊ အဲဒီပိုးဟာ လူရဲ့ကိုယ်ခန္ဓာထဲကို ရောက်သွားရင် ကပ်ပါးအဖြစ်နဲ့ တွယ်ကပ်နေပြီး တမြဲမြဲ ဒုက္ခပေးတတ်တဲ့ ပိုးမျိုးပဲ..."

"အင်း... စိတ်ဝင်စားစရာပဲ"

"ဒေါက်တာဇီဝအနေနဲ့ ပထမရည်ရွယ်ချက်က အဲဒီလို မဟုတ်ဘူး၊ ရေမှော်ကတစ်ဆင့် ထုတ်ယူလို့ရတဲ့ ပိုးတစ်မျိုးကို သုတေသနလုပ်ခဲ့တာပဲ...အဲဒီလို သုတေသနလုပ်ရင်း ဒီထက်ပိုပြီး အန္တရာယ်ပေးနိုင်တဲ့ ပိုးတစ်မျိုးကိုထုတ်နိုင်တဲ့ ဖော်မြူလာကို သူရှာတွေ့သွားခဲ့တယ်...ဒီအကြောင်းတွေကို ဒီက မှတ်ထားတဲ့ အဆက်အသွယ်တွေကတစ်ဆင့် သိခဲ့ကြတယ်"

"ပြောပါ... အိုင်ဗီ"

အိုင်ဗီအောင်မင်းအောင်က ဆေးတံကို တစ်ဖွာနှစ်ဖွာ ဖွာပြီးမှ စကားဆက်ပြောသည်။

"ဒီသတင်းကို တို့သိသလို နိုင်ငံခြားကလူတွေကလည်း သိကြတယ်၊ သူတို့အနေကလည်း ဒေါက်တာဇီဝရဲ့ အရည်အချင်းတွေကိုသိတော့ အမြဲစောင့်ကြည့်နေကြပုံ ပေါ်ပါတယ်၊ ဒေါက်တာဇီဝ အဲဒီဖော်မြူလာတွေပြီးဆိုတာနဲ့ ချက်ချင်း လာခေါ်သွားကြတယ်... "

"သူ့သဘောနဲ့သူ လိုက်သွားတာလား၊ ဒါမှမဟုတ် အတင်းအကျပ် ဖမ်းခေါ်သွားတာမျိုးလား"

"အဲဒါတော့ မသိရဘူး၊ သူ့ကိုခေါ်သွားပြီးမှပဲ သိရတော့တာ... အခုတော့ သူတို့ဟာ နယ်စပ်ဘက်မှာ သုတေသနလုပ်ငန်းတွေကို လျှို့ဝှက်စွာ လုပ်နေကြတယ်လို့ သတင်းအတိအကျ ရ,ထားတယ်...

ဒေါက်တာဇီဝ ရှာတွေ့ထားတဲ့ပိုးကို သူတို့က 'အိုမီဂါ' လို့ နာမည်ဆန်းဆန်းပေးထားတယ်၊ အိုမီဂါဆိုတာ ဂရိအက္ခရာတွေမှာ နောက်ဆုံးအက္ခရာဆိုတော့ ဒီပိုးကလည်း လူ့ရဲ့အသက်ကို နောက်ဆုံး အဆုံးသတ်ပေးနိုင်တဲ့ အဓိပ္ပာယ်ရတယ်"

"အင်း... ကြောက်စရာ အတော်ကောင်းတာပဲ"

"ကြောက်စရာကောင်းတာထက် အန္တရာယ်အတော်ကြီးတယ်... ဒီ အိုမီဂါပိုးဟာ အပွားနှုန်းမြန်တယ်၊ လက်ရှိထုတ်လုပ်ထားတဲ့ ပိုးသတ်ဆေးတွေရဲ့ဒဏ်ကိုလည်း ခံနိုင်တယ်၊ ဒီပိုးရဲ့





အစွမ်းသတ္တိက ရေနဲ့ထိလိုက်တာနဲ့ ချက်ချင်း မြန်မြန်ပွား ထွက်သွားတာပဲ... တို့မြန်မာနိုင်ငံမှာလည်း မြစ်ချောင်း အင်းအိုင်တွေက ပေါမှပေါတာဆိုတော့ ဒီပိုးသာ အဲဒီအထဲ ရောက်သွားမယ်ဆိုရင် မစဉ်းစားဝံ့လောက်အောင် အန္တရာယ် များလာနိုင်တယ်"

"သူတို့စီမံကိန်းရဲ့ ရည်ရွယ်ချက်က ဘာလဲ အိုင်ဗီ... ဆေးပညာအနေနဲ့ သုတေသနလုပ်ရုံ သက်သက်ပဲလား၊ ဒါမှမဟုတ် တစ်စုံတစ်ခုကို အကြပ်ကိုင် ခြိမ်းခြောက်ဖို့ ရည်ရွယ်ချက်ရှိသလား"

"ဒါကတော့ ဘယ်လိုမှ ကြိုတင်ပြီး မပြောနိုင်တဲ့ကိစ္စပဲ၊ ဒီပိုးတွေ လက်ထဲမှာရှိနေရင် ကြိုက်တာ လုပ်နိုင်တာပဲ... သူတို့လက်ထဲမှာရှိတဲ့ အိုမီဂါပိုးတွေကို စမ်းသပ်တဲ့အနေနဲ့ ရေတွင်း၊ ရေကန်တွေ၊ ဒါမှမဟုတ် သောက်ရေလှောင်ကန်တွေထဲကို ထည့်လိုက်မယ်ဆိုရင် ရေထဲမှာ ပိုးတွေပါနေတယ်လို့ လူတွေ သိလိုက်တဲ့အချိန်မှာ ပိုးတွေက ခန္ဓာကိုယ်ထဲမှာ ပျံ့နှံ့နေပြီ... ဘာမှမတတ်နိုင်တော့ဘူး၊ ရက်ပိုင်းအတွင်းမှာ ပင်လယ်ပြင်မှာ ငါးတွေသေသလို လူတွေလည်း အစုလိုက် အပြုံလိုက် သေကြမှာ အမှန်ပဲ..."

ထက်မင်းကျော်စွာ သက်ပြင်းတစ်ချက် ချလိုက်သည်။

"ပင်လယ်ပြင်မှာ ငါးတွေ အစုလိုက် အပြုံလိုက်
သေကြတာ ဒီပိုးတွေကြောင့်လို့ အိုင်ဗီထင်သလား..."

"အသေအချာတော့ မပြောနိုင်ဘူး... ဖြစ်နိုင်ခြေတေ
အများကြီးရှိတယ်၊ သူ့ဘာသာ သဘာဝအလျောက် အသ
သင့်ပြီး သေတာဖြစ်နိုင်သလို အိုမီဂါပိုးတွေ စမ်းသပ်တာကြော
လည်း ဖြစ်နိုင်တယ်... ကျွန်ုပ်တို့ စုံစမ်းရသမျှတော့ ဒီစီမံကိ
လုပ်နေတဲ့ အိုမီဂါဓခန်းက နယ်ခြားဘက်မှာရှိတယ်၊ အဲ
ဓခန်းကို ဦးစီးနေတဲ့လူက ဦးထိုက်ဖံ ဆိုတဲ့ ကပြားတစ်ယော
ပဲ၊ သူက ဓာတ်ခွဲခန်းတာဝန်ခံ အဆင့်(၁)ပဲ..."

"ဟုတ်ကဲ့"

"သူကတစ်ဆင့် နိုင်ငံခြားက အရာရှိကြီးတွေနဲ့ အဆ
အသွယ်လုပ်နေကြတယ်၊ မကြာခင်မှာတော့ အင ုးအ
လုပ်ကြလိမ့်မယ် ထင်တယ်... ဒီပိုးတွေ နိုင်ငံခြားကလူ
လက်ထဲရောက်သွားရင် အားလုံးအတွက် မကောင်း
ဒီပိုးတွေရှိတဲ့ လူတွေက နိုင်ငံတစ်ခုနဲ့တစ်ခု အကြွပ်
ရန်ရှာတဲ့အထိ ဖြစ်လာနိုင်မယ်...

ဒီလိုဖြစ်လာရင် အခြားနေရာတွေမှာ ဖြစ်တယ်ဆိုပေ
အဓိကတရားခံက တို့တိုင်းပြည်ကလူတစ်ယောက် ဖြစ်နေ
တော့ တို့အတွက်လည်း မကောင်းဘူး"





"မှန်ပါတယ် အိုင်ဗီ..."

"စုံစမ်းလို့ ကြားရသမျှတော့ အခုအချိန်လောက်ဆိုရင်
ဒေါက်တာဇီဝအနေနဲ့ သက်ဆိုင်တဲ့ပုဂ္ဂိုလ်တွေဆီကို အစီရင်ခံစာ
တွေတင်ဖို့ အဆင့်လောက်အထိ အဆင်သင့်ဖြစ်နေပြီ...

အဲဒီ အစီရင်ခံစာတင်တာနဲ့ သူ့ပိုးတွေနဲ့ ပတ်သက်ပြီး
လက်တွေ့စမ်းသပ်မှုတွေ လုပ်ပြရမှာ သေချာတယ်၊ အဲဒီလို
ဆိုရင်တော့ လူတွေ ဒါမှမဟုတ် တိရစ္ဆာန်တွေ အတော်များများ
သေကြရလိမ့်ဦးမယ် ထင်တယ်"

ထက်မင်းကျော်စွာ သက်ပြင်းတစ်ချက် ချလိုက်သည်။

"ဒီကိစ္စက နယ်ခြားမှာဖြစ်နေတော့ တို့အနေနဲ့ ကျူးကျော်
ပြီး လုပ်ပိုင်ခွင့်မရှိဘူး။ နောက်ပြီး အခုကာလကလည်း
အင်္ဂလိပ်အစိုးရက သူတို့နေရာမြို့ အသည်းအသန် လုပ်နေ
ရတာဆိုတော့ ဒီကိစ္စကို စိတ်မဝင်စားဘူး၊ သူတို့က ဘယ်
စိတ်ဝင်စားမှာလဲ၊ ပိုးတွေကို စမ်းသပ်လို့သေရင်လည်း
တို့တိုင်းပြည်ကလူတွေပဲ သေမှာဆိုတော့ သူတို့နဲ့မဆိုင်ဘူး၊
ဒါကြောင့် ဒီကိစ္စတွေကို အခွင့်အားသုံးပြီး ဖြိုခွင်းဖျက်ဆီးဖို့တော့
သူတို့စိတ်ဝင်စားမှာ မဟုတ်ဘူး မောင်ကျော်စွာ..."

အိုင်ဗီအောင်မင်းအောင်က အင်္ဂလိပ်အစိုးရလက်အောက်
မှာ အမှုထမ်းနေသော အရာရှိတစ်ယောက် ဖြစ်သော်လည်း

မြန်မာလူမျိုးတစ်ယောက်ပီပီ စိတ်ထဲမှာရှိသည့်အတိုင်း ပြောလိုက်ခြင်း ဖြစ်သည်။

"ကျွန်တော် ဘာလုပ်ရမယ်ဆိုတာ ပြောပါအုံးဗျ..."

"လုပ်ရမှာကတော့ မနက်ဖြန်လောက်မှာ မောင်ကျော်စွာ မင်းမခဆိုတဲ့မြို့ကလေးကို အရောက်သွားရလိမ့်မယ်၊ မင်းမခဆိုတာ နယ်ခြားမြို့လေးတစ်မြို့ပဲ... အဲဒီမှာ တို့အဖွဲ့ထဲက ဦးမင်းဟာန်ဆိုတဲ့ လူတစ်ယောက်ရှိတယ်၊ ဦးမင်းဟာန်မှာ ခင်မာဝေ ဆိုတဲ့ တူမတစ်ယောက်လည်းရှိတယ်၊ မောင်ရင်က သူတို့နဲ့ အဆက်အသွယ်ရအောင် လုပ်ပြီးတော့ ကျန်တာတွေ ဆက်လုပ်ရမှာ... ဒီဖိုင်ထဲမှာ လိုအပ်တဲ့ အချက်အလက်တွေ အားလုံး စုဆောင်းပေးထားတယ်၊ နောက်ပြီး မောင်ရင် ဆက်လုပ်ရမယ့် အစီအစဉ်တွေကိုလည်း ညွှန်ကြားပေးထားတယ်"

ဟု ပြောကာ ရှေ့မှာချထားသော ဖိုင်ကို ထက်မင်းကျော်စွာ ရှေ့သို့ တွန်းပေးလိုက်သည်။

"ကျွန်တော်က ဒေါက်တာဇီဝနဲ့တွေ့ရင် ဘာလုပ်ရမှာလဲ"

"သူဟာ တို့အတွက် မိတ်ဆွေဖြစ်နေသေးတယ် ဆိုရင်တော့ ပျောင်းဖျနားချပြီးတော့ ပြန်ခေါ်လာဖို့ပါပဲ၊ ဒါမှမဟုတ်





တို့အတွက်တင်မကဘူး တခြားလူတွေအတွက်ပါ အန္တရာယ် ဖြစ်နိုင်မယ်ဆိုရင်တော့ တစ်ခါတည်းသာ သုတ်သင်ပစ်ခဲ့ပေတော့...

ကိုယ်ထဲကသွေးတောင် ကိုယ့်အတွက် အန္တရာယ် ဖြစ်လာရင် ဖောက်ထုတ်ပစ်ရသေးတာပဲ"

"လူတော်တစ်ယောက် အယူအဆမှားသွားတာတော့ နမြောစရာပဲ"

"အစွန်းရောက်အောင် တော်တဲ့လူတွေဟာ သူတို့ရဲ့ အရည်အချင်းတွေကို အကျိုးရှိမယ့်နေရာတွေမှာ အသုံးချရင် သိပ်ပြီးအကျိုးရှိသလို အကျိုးမဲ့တဲ့နေရာတွေမှာ အသုံးချရင်လည်း လူပေါင်းများစွာ သေကြေပျက်စီးရတာပဲ၊ ဒါကတော့ ဆန့်ကျင်ဘက်တွေရဲ့ ရလဒ်တွေပါပဲ... သိပ်တော့ မဆန်းလှပါဘူး... ဒါပေမယ့် သာမန်လူတစ်ယောက် လမ်းမှားရောက်သွားတာနဲ့ သိပ်တော်တဲ့လူတစ်ယောက် လမ်းမှားရောက်သွားရင် နှိုင်းယှဉ်ဖို့ မလွယ်လှဘူး။ သူတို့က ပိုပြီး အန္တရာယ်ကြီးလေ့ရှိတယ်..."

ထက်မင်းကျော်စွာက ဖိုင်တွဲကိုယူပြီး နေရာမှ ထရပ်လိုက်သည်။

"မင်းမခရောက်တာနဲ့ မောင်ရင့်အတွက် လိုအပ်တာ
ဦးမင်းဟာန်တို့က အားလုံး စီစဉ်ဆောင်ရွက်ပေးလိမ့်မ
အောင်မြင်ပါစေ မောင်ကျော်စွာ"

ဟု ပြောကာ အိုင်ပီအောင်မင်းအောင်ကပါ နေ
ထရပ်လိုက်သည်။

ထက်မင်းကျော်စွာက တာဝန်ကို ကျေပွန်စွာထမ်းဆေ
ပါမည်ဟူသော အထိမ်းအမှတ်ဖြင့် အလေးပြု နှုတ်
ပြီးနောက် အပြင်သို့ ပြန်ထွက်လာလေသည်။

ယခုတော့လည်း အပြင်ဘက်မှာ မြူနှင်းများ
ပျောက်သွားကာ နေရောင်ခြည် အလင်းရောင်များပင်
လေပြီ...။





# အခန်း [ ၅ ]

## ရင်မှာဝေဝနှင့် ပတ်သက်၍

တကယ်တော့ မင်းမခမြို့ကလေးမှာ နယ်ခြားစခန်း
ထောက် နေရာတစ်ခုဆိုက မများပေ...

ကျေးကုးတောင်နှင့် မဝေးလှဘဲ တနင်္သာရီမြစ်၏
အရှေ့ဘက် နယ်စပ်ဒေသတွင် ရှိပေသည်။

'အများတောင်ကြား' လမ်းနှင့် နီးသောကြောင့် နယ်ခြား
ဘက်မှ လူဝင်လူထွက် များပြားရှုပ်ထွေးသော နေရာဖြစ်သည်။
အင်္ဂလိပ်အစိုးရ၏ အုပ်ချုပ်မှုနှင့် အလှမ်းဝေးသောနေရာ
ဖြစ်ခဲ့သောကြောင့်လည်း တစ်ဝိုလ်တစ်မင်း မင်းမူနေထိုင်ကြ
သည်။

ထိုအချိန်အခါက မင်းမခတွင် လူတစ်ယောက်က အကြောင်းမဲ့သတ်ကာ အလောင်းကို ဖျောက်ဖျက်လိုက်သေ လည်း ဥပဒေနှင့် အရေးယူမည့်သူမရှိပေ။

ထိုမြို့တွင် ဌာနချုပ်ရုံးထိုင်သော ပုလိပ်ရုံးအချို့ ရှိသည် ဆိုသော်လည်း အားလုံးမှာ ဒုစရိုက်သမားများကို မလွန်ဆန် သောကြောင့် လိုက်လျောညီထွေစွာ နေရသည်။ ဒုစရိုက် လုပ်ငန်း လုပ်သူများက မြို့စောင့်ပုလိပ်များကို ငွေကြေး မိန်းမ၊ ဘိန်း အစရှိသည်တို့ကို ပေးကမ်းကာ ခါးပိုက်ထောင်ထဲ ထည့်ထားကြသဖြင့် ဥပဒေဆိုသည်မှာလည် ဖင်းတို့ပါးစပ်ထဲ မှာပင် ရှိတော့သည်။

မြို့ဟူ၍သာ ဆိုရသော်လည်း မြို့တွင်းလောက်သာ လူနေအိမ်ခြေရှိပြီး မြို့ပြင်တစ်ဝိုက်မှာတော့ တောင်တန်းများ တောင်ကုန်းများနှင့် တောများရှိသည်။

အများတောင်ကြားလမ်းနှင့် နီးသောကြောင့် ပြည်ပနိုင်ငံ များမှ ဝင်ရောက်နေထိုင်သူ၊ လာရောက်၍ စီးပွားရှာသူများ များပြားလှသည်။ အများအားဖြင့်တော့ တိုင်းရင်းသားလူမျိုး များထက် အခြားမှ လာရောက်နေထိုင်သော လူမျိုးကွဲများက ပိုမိုများပြားလေသည်။





အဝေးပြေးကားက တနင်္သာရီမှ နံနက်စောစောထွက်လာ ာ မွန်းလွဲပိုင်းအချိန်လောက်တွင် ချောင်းဝပြင်သို့ ရောက် သည်။

ထိုမှတစ်ဆင့် မင်းမခသို့သွားရန် ဂျစ်ကားတစ်စီး ငှားသွား သည်။ ထိုနယ်ဘက်တွင် ဂျစ်ကားများသာ အသုံးများသော ကြောင့် ဂျစ်ကား အမျိုးအစားများစွာကို ငှားရမ်းအသုံးပြု င်းသည်။

အထူးသဖြင့် တောင်တက် တောင်ဆင်းများသော ကြောင့် အခြားမော်တော်ကားများထက် ဂျစ်ကားများက ပိုအသုံးဝင်သည်။

တနင်္သာရီမြစ်တစ်ဖက်ကမ်းသို့ ရောက်သောအခါ ကူးတို့ ်လှေများကို ငှားရမ်းအသုံးပြုရသည်။

လှေဆိပ်မှာပင် ကားများကို အလွယ်တကူ ငှားရမ်းရနိုင် သောကြောင့် ဂျစ်ကားတစ်စီးကိုငှား၍ တည်းခိုခန်းတစ်ခုသို့ င်းရသည်။ လမ်းရောက်သောအခါ ကားသမားက...

"မင်းမခမှာတော့ တည်းခိုခန်းတွေက ပေါပါတယ်၊ က်မျိုးစုံရတာရှိတယ်၊ အစားအသောက်မျိုးစုံ ရတာရှိတယ်၊ န်းခန်းရှိတဲ့ နေရာရှိတယ်၊ လောင်းကစားဝိုင်းတွေရှိတဲ့ ရာရှိတယ်၊ ဘယ်နေရာကို ပို့ပေးရမှာလဲ ဆရာ..."

ဟု မေးသည်။

"ငါက အဲဒါတွေမလိုပါဘူးကွာ... အေးအေးဆေးဆေး နားအေးပါးအေး နားလို့ရမယ့်နေရာကိုသာ ပို့ပေးပါ..."

"ဆရာက ကုန်သည်လား"

"မဟုတ်ပါဘူး။ ငါက စာရေးဖို့အတွက် လေ့လာရေး လာတာပါ"

"ဩော်... ဒါကြောင့်ကိုး... ဒါဖြင့် မြို့ပြင်ဘက်မှာ သီးသန့်ဖွင့်ထားတဲ့ တည်းခိုခန်းတစ်ခုရှိတယ်၊ သူကတော့ အဲဒါတွေမရှိဘူး... အေးအေးဆေးဆေး နားလို့ရတယ်၊ လူလည်းသန့်တယ်"

"နာမည်က ဘာတဲ့လဲ..."

"ပုလဲဂေဟာတဲ့... အဲဒီကို ပို့ပေးမယ်နော်"

"ကျေးဇူးပါပဲကွာ... ဒါထက် မင်းမခရောက်ရင် ဟိုနား ဒီနားသွားဖို့ ရှစ်ကားလေးဘာလေး စင်းလုံးငှားလို့ရသလား"

"ရပါတယ်ဆရာ... ရှစ်ကားတွေကတော့ အမျိုးအစား အများကြီးရှိပါတယ်... ဆရာလိုရင် ကျွန်တော့်ကိုပြောလေ... ကျွန်တော်တို့ဆီမှာကို အများကြီးရှိတယ်၊ ကျွန်တော့်ကိုလည်း မှတ်ထားပါ... ကျွန်တော့်နာမည်က 'ကျော်သီဟ'ပါ..."





"အေး... ကျေးဇူးပဲကွာ၊ လိုရင်တော့ မင်းကိုပဲခေါ်ရမှာပဲ ...တော့ ငါ့ကို တည်းခိုခန်းသာ ပို့ပေးပေတော့"

ထို့ကြောင့် ကားမောင်းသူ ကျော်သီဟ ဆိုသော ...ယ်က ကားကို မြို့တွင်းဘက်သို့မဝင်တော့ဘဲ မြို့ပြင်ဘက်သို့ ...င်းခဲ့သည်။ ထိုနေရာ တစ်ဝိုက်မှာတော့ မြို့တွင်းမှာလို ...ဉ်တွေးလှဘဲ မျက်စိရှင်း နားရှင်းရှိသည်။

ပုလဲဂေဟာတည်းခိုခန်းမှာ မြို့နှင့်မဝေးလှသော တောင် ...းတစ်ခုပေါ်တွင် တည်ရှိလေသည်။

ခြံကျယ်ကြီးထဲမှာ ကျွဲကော၊ ကြက်မောက်၊ မင်းဂွတ် ...ရှိသော သီးပင်စားပင်များရှိသည်။ ခြံဝန်းထဲမှာတော့ ...ော်အတန်ကျယ်ဝန်းသော နှစ်ထပ်တိုက်တစ်လုံး ရှိသည်။

၎င်းမှာ တောင်ကုန်းမြင့်မြင့်တစ်ခုပေါ်မှာ တည်ဆောက် ...သဖြင့် ထိုနေရာမှကြည့်လျှင် မင်းမခကို အပေါ်စီးမှ ...ရသည်။

ထက်မင်းကျော်စွာ စိတ်ထဲမှာတော့ တနင်္သာရီမှ ရွှေကမာ ...ည်းခိုခန်းမှာနေစဉ်က သတိပေး မြိမ်းခြောက်မှု ခံရပုံကို ...သည်သတိရနေသည်။ ယခု သည်နေရာမှာလည်း မည်သို့ ...ာ ဆိုးကြိုးမှုတွေနှင့် ကြုံရမည်ကို မသိနိုင်ပေ...။

သို့သော်...

အိုမီဂါစီပံကိန်းနှင့် အဆက်အသွယ်ရှိသူများမှာ နေရာ အနှံ့တွင် ရှိနေသည်ဆိုသောအချက်ကမူ သံသယရှိစရာမလိုပေ။

မကြာမီ ၎င်းတို့စီးလာသော ကားကလေးက တည်းခို ခန်းရှေ့သို့ ဝင်ရောက် ထိုးရပ်လေသည်။

ထက်မင်းကျော်စွာက ကျော်သီဟထံမှ လိပ်စာကို တောင်းယူပြီး ကားခအပြင် အပိုငွေပါပေးလိုက်ရာ ကျော်သီဟ မှာ လူငယ်ပီပီ ရွှင်လန်းတက်ကြွစွာဖြင့် နှုတ်ဆက်ကာ ပြန်သွားတော့သည်။

ဟိုတယ်စာရေးက သူ၏အမည်နှင့် အလုပ်အကိုင်ကို ရေးမှတ်စာရင်းသွင်းပြီး အပေါ်ထပ်ရှိ ထောင့်ခန်းတစ်ခန်းကို ရွေးချယ်ပေးလိုက်သည်။

"အဲဒီအခန်းကကြည့်ရင် မင်းမခမြို့ကို လှမ်းမြင်ရပါတယ်၊ ကျွန်တော်တို့ တည်းခိုခန်းမှာတော့ နားအေးပါးအေး နေလို့ရပါ တယ်၊ လိုတာရှိရင်လည်း ပြောပါ..."

"ကျေးဇူးတင်ပါတယ်... ဒါထက် ဒီကနေ မြို့ထဲကို ဖုန်းဆက်လို့ ရပါသလား"

"ရပါတယ်... မြို့တွင်းသုံး လက်လှည့်ဖုန်းရှိပါတယ်၊ ဆရာလိုရင် ပြောပါ"

"အရေးမကြီးပါဘူး၊ နောက်မှပဲ ဆက်ပါ့မယ်"





ထက်မင်းကျော်စွာ အပေါ်ထပ်သို့ တက်လာသော် အလုပ်သမားတစ်ယောက်က ခရီးဆောင်အိတ်ကို ကူဆွဲပေး၍ အခန်းကိုလိုက်ပြပေးသည်။ သူသည် အတွင်းသို့ရောက်သည်နှင့် တံခါးကိုပိတ်ကာ အခန်းထဲတွင်ရှိသော မသင်္ကာစရာနေရာ များ၊ ပစ္စည်းများကို လိုက်လံ စစ်ဆေး ကြည့်သော်လည်း ထူးထူးခြားခြား ဘာမှမတွေ့ရပေ။

ပြတင်းပေါက်မှ အောက်သို့ငုံ့ကြည့်လျှင် တည်းခိုခန်း အတွင်းသို့ လူဝင်လူထွက်များကို လှမ်းမြင်နိုင်ပြီး ပတ်ဝန်းကျင် မြင်ကွင်းများကိုလည်း ကောင်းစွာမြင်နိုင်လေသည်။

ဟိုးအဝေးမှာတော့ မင်းမခမြို့ကလေးကို လှမ်းမြင် ရသည်။

စိတ်ချလက်ချဖြစ်တော့မှ ပစ္စည်းများကိုနေရာချကာ ရေမိုးချိုး အဝတ်အစားလဲပြီး အောက်ထပ်သို့ ဆင်းလာသည်။

ဟိုတယ်စာရေးထံမှာ ဖုန်းဆက်ဖို့ ခွင့်တောင်းတော့ ဖုန်းရှိသည့်နေရာကို သူကိုယ်တိုင် လိုက်ပြပေးသည်။

ဟိုတယ်စာရေး ပြန်ထွက်သွားသောအခါ အိုင်ဝီ အောင်မင်း အောင်ပေးထားသော နံပါတ်တစ်ခုကို ဆက် လိုက်ရာ တစ်ဖက်မှ အမျိုးသမီးတစ်ယောက်အသံကို ကြားရ သည်။

"ဟလို... အမိန့်ရှိပါရှင်..."

"ကျွန်တော် ဦးမင်းဟန်နဲ့ စကားပြောချင်လို့ပါ... တစ်ဆိတ် သူနဲ့များ တွေ့နိုင်မလားခင်ဗျာ"

"အခုဆက်နေတာ ဘယ်သူပါလဲရှင်"

"ကျွန်တော် ရန်ကုန်ကလာတာပါ... သူ့ရဲ့မိတ်ဆွေပါ"

ဖုန်းထဲမှာ အတန်ကြာအောင် စကားသံပြန်ပေါ်မလာပေ။

"ဟဲလို..."

"ကျွန်မဦးလေး မရှိပါဘူး။ ကိစ္စရှိရင် ကျွန်မကိုပြောထား ရင်လည်း ရပါတယ်ရှင်"

ထက်မင်းကျော်စွာ သက်ပြင်းတစ်ချက် ချလိုက်သည်။

ယခု အခြေအနေအတိုင်းဆိုလျှင် ဦးမင်းဟန်နဲ့ တွေ့နိုင် တော့မည်မထင်ကြောင်း သဘောပေါက်လိုက်သည်။

"ကောင်းပြီလေ... ကျွန်တော် သူနဲ့ မတွေ့ရရင်လည်း ခင်ဗျားနဲ့တွေ့ပြီး စကားပြောချင်ပါတယ်... ခင်ဗျားနာမည် ဇင်မာဝေ ဟုတ်ပါသလား"

"ဟုတ်ပါတယ်ရှင်"

"ကောင်းပြီလေ... ကျွန်တော် ခင်ဗျားကို ဘယ်မှာ လာတွေ့ရမလဲဆိုတာ ပြောပါ..."





"ကျွန်မ ညနေ (၆)နာရီမှာ မြို့စွန်နားက 'မြန်မာအဆွေ' ...က်ဖီဆိုင်မှာ စောင့်နေပါ့မယ်၊ အဖြူရောင် အင်္ကျီပေါ်မှာ ...နီရောင် နှင်းဆီတစ်ပွင့် ထိုးလာခဲ့ပါ့မယ်"

"ကောင်းပြီ... လာခဲ့ပါ့မယ်"

တစ်ဖက်မှ ဖုန်းပြန်ချသွားသည်။

သူ သက်ပြင်းတစ်ချက်ချကာ လက်မှနာရီကို ကြည့်လိုက် ...တော့ နှစ်နာရီကျော်နေပြီ...။

ထို့ကြောင့် လက်ဆွဲတော် လူဂါသေနတ်ကို ချိုင်းအောက်မှ ...က်ထဲတွင်ထည့်ပြီး အပေါ်မှအင်္ကျီထပ်ဝတ်ကာ မြို့ထဲသို့ ...က်လာခဲ့သည်။

ပုလဲဂေဟာမှာ မြို့နှင့်မဝေးလှသောကြောင့် ပတ်ဝန်းကျင် ...ခြေအနေကို ကြည့်ရင်း လမ်းလျှောက်သွားသည်။

မြို့ထဲသို့သွားသော လမ်းတစ်ဖက်တစ်ချက်မှာ ရာဘာ ...ဘာ၊ ဆီအုန်းပင်တောများ ရှိသည်။ ခြံကျယ်ကြီးများသာရှိပြီး ...နေအိမ်တော့ သိပ်မတွေ့ရပေ။

အနောက်ဘက် တောင်တန်းများပေါ်သို့ နေဝင်သွားပြီ ...သောကြောင့် ပတ်ဝန်းကျင်မှာ မှုန်မှုန်မှိုင်းမှိုင်းဖြစ်လာကာ ...အေးဓာတ်က ပိုလာလေသည်။ ထို့ကြောင့် ဂျာကင်အင်္ကျီကို ...ဆွဲစိပြီး ခပ်သုတ်သုတ် လျှောက်လာခဲ့သည်။

မြို့အဝင်နား ရောက်သောအခါ လူတစ်ယောက်အား မြန်မာအဆွေကော်ဖီဆိုင် ဘယ်နေရာမှာရှိသည်ကို မေးပြီး သူညွှန်ပြသောဘက်သို့ ထွက်ခဲ့သည်။

၎င်းကော်ဖီဆိုင်မှာ မြို့ပြင်အစပ်နားရှိ ကားလမ်းမကြီး နံဘေးတွင်ရှိသောကြောင့် အလွယ်တကူတွေ့လေသည်။

ဆိုင်ထဲမှာ လူသိပ်မရှုပ်လှပေ...။

ယခုလို အေးမြသောရာသီဥတုတွင် ကော်ဖီဆိုင်မှာထက် အရက်ဆိုင်များမှာ လူပိုများလေ့ရှိသည်။ ဆိုင်ထဲရောက်တော့ အခန်းထောင့်စားပွဲတစ်လုံးတွင် အဖြူရောင်ရင်စိအင်္ကျီ လုံချည် အနက်ရောင်ကို ဝတ်ဆင်ထားသော အမျိုးသမီးတစ်ယောက်ကို တွေ့ရသည်။

၎င်း၏ ဝဲဘက်ရင်ဘတ်မှာ အနီရောင် နှင်းဆီတစ်ပွင့် စိုက်ထိုးထားသည်။

ထက်မင်းကျော်စွာက အနီးသို့ လျှောက်သွားပြီး သူမ ရှေ့မှ ကုလားထိုင်မှာ ဝင်ထိုင်လိုက်သည်။

"မဇင်မာဝေ မဟုတ်လား..."

"ဟုတ်ပါတယ်... ရှင်ကရော ဦးလေးရဲ့ မိတ်ဆွေလား"

"ဟုတ်ပါတယ်... ရန်ကုန်ကလာတဲ့ ဦးမင်းဟန်ရဲ့ မိတ်ဆွေပါ"





ထိုအချိန်တွင် စားပွဲထိုးရောက်လာသဖြင့် စကားဖြတ်ကာ ကော်ဖီနှစ်ခွက်မှာလိုက်သည်။

"ရှင်က ဦးလေးရဲ့မိတ်ဆွေဆိုတော့ ဘာလုပ်သလဲဟင်"

"ကျွန်တော်က အရောင်းအဝယ်သမားပါ၊ တစ်လောက ဦးမင်းဟန်က ဒီဘက်မှာ ပြည်ပဘက်ကဝင်တဲ့ ပစ္စည်းတွေ ဈေးပေါတယ်ဆိုလို့ လာခဲ့တာပါ... ကျွန်တော့်နာမည် ကျော်စွာပါ..."

"ကျွန်မကိုလည်း ဇင်မာလို့ပဲ ခေါ်နိုင်ပါတယ်... အခုလို ဦးလေးနဲ့ရင်းနှီးတဲ့ မိတ်ဆွေတစ်ယောက်နဲ့တွေ့ရတာ ဝမ်းသာပါတယ်... ဦးလေးကတော့ ရှင်နဲ့တွေ့နိုင်တော့မယ် မထင်တော့ဘူး... သူ... သူဆုံးသွားပါပြီ..."

ထက်မင်းကျော်စွာအနေနှင့် ထိုသို့သောစကားလုံးများကို ကြားရလိမ့်မည်ဟု မျှော်လင့်ထားသော်လည်း တကယ်တမ်း ကြားလိုက်ရသောအခါ ဦးမင်းဟန်အတွက် စိတ်မကောင်း ဖြစ်မိသည်။

"ဘယ်တုန်းက ဆုံးတာလဲ၊ ဘယ်လိုဆုံးတာလဲ"

"ဦးလေးဆုံးတာ သုံးပတ်လောက်ပဲ ကြာသေးတယ်၊ အလုပ်ကပြန်လာတုန်း ကားအက်ဆီးဒင့်ဖြစ်ပြီး ချောက်ထဲ ကျသွားခဲ့တာ၊ ကားရော လူရော မီးလောင်သွားတယ်"

"ဒီသတင်းကြားရတာ ကျွန်တော် တကယ်ပဲ စိတ်မကောင်းပါဘူး"

"ဦးလေးက ကျွန်မကို ဖိဘတစ်ယောက်လိုပဲ စောင့်ရှောက်ထားခဲ့တာ... အခု သူ မရှိတော့..."

ဇင်မာဝေက စကားမဆက်ဘဲ ရပ်တန့်သွားသည်။

သူမ မျက်ဝန်းမှာ မျက်ရည်ကြည်ကလေးများ ရစ်ဝဲလာသည်။

သူမက လက်ကိုင်ပဝါကို ထုတ်ပြီး မျက်ရည်များကို သုတ်ပစ်နေသည်။

ထိုအချိန်မှာ စားပွဲထိုးကလေးက မှာထားသောကော်ဖီခွက်များ လာရောက်ချပေးသည်။ ပြန်ထွက်သွားတော့မှ ထက်မင်းကျော်စွာက စကားဆက်ပြောသည်။

"အားမငယ်ပါနဲ့ ဇင်မာ... ဦးမင်းဟာန် မရှိတော့ပေမယ့် ကျွန်တော်တို့တစ်တွေက လိုအပ်တာတွေ အကူအညီပေးမှာပါ။ ကိစ္စတွေပြီးစီးတဲ့အခါ ဇင်မာအတွက် တစ်ခုခု စီစဉ်ပေးနိုင်အောင် ကြိုးစားပါ့မယ်"

"ကျေးဇူးတင်ပါတယ် ကိုကျော်စွာ"

"ဦးမင်းဟာန်ဆုံးပုံကို နည်းနည်းလောက် အသေးစိတ်ပြောပြပါလား"





"ဦးလေးက အခုနှစ်ပိုင်းအတွင်းမှာ ဘာတွေ လုပ်နေတယ် ဆိုတာတော့ ကျွန်မ မသိပါဘူး။ နယ်ခြားဘက်တော့ မကြာခဏသွားတာ တွေ့ရတယ်၊ တစ်နေ့တော့ အဲဒီဘက်က ပြန်အလာမှာ ကားမှောက်ပြီး ချောက်ထဲကျသွားတယ်၊ ကားရောလူပါ မီးလောင်သွားတယ်၊ တစ်ကိုယ်လုံး မီးလောင်နေတော့ ရုပ်တောင် မမှတ်မိတော့ပါဘူး။ လက်မှာဝတ်ထားတဲ့ လက်စွပ်ကြောင့်သာ သူမှန်းသိခဲ့ရတာ၊ ဒီကပုလိပ်တွေတော့ သွားကြည့်ကြသေးတယ်၊ သူတို့ကတော့ ကားအက်ဆီးဒင့် (Accident) ဖြစ်တာလို့ မှတ်ချက်ပေးပြီး အမှုပိတ်ခဲ့ကြတယ်"

"အင်း... ပြောပါဦး"

"ကျွန်မထင်တာတော့ ဦးလေးဟာ သူမဆုံးခင် ဘဝပတ်နဝပတ်လောက်မှာ သိပ်အရေးကြီးတဲ့အလုပ်တွေ လုပ်နေရတဲ့ပုံတော့ပေါ်တယ်၊ ဘယ်သူနဲ့မှလည်း မတွေ့တော့ဘူး။ အလုပ်ကိစ္စ ရှိတာကလွဲရင် အပြင်တော့ သိပ်ထွက်လေ့မရှိဘူး"

"ဦးမင်းဟာန် မသေခင်မှာ ဇင်မာအနေနဲ့ ဘယ်လိုထူးခြားမှုမျိုးတွေ တွေ့ရတယ်ဆိုတာလည်း ပြောပါဦး"

"သိပ်တော့ မတွေ့မိပါဘူး၊ သူ့ဆီကို လူစိမ်းတွေတော့ လာတာတွေ့တယ်၊ တခြားတော့ ဘာမှမတွေ့ဘူး။ ဦးလေးဟာ အလုပ် လုပ်တဲ့အခါမှာ လျှို့ဝှက်လွန်းတော့ ဘာမှသိခွင့်မရဘူး"

"အခုလိုပြောပြတာ ကျေးဇူးတင်ပါတယ် ဖင်မာ၊ ကဲ... ကော်ဖီတွေ အေးကုန်မယ်၊ သောက်လိုက်ပါဦး..."

ဟု ဆိုကာ ကော်ဖီခွက်ကို ဖင်မာရှေ့သို့ တိုးပေးလိုက်သည်။

ထို့နောက် ကော်ဖီသောက်ရင်းနှင့် အခြားအကြောင်းများ ပြောဆိုနေကြစဉ် လူသုံးယောက်မှာ အခြားစားပွဲများ လွတ်နေသော်လည်း သူတို့နှင့် အနီးကပ်ဆုံးစားပွဲတွင် လာရောက်နေရာယူကြသည်ကို သတိပြုမိလိုက်သဖြင့် ထွက်မင်းကျော်စွာက ဖင်မာကို မျက်ရိပ်ပြလိုက်ပြီး ကော်ဖီကို လက်စသတ်လိုက်ကြသည်။

ထို့နောက် ကျသင့်ငွေကိုရှင်းပေးပြီး အပြင်သို့ ထွက်ခဲ့ကြသည်။

အပြင်ဘက်မှာ အမှောင်ရိပ်များ သမ်းနေပြီ။

လမ်းမီးရောင်များ ရှိသည်ဆိုသော်လည်း အားမကောင်းသောကြောင့် မှုန်ဝါးဝါးမျှသာရှိသည်။

ထက်မင်းကျော်စွာက ဖင်မာဝေကို စိတ်မချသည်က တစ်ကြောင်း... သူမ၏နေအိမ်ကို သိစေရန်အတွက် လိုက်ပို့ပေးသည်။





# အခန်း [ ၆ ]

## မင်းမခမှ အန္တရာယ်

ထိုနေ့ညက တည်းခိုခန်းပြန်ရောက်သည်အထိ မည်သည့် အန္တရာယ် အနှောင့်အယှက်မှမတွေ့ရဘဲ ကောင်းမွန်စွာအိပ်စက်ရသဖြင့် နောက်တစ်နေ့ အစောတ်နေမြင့်မှ အိပ်ရာမှနိုးလာသည်။

အဝတ်အစားလဲပြီး အပြင်သို့ ထွက်လာခဲ့သည်။

ဖင်မာဝေ... နေသောနေရာမှာ မြို့စွန်တစ်နေရာရှိ တောင်ကုန်းတစ်ကုန်းပေါ်တွင် ဆောက်ထားသော ဘန်ဂလိုပုံစံ အဆောက်အဦး၌ ဖြစ်သည်။ သူရောက်သွားချိန်မှာ မြူနှင်းများ ပင် မကွဲသေး။

ထိုနေရာသို့သွားရာလမ်းတွင် မည်သည့်စက်ရုံမှန်းမသိရသော စက်ရုံဟောင်းကြီးနှင့် ကျယ်ဝန်းလှသော ခြံကျယ်ကြီးတစ်ခုကို ကျော်ဖြတ်သွားရလေသည်။

ခြံဝန်းကျယ်ကြီးကို မြင့်မားသောအုတ်တံတိုင်းကြီးများ လေးဖက်လေးတန် ကာရံထားပြီး အတွင်း၌ လမ်းဖောက်ရာတွင် အသုံးပြုသော စက်ယန္တရားကြီးများရှိသည်။

ခြံကျယ်ကြီး၏ အနောက်ဘက်မှာတော့ အလုပ်သမားတန်းလျားကဲ့သို့ အဆောက်အဦးအချို့ကို လှမ်းမြင်ရသည်။

ဇင်မာဝေတို့နေအိမ်သို့ သွားသောအခါ ထိုခြံကျယ်ကြီးအနီးတွင် ဖောက်ထားသောလမ်းအတိုင်း တက်သွားရသည်။

နံနက်စောစောဖြစ်သောကြောင့် မြူနှင်းများ မကွဲသေးသလို အအေးဓာတ်ကလည်း ရှိနေဆဲပင်။

ထိုနေရာတစ်ဝိုက်မှာ လူနေအိမ်ခြေ မရှိသောကြောင့် လူသွားလူလာလည်း မရှိသလောက်ပင်။ ဘာပဲပြောပြော... ထက်မင်းကျော်စွာအဖို့ အတွေ့အကြုံအရ သည်လိုနေရာမျိုးကိုတော့ သတိထားသင့်သည်ဟု စိတ်ထဲမှာတွေးလိုက်မိသည်။

ထိုခြံကျယ်ကြီးဘေးမှ ဖောက်ထားသော လမ်းအတိုင်း တက်လာသောအခါ မြေမှာ တဖြည်းဖြည်း မြင့်တက်လာပြီး မကြာမီ တောင်ကုန်းတစ်ခုပေါ်သို့ ရောက်လာသည်။ ထိုတောင်





ကုန်းပေါ်မှာတော့ ကိုယ့်ခြံနှင့်ကိုယ် သီးသန့်နေသော လူနေအိမ်အချို့ရှိသည်။ တောင်ကုန်းပေါ်မှလှမ်းကြည့်လျှင် စက်ရုံဝန်းကြီးရှိသောနေရာမှာ 'မြေနိမ့်လွင်ပြင်တစ်ခုထဲတွင် ဖြစ်သည်။

ဇင်မာဝေပေးထားသော ခြံအမှတ်မှာ အစွန်ဘက်တွင်ဖြစ်ဟန်ရှိသဖြင့် ထိုဘက်သို့လျှောက်လာရာ မကြာမီ သူမပေးထားသော လိပ်စာအတိုင်း တွေ့ရသည်။ ခြံဝန်းတံခါးကိုစေ့ရုံစေ့ထားသဖြင့် အတွင်းသို့ဝင်သွားကာ အိမ်တံခါးကို ခေါက် လိုက်သည်။

"ခေါက်... ခေါက်... ခေါက်..."

ခဏကြာသော်အတွင်းမှ "ဘယ်သူလဲ"ဟု မေးသောအသံ ကြားရသည်။ အသံမှာ ဇင်မာဝေအသံ မဟုတ်ပေ။ အသက်ကြီးကြီး အမျိုးသမီးတစ်ဦး၏ အသံဖြစ်သည်။

"ကျွန်တော် ဇင်မာဝေရဲ့ ဧည့်သည်ပါ... ရန်ကုန်ကလာတာပါ..."

ဟု ပြောလိုက်တော့မှ အတန်ကြာသောအခါ တံခါးဖွင့်ပေးသည်။

အသက်လေးဆယ်ကျော်အရွယ်ရှိ အရပ်ထောင်ထောင်မောင်းမောင်းနှင့် အမျိုးသမီးကြီးတစ်ဦးက တံခါးဖွင့်ပေးခြင်းဖြစ်၏။

"ဇင်မာဝေ ရှိပါသလား ခင်ဗျာ..."

"ရှိပါတယ်... ကိုယ်လက်သန့်စင်နေလို့ ဧည့်ခန်းမှာ ခဏကလေး ထိုင်စောင့်ပါကွယ်"

"ဟုတ်ကဲ့"

အမျိုးသမီးကြီးက သူ့ကို ဧည့်ခန်းသို့ခေါ်သွားပြီး နေရာပေးသည်။ ထို့နောက် အခန်းထဲ ပြန်ဝင်သွားသည်။

ဧည့်ခန်းထဲမှာတော့ ပရိဘောဂ များများစားစားမရှိလှဘဲ နံရံမှာတော့ ဦးမင်းဟန်ရှိစဉ်က အသုံးပြုဟန်တူသော အမဲပစ် သေနတ်ဒုဝ်လက် ချိတ်ဆွဲထားသည်။

ပြတင်းပေါက်မှကြည့်လျှင် အရှေ့ဘက်တွင် မြူခိုးများ ရစ်သိုင်းလျက်ရှိသောကြောင့် တစ်စွန်းတစ်စသာ ပေါ်ထွက်နေသော တောင်တန်းကြီးများကို လှမ်းမြင်ရသည်။

ခဏကြာသောအခါ အခန်းထဲမှထွက်လာသော ခြေသံကြားရပြီး ဇင်မာဝေ ထွက်လာသည်။

"ဒီလောက်အစောကြီး ရောက်လာမယ်မထင်လို့ ကျွန်မ အဆင်သင့်မဖြစ်တာကို ခွင့်လွှတ်ပါ"

"ကျွန်တော်က တောင်းပန်ရမှာပါ... ဒီလောက်စောစောစီးစီးအချိန်မှာ အခုလိုလာပြီး အနှောင့်အယှက်ပေးသလို ဖြစ်သွားတဲ့အတွက် တောင်းပန်ပါတယ်"





ဇင်မာဝေက သူ့ရှေ့တွင် ဝင်ထိုင်သည်။

အညိုရောင် ခွယ်တာလက်ရှည်လေးနှင့် ဖြူဝင်းသော သူမ၏အသားအရေမှာ လိုက်ဖက်လှသည်။ တကယ်တော့ ဇင်မာဝေသည် ရွှက်ကြမ်းရေကျိုမဟုတ်ဘဲ အချောအလှ တန်းဝင် အမျိုးသမီးတစ်ဦးဖြစ်ကြောင်း အနီးကပ်ကြည့်မှ သိရသည်။

မိန်းမများ၏ ပင်ကိုအလှကိုသိချင်ရင် နံနက်လင်း၍ အိပ်ရာမှနိုးထသောအချိန်မှာ ကြည့်လျှင် သဘာဝအလှကို တွေ့ရမည်ဟု အဆိုရှိသည်။

အခြားအချိန်များတွင် မိန်းမတို့၏သဘာဝဖြင့် မွမ်းမံခြယ်သမှုများ ပြုလုပ်ကာကွယ်ထားသောကြောင့် ပင်ကိုသဘာဝအလှကို မမြင်သာပေ။ ယခုလို အိပ်ရာနိုးထစအချိန်မှာတော့ သဘာဝအတိုင်း တွေ့မြင်ရသဖြင့် ၎င်းတို့၏အလှစစ်ကို တွေ့နိုင်ပေ၏။

ယခုမျက်နှာသစ်ပြီးစ ဒီအတိုင်းထွက်လာသော ဇင်မာဝေ၏မျက်နှာလေးမှာ ဖြူဝင်းလှပလျက်ရှိပြီး ကျက်သရေရှိသော အလှမျိုးဖြစ်သည်ဟု စိတ်ထဲမှာ မှတ်ချက်ချမိသည်။

ဇင်မာဝေက ထက်မင်းကျော်စွာ သူ့ကိုကြည့်နေမှန်း သိသောအခါ အကြည့်လွှဲလိုက်ရင်း...

"တည်းခိုခန်းမှာတည်းရတာ အဆင်ပြေရဲ့လားအစ်ကို၊ ဟိုမှာအဆင်မပြေရင် ဒီမှာ လွတ်လွတ်လပ်လပ်လာတည်းရင်လည်းရပါတယ်၊ ဒီမှာ ဘာမှအားနာစရာမရှိပါဘူး... မနေ့က တွေ့တုန်းက ကမန်းကတန်းနဲ့မို့ ပြောဖို့မေ့သွားတယ်"

ဟု ပြောသည်။

"ရပါတယ်... အဆင်ပြေပါတယ်၊ ဒါထက် ဇင်မာနဲ့ အေးအေးဆေးဆေး စကားပြောလို့ရမလား"

"ရပါတယ်အစ်ကိုရဲ့... ခေါင်းရင်းဘက်မှာ ဦးလေးရဲ့ စာကြည့်ခန်းရှိတယ်၊ အခုတော့ ပိတ်ထားတယ်၊ အဲဒီသွားကြရအောင်"

ဟု ပြောကာ ခေါင်းရင်းဘက်ရှိ အခန်းတစ်ခန်းသို့ ခေါ်သွားသည်။

"ဒီမှာ ဇင်မာတို့ နှစ်ယောက်တည်း နေကြတာလား"

"ဟုတ်တယ်၊ အရင်တုန်းကတော့ ဦးလေးနဲ့ဆို သုံးယောက်ပေါ့၊ အခု ကျွန်မနဲ့ ကြီးမေပဲ ရှိတော့တယ်"

ထက်မင်းကျော်စွာ စိတ်ထဲမှာတော့ ယခုအခါ ခေတ်ဆိုး ခေတ်ပျက်ကာလ ဖြစ်နေသည်ကတစ်ကြောင်း၊ အုပ်ချုပ်မှုနှင့် အလှမ်းဝေးသော နေရာဖြစ်သည်ကတစ်ကြောင်း ယခုလို





မြို့စွန် မြို့ဖျားမှာ အမျိုးသမီးနှစ်ယောက်တည်း မနေသင့်ဟု တွေးလိုက်မိသည်။

ဦးမင်းဟန်၏ စာကြည့်ခန်းက အတော်အတန်ကျယ်ဝန်း ပြီးအထဲ၌ အင်္ဂလိပ်စာအုပ်၊ မြန်မာစာအုပ်များအပြင် ဆေးကျမ်း နှင့် အဂ္ဂိရတ်ကျမ်းစာအုပ်များကို တွေ့ရသည်။ စာအုပ်များကို စင်ပေါ်တွင် ဘာသာရပ်အလိုက် ခွဲတင်ထားသည်။

အခန်းနံရံ တစ်နေရာမှာတော့ မြန်မာပြည်မြေပုံနှင့် တနင်္သာရီဒိစတြိတ် နယ်နိမိတ်နှင့် နယ်ခြားလမ်းများကို ညွှန်ပြထားသော မြေပုံတစ်ချပ်ရှိသည်။

ဇင်မာဝေက သူ့ကို အခန်းထဲထားခဲ့ပြီး ပြန်ထွက်သွား သည်။ ထက်မင်းကျော်စွာက တနင်္သာရီ နယ်နိမိတ်ဝန်းကျင် တစ်ဝိုက်ကို ရေးဆွဲထားသောမြေပုံကို အနားကပ်ကြည့်သော အခါ မှင်နီ၊ မှင်နက်များဖြင့် ရေးဆွဲထားသော လမ်းကြောင်း အချို့ကို တွေ့ရသည်။

အရေးကြီးသောလမ်းနှင့် နေရာများကို အနီရောင်မှင်ဖြင့် ဝိုင်းပြထားသည်။ အချို့ကို မြားဖြင့် ညွှန်ပြထားသည်။

ထက်မင်းကျော်စွာက မြေပုံပေါ်တွင် အရေးတကြီး ရေးမှတ်ထားသော နေရာများကို စိတ်ထဲတွင် စွဲမှတ်မိအောင် ကြည့်ပြီး စားပွဲမှာ ပြန်ထိုင်နေလိုက်သည်။

ခဏကြာတော့ ဇင်မာဝေ ပြန်ဝင်လာသည်။

သူမလက်ထဲမှာ ကော်ဖီနှစ်ခွက်တင်ထားသော လင်ပန်း ပါလာသည်။

"အစ်ကို… ကော်ဖီသောက်လိုက်ပါဦး"

"ကျေးဇူးတင်ပါတယ်… ဒါထက် စပ်စုတယ်လို့တော့ မထင်ပါနဲ့… ဇင်မာမှာ ဆွေမျိုးသားချင်းတွေ ရှိသေးလား"

"မရှိတော့ပါဘူး… ကျွန်မက တစ်ကောင်ကြွက်ပါ၊ မိဘတွေက ကျွန်မတစ်ယောက်တည်းမွေးပြီး ဆုံးသွားကြတော့ ဦးလေးကပဲ သားသမီးအရင်းလို ခေါ်ပြီးစောင့်ရှောက်ထား တာပါ"

"ဒီမှာရှိတဲ့ ကြီးမေကရော… ဇင်မာနဲ့ ဘာတော်လဲဟင်"

"ကျွန်မရဲ့ အဒေါ်ဝမ်းကွဲ တော်ပါတယ်… သူရှိလို့ တော်သေးတာပေါ့ အစ်ကိုရယ်၊ မဟုတ်ရင် ကျွန်မတစ်ယောက် တည်း အခက်ပဲပေါ့"

"ကျွန်တော့်ကို စပ်စုတယ်လို့မထင်ပါနဲ့ ဇင်မာတို့အတွက် စိတ်ပူလို့ မေးမိတာပါ၊ ဒီခေတ်ကာလမျိုးမှာ ဒီလိုနေရာမှာ မိန်းမသားနှစ်ယောက်တည်း အမြဲနေဖို့မသင့်လျော်လို့ မေးမိ တာပါ"





"ကျွန်မ သဘောပေါက်ပါတယ် အစ်ကို၊ ကျွန်မလည်း ဒီအချက်ကို တွေးမိပါတယ်၊ ဦးလေး ဆုံးပြီးတာကလည်း မကြာသေးတော့ ဘယ်လိုစီစဉ်ရမှန်းလည်း မသိသေးပါဘူး၊ ဘာပဲပြောပြော အခုလိုအခြေအနေမျိုးမှာ အစ်ကိုရောက်လာ တာတော့ ကျွန်မ သိပ်ပြီးအားရှိတာပဲ"

"ဒီလိုဆိုရင် ကျွန်တော် ဇင်မာတို့အတွက် အစီအစဉ် တစ်ခုလုပ်ပေးချင်တယ်၊ တခြားတော့မဟုတ်ဘူး၊ ကိစ္စတွေပြီးလို့ ကျွန်တော်ပြန်ရင် ဇင်မာတို့တူဝရီးနှစ်ယောက်ကို ရန်ကုန်ကို ခေါ်သွားပြီးတော့ ဟိုမှာ နေဖို့ထိုင်ဖို့ စီစဉ်ပေးချင်တယ်၊ ဇင်မာ လက်ခံမယ်ဆိုရင်ပေါ့"

"ကျွန်မတို့လည်း အခုအခြေအနေမှာ မိန်းမသား နှစ်ယောက်တည်းဆိုတော့ ဘာမှမစဉ်းစားတတ်အောင် ဖြစ်နေ တယ်၊ အစ်ကို အခုလို အကူအညီပေးတာ သိပ်ပြီးကျေးဇူး တင်တာပဲ၊ ကျွန်မ ကြီးမေနဲ့တိုင်ပင်ပြီးရင် အစ်ကို့ကို ပြောပါ့မယ်၊ ကဲ… ကော်ဖီတွေအေးကုန်မယ်၊ သောက်လိုက် ဦး အစ်ကို"

ထက်မင်းကျော်စွာက ကော်ဖီခွက်ကို ယူပြီး တစ်ငုံ သောက်ပြီး အခန်းအခြေအနေကို တစ်ချက် အကဲခတ်ကြည့် တော့ စာကြည့်ခန်းတံခါး ပိတ်ထားပြီး အပြင်ဘက်မှာလည်း

စောစောက မြင်လိုက်ရသော အမျိုးသမီးကြီးလည်း ရှိဟန်မပေါ်ပေ။

ထို့ကြောင့်...

"ဇင်မာ... ဦးမင်းဟန်မဆုံးခင်က မင်းအနေနဲ့ ထူးထူးခြားခြား သတိပြုမိတာလေးတွေရှိသမျှ ကျွန်တော့်ကို ပြောပြပါ"

ဟု မေးလိုက်ရာ ဇင်မာဝေက ကော်ဖီသောက်ရင်း လေးလေးနက်နက် စဉ်းစားနေသည်။

အတန်ကြာမှ ကော်ဖီခွက်ကိုပြန်ချပြီး ဤသို့ ပြောပြသည်။

"ဟုတ်တယ်... အစ်ကိုပြောမှ စဉ်းစားမိတယ်၊ ဦးလေးဟာ အင်ဂျင်နီယာတစ်ယောက် ဆိုပေမယ့် အခုနောက်ပိုင်းရောက်တော့ အင်ဂျင်နီယာနဲ့ သက်ဆိုင်တဲ့ အလုပ်တွေကို သိပ်လုပ်တာမတွေ့ရဘူး။ အချိန်ရှိသမျှ စာကြည့်ခန်းထဲဝင်ပြီး စာအုပ်တွေ၊ မြေပုံကားချပ်တွေနဲ့ အလုပ်ရှုပ်နေတာပဲ တွေ့ရတယ်၊ တစ်နေ့တော့ သူအိပ်ပျော်နေတုန်း အခန်းထဲဝင်သွားတော့ မှတ်တမ်းစာအုပ်ကလေး ပွင့်နေတာတွေ့လို့ ကြည့်လိုက်တော့ 'အိုမီဂါစီမံကိန်း' ဆိုတဲ့ မှတ်တမ်းတစ်ခု တွေ့ရတယ်"

"ဟုတ်ပြီ... သူဆုံးတော့ အဲဒီမှတ်တမ်းစာအုပ်ကလေး ဘယ်မှာထားခဲ့သလဲဆိုတာ ဇင်မာ သိလား"





"အဲဒီစာအုပ်ကလေးက သိပ်အရေးကြီးလို့လား အစ်ကို"

"အင်း... သိပ်တော့အရေးမကြီးလှပါဘူး။ ဒါပေမယ့် သူ ဘာကြောင့်သေတယ်ဆိုတာတော့ သဲလွန်စရနိုင်တာပေါ့၊ ဒီစာအုပ်ကလေးက သူ့အတွက် အရေးမကြီးပေမယ့် တခြားလူတွေအတွက် သိပ်ပြီးအရေးကြီးတာမျိုးလည်း ဖြစ်နိုင်တာပေါ့"

"အင်း... အစ်ကိုပြောမှ သတိရတယ်၊ ဦးလေး မဆုံးခင်က သူ့ဆီကို လူသုံးလေးယောက်လောက် နှစ်ခါလောက် လာဖူးတယ်၊ လူတွေကတော့ ကပြားရုပ်မျိုးတွေပဲ၊ ပထမ လာတုန်းကတော့ ဦးလေးဆီက ပစ္စည်းတစ်ခုခု လိုချင်လို့ အေးအေးဆေးဆေး လာပြောကြတဲ့ပုံပဲ"

"အင်း... ပြောပါဦး ဇင်မာ"

"အဲဒီတစ်ခေါက် အဆင်မပြေတာနဲ့ နောက်တစ်ခေါက် လာကြတဲ့အခါကျတော့ အရင်တစ်ခေါက်လာတာနဲ့ မတူတော့ဘူး။ သူတို့မျက်နှာတွေ၊ အမူအရာတွေကြည့်ရတာ ကြောက်ရော ကောင်းလောက်အောင်ကို ဒေါသထွက်နေကြပုံရတယ်၊ သူတို့ပြန်သွားပြီး သိပ်မကြာပါဘူး၊ ကားမှောက်ပြီးတော့ ဦးလေး ဆုံးတာပါပဲ"

"သူတို့ ဘာပစ္စည်းလိုချင်လို့ လာတယ်ဆိုတာရော ဖင်မာ သိသလား"

"အဲဒါတော့ ကျွန်မ မသိဘူး၊ လာတဲ့လူတွေကတော့ အတော့်ကို ကြောက်ဖို့ကောင်းတယ်"

"သူတို့လိုချင်တဲ့ပစ္စည်း ရသွားသလား ဖင်မာ"

"ရသွားတဲ့ပုံတော့ မပေါ်ဘူး၊ ဒါကြောင့် သူတို့ကြည့်ရတာ သိပ်ပြီး ဒေါသထွက်နေကြပုံပဲ"

ထက်မင်းကျော်စွာက အတန်ကြာအောင် လေးလေးနက်နက် စဉ်းစားနေပြီးမှ...

"ဒီအတိုင်းမှန်ရင်တော့ အဲဒီလူတွေဟာ ဖင်မာတို့ဆီကို တစ်ခေါက်လာကြလိမ့်ဦးမယ် ထင်တယ်"

ဟု စဉ်းစဉ်းစားစား ပြောလိုက်သည်။

ထိုစကားကြောင့် ဖင်မာဝေ၏မျက်နှာပေါ်မှာ သွေးဆုတ်သွားသလို ဖြူဖပ်ဖြူရော် ဖြစ်သွားလေသည်။

"ဘာ... ဘာဖြစ်လို့လဲဟင်"

"ကိုယ့်အထင် ပြောရရင်တော့ သူတို့တစ်တွေဟာ လိုချင်တဲ့ပစ္စည်း မရမချင်း ကျေနပ်ကြမှာမဟုတ်ဘူး၊ ဒါကြောင့် ဒီကို တစ်ခေါက်ပြန်လာလိမ့်မယ်လို့ ပြောရတာပါ၊ ကဲ...





ခင်မှာ့ အခန်းထဲမှာ ဖင်မာပြောတဲ့ မှတ်တမ်းစာအုပ်ကလေး ရှာလိုက်ရအောင်"

ဟု ပြောကာ နှစ်ယောက်သား အခန်းထဲမှာ နေရာအနှံ့ စေ့စေ့စပ်စပ် လိုက်ရှာကြသည်။

အခန်းထဲမှာတော့ အခြားပစ္စည်း များများစားစားမရှိဘဲ အဝတ်ဘီရိုတစ်လုံး၊ ခုတင်တစ်လုံး၊ စာရေးစားပွဲ၊ မီးဖိုနှင့် စာအုပ်စင်တို့သာရှိသည်။ အခန်းထဲမှာ နေရာယူထားသည်မှာ စာအုပ်စင်ဖြစ်ပြီး အများဆုံးမှာလည်း စာအုပ်များသာဖြစ်သည်။

စာရေးစားပွဲ၊ ခုတင်၊ ဘီရို၊ စာအုပ်စင်များထဲမှာ အနှံ့ ရှာသော်လည်း သူတို့ရှာဖွေသောပစ္စည်းကို မတွေ့ရပေ။

ထိုမှတ်တမ်းစာအုပ်ကို ကိုယ်နှင့်မကွာထား၍များ၊ ၎င်း သေဆုံးသောအခါ ကားမီးလောင်သည့်အထဲများ ပါသွားလေ ရော့သလားဟု ထင်စရာလည်းရှိသည်။

ထက်မင်းကျော်စွာမှာ မီးဖိုအနီးသို့ ရောက်သောအခါ မီးသေနေပြီဖြစ်သော ပြာအချို့ကို သတိပြုမိသွားသည်။ ၎င်းပြာများမှာ ထင်း၊ မီးသွေးများကို လောင်ကျွမ်းထားသော ပြာများ မဟုတ်ဘဲ စက္ကူများမီးလောင်ထားသော ပြာမျိုး ဖြစ်သည်ကို သတိပြုမိသဖြင့် အနီးရှိ တုတ်တစ်ချောင်းနှင့် မွှေကြည့်လိုက်သည်။

ထိုအခါ အပေါ်ယံမီးကျွမ်းနေသော်လည်း အတွင်း
မီးကြွင်းမီးကျန် စာရွက်အစအနအချို့ကို တွေ့ရသဖြင့် ယူကြည့်
သောအခါ စာသားအချို့ကို တွေ့ရသည်။

၎င်းစာသားများမှာ ဓာတုဗေဒပညာရပ်စာအုပ်မှ စာသား
အချို့ဖြစ်သည်ကို တွေ့ရသဖြင့် စာအုပ်စင်ရှိရာသို့ တစ်ခေါက်
လာကာ 'ဓာတုဗေဒပညာ' ဟူသော စာအုပ်ကို ရှာကြည့်ရာ
စင်ပေါ်မှာ အလွယ်တကူတွေ့ရသဖြင့် ဆွဲယူလိုက်သည်။

စာအုပ်မှာ လက်သုံးလုံးလောက်ထူပြီး အနောင့်တွင်
'ဓာတုဗေဒပညာ' ဟူသောစာကို ရွှေစာလုံးဖြင့် ရိုက်နှိပ်ထား
သည်။

ထက်မင်းကျော်စွာက စာအုပ်ကြီးကိုယူပြီး လှန်ကြည့်
လိုက်သောအခါ အတွင်းမှာ စာရွက်အသားများကို သေသေ
သပ်သပ်ဖောက်ထုတ်ကာ အထဲ၌စာအုပ်ငယ်တစ်အုပ် မြှုပ်ထား
သည်ကို တွေ့ရသည်။

ထက်မင်းကျော်စွာ ယူကြည့်လိုက်တော့ 'ဒိုင်
စီမံကိန်း' နှင့် ပတ်သက်သော အချက်အလက်များကို တွေ့ရ
သဖြင့် ကျေနပ်သွားသည်။ ထိုအထဲတွင် 'ဦးဂွမ်ရှိန်၊ ကံသာယ
မြို့' ဟူသော ထူးထူးခြားခြား မှတ်သားထားသော အမည်
တစ်ခုကို သတိပြုမိသည်။





"ဇင်မာ... ကန်သာယာမြို့ဆိုတာ အဝေးကြီးလား"

"သိပ်မဝေးလှပါဘူး။ တောင်ကြားလမ်း အဝင်အဝ
နားမှာရှိတဲ့ မြို့ပဲ၊ ဒီကနေကားနဲ့သွားရင် ရတယ်"

"အခုလိုပြောပြတာ ကျေးဇူးပါပဲ၊ ဒီမှတ်တမ်းစာအုပ်
ကလေးကိုတော့ ကိုယ်ယူသွားမယ်၊ ဇင်မာတို့လည်း ဒီရက်ထဲ
မှာတော့ နေတာထိုင်တာ အစစအရာရာ သတိလေးနဲ့နေပါ၊
ကိစ္စပြီးလို့ပြန်လာမှ ဇင်မာတို့အတွက် အစီအစဉ်လုပ်ပေးမယ်"

ဟု ပြောကာ နေရာမှထသည်။

ဇင်မာဝေက သူနှင့်အတူ အခန်းထဲမှထွက်လာရင်း
စိတ်ပူစွာဖြင့် ပြောသည်။

"အစ်ကိုလည်း အစစအရာရာ သတိဝီရိယထားပါနော်၊
ဒီနေရာတွေက ကြီးနိုင်ငယ်ညှဉ်းဆဲသဘောမျိုးနဲ့၊ လက်နက်
အားကိုးနဲ့ ဆိုးချင်တိုင်း ဆိုးနေကြတာ၊ တစ်ခုခုဖြစ်လာရင်
ကာယ်မယ့်သူမရှိဘူး"

ဟု စိုးရိမ်စွာ သတိပေးသည်။

"ကိုယ့်အတွက်တော့ စိတ်ချပါ"

ဟု ပြောကာ အပြင်သို့ပြန်ထွက်လာသည်။

ထိုအချိန်မှာ မမျှော်လင့်ဘဲ မိုးကတဖွဲဖွဲ ရွာသွန်းချလာ
သည်။

ပတ်ဝန်းကျင်တစ်ခုလုံး မှုန်မှိုင်းသွားတော့သည်။

သူ ဂျာကင်ကိုစစ်ဆွဲစေ့ပြီး ခပ်သုတ်သုတ်ပြန်ထွက်လာကာ စက်ရုံဝန်းကြီးအနီးရှိ လမ်းအစိုင်း အောက်သို့ပြန်ဆင်းလာသည်။

သည်လို ရာသီဥတုမျိုးတွင် လူသွားလူလာကလည်း ပြတ်လှသောကြောင့် အန္တရာယ်က မိမိဆီသို့ အချိန်မရွေး နေရာမရွေးမှ ရောက်လာနိုင်သောကြောင့် မျက်စိကိုဖွင့်နားကို စွင့်ထားလိုက်သည်။

စက်ရုံဟောင်းကြီးအနီးသို့ ရောက်လာပြီး အုတ်တံတိုင်းနား ရောက်တော့ မိုးကပိုသည်းလာသည်။

မိုးသံကြောင့် အခြားအသံအတော်များများကို မကြားရနိုင်သောအချိန်တွင် မိမိနောက်ဘက်မှ ခပ်အုပ်အုပ်ထွက်လာသော သေနတ်သံလိုလို အသံတစ်သံ ကြားလိုက်ရသဖြင့် အလေ့အကျင့်ရပြီးသော ဒူးနှစ်ဖက်က အလိုလိုညွတ်ကျပြီးသား ဖြစ်သွားသည်။

ကျည်ဆန်တစ်တောင့်က သူ့ခေါင်းပေါ်မှ သီသီလေးကျော်သွားကာ ရှေ့ဘက်မှ အစွန်းထွက်နေသော အုတ်နံရံကိုသွားမှန်လေသည်။

ကျည်ဆန်ကိုတော့ မမြင်ရ။





ထိမှန်သွားသောနေရာမှ အင်္ဂတေအမှုန့်များ ဖွာထွက်သွားသည်ကို ကြည့်ပြီး ကျည်ဆန်ဟု သိလိုက်ခြင်းဖြစ်သည်။

သူ လျှပ်တစ်ပြက်ပင် ချိုင်းအောက်တွင်ထည့်ထားသော လုဂါသေနတ်ကိုဆွဲထုတ်ပြီး နောက်ဘက်သို့ ကိုယ်တစ်ပတ်လှည့်သည်။

စက်ရုံဝင်းထဲသို့ ပြေးဝင်သွားသော လူရိပ်တစ်ခုကို လှမ်းမြင်လိုက်ရသည်။ ထိုနေရာသို့ပြေးသွားကာ အတွင်းသို့ကြည့်သည်။

စက်ရုံဝန်းမှာ အတော်ကျယ်ဝန်းပြီး အလယ်တွင် မြေကွက်လပ်ကြီးသာရှိသဖြင့် ရှင်းနေသည်။ နံရံဘေးမှာ လှေနေတန်းလျား အချို့နှင့် လမ်းဖောက်ရာတွင်အသုံးပြုသော ယန္တရားကြီးအချို့နှင့် အဆောက်အအုံ ဆောက်ရာတွင် အသုံးပြုသော ယန္တရားကြီးအချို့ကို လှမ်းမြင်ရသည်။ လူရိပ်လူခြေတော့ မတွေ့ရပေ။

ထက်မင်းကျော်စွာ သတိဖြင့် အတွင်းသို့ဝင်လိုက်သည်။

သူဝင်လာသော အပေါက်သည် တစ်ပေါက်သာရှိပြီး ထိုနေရာအနီးတွင် တိုက်ဟောင်းများဖြိုသော သံလုံးတပ်စက်ယန္တရားကြီးတစ်စင်းရှိသည်။ အသက်ခြွေမည့်ရန်သူက သည်အထဲမှာ ရှိနေသည်မှာ သေချာသဖြင့် သေနတ်ကို

အဆင်သင့်ဆုပ်ကိုင်ပြီး အထဲသို့ဝင်သွားသည်။ မိုးက သဲသဲမဲမဲ ရွာသွန်းနေရာမှ အနည်းငယ်စဲသွားပြီး တဖွဲဖွဲရွာသွန်းလျက် ရှိသည်။

ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေသည်။

မှန်တိုင်းမကျခင် ငြိမ်သက်ခြင်းမျိုးလည်း ဖြစ်နိုင်ပေသည်။

သူ့သေနတ်ကို အဆင်သင့်ပြင်ပြီး ကွက်လပ်သို့ ဖြတ်လျှောက်သွားသည်။ တန်းလျားဟောင်းတစ်ခုအနီးသို့ ရောက်သွားစဉ် နောက်ဘက်ရှိ စက်ယန္တရားတစ်ခုမှ အင်ဂျင်မြည်သံကို ခပ်တိုးတိုးကြားလိုက်ရသည်။

လှည့်ကြည့်လိုက်တော့ စောစောက သူဝင်လာသော တံခါးပေါက်မှာ ပိတ်သွားပြီး ထိုအနီးတွင် ရပ်ထားသော စက်ယန္တရားကြီးတစ်စင်း အသက်ဝင်လာခြင်းဖြစ်သည်။

အင်ဂျင်မြည်သံမှာ တိတ်ဆိတ်နေသော ပတ်ဝန်းကျင်မှာ ကြောက်မက်ဖွယ်ရာ ပေါ်ထွက်လာသလို ဝန်ချီစက်ကြီး တစ်စင်းမှာ အိပ်နေရာမှနိုးထလာသော သတ္တဝါကြီးတစ်ကောင်လို လှုပ်ရှားလာလေတော့သည်။ ထိုယန္တရားကြီးမှ ထွက်လာသော မီးရောင်မှာ သူရှိရာတည့်တည့်သို့ လှမ်းထိုးလိုက်သဖြင့် သူရှိရာသို့ ဦးတည်လာနေကြောင်း ရိပ်မိလိုက်သည်။ မီးရောင်





ကြောင့် မျက်လုံးများ ပြာသွားသောကြောင့် လက်ကာ၍ကြည့်လိုက်သောအခါ စက်မောင်းသူနေရာတွင် မည်းမည်း သဏ္ဌာန်တစ်ခုကို မြင်လိုက်ရသဖြင့် လက်ထဲမှသေနတ်ဖြင့် ထိုးချိန်လိုက်သော်လည်း ပစ်ခွင့်မသာပေ။

ရှေ့တွင် ဝန်ချီသံလုံးကြီးက ရှေ့မှကာထားသလို ဖြစ်နေသည်။ သူ့အတွက် ထွက်ပေါက်ပိတ်နေပြီ။

လူသတ်သမားက သူ့ကို သတ်ကွင်းထဲ မျှားခေါ်ပြီး အပြီးသုတ်သင်ပစ်ရန် ကြံစည်ထားပုံရသည်။

ထို့ကြောင့် ဝန်ချီစက်ကြီးကိုမောင်းပြီး ရှေ့သို့ တိုးဝင်လာသည်။

အင်ဂျင်စက်သံတဒီးဒီးကို ပိုကြားလာရသလို ရှေ့မှသံလုံးကြီးက တယမ်းယမ်းနှင့် ဝန်ချီစက်ကြီးကလည်း သူရှိရာသို့ တိုးဝင်လာနေပြီ။

နောက်ဘက်သို့ တဖြည်းဖြည်း ဆုတ်ပေးရသည်။

နောက်ဘက်တွင် အဆောက်အအုံအချို့ ခံနေသောကြောင့် ဆုတ်မရတော့ပေ။

ထိုအချိန်မှာပင် ဝန်ချီစက်ရှေ့တွင် တပ်ထားသော သံလုံးကြီးက အသက်ဝင်လှုပ်ရှားလာကာ အနီးသို့ရောက်သောအခါ အပေါ်မှဖိချလိုက်သည်။

ဘေးသို့လိမ့်ရှောင်လိုက်သဖြင့် သီသီကလေး လွတ်သွားရာ စောစောက သူရပ်နေသောနေရာမှာ ချိုင့်ခွက်ကြီး ဖြစ်သွားသည်။

သံလုံးက အလုံးကြီးသော်လည်း လှုပ်ရှားမှုက လျင်မြန်သွက်လက်လှသည်။

လူတစ်ယောက်ကဲ့သို့ လျင်မြန်စွာ လိုက်လံ ရိုက်ပုတ်သည်။ အပေါ်မှဖိချသည်။ တစ်ကြိမ်တွင် ဗိုးခနဲပတ်ရိုက်ရာ အောက်သို့ ဝပ်ရှောင်ပေးလိုက်သဖြင့် နောက်ဘက်မှ အုတ်နံရံကို ရိုက်မိကာ နံရံအချို့ ပြိုကျလာသည်။

သံလုံးကြီးက နောက်တစ်ကြိမ်ရိုက်ရန် ပြန်ဆုတ်သွားစဉ် သူ့အနီးမှ 'ဗိုး'ခနဲ ဖြတ်ကျော်သွားသည်။ ထက်မင်းကျော်စွာက အပျက်အစီးများကိုကျော်ပြီး ဝန်ချီစက်ရှိရာသို့ ပြေးသည်။

သံလုံးကြီးက ရုတ်တရက် ဝဲခနဲထွက်လာပြီး အပေါ်မှ 'ဝုန်း'ခနဲ ဖိချလိုက်သည်။

လွတ်ရုံကလေးလိမ့်ရှောင်ကာ ဘယ်ဘက်ထောင့်သို့ ပြေးသည်။ သံလုံးကြီးက အနောက်ဘက်မှ အသက်ရှိသော သတ္တဝါကြီးတစ်ကောင်ပမာ လိုက်လာပြီး အနီးသို့ရောက်သောအခါ ဗိုးခနဲ ရိုက်ချပြန်သည်။ ငုံ့ရှောင်လိုက်သောကြောင့်





ကျောပေါ်မှ သီသီကလေးလွတ်သွားပြီး နံရံကိုပြေးရိုက်မိရာ အုတ်တေများ ကွာကျလာသည်။

ထိုအသံများကြောင့်ထင်သည် တန်းလျားထဲမှ လူသံအချို့ ကြားရသော်လည်း မိုးရွာနေသောကြောင့် အပြင်သို့ ထွက်မလာကြပေ။

ဝန်ချီစက်ပေါ်မှ လူသတ်သမားကတော့ ထက်မင်းကျော်စွာကို အလွတ်ပေးလိုဟန်မရှိဘဲ သဲကြီးမဲကြီး လိုက်နေသည်။

ထက်မင်းကျော်စွာက သံလုံးနှင့် လွတ်ရာဘက်သို့ ဖြတ်ပြေးရင်း အုတ်ပုံတစ်ခုကို ခလုတ်တိုက်မိပြီး ပစ်လဲကျသွားရာ အုတ်နံရံနှင့် ခေါင်းနှင့်ဆောင့်မိသောကြောင့် မူးပြီး လဲကျသွားသည်။

သတိရ၍ မော့ကြည့်လိုက်သောအခါ သံလုံးကြီးက သူ့အပေါ်သို့ တည့်တည့်ရောက်နေပြီ။

ထက်မင်းကျော်စွာက အားတင်းပြီး ဘေးသို့လိမ့်ရှောင်လိုက်စဉ်မှာ သံလုံးကြီးက အပေါ်မှပြုတ်ကျလာသည်။ ဝုန်းခနဲမြည်သံနှင့်အတူ စောစောက သူလဲကျနေသော နေရာမှ မြေကြီးများ ချိုင့်ဝင်သွားသည်။

ယခုအထိတော့ အသက်အန္တရာယ်မှ လွတ်မြောက်နေဆဲပင်။

သို့သော် အချိန်အကြာကြီးအထိတော့ သူကံကောင်းမည်မဟုတ်ပေ။

ထက်မင်းကျော်စွာသည် အပျက်အစီးများ ဘေးမှာ အသာ ငြိမ်နေလိုက်သည်။

သံလုံးကြီးက အပေါ်ပြန်မ,တင်သွားသည်။

နောက်တစ်ကြိမ် ဘေးသို့အနည်းငယ်ရွေ့ပြီး ဖိချလိုက်လျှင်တော့ သူလွတ်နိုင်တော့မည် မထင်တော့ပေ။

သို့သော် ဝန်ချီစက်မောင်းသမားက သူ့လှုပ်ရှားမှု မတွေ့ရသဖြင့် စက်ခန်းတံခါးကိုဖွင့်ပြီး အောက်သို့ဆင်းလာသည်။

စက်သတ်မထားခဲ့သောကြောင့် 'တဒီးဒီး' မြည်သံကို ကြားနေရသည်။

သေနတ်ဖြင့်ပစ်ရန်ဖြစ်သော်လည်း စောစောကလဲကျသွားစဉ်က သေနတ်တခြား လူတခြားဖြစ်သွားသောကြောင့် သေနတ်မှာ ဘယ်နေရာရှာရမည် မသိတော့ပေ။

ထို့ကြောင့် အနီးရှိသစ်သားပိုင်းတစ်ချောင်းကို ဆွဲယူပြီး ဆင်းလာသောခြေထောက်ကို ဖြတ်ရိုက်ချသည်။





"အား…"ခနဲ အော်ကာ မြေပေါ်သို့လဲကျလာစဉ် ထက်မင်းကျော်စွာက လက်ထဲမှာ သေနတ်ပါလာသည် ...င်သောကြောင့် အပေါ်မှ ခုန်အုပ်လိုက်သည်။

ထိုသူကလည်း အညံ့မခံဘဲ ပြန်လည်သတ်ပုတ်ရင်းနှင့် ...လုံးကြီးအောက်သို့ ရောက်သွားလေတော့သည်။

သံလုံးကြီးမှာ စက်ခလုတ် ပိတ်မထားသောကြောင့် ...ပေါ်မှ တအိအိ လျှောကျလာနေသည်။

ထက်မင်းကျော်စွာက သံလုံးအောက်မှ လိမ့်ထွက်လိုက် ...ည့် ရန်သူက သူ့မျက်နှာကို လက်သီးဖြင့်ထိုးသည်။

လဲကျသွားသောအခါမှာ အပေါ်မှခွစီးပြီး လည်ပင်းကို ...က်နှစ်ဖက်ဖြင့်ညှစ်သည်။ ဗလကောင်းသူဖြစ်သောကြောင့် ...စ်ထားသောလက်များက ပြွတ်တူတစ်ချောင်းလို သန်မာလှ ...သည်။

ချက်ချင်း အသက်ရှုကျပ်လာသည်။

ရန်သူကို အမြန်ရှင်းနိုင်မှဖြစ်မည်။ မဟုတ်ပါက အပေါ်မှ ...လုံးကြီးအောက်ရောက်ကာ အသက်ပျောက်ရပေတော့မည်။

ထက်မင်းကျော်စွာက လက်နှစ်ဖက်ကိုပူးပြီး ရန်သူ၏ ...ကို ဆောင့်ထိုးလိုက်ရာ 'အင့်'ခနဲ ညည်းညူပြီး လည်ပင်းမှ ...စ်ထားသောလက်များ လျော့သွားသည်။ တစ်ဆက်တည်း

ပေါင်ကြားသို့ ဒူးသွင်းကာ ဆောင့်တိုက်လိုက်သောအခါ မျက်လုံးပြူးကာ နောက်သို့လန်ကျသွားသည်။ ထိုသူလဲကျသွား သောနေရာမှာ သံလုံးကြီးကျလာသောနေရာသို့ ရောက်သွား သဖြင့် အပေါ်မှကျလာသော သံလုံးကြီးက ထိုသူ့ကိုယ်ပေါ်သို့ ဖိချလိုက်သည်။

အရိုးကျိုးကြေသံများ...

အော်ဟစ်ညည်းညူသံများ ပေါ်ထွက်လာပြီး မြေကြီး ထဲသို့ မြုပ်ဝင်သွားလေတော့သည်။

ပွဲက ပြီးသွားပေပြီ...။

ထက်မင်းကျော်စွာက အပျက်အစီးများကြားမှ ဒယိမ်း ဒယိုင် ထရပ်လာကာ သေနတ်ကိုရှာသည်။ စောစောက သူလဲကျသွားသောနေရာရှိ အုတ်ကျိုးအုတ်ပျက်များကြားမှာ သူ့သေနတ်ကိုတွေ့သဖြင့် ကောက်ယူကာ လှမ်းကြည့်လိုက် တော့ အဆောက်အအုံများထဲမှ လူအချို့ မိုးရေထဲဆင်းလာ သည်ကို မြင်သောကြောင့် ဝန်ချီစက်ပေါ်သို့တက်ပြီး ထိုမှ တစ်ဆင့် အုတ်တံတိုင်းပေါ်သို့တက်ကာ အပြင်ဘက်သို့ ခုန်ဆင်းလိုက်သည်။

အတွင်းမှာတော့ အလုပ်သမားများ အော်ဟစ်ပြောဆို သံများ...။





ဝန်ချီစက်မောင်းသံများကို ကြားနေရသည်။

ထက်မင်းကျော်စွာသည် ထိုနေရာမှကျောခိုင်းကာ တည်းခို ခန်းရှိရာသို့ ပြန်လာခဲ့သည်။ မင်းမခမြို့ကလေးမှာ မြို့သေးသော် လည်း သူ့အတွက် အန္တရာယ်မသေးလှကြောင်း ခံတ်ဆက်သည့် အနေနှင့် ပြသလိုက်ခြင်းပင် ဖြစ်တန် ကောင်း၏။

# အခန်း [ ၇ ]

## အသက်ခြွေသော ကာဇလက်သည်း

မနေ့က အသက်လုပွဲတစ်ခုကြောင့် အတော်ပင်ပန်းသွားသဖြင့် နောက်တစ်နေ့ အတော်နေမြင့်မှ အိပ်ရာမှ နိုးလာသည်။

အိပ်ရာမှနိုးနိုးချင်း မထသေးဘဲ မနေ့ကဖြစ်ခဲ့ ကြုံခဲ့သော အကြောင်းများကို ပြန်စဉ်းစားကြည့်နေစဉ် နားထဲမှာ ထူးခြားသော ဗုံသံတစ်သံကို ကြားမိသည်။ ထိုဗုံသံကြားသော နေရာမှာ ပုလဲဂေဟာနှင့် သိပ်မဝေးလှသောကြောင့် အတိုင်းသား ကြားနေရသည်။

ထိုဖုံသံမှာ ကပွဲအတွက်တီးသော ဖုံသံမဟုတ်ဘဲ မျက်လှည့်ပွဲ၊ ဒါမှမဟုတ် ပြပွဲတစ်ခုအတွက် တီးနေသောဖုံသံ ဖြစ်ကြောင်း သိလိုက်သောကြောင့် စိတ်ထဲမှာ တစ်စုံတစ်ရာ တွေးလိုက်မိသည်။

ထို့ကြောင့် အိပ်ရာမှထ၍ ရေမိုးချိုး ကိုယ်လက်သန့်စင်ကာ အဝတ်အစားလဲသည်။ ဘောင်းဘီရှည်နှင့် ဂျာကင်ကိုဝတ်ပြီးနောက် ချိုင်းအောက်မှအိတ်ထဲတွင် သူ၏ လက်စွဲတော် လူဂါသေနတ်ကို ကျည်ဖြည့်၍ အသေအချာ ထည့်သည်။

လက်မောင်းနှစ်ဖက်တွင် ပေါက်စားငယ်လေးချောင်းစီကို ပတ်ချည်ပြီးမှ အပေါ်မှ ဂျာကင်အင်္ကျီ ထပ်ဝတ်လိုက်သည်။

ရန်သူများက မိမိကို ခြေရာခံမိပြီ ဖြစ်သောကြောင့် သူ့အနေနှင့် သတိလက်လွတ်နေ၍ မရတော့ပေ။

လက်နက်များကိုလည်း ကိုယ်နှင့်မကွာ အမြဲဆောင်ထားရသော အခြေအနေဖြစ်သည်။

တည်းခိုခန်းအောက်ထပ်မှာပင် ကော်ဖီနှင့် ကြက်ဥကြော် တစ်ပွဲစားလိုက်ပြီး အပြင်သို့ထွက်လာခဲ့သည်။

ရန်သူများက သူ့ကို ယခုလိုစောစောစီးစီး ခြေရာခံမိသွားခြင်းအတွက်တော့ အံ့ဩနေမိသည်။





သို့စေကာမူ သိပ်ပြီးအံ့ဩစရာတော့ မဟုတ်ပါပေ။

မိမိတို့လို ဥပဒေဘက်မှလူများနှင့် ဒုစရိုက်သမားများ ဆိုတာ ဘတစ်ပြန် ကျားတစ်ပြန်ဆိုသလို လျင်သူစားတမ်းပေမို့ ...းတဲ့လူက ခံရမြဲဖြစ်သည်။ တစ်ချက်ကလေး သတိလစ်တာ ...နှင့် အသက်ပေးလိုက်ရသည်။

ယခုအခါ မြန်မာနိုင်ငံကို နယ်ချဲ့အင်္ဂလိပ်များက ...ျူးကျော် နယ်ချဲ့သိမ်းပိုက်ထားသော အချိန်ဖြစ်သည်။

အင်္ဂလိပ်များက မြန်မာနိုင်ငံအပါအဝင် အခြားနိုင်ငံ ...များအပြားကို စစ်အင်အား လူအင်အားဖြင့် မတရားသိမ်းပိုက် ...သော ရည်ရွယ်ချက်မှာ ထိုနိုင်ငံများအတွက် တိုးတက် ...ကောင်းမွန်အောင် လုပ်ဖို့ရည်ရွယ်ချက်လုံးဝမရှိဘဲ ထိုနိုင်ငံမှ ...ထွက်သော အဖိုးတန် သယံဇာတပစ္စည်းများကို မတရားယူရန် ...အတွက်သာ ဖြစ်သည်။

ထို့ကြောင့် အုပ်ချုပ်ရေး၊ စီမံရေးအပိုင်းများမှာ ထိထိ ...ရောက်ရောက် မလုပ်နိုင်ကြပေ။

ထိုအခွင့်အရေးကို အသုံးချကာ တောကြောင်များက ...ကြွသောင်းကျန်းလျက်ရှိကြသည်။

တောမီးလောင် တောကြောင် လက်ပန်းပေါင်းခတ် ...ဆိုသော စကားအတိုင်း နေရာဒေသအသီးသီးတွင် ဆိုးသွမ်း

သောင်းကျန်းလျက်ရှိကြရာ သူ့ငါမယုံ၊ ငါ့သူမယုံရသော အခြေအနေမျိုးလည်း ဖြစ်နေသည်။

ဗုံသံကြားနေရသောနေရာမှာ ပုလဲဂေဟာ တည်းခိုခန်းနှင့် မဝေးလှသောကြောင့် အေးအေးဆေးဆေး လမ်းလျှောက်လာသည်။

ဈေးဘက်သွားသော လမ်းဘေးတစ်နေရာမှာ လူအများဝိုင်းအုံကြည့်ရှုနေသောကြောင့် အနီးသို့သွားကြည့်သောအခါ မြွေအလမ္ပာယ်ပြပွဲတစ်ခု ဖြစ်သည်။

စည်းဝိုင်းထဲမှာ လူရွယ်တစ်ယောက်က ဗုံတစ်လုံးကို စည်းချက်ဝါးချက်ကျစွာ တီးနေပြီး အသက်ငါးဆယ်ကျော်အရွယ်ခန့်ရှိ အဘိုးကြီးတစ်ဦးက ပုလွေကို ခွဲခွဲငင်ငင်မှုတ်နေသည်။

အဘိုးကြီးမှာ ရှမ်းဘောင်းဘီအနက်၊ အကျီအနက်တို့ကို ဝတ်ဆင်ထားပြီး ခေါင်းပေါင်းမှာလည်း အနက်ရောင်ဖြစ်သည်။

ထိုအဘိုးကြီးကိုမြင်တော့ သူ မအံ့သြတော့ပေ။

၎င်းမှာ အခြားမဟုတ်ပေ...။

တနင်္သာရီတွင် နွယ်ရှင်များရောင်းသော အဘိုးကြီးပင်ဖြစ်သည်။





နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးများနှင့် ထိုလူကြီးက သူ့အုပ်ထဲမှ ထက်မင်းကျော်စွာကို တွေ့သွားသည်။

သို့သော် ဘာမှမထူးခြားဟန်ဖြင့် သူ့အလုပ်ကို သူဆက်လုပ်နေသည်။

အဘိုးကြီး၏ရှေ့တွင် အလွန်ကြီးသော မြွေဟောက်ကြီးတစ်ကောင်ရှိပြီး အဘိုးကြီး ပုလွေမှုတ်သည့်ဟန်အတိုင်း ပါးပျဉ်းခွက်ထားသော ဦးခေါင်းကို ဘယ်ညာယိမ်းကလျက်ရှိသည်။

ကြည့်ရှုနေသူများကတော့ မြွေဆိုးတစ်ကောင်ကို ပုလွေတစ်ချောင်းဖြင့် လိုသလိုယိမ်းကစေအောင် လုပ်နိုင်သဖြင့် တော်ပါပေတယ်ဟု ဝိုင်းဝန်းချီးကျူးကြသည်။

ထို့အတူ အဘိုးကြီးက ၎င်း၏ဒူးတစ်ဖက်ကို ထောင်ပြီး ဘယ်ညာယိမ်းပြသောအခါမှာလည်း မြွေဟောက်က သူလှုပ်ရှားပြသည့်အတိုင်း လိုက်လံလှုပ်ရှားနေသည်။

မြွေအလမ္ပာယ်ပြသသောပညာမှာ အိန္ဒိယမှဆင်းသက်ကာ မြန်မာပြည်သို့ ရောက်ရှိလာခြင်းဖြစ်သည်။ အိန္ဒိယနိုင်ငံတွင် မြွေအလမ္ပာယ် သင်တန်းကျောင်းများပင် ဖွင့်လှစ်ထားပြီး အသက် မွေးဝမ်းကျောင်း ပညာရပ်အနေနှင့် သင်ကြားကြသည်။

မြွေအမျိုးပေါင်း များစွာရှိသည့်အနက် မြွေအလမ္ပာယ် ပြသရန်အကောင်းဆုံးမှာ မြွေဟောက်ပင်ဖြစ်သည်။ မြွေဟောက် လောကမှာ ဆယ်မျိုးရှိကာ ခုနစ်မျိုးက အာဖရိကတိုက်မှာ ရှိကြသည်။

ဖိလစ်ပိုင်ကျွန်းစုများမှာတော့ မြွေဟောက်ကဲ့သို့ ဆန်းပြား သော မြွေတစ်မျိုးရှိသည်။ မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံမှာတော့ ရိုးရိုးပါးပျဉ်းပါသော မြွေဟောက်နှင့် ငန်းပုတ်ခေါ်သော တောကြီးမြွေဟောက် နှစ်မျိုးသာရှိပေသည်။

'မြွေဟောက်နှစ်ကောင် ပါးပျဉ်းထောင်' ဟူသော ဆိုစကားအတိုင်း အခြားမြွေများနှင့်မတူဘဲ ပါးပျဉ်းအလွန်လှ သောကြောင့် မြွေအလမ္ပာယ်ဆရာများက မြွေအလမ္ပာယ် ပြသရန်အတွက် ကြိုက်နှစ်သက်သော မြွေအမျိုးအစား ဖြစ်သည်။

မြွေဟောက်ကို မြွေအလမ္ပာယ်ပြသရာတွင် လှပသည် ဆိုသော်ငြားလည်း လွန်စွာအဆိပ်ပြင်းသော မြွေအမျိုးအစား ဖြစ်သည်။

ပါးပျဉ်းကိုကြည့်ခြင်းဖြင့် မြွေဟောက်မှန်း ချက်ချင်း သိနိုင်သည်။ မြွေဟောက်၏ လည်ပင်းကြွက်သားများမှာ သန်စွမ်းလှသည်။ နံရိုးလည်းကြီးသောကြောင့် လည်ပင်းမှ





ကြွက်သားများကို တင်းပေးလိုက်သောအခါ ပါးပျဉ်းထောင် သလို ကြွတက်လာခြင်း ဖြစ်၏။ အခြားမြွေများမှာလည်း မြွေဟောက်ကဲ့သို့ ပါးပျဉ်းပါသည်ဟု ထင်ရသည်သော်လည်း မြွေဟောက်ကဲ့သို့ ကြီးမားလှပခြင်းမရှိပေ။

မြွေဟောက်မှာ အဆိပ်ပြင်းသည် ဆိုသော်လည်း ကြမ်းတမ်းသောသတ္တဝါမျိုးတော့ မဟုတ်ပေ။ အများအားဖြင့် တော့ သူ့ဘာသာ ခွေနေတတ်ပြီး လူနှင့်တွေ့လျှင် လွတ်ရာသို့ ရှောင်ပြေးသွားလေ့ရှိသည်။

သို့ရာတွင် သူ့ကို အနီးကပ်ရန်ပြု နှောင့်ယှက်လျှင်တော့ ပါးပျဉ်းထောင်ကာ ရှေ့တိုးနောက်ဆုတ်လှုပ်ရှားလျက် ပြန်ပေါက် ရန် ဟန်ပြင်လေ့ရှိသည်။ ထိုအခါ နှာမှုတ်သံတဖြီးဖြီးလည်း မြည်လာတတ်၏။

သူ့ကို ဆက်မနှောင့်ယှက်လျှင်တော့ ပါးပျဉ်းပြန်ကျကာ အလိုလို ပြန်ရှုံ့ငြိမ်သက်သွားလေ့ရှိသည်။

မြွေဟောက်မျိုးတွင် အကြီးထက် အသေးက ပိုရှိကိုက်ခဲ တတ်ကာ ပိုရှိလည်း ကြောက်စရာကောင်းသည်။ မြွေဟု ဆိုသည်နှင့် အကောင်ကြီးရော၊ အသေးပါ အဆိပ်တက်တာချင်း အတူတူဖြစ်သောကြောင့် အန္တရာယ်ရှိပေသည်။

သို့သော် မြွေအလမ္မာယ်ပြသူများကတော့ အကောင်သေးထက် ပါးပျဉ်းလှသော အကောင်ကြီးများကို ပို၍သဘောကျလေသည်။

မြွေဟောက်၏ ပေါက်တော့မည်ဟု ဟန်ပြင်ထားပုံမှာ အခြားမြွေများနှင့်မတူဘဲ မာန်ပါလှသောကြောင့် ကြောက်စရာကောင်းလှပေသည်။ ပါးပျဉ်းထောင်ထားပြီး ကိုယ်လုံးအလျား သုံးပုံတစ်ပုံခန့်မျှ မြေကြီးပေါ်မှ ကြွတက်နေလေ့ ရှိသည်။ ပါးပျဉ်းခွက်ထားသောအခါ ပါးပျဉ်းပေါ်တွင်ရှိသော အမှတ်အသားများက လှပစွာပေါ်နေတတ်သည်။

ဇင်းကိုက်သောအခါမှာလည်း လေအဟုန်ကဲ့သို့ လျင်မြန်လှပေသည်။ မြွေစွယ်ရာသို့ အဆိပ်အနည်းငယ် ဝင်ရုံမျှဖြင့် ချက်ချင်းသေစေနိုင်သည်။

အချို့မြွေဟောက်များက အဆိပ်ရည်ဖြင့် အဝေးမှ လှမ်းပက်နိုင်ကြသည်။ မြွေအလမ္မာယ်ပြသော ပြကွက်အနေနှင့်…

မြွေ၌ အသံကိုကြားနိုင်သော နား(သောတ) မရှိရုံမက နားရွက်လည်းမပါပေ။ မြေကြီး၏ တုန်ခါမှုကြောင့်ဖြင့်သာ အသံကိုကြားနိုင်သည်။ လေထဲရှိ အသံလှိုင်းကို မကြားနိုင်ပါချေ။





ထို့ကြောင့် မြွေအနီးတွင် သေနတ်နှင့်ပစ်၍ သေနတ်သံပေါ်ထွက်လာသော်လည်း မြွေက မကြားရသောကြောင့် ကြောက်လန့်ခြင်း လုံးဝမဖြစ်ပေ။

သို့ဖြင့် မြွေအလမ္မာယ်ဆရာ မှုတ်သောပုလွေသံကို ကြားသဖြင့် လိုက်ကနေခြင်းမှာ ဘာကြောင့်လဲဟု မေးစရာရှိပါသည်။

မြွေက မြွေအလမ္မာယ်ဆရာ လှုပ်ရှားလိုက်တိုင်း ဘယ်ယိမ်း ညာယိမ်း လိုက်လုပ်နေခြင်းမှာ ပုလွေသံကြောင့်မဟုတ်ပေ။ မြွေဆရာ၏ လက်နှင့် ဟန်အမူအရာ လှုပ်ရှားမှုကို မြင်သဖြင့် ရန်သူဖြစ်ပါက တိုက်ခိုက်ရန် အသင့်ပြင်ထားခြင်းဖြစ်၏။

ပုလွေနေရာမှာ အခြားတုတ်တစ်ချောင်းနှင့် ပြလျှင်လည်း လှုပ်ရှားသည့်အတိုင်း လိုက်၍လှုပ်ရှားမည်ဖြစ်သည်။

သက်သေပြရသော် မြွေဟောက် မျက်စိမမြင်အောင် လာစတာဖြင့်ကပ်ထားပါက ပုလွေကို မှုတ်ချင်တိုင်းမှုတ်နေစေကာမူ မြွေဟောက်က ဦးခေါင်းထောင်လာမည်မဟုတ်ပေ။

မြွေဟောက်ဦးခေါင်းနားတွင် သံပုံးတီးပေးလျှင်လည်း မြွေက မမြင်ရ မကြားရသောကြောင့် ငြိမ်သက်နေမည်ဖြစ်၏။

ပုလွေအစား ခရာမှုတ်လျှင်လည်း ထူးခြားမှုရှိမည် မဟုတ်ပေ။

သို့ရာတွင် လူလမ်းလျှောက်သံလို မြေကြီးမှတစ်ဆင့် တုန်ခါမှုရှိလာသောအခါ မြွေသည် မျက်စိပိတ်ထားသော်လည်း ခေါင်းထောင်ထ,လာမည်ဖြစ်သည်။

မြွေသည် လေထဲကလာသော အသံလှိုင်းများကို လုံးဝမကြား။ မြေကြီးမှလာသော တုန်ခါမှုကိုသာ သိခြင်းဖြစ်၏။ မြွေဟောက် ပါးပျဉ်းထောင်၍ လှုပ်ရှားနေခြင်းမှာ ပလွေသံကြောင့် မဟုတ်ဘဲ ပလွေမှုတ်သူ၏ လှုပ်ရှားနေသောလက်များကို မြင်သဖြင့် ရန်သူဖြစ်ပါက ချက်ချင်းပြန်လည်တုံ့ပြန်နိုင်ရန် အဆင်သင့်ပြင်ထားခြင်း ဖြစ်သည်။ မြွေ၏ ကိုယ်ခန္ဓာကို အလယ်မှကိုင်၍ ငြိမ်နေတတ်သော်လည်း မျက်စိရှေ့မှ လှုပ်ရှားမှုမြင်လျှင်တော့ ချက်ချင်းဦးခေါင်းထောင်ကာ ပါးပျဉ်းခွက်လာမည်ဖြစ်၏။

ယခု စည်းဝိုင်းထဲတွင် အဘိုးကြီးက ပလွေမှုတ်ရင်း လက်ချောင်းကလေးများလှုပ်တိုင်း ဒူးထောင်၍ လှုပ်ပြတိုင်း ပါးပျဉ်းခွက်၍ လိုက်လံ လှုပ်ရှားနေခြင်းမှာ ရန်သူဆိုလျှင် ချက်ချင်း ပြန်လည်တိုက်ခိုက်နိုင်ရန် အဆင်သင့်ပြင်ထားရာ ပလွေမှုတ်သည့် သံစဉ်ကြောင့် ကပြနေခြင်းမဟုတ်သည်ကို





သိထားသော ထက်မင်းကျော်စွာက သဘောကျစွာ ပြုံးနေလိုက်မိသည်။

ထိုနည်းမှာ နွယ်ရှင်များသည် ရေနှင့်ထိရုံနှင့် အသက်ဝင်လာခြင်းကို လူအထင်ကြီးအောင် ဆေးရည်နှင့်ဖျန်းမှ အသက်ဝင်သည်ဟုပြောပြီး လူအများရှေ့တွင် ခပ်တည်တည်နှင့် မန်းမှုတ် ရွတ်ဆိုကာ အရောင်ဆိုးထားသော ရေပုလင်းများနှင့်တွဲကာ ရောင်းချသော နည်းအတိုင်းပင်ဖြစ်ပေသည်။

ပြပွဲပြီးသောအခါ ထုံးစံအတိုင်း မြွေစာအတွက် သဒ္ဓါရှိသရွေ့ ပေးခဲ့ကြပါဟုပြောသဖြင့် ငွေအကြွေစေ့များ၊ အချို့က ဘစ်ကျပ်တန်များပင် ချပေးကာ အသီးသီးထွက်သွားကြရာ စည်းဝိုင်းနားတွင် ထက်မင်းကျော်စွာသာ ကျန်ခဲ့တော့သည်။

အဘိုးကြီးက ထက်မင်းကျော်စွာကို မြင်သော်လည်း ဂရုမစိုက်ဘဲ မြွေကို သေတ္တာပုံးထဲပြန်ထည့်ခြင်း၊ အစာကျွေးခြင်း၊ အခြားပစ္စည်းများကို သိမ်းပြီးသောအခါ တပည့်ကလေးများကို ပစ္စည်းများယူသွားရန် မှာကြားခဲ့ပြီး ငွေအနည်းငယ်ပေးခဲ့ကာ ထိုနေရာမှ ထွက်လာခဲ့လေသည်။

လမ်းရောက်သောအခါ အဘိုးကြီးက...

"ဒီတစ်ခါရော မင်း ငါ့ကို ဘာပြောဦးမှာလဲ"

ဟု မေးလိုက်သည်။

"မြွေပြတာပဲအဘရာ... ပလွေမှုတ်တော့ အာညောင်းတာပေါ့၊ တုတ်တစ်ချောင်းနဲ့လှုပ်ပြရင်လည်း မြွေက အဘပြတဲ့အတိုင်း လိုက်လှုပ်မှာပါပဲ"

ဟု ပြောလိုက်သောအခါ ရယ်နေသည်။

"မင်းက လူတွေအိတ်ထဲက ပိုက်ဆံကို ကိုယ့်အိတ်ထဲကို ရောက်လာဖို့ဆိုတာ လွယ်လွယ်လေးထင်နေသလား၊ အဲဒီလိုရဖို့ နည်းလမ်းတွေ သုံးရတာတွေရှိတယ်၊

တစ်အချက်က ကိုယ့်ကို အထင်ကြီးဖို့လိုတယ်...

နှစ်အချက်က ကိုယ်ပြောတာကို ယုံကြည်ဖို့လိုတယ်...

သုံးအချက်က လောဘစိတ်နဲ့ သောကစိတ်ကို နိုးလာအောင် လုပ်ပေးတတ်ဖို့ လိုတယ်၊ ဒါမှ သူ့အိတ်ထောင်ထဲက ငွေက ကိုယ့်အိတ်ထောင်ထဲ ရောက်လာမှာပေါ့ ကောင်လေးရ"

"ရှေ့နှစ်ချက်ကတော့ ထားပါတော့၊ နောက်ကတစ်ချက်ကိုလည်း တစ်ဆိတ်လောက် ရှင်းပြပေးပါဦး"

"လောကမှာ လူတိုင်းမှာ လောဘရှိတယ်၊ နည်းတာနဲ့ များတာပဲကွာမယ်၊ လောဘကြီးလေ လိမ်လို့ကောင်းလေပဲ...

ဒါကြောင့် သူ့ရဲ့လောဘစိတ်ကို နှိုးတာကျွမ်းကျင်လေ လိမ်ဖို့အခွင့်အရေး ပိုရလေပဲ"





"အင်း...ဟုတ်ပြီ နောက်တစ်ချက်ကရော ဘယ်လိုလဲ"

"နောက်တစ်ချက်ကလည်း ဒီလိုပါပဲ၊ လူတိုင်း လူတိုင်းမှာ သောကကိုယ်စီ ရှိကြတယ်၊ ချမ်းသာတဲ့လူမှာလည်း သောက ရှိသလို ဆင်းရဲတဲ့လူတွေမှာလည်း သောကဆိုတာ ရှိကြတယ်...

တချို့က လူမှုရေးကြောင့်၊ တချို့က ငွေကြေးကြောင့်... တချို့က သားရေးသမီးရေးကိစ္စကြောင့်၊ တချို့က ရောဂါကြောင့်ပေါ့ကွာ၊ လူလိမ်တွေက လူတစ်ယောက်ရဲ့ အားနည်းချက်ကိုသိရင် အဲဒါကို အမိအရဆုပ်ကိုင်ပြီး လိမ်တာပဲ...

ဒါကြောင့် ဘိုးတော်အတု၊ ဆေးဆရာအတု၊ နတ်ဆရာအတု၊ ဗေဒင်ဆရာအတုတွေ ပေါ်လာတာပေါ့ကွ"

ဟု ရှင်းပြသည်။

"အင်း... ဟုတ်ပေသားပဲ..."

"ဟုတ်ရမယ်လေ... ရောဂါဖြစ်နေတဲ့လူက သူ့ရောဂါပျောက်ဖို့အတွက် နည်းလမ်းအမျိုးမျိုး ရှာနေတဲ့အချိန်မှာ တစ်ယောက်ယောက်က သူ့ရောဂါကို ပျောက်အောင် ကုပေးမယ်ဆိုရင် ကျန်တာတွေ ဘာမှမစဉ်းစားတော့ဘဲ ယုံလိုက်တာပဲ၊ အနည်းဆုံးကွာ ဆေးနည်းတိုတစ်ခု ပေးရင်တောင် စားတာပဲ မဟုတ်လား"

"ဟုတ်တယ်..."

"စီးပွားရေးအဆင်မပြေတဲ့ လူတစ်ယောက်ကို အခြား တစ်ယောက်က နေ့ချင်းညချင်းကြီးပွားအောင် လုပ်ပေးမယ် ဆိုရင် ယုံတာပဲမဟုတ်လား။ ဒါကြောင့် လူလိမ်နဲ့တွေ့ရင် မြွေပူရာ ကင်းမှောင့်ဆိုသလို ထပ်ပြီး အလိမ်ခံရပြန်တာ မဟုတ်လား"

"ဟုတ်တယ်..."

"ဒါကြောင့် လူတွေမှာ လောဘဆိုတာ ရှိနေသရွေ့ လူလိမ်တွေအတွက်လည်း အခွင့်အရေးရနေတာပေါ့ကွာ၊ ကဲ... ဒါတွေကထားတော့... မင်း ငါ့ဆီလာတာ ဘာအတွက်လဲ ဒီတစ်ခါတွေ့တာတော့ မမျှော်လင့်ဘဲ တွေ့ကြတာတော့ ဟုတ်မယ်မထင်ဘူး..."

"မဟုတ်ပါဘူး။ အဘနဲ့ တမင်တွေ့ရအောင်လာတာပါ"

"မင်းကြည့်ရတာ ဒီမြို့ရောက်တာတောင် မကြာသေးဘူး သွေးပူလေ့ကျင့်ခန်းတွေ ဘာတွေ လုပ်ရပြီထင်တယ်"

"နည်းနည်းပါးပါးပါ၊ နောင်ကို ဒီထက်လုပ်ရမှာတွေ ရှိသေးတယ်၊ အခု အဘကိုလာခေါ်တာ၊ ကန်သာယာကို ခဏသွားမလို့၊ အဘလိုက်ခဲ့မှဖြစ်မယ်"

"လိုက်တာပေါ့၊ ဘယ်တော့သွားကြမလဲ"





"အခုပဲ... ဂျစ်ကားတစ်စီးလောက်ငှားပြီး သွားကြ ဘာပေါ့"

ဟု ပြောကာ သူ့ကို အဆက်အသွယ်ပြုထားသော ကားသမား ကျော်သီဟတို့ထံမှ ဂျစ်ကားတစ်စီးငှားကာ ကန်သာယာဘက်သို့ တက်ခဲ့သည်။ ကန်သာယာဆိုသော နေရာမှာ မြို့ဟူ၍သာ ခေါ်နေကြသော်လည်း တကယ်တော့ နယ်ခြားဘက် အဝင် အထွက်ပြုလုပ်ရာ စခန်းထောက်နေရာ တစ်ခုသာ ဖြစ်သည်။

မင်းမခမြို့နှင့် ကန်သာယာမှာ သိပ်မဝေးလှသောကြောင့် တစ်နာရီကျော်ကျော်ခန့်သာ မောင်းရသည်။

မြို့ကလေးမှာ ကျဉ်းလှသောကြောင့် ဦးဝွမ်ရှိန်၏အမည် ကို မေးလိုက်ရုံနှင့် အလွယ်တကူ လမ်းညွှန်ပြပေးကြသည်။

ဦးဝွမ်ရှိန်နေသောနေရာမှာ 'အများတောင်ကြား' ဘက် ထွက်သော လမ်းမပေါ်မှာ သီးသန့်ခြံနှင့် နေခြင်းဖြစ်သည်။

ခြံတံခါးမှာ ချက်ချထားခြင်းမရှိသောကြောင့် ခြံဝတွင် ကားရပ်ခဲ့ကာ နှစ်ယောက်သား ခြံဝန်းထဲသို့ဝင်လာခဲ့သည်။ ကားရပ်သံ ကြားသည့်တိုင် ခြံထဲမှာ တစ်စုံတစ်ယောက်၏ လှုပ်ရှားမှုမတွေ့ရသဖြင့် အံ့ဩနေကြသည်။ တံခါးဝ ရောက် သောအခါ တံခါးခေါက်လိုက်သည်။

"ဒေါက်...ဒေါက်...ဒေါက်"

အတွင်းမှ လှုပ်ရှားသံ မကြားရပေ။

"ဒေါက်...ဒေါက်...ဒေါက်"

ထပ်မံခေါက်ကြည့်သော်လည်း တိတ်ဆိတ်မြဲ တိတ်ဆိတ်နေသဖြင့် မထူးတော့ပြီမို့ တံခါးကိုတွန်းကြည့်လိုက်ရာ အလွယ်တကူပင် ပွင့်သွားသည်။

တံခါးပွင့်သွားသည်နှင့် အခန်းထဲမှ အဖြူရောင်ကဲ့သို့ မီးခိုးငွေ့များ ထွက်လာသည်။ အနံ့မှာ မီးခိုးငွေ့နှင့်မတူဘဲ ညှီစို့စို့ မွှန်တွန်တွန် အနံ့မျိုးဖြစ်သည်။

"ကောင်လေး... အထဲမဝင်နဲ့ သတိထား"

ဟု အဘိုးကြီးက နောက်မှသတိပေးလိုက်သောကြောင့် အတွင်းသို့ဝင်ရန် ဟန်ပြင်နေသော ထက်မင်းကျော်စွာ၏ ခြေလှမ်းများ နောက်သို့ပြန်ဆုတ်သွားသည်။

"ဘာဖြစ်လို့လဲအဘ"

"အဲဒါ ရိုးရိုးမီးခိုးငွေ့တွေ မဟုတ်ဘူး၊ သေမင်းရဲ့အဆိပ်ငွေ့တွေပဲ၊ တကယ်လို့သာ မင်းတွေ့ချင်တဲ့လူသာ အတွင်းမှာရှိရိုးမှန်ရင်တော့ အခုလောက်ဆိုရင် အသက်မရှိနိုင်တော့ဘူး"

"ဟင်... ဒါဖြင့် ဘယ်လိုလုပ်မလဲ အဘ..."





"မင်းနှာခေါင်းကို အဝတ်စတစ်ခုနဲ့ လုံအောင်စည်းပြီး အထဲကိုဝင်၊ အထဲရောက်ရင် အခန်းတံခါးတွေကို လိုက်ဖွင့်ပစ်လိုက်၊ မီးခိုးငွေ့တွေ အပြင်ထွက်သွားပြီး တစ်အောင့်လောက်ကြာရင် ဝင်လို့ရမှာပါ"

ဟုဆိုသဖြင့် ထက်မင်းကျော်စွာက ပဝါဖြင့် နှာခေါင်းနှင့်ခါးစပ်ကိုပိတ်စည်းပြီး အခန်းထဲဝင်သွားသည်။ တံခါးများအလုံပိတ်ထားသောကြောင့် အခန်းထဲမှာ မီးခိုးကဲ့သို့ အခိုးအငွေ့များက မှောင်နေသည်။ မီးခိုးငွေ့များမှာ မီးဖိုတက်မှ ဝေ့တက်နေတာဖြစ်ပြီး ယခုတိုင်အရှိန်မသေသေးဘဲ တငွေ့ငွေ့ထွက်နေဆဲပင်။

ထက်မင်းကျော်စွာက အသက်ရှူမဝသဖြင့် ပိတ်ထားသော ပြတင်းပေါက်တံခါးများကို လိုက်ဖွင့်လိုက်မှ မီးခိုးငွေ့များက အပြင်သို့ ထွက်သွားလေသည်။

အတန်ကြာသောအခါ အခန်းထဲမှာ လင်းသွားသည်။

ထက်မင်းကျော်စွာက မီးဖိုတံခါးပေါက်ကို ဆွဲပိတ်လိုက်သည်။ ခဏကြာသောအခါမှ အပြင်မှ လေကောင်းလေသန့်များ ဝင်လာကာ မီးခိုးငွေ့များလည်း မရှိတော့ပေ။

ထိုအခါမှ အပြင်မှ အခြေအနေကြည့်နေသော အဘိုးကြီးတပါ အတွင်းသို့ဝင်လာသည်။

မီးဖိုနှင့် မလှမ်းမကမ်းနေရာရှိ စားပွဲပေါ်နောက်ရှိ ကုလားထိုင်မှာ လူတစ်ယောက် ထိုင်နေသည်။ သို့သော် ကောင်းမွန်စွာ ထိုင်နေခြင်းတော့မဟုတ်ပေ။

၎င်း၏ကိုယ်ခန္ဓာကြီးမှာ စားပွဲပေါ်သို့ မှောက်ကျနေသည်။ ၎င်း၏ရှေ့တွင် အရက်ပုလင်းနှင့် ဖန်ခွက်ရှိသည်။ အရက်မှာ သောက်လက်စ ဖြစ်ဟန်တူသည်။ ပုလင်းထဲမှာ တစ်ဝက်၊ ဖန်ခွက်ထဲမှာ တစ်ဝက်ကျန်နေသေးသည်။

အရက်အမူးလွန်ပြီး လဲကျနေတာလည်း ဖြစ်နိုင်ပေသည်။

ထက်မင်းကျော်စွာက အနီးသွားပြီး စမ်းကြည့်လိုက်တော့ အသက်မရှိတော့ပေ။

"သွားပြီအဘရေ...သူတို့က ကျွန်တော်တို့ထက် လက်ဦး သွားပြီ... ခြေရာလက်ရာမပျက် ဘယ်လိုသတ်သွားတာလဲ မသိဘူး။ အရက်ထဲမှာ အဆိပ်ခပ်သတ်လိုက်သလား အဘ..."

"မဟုတ်ဘူး၊ အရက်ထဲမှာ အဆိပ်ခပ်တာကမှ ကြာဦးမယ်၊ သူ့ကိုသတ်သွားတာ အဲဒီမီးဖိုကထွက်နေတဲ့ မီးခိုးငွေ့တွေပဲ... ဒီအထဲမှာ သူ မသေခင်က သူနဲ့အတူ လူတစ်ယောက် ရှိနေတယ်၊ သူ့စားပွဲရှေ့က ကုလားထိုင်ဟာ လူထိုင်သွားတဲ့ လက္ခဏာပဲ၊ အဲဒီလူကပဲ သူ့ကို စနစ်တကျသတ်သွားတာပဲ...





ငါ့အထင်ပြောရရင်တော့ အဲဒီလူက သူနဲ့အတူ အရက်ထိုင်သောက်လောက်အောင် ရင်းနှီးတဲ့လူဖြစ်ရမယ်၊ သူမူးလာတော့မှ မီးဖိုနားကိုသွားပြီးတော့ အသင့်ယူလာတဲ့ ဆေးမှုန့်တွေကို ထည့်ခဲ့ပြီး တံခါးပေါက်တွေ အလုံပိတ်ခဲ့ပြီး အသာလေး ခြေထွက်သွားခဲ့တာပဲ ကောင်လေး..."

"အဲဒါ ဘာဆေးမှုန့်လဲအဘ"

"ဒါ... ကဝေသည်းခြေလို့ခေါ်တဲ့ ဂမုန်းဉနဲ့လုပ်ထားတဲ့ ဆေးမှုန့်ပဲ၊ ဒီဂမုန်းဉက လူသည်းခြေနဲ့ အတော်တူတယ်၊ အနံ့က ညှီစို့စို့နဲ့ အတော်ပြင်းတယ်၊ ဒီဂမုန်းဉကို ဘိန်းမှုန့်နဲ့ ရောထားတာပဲ၊ သူ့အနံ့ကိုရှူလိုက်ရင် မူးဝေဝေဖြစ်လာပြီး တော့ မျက်စိထဲမှာ ကြောက်စရာကောင်းတဲ့ သဏ္ဍာန်ကြီးတွေ တွေ့ရပြီး နှလုံးသွေးရပ်သွားပြီး သေရတာပဲ၊ သိပ်ကြောက်ဖို့ ကောင်းတယ်"

"ဒါဖြင့် ဒီကိစ္စက တမင်ကြံစည်ပြီး သတ်တာပေါ့"

"သေချာတာပေါ့ ကောင်လေးရယ်၊ ကဲ... အချိန်မရှိတော့ဘူး၊ မင်းလဲ သဲလွန်စလေးဘာလေး လိုက်ရှာကြည့်စမ်း၊ သတ်တဲ့လူက ဦးငွမ်ရှိန်မဟုတ်လား၊ တို့အတွက် တစ်ခုခုထားချင် ထားသွားနိုင်တာပေါ့"

ဟု အဘိုးကြီးကပြောသဖြင့် နှစ်ယောက်သား အခန်းထဲ အနှံ့လိုက်ရှာကြည့်ရာ စာရေးစားပွဲပေါ်မှာ ရေးလက်စ စာရွက်နှင့် ပတ်ကားဖောင်တိန်ကို ချထားသော်လည်း စာရွက်ပေါ်မှာတော့ ဘာမှမတွေ့ရပေ။ ထိုစာရွက်ကို သုံးမြှောင့်ပုံ ဆိုက်ဆကွဲယား တစ်ခုနှင့် ဖိထားသည်။ ထိုသုံးမြှောင့်ပုံမှာ ငွေပြားနှင့်ပြုလုပ်ထားပြီး အငေါက်ကလေးများ ဖောက်ထားသည်။

ထိုသုံးမြှောင့်ပုံလေးမှာ ကွန်ပါဘူးထဲတွင်ပါသော ဆိုက်ဆကွဲယားနှင့် အရွယ်တူ ဆိုက်တူဖြစ်သည်။

ထို့ကြောင့် စားပွဲပေါ်မှာ ထူးထူးခြားခြားတွေ့ရသော ဖောင်တိန်၊ စာရွက်နှင့် သုံးမြှောင့်ပုံငွေပြားလေးကို အသေအချာ ထုပ်ယူခဲ့ပြီး နှစ်ယောက်သား ပြန်ထွက်လာကြသည်။





## အခန်း [ ၈ ]

## စနေနှစ်ခု ထိခအောင်ပြုပော့

မင်းမခပြန်ရောက်တော့ ထက်မင်းကျော်စွာက သူတည်းခိုရာ ပုလဲဂေဟာသို့ မပြန်တော့ဘဲ အဘိုးကြီးခေါ်ရာနောက်သို့ လိုက်သွားလေသည်။ အဘိုးကြီးတည်းခိုနေသောနေရာမှာ သီးသန့်အိမ်တစ်လုံးဖြစ်ကာ လှရှင်းသည်။

အခန်းထဲရောက်သောအခါ အဘိုးကြီးက ၎င်းကိုယ်ပေါ်တွင် တပ်ဆင်ထားသော ဆံပင်အတု၊ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေး အတုများကိုဖယ်ပြီး အဝတ်အစားလဲလိုက်သောအခါမှ ၎င်း၏ မူလရုပ်ပေါ်လာတော့သည်။

ထိုသူမှာ အခြားသူမဟုတ်ပေ။

အင်းစိန်စီအိုင်ဒီမှ ဘတ်စုံတော်သော ဝါရင့်ထောက်လှမ်းရေးသမားကြီး ဦးဗန်ကောင်းပင် ဖြစ်ပေသည်။

ထိုခေတ်ထိုအခါက ပုလိပ်အဖွဲ့ကြီးကို ကိုလိုနီနယ်ချဲ့ အင်္ဂလိပ်အစိုးရ၏ လက်ကိုင်တုတ် လက်ပါးစေများဟု အများက ရှုံ့ရှာမုန်းတီးသော်လည်း ဦးဗန်ကောင်းနှင့် ထက်မင်းကျော်စွာ တို့လို ပြည်သူများဘက်မှ အမြဲရပ်တည်သူများကိုတော့ ပြည်သူအများက ချစ်ခင်နှစ်သက်ကြလေသည်။

ၡင်းတို့ပါဝင်စုံစမ်းသော အမှုမှန်သမျှလည်း တရားခံက မြေလျှိုးမိုးပျံနေစေကာမူ နောက်ဆုံး အမိဖမ်းကာ ထိုက်တန်သော အပြစ်ပေးနိုင်ခဲ့သည်ချည်း ဖြစ်သည်။

ထို့ကြောင့် ၎င်းတို့ကို ဝါရင့်လူဆိုးကြီးများကပင် လေးစားကြောက်ရွံ့ကြရသည်။

"ဦးဗန်ကောင်းက တနင်္သာရီကို ဘယ်အချိန်ကတည်းက ရောက်နှင့်နေတာလဲ"

"ကြာပြီ... ပထမအကြိမ် ငါးတွေ လူတွေ အဆိပ်သင့်ကတည်းက ရောက်နေခဲ့တာ၊ ဒါကြောင့် သတင်းအတော်များများ စုဆောင်းရခဲ့တာပေါ့"





"ကျွန်တော် တနင်္သာရီမှာ ခင်ဗျားကိုတွေ့လိုက်ကတည်းက အတော့်ကိုအားရှိသွားတာ၊ ကျွန်တော်တို့ထင်တဲ့အတိုင်းမဲ့ လူတွေ ငါးတွေ သေရတာ စမ်းသပ်မှုတစ်ခုကြောင့်ပဲ မဟုတ်ဘူး"

"အသေအချာပေါ့၊ ဒေါက်တာဇီဝရဲ့ လက်ချက်ပါပဲ၊ ဒါပေမယ့် သူ့သဘောနဲ့လုပ်ရတာတော့ ဟုတ်ချင်မှဟုတ်မယ်၊ နောက်က တစ်စုံတစ်ယောက်က အကျပ်ကိုင်ပြီးခိုင်းလို့ လုပ်ရတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့"

ဟု ပြောသည်။

"ဘာပဲဖြစ်ဖြစ်ပေါ့၊ သူတို့ ဒီထက်ပိုပြီးမလုပ်နိုင်ခင်မှာ အားဆီးဖို့တော့လိုမယ်၊ ဒါထက် သူတို့ရည်ရွယ်ချက်က ဘာလဲ ဦးဗန်ကောင်း"

"တခြားနိုင်ငံတွေကို ခြိမ်းခြောက်လို့လဲရတယ်၊ ဒါမှမဟုတ် အဲဒီဖော်မြူလာကို ရောင်းစားလို့လဲရတယ်၊ ဇီဝသက်နက်ဆိုတာ လက်နက်တွေအားလုံးထဲမှာ ကြောက်စရာအကောင်းဆုံးပေါ့၊ လူမျိုးအားလုံး အညွန့်တုံးအောင် လုပ်နိုင်တယ်"

"ကြောက်စရာပဲ၊ ဒါထက် ဒေါက်တာဖိဝတို့ရဲ့ ရည်ရွယ်ချက်ရော ဘယ်လိုရှိသလဲ"

"ငါ့အထင်ပြောရရင်တော့ ဒီဖော်မြူလာကို တခြားနိုင်ငံတစ်ခုကို ရောင်းလိမ့်မယ်ထင်တယ်၊ ဒီဖော်မြူလာသာ သူတို့လက်ထဲရောက်သွားရင် အင်္ဂလိပ်တွေ အမြီးကုပ်ပြီး ပြန်ပြေးရမှာ သေချာသလို အာရှမှာ သူတို့ကို ဘယ်သူမှ မော်ကြည့်ဝံ့မှာမဟုတ်တော့ဘူး။ ဖိဝလက်နက်ဆိုတာ အများကြီးမလိုဘူး။ သောက်ရေကန်ထဲကို နည်းနည်းလေး ထည့်လိုက်တာနဲ့ သူ့အလိုလိုပွားပြီး လူတွေကို ဒုက္ခပေးတော့တာပဲ၊ လူတွေက သူတို့သောက် သုံးတဲ့ရေတွေထဲမှာ အဆိပ်ပိုးတွေပါတယ်လို့ သိရတဲ့အချိန်မှာ ဘယ်လိုဆေးနဲ့မှ ကုလို့မရလောက်အောင် လက်လွန်နေပြီပေါ့ကွာ"

"အင်း... အတော်ကြောက်စရာကောင်းတာပဲ၊ ကိုင်း... ကျွန်တော်တို့ယူလာခဲ့တဲ့ သဲလွန်စလေးတွေ ကြည့်ကြရအောင်"

ထက်မင်းကျော်စွာက ဦးငွမ်ရှိန်နေအိမ်မှ ယူလာသော ပစ္စည်းများကို စားပွဲပေါ်သို့ ပုံချလိုက်သည်။

အဖြူရောင်စာရွက်၊ ပတ်ကားဖောင်တိန်တစ်လက်နှင့် ထြိဂံပုံစ ငွေရောင်အပြားလေးတစ်ခုပင်ဖြစ်သည်။





ထက်မင်းကျော်စွာက စာရွက်ကိုယူပြီး အလင်းရောင်ရသောနေရာတွင် ယူကြည့်သောအခါ စာရွက်ပေါ်မှာ စာလုံးများ မတွေ့ရသော်လည်း ပတ်ကားဖောင်တိန်ဖြင့် ဖိရေးထားသော နစ်ရာများကိုတွေ့ရသည်။

ထိုအခါ ဦးဇန်ကောင်းက ဆေးရည်ပုလင်း တစ်ပုလင်း ယူလာပေးသည်။

"ရော့... စာရွက်ပေါ်ကို ဒီဆေးရည်လေး နည်းနည်း ပွတ်ကြည့်လိုက်၊ စာလုံးတွေပေါ်လာလိမ့်မယ်၊ ဒါ ဒုတိယ ကမ္ဘာစစ် ဖြစ်တုန်းက စပိုင်တွေလျှို့ဝှက်စာရေးတဲ့ နည်းပဲကွ"

ထက်မင်းကျော်စွာက ဦးဇန်ကောင်းပေးသော ဆေးပုလင်းထဲမှ ဆေးရည်အချို့ကိုယူပြီး စာရွက်အဖြူပေါ် ပွတ်လိုက်သောအခါ စာလုံးများ ခပ်ရေးရေး ပေါ်လာတော့သည်။

စာရွက်ပေါ်မှာ ရေးထားသောစာမှာ လျှို့ဝှက်စာရေးနည်းဖြင့် ရေးထားသောစာဖြစ်သည်။ နှစ်ယောက်သား စာများကို ဖတ်ပြီး အဖြေရှာမရအောင် စဉ်းစားရခက်သွားသည်။

ရေးထားသောစာမှာ အောက်ပါအတိုင်းဖြစ်၏။

(စနေနှစ်ခု ထိအောင်ပြု
ကသော မြင်းကိုစီး
စုံတောင် ချောင်းပေါ်
ကင်လောက်ကျော်မှ ပုလောရောက်
အရှေ့မြောက်မှာ ရှာဖွေပါ...)

ဟူသော စာဖြစ်သည်။

ထက်မင်းကျော်စွာက စာလုံးတစ်လုံးခြင်း၏အဓိပ္ပာယ်ကို စဉ်းစားကြည့်နေသည်။ အတန်ကြာသောအခါမှ ပုလော ဆိုသော စာပိုဒ်ကို သတိပြုမိသွားသည်။

"ဦးဖန်ကောင်း... ပုလောဆိုတာ တနင်္သာရီဒိစတြိတ် ထဲမှာရှိတဲ့ မြို့တစ်မြို့မဟုတ်လား"

"ဟုတ်ပါ့ဗျာ"

"ဒီလိုဆိုရင် ကျန်တဲ့စာတွေကရော အဲဒီကမြို့တွေကို လျှို့ဝှက်ပြီး ရေးထားတာ မဖြစ်နိုင်ဘူးလား"

"သိပ်ဖြစ်နိုင်တာပေါ့ ကောင်လေးရာ"

"ဒီလိုဆိုရင်တော့ ဒီငွေပြားလေးကို အသုံးချကြည့်ရမယ်၊ ဦးဖန်ကောင်းမှာ မြန်မာပြည်မြေပုံရှိရင် ယူလာခဲ့ပါ"





ဦးဖန်ကောင်းက မြန်မာပြည်မြေပုံစာရွက်ကို ယူလာပြီး စားပွဲပေါ် ဖြန့်ချလိုက်သည်။


"ကဲ... သူ့ရဲ့စာထဲမှာ စနေနှစ်ခု ထိအောင်ပြုလို့ ပါတယ်၊ တနင်္သာရီနယ် နိမိတ်အတွင်းမှာ စနေနံပါတဲ့နေရာ တွေရှာဗျာ"

"ဟာ... တနင်္သာရီမှာ ကျွန်းတွေက အများကြီးရှိတာ ဆိုတော့ စနေနံတွေကတော့ အများကြီးရှိမှာပေါ့၊ အောက်ပိုင်း က စကြည့်ရင် ဇိတောင်နန့်ဒင်၊ နမ်းသွန်၊ တနင်္သာရီ၊ တကူ၊ တောင်ပျောက်၊ ထားဝယ်၊ နမ်းကြ၊ နတ်ကြီးစင် စတဲ့နေရာတွေ ဟာ အားလုံး စနေနံစတဲ့ အမည်တွေချည်းပဲ"

"ဒါပေမယ့် သူက စနေနှစ်ခုထိအောင်ပြုလို့ ဝိသေသ ပါတော့ ဒီငွေပြားနဲ့ စနေနံနှစ်ခုပါတဲ့ နေရာတွေလိုက်ချကြည့်ရင် အဖြေတစ်ခုတော့ ထွက်လာမှာမဟုတ်လား"

ဟု ပြောကာ ငွေပြားကလေးကိုယူပြီး မြေပုံပေါ်မှထောင့် နှစ်ခုတွင် စနေနံနှင့်စသောမြို့များကို လိုက်လံတိုင်းကြည့်လေရာ နောက်ဆုံးတော့ ဤသို့တွေ့ရလေတော့သည်။


# ကြိုစစ္စ






# မိုးမခဝက်ပါ





ဦးဝွမ်ရှိန်ဆီမှ ရလာခဲ့သော မူရင်းငွေပြားလေးပေါ့ ဖြစ်သည်။

"ကဲ...နောက်ဆုံးတော့ အဖြေရတာပဲ မဟုတ်လား ဒီမှာကြည့်... စနေနှစ်ခုဆိုတာ အထက်မှာ နတ်ကြီးစင် အောက်မှာ တနင်္သာရီရှိတယ်၊ ဒီနှစ်နေရာကို ထိအောင်ချလိုက် ရင် ငွေပြားအပေါက်ထဲမှာ မြို့အမည်တွေ ပေါ်လာရော မဟုတ်လား၊ ကသော မြင်းကိုစီးဆိုတာက ကလိန်တောင် ကပိုးတာနဲ့ ဟာမြင်းကြီးကို ညွှန်းတာ"

"ဟုတ်ပြီ"

"စုံတောင်ချောင်းပေါ်၊ ကလောက်ကျော်မှ ပုလော ရောက် ဆိုတာက စုံစင်ဖျား၊ တောင်ပျောက်၊ ချောင်းဝဖြင့် ကလောက် ဆိုတဲ့နေရာကျော်ရင် ပုလောရှိနေတယ်၊ ငွေပြား အပေါက်ထဲမှာ ပေါ်နေတာကလည်း ဒီနာမည်တွေပဲ မဟုတ် လား။ အပေါ်က နတ်ကြီးစင်နဲ့ အောက်က တနင်္သာရီကို ငွေပြားရဲ့ထောင့်ကလေးနှစ်ခု မထိရင် ဒီနာမည်တွေဟာ အပေါက်ထဲမှာ ဘယ်လိုမှ လာမပေါ်နိုင်ဘူး"

"ဒီအထိတော့ ရှင်းပြီပေါ့၊ အရှေ့မြောက်မှာ ဖွေရှာပ် ဆိုတဲ့ အဓိပ္ပာယ်က အဲဒီမှာ ဒေါက်တာဇီဝတို့ လျှို့ဝှက်လုပ်နေတဲ့ အိုမီဂါစီမံကိန်းရှိတဲ့နေရာကို ညွှန်တာဖြစ်ရမယ်၊ ကြည့်စမ်း...





ကောင်လေး၊ ဘယ်နေရာလောက်မှာရှိသလဲ၊ တို့မြန်မာနိုင်ငံထဲ မှာတော့ ဟုတ်မယ်မထင်ဘူး"

"မဟုတ်ဘူး... အများတောင်ကြားဘက်က ထွက်တဲ့ ဘက်မှာပဲ၊ ဘုရားသုံးဆူတောင်ကြားကနေ ကန်ချနာဘူရီကို သွားတဲ့ လမ်းနဲ့နီးတဲ့နေရာတစ်ခုပဲ၊ အဲဒီဘက်တွေမှာ မြို့ရွာတွေ မရှိဘူး။ တောတောင်တွေပဲရှိတယ်"

"မင်းအစီအစဉ်က ဘယ်လိုလဲ ကောင်လေး"

"ဒီမှာ စီစဉ်စရာလေးတွေစီစဉ်ပြီးရင် လိုက်သွားမယ် လေ... ဒါပေမယ့် မသွားခင်တော့ အိုင်ပီအောင်မင်းအောင် လွှတ်ထားတဲ့လူနဲ့ အဆက်အသွယ်လုပ်ရဦးမယ်၊ နောက်ပြီး မင်းဟာန်ရဲ့တူမလေးအတွက်လည်း လုံခြုံမှုရှိအောင် စီစဉ်ပေး ဦးမယ်၊ သူ့အတွက်ကလည်း စိတ်မချရဘူး"

"တာဝန်အရကြောင့်လား၊ သံယောဇဉ်အတွက်ကြောင့် လား"

"ရှိုးရှိုးသားသားပါဗျာ... ဒီလောက်အန္တရာယ်တွေများလှ တဲ့အထဲမှာ တခြားစိတ်တွေမကူးဝံ့ပါဘူး၊ ကဲ... ဦးဇန်ကောင်းနဲ့ ဘျွန်တော်ကတော့ နှစ်ယောက်တွဲပြီး လှုပ်ရှားလို့မဖြစ်ဘူး၊ ဒီတော့ ကိုယ့်အစီအစဉ်နဲ့ ကိုယ်လှုပ်ရှားကြတာပေါ့၊ ဒါမှ

တစ်ယောက်အကြောင်းရှိရင် တစ်ယောက်က ကူညီနိုင်မယ်။ မကောင်းဘူးလား"

"ကောင်းပါတယ်... ဒါပေမယ့် မင်း သတိဝီရိယတော့ ထားနော်၊ သူတို့အန္တရာယ်က မသေးလှဘူး"

"စိတ်ချပါ"

ထက်မင်းကျော်စွာက ဦးဗန်ကောင်းအား နှုတ်ဆက်ပြီး ပုလဲဂေဟာသို့ ပြန်လာခဲ့သည်။ သူ့အခန်းပြန်ရောက်တော့ အထဲမှာ သူ့ပစ္စည်းတွေက ခြေရာလက်ရာပျက်နေသည်။

စာရေးစားပွဲပေါ်မှာ စာရွက်ခေါက်ကလေးတစ်ခုကို ဖန်လုံး နှင့်ဖိထားသည်။ ယူပြီးကြည့်လိုက်တော့...

**"အဆိပ်ရှာတဲ့လူဟာ အဆိပ်သင့်ပြီးသေတတ်တယ်။ အဆိပ်မမိခင်ပြန်သွားပါ"**

**အိုမီဂါ...**

ဟူသောစာပိုဒ်ကို တွေ့ရသည်။

ထက်မင်းကျော်စွာအနေနဲ့ သတိပေါ့လျော့လို့ မရတော့ပေ။ ရန်သူက ကိုယ့်ကိုသိနေမြင်နေရပြီး ကိုယ်က ရန်သူကို မမြင်ရသေးသောကြောင့် မိမိဘက်မှ တစ်ပန်းရှုံးနေသေးသည်။





သို့သော်လည်း စိုးရိမ်အားငယ်စရာတော့မရှိပေ။ အစစအရာရာ သတိရှိဖို့သာလိုသည်။

သူ အခန်းထဲပြန်ရောက်ပြီး အနားမယူတော့ဘဲ မိမိ စ္စည်းအချို့ကို နေသားကျအောင်ပြန်ထားပြီး လက်စွဲတော်လူဂါ သေနတ်ကို ပြင်ဆင်ရင်း...

"အိုမီဂါဆိုတာ လူတွေရဲ့အသက်ကို အဆုံးသတ်ပေး ယ့် ဂရိစာလုံးတွေရဲ့နောက်ဆုံးစာလုံးတဲ့၊ ငါ့ရဲ့လူဂါကလည်း ရာဇ်က သမားတွေကို နိဂုံးချုပ်ပေးတဲ့နေရာမှာတော့ အတော် အားကိုးရတယ်၊ တစ်ပွဲတစ်လမ်းတော့ တွေ့ကြရမှာပဲ"

ဟု စဉ်းစားပြီး အပြင်သို့ပြန်ထွက်ခဲ့သည်။

ယခုလောက်ဆိုရင် မင်းမခမြို့လေးမှာ မိမိအဖွဲ့မှရောက် ာသူအချို့ ရှိနေလောက်ပြီ။ သူတို့နှင့် အဆက်အသွယ် နိုင်ရန်သာ ကြိုးစားရပေတော့မည်။ တစ်နည်းတော့ မင်းမခ တွင် ဦးဗန်ကောင်း ရောက်နေသည့်အတွက် သူ့အတွက် အားရှိနေတာတော့ အမှန်ပင်။

သူအပြင်ရောက်သည်နှင့် ဇင်မာဝေရှိရာသို့ ထွက်လာခဲ့ သည်။ ထိုသို့မသွားခင် ကျော်သီဟတို့ကားစခန်းတွင် တောင် က် တောင်ဆင်းကောင်းသော ကားတစ်စီးကို ရွေးချယ် ားရမ်းရာ ကျော်သီဟက တောင်တက်ဂီယာ အပါအဝင်

ဂီယာငါးချက် ပါသော (ဇီးယက် 124) အမျိုးအစားကားကို ပေးလိုက်သည်။

"ဆရာ... ဒီကားက ကြိုက်သလောက်မောင်း အကြမ်းခံတယ်၊ နောက်ဘေးကာတွေကထူတော့ စိတ်ချရတယ်။ ကျွန်တော် တာရာတစ်လုံးအပိုနဲ့ ဆီပုံးပါထည့်ပေးလိုက်မယ်၊ ဆရာ စိတ်ကြိုက်သုံးပြီးမှ ပြန်လာပို့လှည့်ပါ"

ဟု ကျော်သီဟက သဘောကောင်းစွာ ပြောနေသဖြင့် အံ့ဩသွားသည်။

"ဒါထက် ကားခကို ဘယ်လိုပေးရမှာလဲ"

"ဒီအတွက်လည်း ဆရာမပူနဲ့၊ အားလုံးရှင်းပြီးသား ဆရာမလာခင်ကတည်းက လူကြီးတစ်ယောက်က ဆရာလာကြိုကားငှားရင် အဆင်သင့်ဖြစ်အောင် အကြမ်းသုံးကားတစ်စီး လာပြင်နိုင်းထားတယ်၊ လိုအပ်တဲ့ငွေလည်း သူပေးခဲ့ပြီးပြီ"

သည်တော့မှ ကျော်သီဟ ဘာကြောင့် ဒီလောက် သဘောကောင်းစွာနဲ့ အလိုက်သိနေရတာလဲဆိုတာကို ။ သဘောပေါက်မိတော့သည်။

"အေး... ကျေးဇူးပါပဲကွာ၊ ဒါဖြင့် ငါကားယူသွားတော့မယ်၊ ပြီးမှပဲ ပြန်လာပို့တော့မယ်"

"ကောင်းပါပြီဆရာ..."





ဟု ပြောကာ ကားသော့ကိုပေးသည်။

ထက်မင်းကျော်စွာက ဇီးယက် 124 ကို စက်နှိုးပြီး မောင်းထွက်ခဲ့သည်။ ထိုကားနှင့်ပင် ဖင်မာဝေထံသွားပြီး ခေါ်လာခဲ့သည်။

ဖင်မာဝေ လမ်းညွှန်သဖြင့် မြို့စွန်နားမှာ ဖွင့်လှစ်ထားသော ဟော်နန်းကုန်း စားသောက်ဆိုင်ရှိရာဘက်သို့ မောင်းထွက်ခဲ့သည်။

ထိုစားသောက်ဆိုင်မှာ တောင်ကုန်း တစ်ခုပေါ်တွင် ဟော်နန်းပုံစံကဲ့သို့ ဆောက်ထားသော စားသောက်ဆိုင်ဖြစ်သည်။

နေရာထိုင်ခင်းကျယ်ဝန်းပြီး သန့်ရှင်း တိတ်ဆိတ်သော နေရာဖြစ်သည်။ မိုးနှင်းများကိုဖောက်ပြီး ဖြာကျလာသော ညနေးဆာရောင်သည် ထိုနေရာသို့ လာရောက် စွန်းထင်နေသည်။

လူရှင်းသော စားပွဲတစ်လုံးတွင် နေရာယူလိုက်ကြပြီး ညနေစာအတွက် အစားအသောက်များကို မှာလိုက်သည်။

"အစ်ကို... ကန်သာယာကိုသွားတာ အဆင်ပြေခဲ့ရဲ့လား"

ဟု ဖင်မာဝေက တိုးတိုးမေးသည်။

"အဆင်ပြေပါတယ်၊ ဒါပေမယ့် ကိုယ်တို့ နောက်ကျသွားတယ်"

"ဟင်… ဒါဖြင့်…"

"ဟုတ်တယ်… ဦးဂွမ်ရှိန် အသတ်ခံလိုက်ရတယ်"

"အို… ဖြစ်မှဖြစ်ရလေ၊ သူလဲ ဦးလေးလိုပဲ ဖြစ်မှာဆိုးနေ"

"အဲဒါကတော့ တိတိကျကျ မပြောနိုင်သေးဘူး။ အသတ်ခံရတယ် ဆိုတာကတော့ သေချာတယ် ဇင်မာ"

ဇင်မာဝေက တွေတွေကလေး ဖြစ်သွားသည်။

"အဲဒါဆိုရင်တော့ မကြာခင်မှာ ကျွန်မအလှည့် ရောက်လာတော့မယ် ထင်တယ်"

"ဒီလောက်လည်း မစိုးရိမ်ပါနဲ့၊ ကိုယ်ထင်တာကတော့ သူတို့က မင်းကို ရန်ရှာချင်ပုံမရသေးဘူး၊ တကယ်လို့သာ သူတို့က မင်းကိုရန်ရှာချင်တယ်ဆိုရင် မိန်းမသားနှစ်ယောက်တည်း ရှိနေတဲ့အချိန်မှာ အချိန်မရွေး ရန်ရှာနိုင်တာပဲမဟုတ်လား"

"ဒါပေမယ့်… အန္တရာယ်က တစ်နေ့တော့ ရောက်လာလိမ့်မယ်လို့ ကျွန်မထင်တယ်"





"ဒီလောက်လည်း စိုးရိမ်မနေပါနဲ့၊ ကိုယ် မင်းကို အစွမ်းကုန် ကာကွယ်စောင့်ရှောက်ပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ်အစ်ကို"

"ဒါပေမယ့် ဇင်မာကို တစ်ခုတော့အကြံပေးချင်တယ်"

"ဘာများလည်းအစ်ကို"

"မင်း အခုရက်ထဲမှာ လုံခြုံစိတ်ချရမယ့် တစ်နေရာရာကို ရွှေ့နေရင်ပိုကောင်းမယ်"

ဇင်မာဝေက အတန်ကြာအောင်စဉ်းစားနေပြီး သက်ပြင်းလေးတစ်ချက် ချလိုက်သည်။

"ကျွန်မသိသမျှတော့ ဒီမင်းမခမှာ လုံခြုံစိတ်ချရမယ့် နေရာဆိုလို့ တစ်နေရာမှမရှိပါဘူး။ မင်းမခမှာတင်မဟုတ်ဘူး။ ဘနသ်ာရီ ဒီစတြိတ်တစ်ခုလုံးမှာ ဘယ်နေရာမှာနေနေ လုံခြုံစိတ်ချမှု မရနိုင်တာတော့ သေချာတယ်"

ထိုစကားကြောင့် ထက်မင်းကျော်စွာ အကြံရခက်သွားပါသည်။

ထိုအခိုက်မှာပင် စားပွဲထိုးလေးက မှာထားသောအစားအသောက်များ လာရောက်ချပေးသဖြင့် စကားစပြတ်သွားကာ ချပေးသော အစားအသောက်များကို စားသောက်ကြသည်။

ထိုသို့စားသောက်နေစဉ် စားပွဲထိုးလေးက အနား ရောက်လာပြန်သည်။

"ဆရာ... ကျွန်တော်တို့ဆိုင်မှာ ပင်လယ်ငါးကောင်း ကောင်း ချက်ထားတာရှိတယ်၊ စားမလားလို့ လာမေးတာပါ"

ဟု မေးသည်။

"ဘာငါးလဲကွ"

"ငါးပုတင်းပါ"

"အင်း... ယူခဲ့လေ၊ စားကြည့်တာပေါ့"

ဟုပြောလိုက်သဖြင့် စားပွဲထိုးလေးက ပြန်ထွက်သွားပြီး မကြာမီ ငါးဟင်းတစ်ပွဲ လာရောက်ချပေးသည်။ ငါးဟင်းမှာ လက်သီးဆုပ် အရွယ်ခန့်ကြီးသော ငါးပုတင်းကို အလယ်မှ ထက်ပိုင်းပိုင်းကာ ချဉ်စပ်ဆိမ့်ပြန်ဟင်း ချက်ထားခြင်းဖြစ်သည်။ ဗိုက်မှဆူးသားများကို ကုန်စင်အောင်လှီးထုတ်ပြီးမှ မဆလာနှံ့ သင်းသင်းနှင့် စားချင့်စဖွယ်ဖြစ်အောင် ချက်ထားခြင်းဖြစ်သည်။

"ငါးဟင်းအနံ့လေးက စားချင်စရာလေးနော်"

ဟုဆိုကာ ဇင်မာဝေက ငါးတစ်ပိုင်းကိုခပ်ပြီး ထက်မင်း ကျော်စွာ ပန်းကန်ထဲသို့ ထည့်ပေးရန်ပြင်သည်။

"နေဦး ဇင်မာ... ဒီဆိုင်က ငါးချက်တာတော့ကောင်း တယ်၊ ဒါပေမယ့် အရသာတော့ရှိပုံမရဘူး။ ကိုယ့်ဆီမှာ





ရုတ်ကောင်းမှုန့်လေး ပါလာတယ်၊ နည်းနည်းလောက် ဖြူးလိုက်ဦးမယ်"

ဟု ပြောကာ ထက်မင်းကျော်စွာက ၎င်းအိတ်ထဲ၌ အသင့်ဆောင်ထားဟန်ရှိသော ငရုတ်ကောင်းမှုန့် ထည့်သော ဘူးကဲ့သို့ ဘူးတစ်ဘူးကို ထုတ်ယူကာ အတွင်းမှအမှုန့်လေး များကို ဟင်းပန်းကန်ထဲသို့ ဖြူးလိုက်သည်။

ထိုအမှုန့်လေးများ ဟင်းပန်းကန်ထဲသို့ ထည့်လိုက်သော အခါ စောစောက ဟင်းနံ့များဖြင့်မွှေးကြိုင်နေသော ဟင်းပန်းကန် မှာ ဟင်းရောင်အစား ချက်ချင်းအညိုရောင်များ သမ်းလာ တော့သည်။

"ဟင်... ဘယ်လိုဖြစ်တာလဲ အစ်ကို"

ထက်မင်းကျော်စွာက ဘာမှမဖြစ်သလို အမူအရာနှင့်...

"ဒီဟင်းက သူတို့ချက်တာ သိပ်မသန့်ဘူးထင်တယ် င်မာ၊ တခြားဟင်းနဲ့ပဲစားတော့"

ဟုဆိုကာ ယခင်မှာကြားထားသော ဟင်းများဖြင့်သာ းသောက်ကြလေသည်။

အချိန်မှာ တဖြည်းဖြည်းနှင့် မှောင်ရီသန်းလာပေပြီ။

လမ်းမပေါ်မှာ လူသွားလူလာများပင် အတော်အတန်ရှင်း ွားပေပြီ။ စားသောက်ပြီးသောအခါ ဇင်မာဝေကို အိမ်ပြန်ပို့ရန်

အတွက် နှစ်ယောက်သား ကားပေါ်တက်ပြီး မောင်းထွက်လာကြသည်။

လမ်းရောက်တော့ ဇင်မာဝေက မေးသည်။

"အစ်ကိုမှာပါတဲ့ ဧရှတ်ကောင်းလို အမှုန့်လေးတွေက အတော်ကောင်းတယ်နော်၊ ဟင်းပန်းကန်ထဲထည့်လိုက်တာနဲ့ ဟင်းချက်တာ သန့်မသန့်သိရတယ်၊ ဟင်းထဲမှာ ဘာတွေပါလို့ အဲဒီလိုဖြစ်သွားတာလဲ အစ်ကို"

ထက်မင်းကျော်စွာက တစ်ချက်ပြုံးလိုက်သည်။

"ဟင်းထဲမှာ တခြားပစ္စည်းတော့ဘာမှမပါ ပါဘူး။ သူတို့ ဟင်းချက်တုန်းက ငါးပူတင်းသည်းခြေလေးထုတ်ဖို့ မေ့သွားကြပုံရတယ်၊ ဒါမှမဟုတ် တမင်ထည့်ထားတာလဲ ဖြစ်ချင်ဖြစ်မှာပေါ့၊ ဒါကြောင့် ဒီလိုဖြစ်သွားတာပါ"

"ငါးပူတင်းသည်းခြေက ဘာဖြစ်တတ်သလဲဟင်"

"ငါးပူတင်းငါးကိုချက်စားရင် အဆီတစ်ထပ် အသားတစ်ထပ်နဲ့ အင်မတန်စားကောင်းပေမယ့် သူ့ရဲ့သည်းခြေကတော့ အဆိပ်တွေထဲမှာ အပြင်းဆုံး အဆိပ်တစ်ခုအဖြစ်ပါဝင်တယ် ဇင်မာ... ငါးပူတင်းသည်းခြေကို စားမိရင် သေတယ်"

"ဟင်..."





ထိုအခါမှ ဇင်မာဝေမျက်နှာလေးမှာ စိုးရိမ်ထိတ်လန့်မှုများကြောင့် ဖြူဖပ်ဖြူရော် ဖြစ်သွားလေသည်။

ထက်မင်းကျော်စွာက ကားကို လူရှင်းသောလမ်းအတိုင်း မှန်မှန်လေးမောင်းလာခဲ့သည်။

"ငါးပူတင်းသည်းခြေ နည်းနည်းလေးပဲပါတဲ့ ဟင်းကို စားမိရင် ခဏကြာရင် အော့အန်လာရော၊ နောက် ခေါင်းထဲမှာ မူးပြီး လဲရော... ပြီးရင်သေတာပဲ၊ ငါးပူတင်းကိုကြိုက်လို့ ချက်စားချင်ရင်တောင် သည်းခြေထုတ်ဖို့တော့ ဂရုစိုက်သင့်တာပေါ့"

"အစ်ကိုပြောပုံအရဆိုရင်တော့ သူတို့လို နာမည်ကြီးတဲ့ စားသောက်ဆိုင်တစ်ဆိုင်က ငါးပူတင်းသည်းခြေကို ထုတ်ပစ်ဖို့ မေ့သွားတာတော့ ဟုတ်မယ်မထင်ဘူး။ တမင်ထည့်ချက်ထားတာ ဖြစ်နိုင်တယ်"

ဟု ဇင်မာဝေက မှတ်ချက်ပေးသည်။

"ဒါကတော့ အတပ်မပြောနိုင်ဘူး။ ဒါပေမယ့် ကိုယ်တို့အတွက်ကတော့ ဒီမှာရှိနေသမျှ သွားသတိ၊ လာသတိ အစစ အရာရာ သတိရှိဖို့တော့လိုတယ်"

ကားကလေးမှာ တစ်နေ့က သူ့အသက်ကို လုပ်ကြံခဲ့သော စက်ရုံပျက်ဝန်းကြီးအနီးသို့ ရောက်လာသည်။

ထိုနေရာသို့ရောက်လာသောအခါ ထက်မင်းကျော်စွာက ကားကို သတိဖြင့် ဂရုတစိုက်မောင်းနှင်လာသည်။

ထိုနေရာတစ်ဝိုက်မှာ လူသွားလူလာ ပြတ်သည်က တစ်ကြောင်း ပတ်ပတ်လည် အုတ်တံတိုင်းကြီးများ ခတ်ထား သောကြောင့် အမှောင်ရိပ်များကလည်း ကျဆင်းနေသည်။

လမ်းမကောင်းလှသော်လည်း ထိုနေရာရောက်သော အခါ ကားကို မြန်နိုင်သမျှမြန်အောင် မောင်းလာခဲ့သည်။ မကြာမီ အနှောင့်အယှက်ကင်းစွာဖြင့် ဇင်မာဝေတို့နေအိမ်ရှေ့သို့ ရောက်လာသည်။ အိမ်ထဲမှာ မီးရောင်မတွေ့ရဘဲ ခြံတံခါး တစ်ချပ်မှာ ပွင့်နေသည်။ ထက်မင်းကျော်စွာက အတွေ့အကြုံ အရ အခြေအနေကို အကဲခတ်ကြည့်ရုံဖြင့် သိပ်မကောင်းလှမှန်း ရိပ်မိသဖြင့် အိတ်ထဲမှသေနတ်ကို ဆွဲထုတ်လိုက်သည်။

"ဒေါ်မင်းဇာ ဘယ်များသွားနေလဲမသိဘူး။ အိမ်ထဲမှာ မီးရောင်မတွေ့ရဘူး"

"လာ... ဇင်မာ၊ သတိတော့ထား"

ဟုဆိုကာ ကားတံခါးကိုအသာဖွင့်ပြီး နှစ်ယောက်သား ကားပေါ်မှဆင်းကာ ခြံဝင်းထဲဝင်လာကြသည်။ အိမ်ရှေ့ရောက် သောအခါ ဇင်မာဝေအား အောက်တွင်ထားခဲ့ပြီး ထက်မင်း ကျော်စွာ တစ်ယောက်တည်း အပေါ်တက်လာခဲ့သည်။





ပိတ်ထားသောအိမ်တံခါးကို ခေါက်မည်ဟုစိတ်ကူးလိုက် ချိန်မှာ အခန်းတံခါးက 'ကျွီ' ခနဲပွင့်သွားသည်။ သူ သေနတ်ကို အဆင်သင့်ပြင်ကာ နားစွင့်ကြည့်သော်လည်း ထူးခြားမှု မတွေ့ရ မကြားရသောကြောင့် အိမ်ထဲဝင်လာသည်။

အိမ်ထဲမှာ မီးရောင်မရှိသော်လည်း အပြင်မှဝင်လာသော အလင်းရောင်အချို့ကြောင့် အနည်းငယ်မြင်နိုင်လေသည်။

အိမ်ထဲမှာ ရန်သူရှိဟန်မတူတော့မှ အောက်မှ ဇင်မာဝေ ကို ခေါ်ပြီး မီးအိမ်ထွန်းခိုင်းရသည်။ မီးရောင်ရသောအခါမှ ကြမ်းပြင်ပေါ်မှာ သွေးကွက်ကြီးကို တွေ့ကြရသည်။

"အမလေး..."

ဇင်မာဝေက အလန့်တကြားအော်လိုက်ကာ ထက်မင်း ကျော်စွာ၏ လက်မောင်းတစ်ဖက်ကို ဖက်ကာ မျက်နှာဝှက် ထားလိုက်သည်။

ထက်မင်းကျော်စွာက သွေးကွက်များကို အသေအချာ ကြည့်သောအခါ ညှိခန်းကြမ်းပြင်ပေါ်မှ အပေါက်ဝဘက်သို့ တရွတ်ဆွဲသွားသော စွတ်ကြောင်းတစ်ခုကို တွေ့ရသည်။

"ဇင်မာ... ဘယ်လိုမှ စိတ်မကောင်း မဖြစ်နဲ့တော့ ဒေါ်မင်းဇာတော့ ဓားစာခံဖြစ်သွားပြီထင်တယ်"

"ဖြစ်ရလေ အစ်ကိုရယ်... ဇင်မာဖြင့် ကြောက်လိုက်တာ"

"ကဲ... ဒါတွေထားတော့၊ ဒေါ်မင်းဇာ မရှိတော့ရင် ဇင်မာ ဒီမှာနေလို့မဖြစ်တော့ဘူး။ လိုအပ်တာလေးတွေယူပြီး ကိုယ်နဲ့ လိုက်ခဲ့ပေတော့၊ ဇင်မာ့ကို လုံခြုံတဲ့တစ်နေရာမှာ ထားမှရမယ်"

ဟုပြောလိုက်သဖြင့် ဇင်မာဝေက သူမ အခန်းထဲမှ အဝတ်အစားအနည်းငယ်နှင့် အသုံးအဆောင်ပစ္စည်းအချို့ကို ခရီးဆောင် အိတ်တစ်လုံးနှင့် ထည့်ယူကာ အိမ်တံခါးကို သော့ခတ်ပိတ်ခဲ့ကာ နှစ်ယောက်သား ပြန်ထွက်လာခဲ့သည်။

ပတ်ဝန်းကျင်မှာတော့ တိတ်ဆိတ်ခြင်းက ကြောက်မက်ဖွယ်ကောင်းလောက်အောင် မင်းမူလျက်ရှိနေသည်။





# အခန်း [ ၉ ]

## အိုမီဂါသဲလွန်စ

ထိုညက ဇင်မာဝေ ပါလာသောကြောင့် ပုလဲဂေဟာ [...]ည်းခိုခန်းသို့ မပြန်တော့ဘဲ ဦးဗန်ကောင်းနေသော လျှို့ဝှက် [...]နေရာသို့ လာခဲ့ကြသည်။ ထိုအိမ်သို့ရောက်သောအခါ ဦးဗန် [...]ကောင်းကို မတွေ့ရတော့ပေ။

သို့သော် ၎င်း၏ တပည့်ကလေးများက လိုအပ်တာ [...]နဲ့သမျှ အားလုံးစီစဉ်ပေးသည်။ ဦးဗန်ကောင်း၏ တပည့် [...]ကလေးများမှာ မြန်မာစကားပင် ပီသအောင်မပြောနိုင်သော [...]လုံလူမျိုးကလေးများ ဖြစ်သည်။ သို့သော် ၎င်းတို့သည်

အစစအရာရာ နိုင်းသည့်အတိုင်း တာဝန်ကျေအောင်တော့ လုပ်နိုင်ကြသည်။

ထိုအိမ်သို့ရောက်သောအခါ ဖင်မာဝေကို အခန်းတစ်ခန်း စီစဉ်ပေးလိုက်သည်။

ထိုသို့စီစဉ်ပေးနေစဉ် လူရွယ်လေး တစ်ယောက်က စာတစ်စောင်လာပေးသည်။

"ဆရာကြီးက ဆရာလာရင်ပေးလိုက်ဖို့ မှာသွားပါတယ်"

"အေး...အေး..."

ထက်မင်းကျော်စွာက စာကိုယူပြီး ဖတ်ကြည့်လိုက်သည်။

(ကောင်လေး...

ငါတော့ ခရီးထွက်သွားပြီ...အခြေအနေကတော့ တို့ထင်တာထက်ပိုပြီး သိမ်မွေ့နက်နဲလာတယ်၊ အများတောင်ကြား ဒီဘက်ထိပ်မှာ မြင်းလှည်းသမားတစ်ယောက်ရှိတယ်၊

မြင်းလှည်းထိုင်ခုံရဲ့ရှေ့မှာ...

'သင့်ဘက်ကငွေပေးရင် ကျွန်ုပ်ဘက်က တာဝန်ကျေကို ပေးပါမည်'

ဆိုတဲ့ စာရေးထားတယ်...

မင်း သူနဲ့တွေ့လိုက်ပါ

နွယ်စိမ်းရှင်...)





ဟူသောစာကို တွေ့ရသည်။

ထို့ကြောင့် ထိုညတွင် ကောင်းစွာအနားယူပြီး နောက်တစ်နေ့နံနက်ပိုင်းမှာပင် စီစဉ်စရာရှိတာစီစဉ်ပြီး အများတောင်ကြားဘက်သို့ ထွက်ခဲ့သည်။ မင်းမခနှင့် အများတောင်ကြားမှာ သိပ်မဝေးလှသော်လည်း လမ်းကသိပ်မကောင်းသောကြောင့် နှစ်နာရီခန့်မောင်းသွားရသည်။ တောင်ကြားလမ်း သည့်ဘက်ထိပ်တွင် နယ်ခြားအဝင်လမ်းကိုစောင့်သော ဂေါ်ရခါးပုလိပ်တပ်ဖွဲ့များ၏ စခန်းရှိသည်။

နယ်ခြားဘက်မှ အဝင်အထွက်လူများ၊ ကုန်များကို စစ်ဆေးသောနေရာဖြစ်သည်။ သို့သော်လည်း ကုန်သည်များက တစ်ဖက်နိုင်ငံမှ ကုန်ပစ္စည်းနှင့်လူများ သည်ဘက်သို့ သွင်းချင်လျှင်သော်လည်းကောင်း၊ သည်ဘက်မှ လူနှင့်ကုန်များ တစ်ဖက်နိုင်ငံသို့ ထုတ်ချင်ရင်သော်လည်းကောင်း နယ်စပ်စောင့်သောပုလိပ်များကို ငွေနှင့်လက်ဆောင်ပစ္စည်းများပေး၍ အဝင်အထွက် ပြုလုပ်ကြသည်။

အချို့ကုန်သည်များကတော့ တစ်ဖက်နိုင်ငံမှ ဝင်လာသော ကုန်ပစ္စည်းများကို ထိုနေရာမှစောင့်ဝယ်ပြီး မြန်မာပြည်အနှံ့သို့ ဖြန့်ကာ ရောင်းချကြသည်။

ထိုနေရာတွင် ကားအငှားစခန်း၊ မြင်းလှည်းအငှားစခန်း၊ တည်းခိုရန်နေရာများ၊ စားသောက်ဆိုင်များရှိသည်။

အရက်၊ လောင်းကစားနှင့် အပျော်အပါးကိစ္စမှန်သမျှ စုံလင်အောင်ရသလို လူပေါင်းစုံတို့ စုဝေးရာ အရပ်လည်း ဖြစ်သည်။

နယ်ချဲ့ကို တော်လှန်ရန်အတွက် နည်းအမျိုးမျိုးနှင့် လှုပ်ရှားနေကြသော တော်လှန်ရေးသမားများ၊ သူလျှိုများ၊ စပိုင်များ ရှိကြသလို...

လူဆိုး၊ လူမိုက် ဒုစရိုက်သမားများစွာတို့လည်း အမြဲ တစေ ဝင်ထွက်သွားလာနေသော နေရာဖြစ်သည်။

ထို့ကြောင့် ထိုနေရာတွင် သတင်းအစုံရနိုင်လေသည်။

ထိုနေရာသို့ ထက်မင်းကျော်စွာရောက်လာတော့ နံနက် ပိုင်းအချိန်ဖြစ်သည်။

သူသည် ကားကို တစ်နေရာတွင်ရပ်ထားခဲ့ပြီး မြင်းလှည်း ဂိတ်ရှိရာသို့ ထွက်လာခဲ့သည်။

ဂိတ်ဝမှာ မြင်းလှည်းသုံးစီးရပ်ထားသည်ကို တွေ့ရသော် လည်း မြင်းလှည်းမောင်းသူများကိုတော့ မတွေ့ရပေ။

သူ မြင်းလှည်းနားရောက်တော့ မြင်းလှည်းထိုင်ခုံတွင် ရေးထားသောစာများကို လိုက်ကြည့်သည်။





အစွန်ဘက်နားတွင်ရပ်ထားသော မြင်းလှည်း၏နောက်စည်း ...ွင် ဦးဗန်ကောင်းစာထဲမှာပါသော (သင့်ဘက်ကငွေပေးရင် ...နိုပ်ဘက်က တာဝန်ကျေမှုကိုပေးပါမည်) ဟူသောစာကို ...တွေ့ရသည်။

သူ အိတ်ထဲမှ ကပ္ပိတန်စီးကရက်တစ်လိပ်ကို ထုတ်ပြီး ...သောက်နေစဉ် အနီးသို့ လူတစ်ယောက်ရောက်လာသည်။

"မြင်းလှည်းငှားချင်လို့လား ဆရာ"

"အေး...ဟုတ်တယ်၊ ဒီမြင်းလှည်းမောင်းတာ မင်းလား"

"ဒီမြင်းလှည်းက ကျွန်တော့်မြင်းလှည်းမဟုတ်ပါဘူး၊ ...လှည်းကလူက ကော်ဖီသွားသောက်နေတယ်၊ တော်ကြာ ...န်လာလိမ့်မယ်"

ဟုဆိုကာ ပြန်ထွက်သွားသည်။

ထက်မင်းကျော်စွာက မြင်းလှည်းနားတွင် ရပ်ကာ ...ကရက်သောက်ရင်း အေးအေးဆေးဆေးစောင့်နေစဉ် အတန် ...ကြာသောအခါ အသက်သုံးဆယ်ကျော်အရွယ် လူတစ်ယောက် ...နားသို့ ရောက်လာသည်။

ထိုလူ၏မျက်နှာပေါ်မှာ မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးများ ...နှင့် သက္ကလပ်ဦးထုပ်ဟောင်းတစ်လုံးကို ခပ်စိုက်စိုက်ဆောင်း ...ထားသဖြင့် ရုပ်ဖမ်းရန်မလွယ်လှပေ။

သူသည် ကုတ်အင်္ကျီနှင့် ဘောင်းဘီပေါင်းတို့ကို ဝတ်ဆင်ထားပြီး လက်ထဲမှာ ဆေးပေါ့လိပ် တစ်လိပ်ကို ညှပ်ထားသည်။

"မြင်းလှည်းငှားမယ့်လူဆိုတာ ခင်ဗျားလား"

"အေး... ဟုတ်တယ်"

"ဘယ်သွားမှာလဲ"

"ငါသွားချင်တာကတော့ ရောယုဝင်ရဲ့ကို သွားချင်တာ မင်းပို့ပေးနိုင်မလား"

ထိုသူက ထက်မင်းကျော်စွာကို အကဲခတ်သလိုတစ်ချက် ကြည့်သည်။ ထိုအခါမှ စူးရှတောက်ပြောင်သော ၎င်း၏မျက်လုံး များကို သတိပြုမိလိုက်သည်။

"ဘထွန်းက ဘယ်နေရာဖြစ်ဖြစ် ပို့ပေးနိုင်တယ် ခင်ဗျားသွားချင်တဲ့နေရာက ဝေးလဲဝေးတယ်၊ ခရီးလည်း ကြမ်းတယ်၊ ဘယ်လောက်ပေးမှာလဲ"

"ဆယ့်သုံးကျပ် ပေးမယ်"

မြင်းလှည်းသမားက မျက်မှောင်ကြုတ်ကာ တစ်ချက် စဉ်းစားနေပြီးမှ မျက်နှာပေါ်မှာ အပြုံးရိပ်ကလေး တစ်ချက် သမ်းသွားသည်။





"အင်း... (၁၃)ကျပ်ဆိုတော့ တနင်္ဂနွေနဲ့ အင်္ဂါပဲ၊ တနင်္ဂနွေက (အ) အင်္ဂါက(ဆိပ်)၊ နှစ်ခုပေါင်းရင် အဆိပ်ပဲ၊ ခင်ဗျားပေးတဲ့ ဈေးကို သဘောကျပါတယ်၊ သွားလေ... ဘယ်တော့သွားမှာလဲ"

ဘထွန်းဆိုသောလူရွယ်က အားတက်သရောပြောသည်။

"အခု မသွားသေးပါဘူး။ လောလောဆယ်တော့ အေးအေးဆေးဆေး စကားပြောလို့ရတဲ့နေရာ သွားကြတာပေါ့"

"ကဲ... ဒါဖြင့် ဟိုနားမှာ ကော်ဖီဆိုင်တစ်ဆိုင်ရှိတယ်၊ အပြင်ဘက်ကိုထိုင်ခုံထုတ်ပြီး ကော်ဖီသောက်ရင်း ပြောကြတာ ပေါ့"

ဟု ဆိုကာ ဘထွန်းက မလှမ်းမကမ်းရှိ တည်းပင်ကြီး အောက်တွင် ဖွင့်ထားသော ကော်ဖီဆိုင်ရှိရာသို့ ခေါ်သွားသည်။

ဆိုင်သို့ရောက်သောအခါ စားပွဲဝိုင်းတစ်လုံးနှင့် ထိုင်ခုံ အပုလေးနှစ်လုံးကိုယူလာပြီး အပြင်ဘက်ရှိ လွတ်လပ်သော နေရာတွင် ချလိုက်သည်။ ပြီးလျှင် ကော်ဖီနှစ်ခွက် မှာလိုက် သည်။

"ဒီကိုရောက်တာကြာပြီလား"

ဟု ဘထွန်းက ရေနွေးကြမ်းတစ်ခွက် ငှဲ့သောက်ရင်း မေးလိုက်သည်။

"သိပ်တော့မကြာသေးဘူး။ ဒီနေရာက တောတောင်တွေ ပင်လယ်တွေနဲ့ နီးလို့လားတော့ မပြောတတ်ဘူး။ မြွေတွေတော အတော်ပေါတယ်၊ ဒီရောက်မှ မြွေနဲ့တွေ့တာ ခဏခဏပဲ"

"အင်း... သတိတော့ထားပါ။ ဒီနေရာမှာရှိတဲ့ မြွေတွေ ဖုန္ဒဝိသမြွေမျိုးတွေများတယ်၊ ထိလိုက်တာနဲ့သေတာပဲ"

"ကြောက်စရာတော့မရှိပါဘူး။ မြွေနဲ့ အလှမ်းဝေးဝေး ဆိုတာ လျှင်တဲ့လူကစားတာပဲ၊ ဒါထက် စိမ်းကိန်းလုပ်နေ နေရာက ဘယ်နေရာမှာရှိတာလဲ၊ ကန်ချနာဘူရီကို သွား လမ်းမကြီးနဲ့ သိပ်မဝေးဘူး။ အများတောင်ကြားကသွား ဖြတ်လမ်းရှိတယ်"

"ခရီးစဉ်ပြောပြပါဦး"

"အများတောင်ကြားကနေ ဟိုဘက်ကိုသွားရင် တော လမ်းတွေ၊ တောင်ကုန်းတွေကို ဖြတ်သွားရတယ်၊ လမ်းကတော သိပ်မကောင်းဘူး။ ဒါပေမယ့် အဲဒီလမ်းတွေက သွားတာ အန္တရာယ်လည်း ကင်းတယ်၊ ခရီးလည်းပိုမြန်တယ်"

"ဟုတ်ပြီ"

"လမ်းတစ်လျှောက်လုံး ရွာတွေ မြို့တွေတော့ သိပ်မရှိဘူး စိမ်းကိန်းနေရာမရောက်ခင် လမ်းမှာ စခန်းကြီးတစ်ခုရှိတယ် အဲဒီစခန်းရဲ့တာဝန်ခံက ရွှေဘုန်းဆိုတဲ့ လူတစ်ယောက်





သူက တစ်ဖက်နိုင်ငံတွေက အရာရှိတွေနဲ့ အတော်ရင်းနှီးပြီး အဆက်အသွယ်တွေလည်း ကောင်းတယ်၊

သူက စိမ်းကိန်းနဲ့ အဓိကပတ်သက်နေတဲ့လူပဲ...

သူ့ရဲ့စခန်းထဲကိုဝင်နိုင်ရင် စိမ်းကိန်းနဲ့ပတ်သက်တဲ့ အချက် အလက်အတော်များများ သိရနိုင်တယ်၊ ဒါပေမယ့် ဝင်ဖို့တော့ သိပ်မလွယ်လှဘူး။ အစောင့်တွေလည်းများတယ်"

ဘထွန်းက ကော်ဖီကို အေးအေးဆေးဆေးသောက်ရင်း ဘေးမှကြည့်လျှင် အရေးမကြီးသော အကြောင်းအရာတစ်ခု ပြောသလို ပြောပြနေသည်။

"တို့အတွက် ဝိတ်ထားတဲ့တံခါးဆိုတာ မရှိနိုင်ပါဘူး"

"စိမ်းကိန်းနဲ့ပတ်သက်တဲ့ အရေးကြီးတဲ့ အချက်အလက် တွေ ကို ရွှေဘုန်းကယူထားပြီး သူက ဟိုကအရာရှိကြီးတွေနဲ့ အပေးအယူလုပ်ဖို့ ကြိုးစားနေပုံရတယ်၊ ကျုပ်ထင်တာကတော့ ဒီဝဖော်မြူလာအောင်မြင်ရင် နိုင်ငံအတော်များများနဲ့ အပေး အယူ လုပ်လိမ့်မယ်လို့ ယူဆရတယ်၊ ဒီလက်နက်မျိုးက အခုသုံးနေတဲ့ လက်နက်တွေနဲ့ ပိုပြီးထိရောက်မှုရှိတယ်"

"ဟုတ်တယ်"

"ရွှေဘုန်းရဲ့စခန်းရော၊ အိုမီဂါစိမ်းကိန်းနဲ့ ပတ်သက်တဲ့ နေရာတွေကိုရော ကျုပ်ဆီမှာမြေပုံရှိတယ်၊ ခင်ဗျားယူသွားပေါ့"

"ပိုကောင်းတာပေါ့ကွာ"

"ဒါထက် ကျူပ်လိုက်ဖို့လိုမလား"

ထက်မင်းကျော်စွာက ကော်ဖီသောက်ရင်း စဉ်းစားနေသည်။

အတန်ကြာမှ...

"အင်း... မင်းလိုက်ရင်တော့ ငါ့အတွက် အထောက်အကူရနိုင်တာ အမှန်ပဲ၊ ဒါပေမယ့် တို့နှစ်ယောက်အတူတွဲပြီး ဒီက ထွက်လို့မဖြစ်ဘူး။ ကိုယ့်အစီအစဉ်နဲ့ ကိုယ်ထွက်ပြီး တစ်နေရာမှာ ဆုံကြမှဖြစ်မယ်"

"ရပါတယ်၊ ရွှေဘုန်းစခန်းရောက်မှ ဆုံကြတာပေါ့"

ဟုပြောကာ ဘထွန်းက ၎င်းအင်္ကျီထဲမှ မျက်နှာသုတ်ပဝါ အဖြူတစ်ထည်ကိုထုတ်၍ မျက်နှာသုတ်ပြီး စားပွဲပေါ်ချထားသည်၊ ထက်မင်းကျော်စွာ ကြည့်လိုက်တော့ ဒီဇိုင်းဆွဲထားသော ကောက်ကြောင်းအချို့ကို တွေ့ရသည်။

"ဦးဗန်ကောင်းရော"

"အဘ ထွက်သွားနှင့်ပြီ...ကျူပ်က ခင်ဗျားကို စောင့်နေတာ"

"မင်းနဲ့တွေ့ရတာ ငါ့အတွက် အများကြီး အဆင်ပြေပါတယ်၊ စခန်းနှစ်ခုစလုံးရဲ့ အခြေအနေတွေကိုလည်း နည်းနည်းလောက် ပြောပြပေးပါဦး"





"ရွှေဘုန်းဆိုတဲ့လူက လူမျိုးခြား သွေးအတော်များများပါတဲ့ လူတစ်ယောက်ပဲ၊ သွေးအေးအေးနဲ့ ရက်စက်တတ်တယ်၊ ခြံဝန်းက အတော်ကျယ်တယ်၊ ဝင်ပေါက်တွေနဲ့ အဆောက်အအုံထဲမှာ လက်နက်ကိုင်အစောင့်တွေ အမြဲစောင့်နေတယ်... အထဲက အခန်းတစ်ခန်းထဲမှာ အိုမီဂါစီမံကိန်းနဲ့ပတ်သက်တဲ့ အရေးကြီးတဲ့ စာရွက်စာတမ်းတွေရှိတယ်၊ အဲဒါတွေရရင် အိုမီဂါစီမံကိန်း ရောက်တဲ့အခါ ပိုပြီးအဆင်ပြေနိုင်တယ်၊ ဒါပေမယ့် ဒါတွေရဖို့ ဆိုတာကလည်း အတော်မလွယ်လှဘူး။ အသက်နဲ့ လဲတန်လဲရနိုင်တယ်"

"ဒါကအရေးမကြီးဘူး။ တို့အတွက် အသက်ဆိုတာ ဘဝန်လောက် အရေးမကြီးလှဘူး။ လုပ်စရာရှိတာ အောင်မြင်ဖို့ပဲ အရေးကြီးတယ်၊ ဒါထက် အိုမီဂါစီမံကိန်းအကြောင်းကိုလည်း မင်းသိသမျှ ပြောပြပါဦး"

ဘထွန်းက လက်ထဲမှာညှပ်ထားသော ဆေးပေါ့လိပ်ကို မီးညှိပြီး အားရပါးရဖွာနေရာ မီးခိုးငွေ့များက ပတ်ဝန်းကျင် တစ်ဝိုက်မှာ ပျံ့ဝဲနေသည်။

"အဲဒီစခန်းမှာ စခန်းတာဝန်ခံအဆင့်(၁)က ဦးထိုက်ဖံ ဆိုတဲ့ ပုဂ္ဂိုလ်ပဲ၊ နောက် ဒေါက်တာဇီဝရှိတယ်၊ စုံစမ်းသိရသမျှ တော့ ဒေါက်တာဇီဝကို တစ်ခုခုအကျပ်ကိုင်ထားပုံရတယ်၊

ဒီစီမံကိန်းရဲ့ ခေါင်းဆောင်တော့ရှိတယ်၊ ဒါပေမယ့် သူဘယ်သူ ဆိုတာရယ်၊ ဘယ်မှာရှိတယ် ဆိုတာတော့ စုံစမ်းလို့ လုံးဝ မရဘူး"

"စိတ်ဝင်စားစရာပဲ၊ ဝင်ဖို့ ထွက်ဖို့ နည်းလမ်းရော မရှိဘူးလား"

"ဒီစခန်းထဲမှာ သုတေသနလုပ်ငန်းတွေ လုပ်နေတာ ဆိုတော့ အပြင်ကလူစိမ်းတော့ ဘယ်သူ့ကိုမှ ဝင်ခွင့်မပေးဘူး ဒါပေမယ့် တစ်ပတ်တစ်ခါတော့ အဲဒီအထဲကို လူစိမ်းတွေ ခေါ်လာတာရှိတယ်၊ တခြားတော့မဟုတ်ဘူး။ အဲဒီနယ်တစ်ဝိုက် က ရိုးသားတဲ့လူတွေကို ဆေးကုပေးမယ်၊ အလုပ်ပေးမယ်လို့ ခေါ်လာပြီး သုတေသနစမ်းသပ်တဲ့နေရာမှာ အသုံးချတာပဲ အခုလောက်ဆိုရင် စမ်းသပ်လို့ ရောဂါပိုးတွေဝင်ပြီး သေတဲ့ လူတွေ ဘယ်လောက်များပြီလဲ မသိနိုင်ဘူး"

"အတော်ရက်စက်တာပဲ"

"ရက်စက်တာတော့မပြောနဲ့၊ ကမ်းကုန်နေပြီ၊ သူတို့ရဲ့ အိုမီဂါစီမံကိန်းအောင်မြင်သွားရင် ဒီထက်ရက်စက်တာတွေ ဆိုးရွားတာတွေ တွေ့ရဦးမယ်၊ နောက်ပြီး အဲဒီအထဲကို တစ်ပတ်တစ်ခါ အဲဒီနားမှာရှိတဲ့ စခန်းထောက်ရွာကြီးက လူတစ်ယောက်ကိုတော့ ဝင်ခွင့်ရတယ်"





"သူကဘယ်သူလဲ"

"အဲဒီက ဆံပင်ညှပ်သမားပဲ၊ သူ့မှာ ဂျစ်ကားစုတ် ကလေး တစ်စင်းရှိတယ်၊ အဲဒါနဲ့ ဝင်ထွက်သွားနေတာပဲ"

"ဒီလောက်သိရရင်တော်ပြီ... မင်းနဲ့ငါက ရွှေဘုန်းရဲ့ နေရာရောက်မှပဲ ပြန်ဆုံကြတာပေါ့"

"ကောင်းပြီ"

ဟုပြောကာ ထက်မင်းကျော်စွာက စားပွဲပေါ်မှာ စောစော က ဘထွန်းချထားသော မျက်နှာသုတ်ပဝါကို ကောက်ယူပြီး အိတ်ထဲထည့်ကာ မိမိကားရှိရာသို့ လျှောက်လာခဲ့သည်။

သူ့အတွက် ခြေလှမ်းသစ်တစ်ခုတော့ ရတော့မည်။

# အခန်း [ ၁၀ ]

## ရန်သူ့ယောင်ချောက်

ဘတွန်းဆီမှ ပြန်လာပြီးနောက် မင်းမခပြန်ရောက်သော အခါ ခရီးထွက်ရာတွင်လိုအပ်သော ပစ္စည်းများကို ဝယ်ယူ စုဆောင်းပြီး ဖင်မာဝေကိုထားသောအိမ်သို့ ပြန်လာသည်။

သူမအတွက် ခရီးထွက်ရာတွင် လိုအပ်မည်ထင်သော အသုံးအဆောင်ပစ္စည်းများ။ ဆေးဝါးများအပြင် ရှပ်အင်္ကျီ ဘောင်းဘီနှင့် ဦးထုပ်တို့ကိုပါ ဝယ်ယူလာသည်။ ဖင်မာဝေက ထိုအဝတ်များကို လဲလှယ် ဝတ်ဆင်သောအခါ ယောကျ်ား ကလေး တစ်ယောက်နှင့်ပင် အတော်တူသွားသည်။

နောက်တစ်နေ့ မိုးမလင်းမီ မင်းမခမှ အများတောင်ကြား လမ်းသို့ ရောက်အောင်သွားကာ ထိုမှတစ်ဆင့် အပြင်သို့ ရောက်အောင် ထွက်နိုင်ကြသည်။

တစ်ဖက်သို့သွားသော လမ်းပေါ်ရောက်မှ နှစ်ယောက်သား အတန်ကြာအောင် စိုးရိမ်စိတ်ဝင်နေမှုများ လျော့ပါး သွားလေသည်။

သူတို့အတွက် ကားသမားကျော်သီဟ စီစဉ်ပေးလိုက်သော တောင်တက်ဂီယာအပါအဝင် ဂီယာငါးချက်ပါသော ဇီးယက် 124 ဂျစ်ကားမှာ အကြမ်းခံရုံမက အသွားနှုန်းလည်း ကောင်းလှသည်။

"ကျွန်မပါလာတာ အစ်ကို့အတွက် အနှောင့်အယှက်များ ဖြစ်နေမလား"

"ကိုယ့်အတွက်တော့ အနှောင့်အယှက် မဖြစ်ပါဘူး။ ကိုယ်က ဇင်မာအတွက် အန္တရာယ်တစ်ခုခုဖြစ်မှာ စိုးရိမ် နေတာ"

"ဇင်မာ့ဘဝက ဘာထူးမှာလဲအစ်ကိုရယ်၊ ဘယ်နေရာမှာ နေနေ မထူးပါဘူး။ ဒါထက် ဒီဘက်ကဘာသာစကား ဘယ် နှစ်မျိုးလောက် ပြောနိုင်လဲ အစ်ကို"

ဟု ဇင်မာဝေက မေးသည်။





"ကိုယ်က ဒီနယ်တွေနဲ့မကျွမ်းတော့ သိပ်မပြောတတ် ဘူး။ ဇင်မာရော ဘယ်ဘာသာစကားတွေ ပြောနိုင်လဲ"

"ကျွန်မက ဒီမှာကြီးပြင်းတာဆိုတော့ မြိတ်၊ ထားဝယ် ကားတွေအပြင် ဆလုံတွေပြောတာပါ နားလည်တယ်၊ နောက်ပြီး ယိုးဒယားစကားနဲ့ တလည်း တတ်တယ်"

"အဆင်ပြေတာပေါ့၊ ကိုယ်တို့အခုသွားမှာ ယိုးဒယား နယ်ဘက်ဆိုတော့ အဲဒီစကားတွေပြောနိုင်တော့ ပိုပြီးအဆင် ပြေတာပေါ့..."

ထက်မင်းကျော်စွာတို့သည် နံနက်မိုးမလင်းခင်ကတည်း က ကားကို မရပ်မနား မောင်းလာသောအခါ နံနက်ကိုးနာရီ ထိုးသောအခါ ကားများရပ်နားစခန်းချသည့် နေရာတစ်ခုသို့ ရောက်လာကြသည်။

ထိုနေရာတွင် ကားကို ခေတ္တရပ်နားပြီး ရေလဲခြင်း၊ ဆီဖြည့်ခြင်းများပြုလုပ်ကာ လူများလည်းနားကာ ဝမ်းဖြည့် ကြသည်။

ထမင်းနှင့် အသားဟင်းများအပြင် ကြက်ဥ၊ နွားနို့များပါ ဝမ်းပြည့်အောင် စားကြသည်။

"ကျွန်မတို့ အခုသွားမယ့်နေရာကို ကျွန်မ ဦးလေးနဲ့ တစ်ခေါက် နှစ်ခေါက် ရောက်ဖူးတယ်၊ အဲဒီဘက်သွားရင် ယိုးဒယားစကား နားလည်မှ အလုပ်ဖြစ်မယ်"

"အခု မင်းပါလာတော့ ငါ့အတွက် စကားပြန်ရတာပေါ့"

"ရွှေဘုန်းနေတဲ့နေရာရောက်ဖို့ သိပ်မသွားရတော့ဘူး မြန်မာပြည်ကထွက်တဲ့ လမ်းတစ်လမ်းရှိတယ်၊ ဆန်ကလာဘူမြို့ ကန်ချနာဘူရိကို ဖြတ်ထားတဲ့လမ်းမကြီးပဲ၊ ကန်ချနာဘူရီ ရောက်ရင် ဘန်ကောက်ကို သိပ်မဝေးတော့ဘူး၊ ဦးလေးက အရင်က အဲဒီက ရွှေဘုန်းတို့နဲ့ပတ်သက်ခဲ့ပုံရတယ်၊ ဒါကြောင့် ကျွန်မတောင် အဲဒီအဆောက်အအုံထဲကို တစ်ခါနှစ်ခါ ရောက်ဖူးတယ်"

"မင်းမှတ်မိသမျှ ပြောပြပါဦး"

ဇင်မာဝေက ထိုအဆောက်အအုံကြီးနှင့်ပတ်သက်သော အခြေအနေနှင့် အခန်းများအကြောင်းကို ပြောပြသည်။

စားသောက်ပြီးသောအခါ သူတို့ ခရီးဆက်ထွက်ကြသည်။

အဝေးပြေးလမ်းမကြီးသို့ရောက်သောအခါ ထိုလမ်းမကြီးပေါ်မှသွားရာ အတော်ခရီးပေါက်လေသည်။ လမ်းတစ်လျှောက်တွင် ထိုင်းရွာကလေးများကို ကြိုကြားကြိုကြား လှမ်းမြင်ရသည်။

လမ်းမကြီးပေါ်မှာ ကုန်တင်ကားကြီးများ ဖြတ်မောင်းသွားသည်ကိုလည်း တွေ့ရပြီး တစ်ခါတစ်ရံ ကျွဲနွားအုပ်များကို ရှောင်ကွင်း၍ မောင်းရသည်လည်း ရှိသည်။





အတန်ကြာအောင် မောင်းလာသောအခါ လမ်းမကြီးမှ အရှေ့မြောက်ဘက်သို့ ခွဲဆင်းသွားသော မြေလမ်းတစ်လမ်းကို မြင်ရသည်။

ဇင်မာဝေက ထိုလမ်းအတိုင်း မောင်းရန်ပြောသဖြင့် ကားကို ချိုးကွေ့ဝင်လာခဲ့သည်။ လမ်းမှာ သိပ်မကျယ်လှဘဲ ဘေးတစ်ဖက်တစ်ချက်တွင် သစ်တောများရှိသည်။ ထိုနေရာ တစ်ပိုက်တွင် လူနေအိမ်များ မရှိတော့ဘဲ သစ်တောနှင့် တောင်ကုန်း များသာတွေ့ရတော့သည်။ ကားလမ်းမှာ အပေါ်သို့ မြင့်သည်ထက် မြင့်တက်လာပြီး ကျောက်တုံးကျောက်ခဲများက ထူထပ်စွာရှိနေသည်။ အချို့ကျောက်တုံးကြီးများမှာ တောင်တစ်လုံးတမျှ ကြီးလှသည်။

တစ်နေရာသို့ ရောက်သောအခါ ဇင်မာဝေက ကားကို အရပ်ခိုင်းသဖြင့် ရပ်သည်။

"အစ်ကိုကားကို ဟိုကျောက်တုံးကြီးတွေရဲ့ နောက်မှာ ဝှက်ထားခဲ့ရင် ကောင်းမယ်"

ဟုပြောသဖြင့် ထက်မင်းကျော်စွာက ကားကို ကျောက်တုံးကြီး နှစ်တုံးကြားသို့ မောင်းသွင်းထားခဲ့ပြီး နှစ်ယောက်သား တောင်ကုန်းထိပ်ဘက်သို့ တက်လာခဲ့သည်။

တောင်ကုန်းထိပ်မှ လှမ်းကြည့်သောအခါ အောက်ဘက်ရှိ မြေကွက်လပ်ကြီးမှာ ကြီးမားလှသော အဆောက်အအုံကြီး တစ်ခုကို လှမ်းမြင်ရသည်။ နှစ်ယောက်သား ကျောက်တုံးကြီးတစ်တုံး ဘေးမှထိုင်ရင်း အခြေအနေကို လှမ်းကြည့်ကြသည်။

အဆောက်အအုံကြီးမှာ အောက်ကတိုက်ခံ၊ အပေါ်မှ သစ်သားဖြင့် ဆောက်ထားသော ရှေးဟောင်း အဆောက်အအုံကြီး ဖြစ်သည်။

ကျယ်ဝန်းသောခြံဝန်းကြီးကို အုတ်တံတိုင်းအမြင့်များဖြင့် ကာရံထားသည်။ အပေါက်ဝ၌ လက်နက်ကိုင်ထားသော အစောင့်များရှိသည်။

"အဲဒါ ရွှေဘုန်းရဲ့စခန်းပဲ၊ အဆောက်အအုံကြီးက နှစ်ထပ်၊ အပေါ်ထပ်ကအခန်းမှာ ရွှေဘုန်းရဲ့အခန်းရှိတယ်"

ဟု ဇင်မာဝေက ပြောပြသည်။

"စခန်းက အတော်ကြီးကျယ်တာပဲ"

"ရွှေဘုန်းက ဒီနယ်မှာတော့ ဩဇာအာဏာရှိတယ်၊ အင်္ဂလိပ်အစိုးရ အရာရှိတွေကို သင့်မြတ်အောင်ပေါင်းပြီး သူကြိုက်တာလုပ်နေတာ၊ ဘိန်းအပါအဝင် မှောင်ခိုပစ္စည်းတွေကို တောင်ကြားလမ်းတွေကတစ်ဆင့် မြန်မာပြည်ထဲကို သွင်းတာလည်း သူတို့အဖွဲ့တော့ပဲ"





ဟု ဇင်မာဝေက သူသိသမျှ ပြောပြသည်။

သူတို့ကြည့်နေစဉ် ခြံဝန်းထဲမှ ကားအနက်ကြီးတစ်စင်း မောင်းထွက်လာသဖြင့် ခြံစောင့်များက တံခါးဖွင့်ပေးကြသည်။

မကြာမီ ကားကြီးက သူတို့ရှိရာဘက်သို့ မောင်းတက်လာသောကြောင့် နှစ်ယောက်သား ကျောက်တုံးများနောက်မှာ ပုန်းနေ လိုက်ရသည်။

မကြာမီ ရိုး(လ်)ရိုက်(ရ)ခေါ် ကားအနက်ကြီးက သူတို့ ပုန်းနေရာအနီးမှဖြတ်ကာ လမ်းမဘက်သို့ မောင်းသွားလေသည်။ ဖုန်များက ပတ်ဝန်းကျင်မှာ ဝေ့ဝဲကာကျန်ရစ်ခဲ့သည်။

သူတို့စီးလာသော ကားကို ကျောက်တုံးကြီးများ နောက်တွင် ဖုက်ထား၍သာ တော်ရော့သည်။ အမှတ်တမဲ့သာ ရပ်ထားပါက တွေ့သွားနိုင်သည်။ လွန်သွားသောအခါမှ ဇင်မာဝေက...

"ကျွန်မထင်တာတော့ အဲဒါ ရွှေဘုန်းစီးတဲ့ ကားပဲဖြစ်ရမယ်၊ သူ အပြင်ထွက်သွားတာ ထင်တယ်"

ဟု မှတ်ချက်ပေးသည်။

ထိုအခါမှ တောင်ကုန်းထိပ်ပေါ်သို့ ဝမ်းလျားမှောက်ကာ ပြန်တက်ပြီး ပတ်ဝန်းကျင်ကို အသေအချာ လေ့လာအကဲခတ် ကြည့်ရသည်။

ဂိတ်ပေါက်ဝ၌ အစောင့်တစ်ယောက်သာရှိပြီး အဆောက်အအုံကြီး၏ အဝင်နေရာတွင် နှစ်ယောက်ရှိသည်။

"ကိုယ် ခြံထဲကိုရအောင်ဝင်မယ်၊ ဖင်မာက ကိုယ့်ကို အကူအညီပေးရလိမ့်မယ်၊ လုပ်ဝံ့ပါ့မလား"

"ဖင်မာက ဘာမှမကြောက်ပါဘူး၊ လုပ်ရမယ့်အစီအစဉ်သာ အစ်ကိုကပြောပြပါ"

ဟုပြောသဖြင့် ထက်မင်းကျော်စွာက အစီအစဉ်ကို ပြောပြ သည်။

"အစ်ကိုတစ်ယောက်တည်း ဖြစ်ပါ့မလား"

"ဖြစ်ပါတယ်... အတွင်းရောက်ရင် တစ်ယောက်တည်း လုပ်ရမှာတွေများတယ်၊ နောက်ပြီး အကြောင်းတစ်စုံတစ်ရာဖြစ်ရင်လည်း ဖင်မာအတွက် နောက်ဆံ မတင်းရတော့ဘူး၊ အတွင်းက အခန်းတွေကို အကြမ်းဖျင်းလောက် ထပ်ပြောပေးပါဦး"

"အောက်မှာတော့ အစောင့်တွေရှိတယ်၊ လူနေတယ်၊ အပေါ်ထပ်မှာတော့ လူမနေဘူး၊ ဒါပေမယ့် အရေးကြီးတဲ့အလုပ်ခန်း တစ်ခန်းတော့ရှိတယ်၊ အဲဒီအခန်းက အမြဲပိတ်ထားတယ်၊ အနောက်ဘက်မှာတော့ ဥရောပတိုက်သားတွေနဲ့ ဧည့်သည်တွေလာရင် ဧည့်ခံဖို့ အခန်းကျယ်တစ်ခန်း ရှိတယ်၊ အဲဒီ





အောက်ဘက်မှာတော့ မီးဖိုခန်းရှိပြီး အနောက်ဘက်မှာတော့ အစောင့်နဲ့ အလုပ်သမားတွေနေတဲ့အခန်းနဲ့ တန်းလျားတွေ ရှိတယ်"

"လျှို့ဝှက်ခန်းက ဘယ်နေရာမှာလဲ"

"စာကြည့်ခန်းမှာဖြစ်မလား၊ ဒါမှမဟုတ် ရွှေဘုန်းနေတဲ့ အခန်းမှာလား မသိရဘူး၊ အပေါ်ရောက်မှ အစ်ကိုရှာရမှာ"

"ဒီလောက်သိရရင်တောင် အတော်လုံလောက်ပါပြီ၊ ကိုယ်ဝင်သွားတဲ့အခါမှာ မင်း ဂရုစိုက်နေ"

"ကျွန်မအတွက်တော့စိတ်ချပါ... ဘယ်အချိန်ဝင်မှာလဲ"

"နည်းနည်းမှောင်မှဝင်ရင် ပိုကောင်းမယ်"

"သဘောပဲလေ"

"လာ... ကားထဲမှာပါတဲ့ အစားအသောက်ကို စားပြီး နည်းနည်းလောက် နားလိုက်ကြရအောင်"

ဟု ပြောကာ ကားဆီသို့ပြန်လာကာ စားစရာ အနည်းငယ်စီ စားသောက်ကြပြီး ကားပေါ်မှာပင် တစ်မှေး မှေးအိပ်ကြသည်။

မောမောပန်းပန်းနှင့်ပို နှစ်ယောက်စလုံး အိပ်ပျော်သွားရာ တော်ဝန်းကျင်မှာ အမှောင်ရိပ်များ သန်းလာတော့မှ ၎င်းတို့ စီစဉ်ထားသည့်အတိုင်း စတင်လုပ်ကြလေတော့သည်။

မကြာမီ တောင်ဆင်းလမ်းအတိုင်း ကားတစ်စီး မီးထိုးပြီး ရွှေဘုန်း၏ ခြံဝန်းရှိရာဘက်သို့ တဖြည်းဖြည်း မောင်းဝင်လာသည်။

အစောင့်က အပြင်ဘက်အထိ ထွက်လာသည်။

ခြံနှင့် မလှမ်းမကမ်းရောက်သောအခါ ကားကရပ်သွားပြီး ကားပေါ်မှ ဇင်မာဝေ ဆင်းလာသည်။

ကားပေါ်မှ ကပိုကရိုနှင့်ဆင်းလာသော အမျိုးသမီးကို မြင်သောအခါ အစောင့်မှာ မျက်လုံးပြူးသွားသည်။

"မင်းဘယ်သူလဲ၊ ဒီကို ဘာကိစ္စနဲ့လာတာလဲ"

ဟု လှမ်းမေးသည်။

"ကျွန်မ ကန်ချလာဘူရီကပါ၊ ဆန်ကလာဘူရီကို သွားမလို့၊ အဲဒါ သွားရင်းနဲ့ ကားကဖောက်လာလို့ ဒီဘက်က မီးရောင်မြင်လို့ ဆင်းလာတာပါ၊ တစ်ဆိတ်လောက် ကြည့်ပေးပါလားရှင်"

ဇင်မာဝေက ထိုင်းဘာသာစကားဖြင့် ပြောလိုက်တော့ အစောင့်က ယုံကြည်သွားပုံရသည်။ စောစောက မျက်နှာပေါ်မှာ ပေါ်နေသော တင်းမာမှုများ ချက်ချင်းလျော့ကျသွားသည်။

မိန်းကလေးကို တပ်မက်သောအကြည့်နှင့် ကြည့်သည်။

"ငါက ဘာလုပ်ပေးရမှာလဲ"





"ကားနားလည်ရင် နည်းနည်းလောက်ကြည့်ပေးပါရှင်"

"ကားထဲမှာ ဘယ်သူပါသေးလဲ"

"ဘယ်သူမှမပါဘူး၊ ကျွန်မ တစ်ယောက်တည်းပါပဲ"

အစောင့်က အပိုင်တွက်လိုက်ဟန်ဖြင့် စောစောက ဘက်ထဲမှာ အဆင်သင့်ကိုင်ထားသောသေနတ်ကို ကျောတွင် သိုင်းလွယ်လိုက်ပြီး အနားလျှောက်လာသည်။

"ကားပြင်ခ ဘယ်လောက်ပေးမှာလဲ"

"ကျွန်မမှာ ငွေတော့သိပ်မပါဘူး၊ ဒါပေမယ့် ပါသမျှ တော့ ပေးထားခဲ့ပါမယ်"

"ကောင်းပြီ"

ဟုဆိုကာ ကားရှေ့သို့လာကာ ဘောနက်ဖုံးကိုဖွင့်သည်။ ရေတိုင်ကီမှ အခိုးအငွေ့များ ထွက်နေသည်။ အဖုံးဖွင့်လိုက်တော့ အတွင်းမှာ ရေလုံးဝမရှိသဖြင့် အပူငွေ့များထွက်လာသည်။

"ရေတိုင်ကီ ပေါက်နေသလားမသိဘူး၊ တိုင်ကီထဲမှာ ရေတစ်စက်မှမရှိဘူး၊ နေဦး... ငါ ရေသွားယူလိုက်ဦးမယ်"

ဟု ဆိုကာ မလှမ်းမကမ်းရှိရေတိုင်ကီမှ ရေတစ်ပုံးခပ်ယူလာပြီး ထည့်ပေးကာ ဘောနက်ဖုံးကို ပြန်ပိတ်လိုက်သည်။

"ကဲ... ကောင်းသွားပြီ"

"ကျွန်မ ဘယ်လောက်ပေးရမှာလဲ"

"ငါက ငွေမလိုချင်ဘူး"

ဇင်မာဝေက နားမလည်သလိုကြည့်နေစဉ် အစောင့်က သူမအနီးသို့တိုးလာပြီး သိုင်းဖက်လိုက်သည်။ ရုတ်တရက်ဆိုတော့ ဇင်မာဝေခမျာ အသက်ရှူမှားမတတ် ထိတ်လန့်သွားသည်။

ထိုအခိုက်မှာပင် ကားနောက်မှ လူတစ်ယောက်ထွက်လာပြီး ဦးခေါင်းကို သေနတ်ဒင်ဖြင့်ထုချလိုက်သောအခါ ခွေကျသွားတော့သည်။ ထက်မင်းကျော်စွာက အစောင့်ကို မလှမ်းမကမ်းရှိ ချုံဘေးသို့ဆွဲယူသွားပြီး အဝတ်အစားများကို ချွတ်ယူလိုက်သည်။ ပြီးလျှင် လက်နှင့်ခြေကို ကြိုးနှင့်တုပ်ပြီး ပါးစပ်ထဲသို့အဝတ်ဆို့ကာ ချုံအောက်သို့ထည့်ကာ ပြန်ထွက်လာသည်။

"ရော့... ဒီမှာ၊ ဒီအဝတ်အစားတွေကို အပေါ်က ထပ်ဝတ်ပြီး ဒီနေရာမှာ ဟန်မပျက်နေ၊ ဒါမှ ကျန်တဲ့လူတွေ မရိပ်မိမှာ"

"အစ်ကိုကရော..."

"ငါက အထဲကိုဝင်မယ်လေ... တကယ်လို့ ငါပြန်ထွက်မလာခင် အပြင်ထွက်သွားတဲ့ ကားတစ်စီးစီးဝင်လာတာမြင်ရင် ဘယ်နည်းနဲ့ပဲဖြစ်ဖြစ် မင်း လွတ်အောင်ပြေးပေတော့"





ဟု မှာကြားနေစဉ် အဆောက်အအုံကြီး အပေါက်ဝမှ အစောင့်တစ်ယောက် ထွက်လာသည်။

"ဟေ့... ခြံဝမှာကားတစ်စီးရပ်ထားတာ ဘာလဲဟေ့"

ဟု လှမ်းမေးသည်။

"ဧည့်သည်တစ်ယောက် ဆရာကြီးနဲ့တွေ့ဖို့ လာစောင့်နေတာဟေ့"

ဟု ထက်မင်းကျော်စွာက အသံအုပ်အုပ်ဖြင့် လှမ်းပြောလိုက်သည်။

"အေး... ဒါဖြင့် အထဲကို မဝင်စေနဲ့ဦး၊ အပြင်မှာပဲ စောင့်နိုင်းထားလိုက်၊ ကြားလား"

"အေး...အေး"

ထိုသို့ပြောပြီး အဆောက်အအုံထဲ ပြန်ဝင်သွားသည်။

ထိုစကားကြောင့် ပိုမိုယုတ္တိရှိစေရန် ထက်မင်းကျော်စွာက ကားကိုစက်နှိုးပြီး ခြံဝင်းနှင့်မလှမ်းမကမ်းရှိ သစ်တောထဲသို့ အဆင်သင့် မောင်းသွင်းထားလိုက်ပြီးမှ ခြံဘက်သို့ ပြန်လျှောက်ခဲ့သည်။

ထို့နောက် ဇင်မာဝေကို အစောင့်ဆီမှ ယူလာသော သေနတ်တစ်လက်ကို ပေးထားခဲ့ပြီး အခြေအနေကိုကြည့်ပြီး အမှောင်ရိပ်များမှ ဝင်းအတွင်းဝင်ခဲ့သည်။ စခန်းတွင် အကြီး

အကဲလုပ်သူ မရှိရိုက်တွင် အစောင့်များက ဝတ်ကျေတမ်းကျေ နေကြသဖြင့် ဘယ်သူကမှ သူ့ကို ဂရုပြုမိပုံမပေါ်ကြပေ။

အဆောက်အအုံကြီးနှင့် အနီးဆုံးနေရာသို့ရောက်သော အခါ ချုံကွယ်တစ်နေရာတွင်ရပ်ကာ အခြေအနေကို အကဲခတ် ကြည့်သည်။

အရှေ့ဘက်တွင် ဆင်ဝင်ရှိပြီး တံခါးကြီးနှစ်ချပ်ပိတ်ထား သော်လည်း အတွင်းမှအလင်းရောင်အချို့က မှန်တံခါးပေါက်မှ တစ်ဆင့် အပြင်သို့ ဖြာထွက်နေသည်။

အဝင်ဘက်မှ စကြံလမ်းတံခါးမှာ ဖွင့်ထားပြီး ထိုနေရာ တွင် အစောင့်နှစ်ယောက်ရှိသည်။

အပေါ်ထပ်မှာတော့ အလင်းရောင်များရှိသော်လည်း လှုပ်ရှားမှုမတွေ့ရပေ။

ထက်မင်းကျော်စွာက အခြေအနေကို အကဲခတ်ကြည့်ပြီး အဆောက်အအုံကြီးဘေးသို့ ရောက်အောင်ပြေးကာ ဆင်ဝင် တိုင်အနီးသို့ ပြေးကပ်သည်။ ထိုနေရာမှတစ်ဆင့် နောက်ဘက် သို့ ရောက်အောင်သွားသည်။ ထောင့်ချိုး တစ်နေရာသို့ ရောက်သောအခါ လှမ်းကြည့်လိုက်တော့ ထိုနေရာမှာ အစောင့် တစ်ယောက် ရှိနေသည်။





အစောင့်မှာ အခွင့်သာတုန်း ဆေးခြောက်ရှူနေသလား ဘိန်းရှူနေသလားမပြောတတ်ပေ။ တကုပ်ကုပ်နှင့် တစ်ယောက် တည်း အလုပ်ရှုပ်လျက်ရှိစဉ် ထက်မင်းကျော်စွာက ခြေဖွကာ အနီးသို့လျှောက်သွားပြီး သေနတ်ဒင်ဖြင့် နောက်စေ့ကို ထုချ လိုက်သည်နှင့် မြေပေါ်သို့လဲကျသွားသည်။ ထိုပတ်ဝန်းကျင်မှာ ဆေးခြောက်နံ့ကဲ့သို့ စိမ်းရွှေရွှေ အနံ့အသက်များရှိနေသည်။

သူက မေ့လဲနေသော အစောင့်ကို အမှောင်ရိပ်ထဲ ဆွဲသွင်းပြီး အဆောက်အအုံနောက်ဘက်သို့ လာခဲ့သည်။

နောက်ဘက်ထောင့်တွင် ရေတံလျှောက်ပိုက်လိုင်းတစ်ခု ရှိသဖြင့် ထိုပိုက်လိုင်းကို ခိုင် မခိုင်စမ်းကြည့်ပြီး အပေါ်သို့တက် သည်။ အပေါ်ထပ်နံရံမှ အထစ်ပေါ်ရောက်သောအခါ ခေတ္တ နားပြီး အခြေအနေကိုကြည့်သည်။ တံခါးများအားလုံး ပိတ်ထား သည့်အပြင် အတွင်းဘက်မှာလည်း သံတိုင်များစိုက်ထားသော ကြောင့် ပြတင်းပေါက်မှဝင်ရန် မလွယ်ပေ။

တံခါးချပ်ကို ဖွင့်လို့ရနိုင်တယ်ပဲထားဦးတော့၊ သံတိုင်များ ကို ပြတ်အောင်ဖြတ်ဖို့ကတော့ မလွယ်လှပေ။ အချိန်အတော် ပေးမှ ရမည်ဖြစ်သောကြောင့် ထိုအကြံအစည်ကို ဖယ်လိုက်ကာ ပိုက်လုံးမှတစ်ဆင့် ခေါင်မိုးပေါ်ရောက်အောင် ဆက်တက် ခဲ့သည်။

ခေါင်မိုးမှာ အုတ်ကြွပ်ပြားများ မိုးထားသည်။

သူသည် ပိုက်လုံးမှ အမိုးပေါ်ရောက်အောင် အတော်ကြိုးစားတက်ရသည်။

အမိုးမှာ ရေညှိများဖြင့်ချော်နေရုံမက လက်ကိုင်စရာမရှိသောကြောင့် အတော့်ကို သတိထား၍တက်ရသည်။ ဒါတောင်မှ တစ်ကြိမ်တွင် ကုတ်ထားသောလက် ချော်သွားသဖြင့် အောက်သို့ ပြုတ်ကျလာရာ ရေတံလျှောက်စွန်းကို လက်တစ်ဖက်က ဆုပ်မိလိုက်၍သာ တော်ရော့မည်။ မဟုတ်ပါက အောက်သို့ပြုတ်ကျရုံသာ ရှိတော့သည်။

ဒါတောင် လက်တစ်ဖက်ကသာမိပြီး ကျန်လက်တစ်ဖက်က မမိလိုက်ပေ။ လက်တစ်ဖက်တည်းနှင့် မိနေသောကိုယ်ခန္ဓာမှာ လေထဲမှာတွဲလောင်းကြီးဖြစ်နေသည်။

သူ အတန်ကြာအောင် အမောဖြေပြီးမှ ခက်ခက်ခဲခဲ ပြန်တက်တော့မှ ခေါင်မိုးပေါ်သို့ပြန်ရောက်သွားသည်။

ထို့နောက်တွင် ရေညှိဖြင့်ချောထွက်နေသော အုတ်ကြွပ်ပြားများပေါ်မှာ သတိနှင့်ထိန်းလျှောက်ရင်း သန့်ရှင်းရေးလုပ်ရန် ခေါင်မိုးတစ်နေရာတွင် ဖောက်ထားသော ဝင်ပေါက်ဆီသို့ လျှောက်လာခဲ့သည်။





ထိုနေရာရောက်သောအခါ အဖုံးတံခါးကိုဖွင့်၍ လှေခါးထစ်များမှတစ်ဆင့် အောက်သို့ဆင်းခဲ့သည်။

အတန်ငယ်ဆင်းမိသောအခါ မှောင်နေသော ထပ်ခိုးတစ်ခုပေါ်သို့ ရောက်သွားသည်။

ထိုနေရာတွင် မီးရောင်မရှိသဖြင့် မှောင်မည်းနေရုံမက ပင့်ကူအိမ်ပိုးအိမ်များလည်း ရှုပ်ထွေးလျက်ရှိသည်။

ငင်းနေရာသည် အတွင်းခန်းနေရာဖြစ်သောကြောင့် တံခါးနေရာကိုသွားကာ တွန်းကြည့်တော့ အလွယ်တကူ ပွင့်ထွက်သွားသဖြင့် အပြင်သို့ထွက်သည်။

အပြင်မှာ မီးလင်းနေသော စင်္ကြံလမ်းတစ်ခု တွေ့သော်လည်း လူရိပ်လူခြေတော့ မတွေ့ရပေ။ သူရောက်နေသောနေရာမှာ အပေါ်ထပ်ခိုးဖြစ်ဟန်ရှိပြီး အောက်တက်သို့ဆင်းသော လှေကားတစ်ခုကို လှမ်းမြင်ရသည်။

ထက်မင်းကျော်စွာ အခြေအနေကိုကြည့်ပြီး လှေကားဆီသို့လာကာ အောက်သို့ဆင်းသည်။ အောက်တွင် အခန်းကျယ်ကြီး တစ်ခန်း၏ စင်္ကြံလမ်းကိုတွေ့ရသည်။ အခန်းပြည့် ကော်ဇောနီများ ခင်းထားလေသည်။ စင်္ကြံလမ်း၏ ဘေးတစ်ဖက်တစ်ချက်မှာ ပိတ်ထားသော အခန်းပေါင်းများစွာ ရှိသည်။ တံခါးများအားလုံးကို ကျွန်းတံခါးများ တပ်ဆင်

ထားသည်။ ဖင်မာဝေ၏ပြောပုံအရ ဆိုလျှင် ရွှေဘုန်း၏ စာကြည့်ခန်း သို့မဟုတ် လျှို့ဝှက်ခန်းက ထောင့်ဘက်လောက်တွင် ရှိပေမည်။

သူ ထောင့်ဆုံးခန်းရှိရာသို့ လျှောက်လာပြီး ပိတ်ထားသော တံခါးကိုတွန်းကြည့်တော့ ချက်ချထားသည်။ ထို့ကြောင့် မိမိအိတ်ထဲတွင် ဆောင်ထားသော မာစတာကီးကို ထုတ်ပြီး ကြိုးစားဖွင့်ကြည့်တော့မှ ပွင့်သွားသည်။

အခန်းထဲမှာ မီးထွန်းမထားသော်လည်း မှန်တံခါးမှ တစ်ဆင့် အပြင်မှဝင်နေသော မီးရောင်အချို့ကြောင့် အခန်းထဲရှိ ပစ္စည်းများကို မြင်နေရသည်။ ထက်မင်းကျော်စွာက အိတ်ထဲမှ လက်နှိပ်မီး အသေးစားလေးကိုထုတ်ကာ လိုချင်သောပစ္စည်းများကို လိုက်လံရှာဖွေကြည့်သည်။

အခန်းထဲ မှာရှိသော ဘီရို၊ စားပွဲ စသော အသုံးအဆောင်ပစ္စည်းများကို သူ့နေရာနှင့်သူ စနစ်တကျထားလေသည်။

အခန်းအလယ်မှာတော့ စားပွဲရှည်ကြီး တစ်လုံးနှင့် တစ်ဖက်တစ်ချက်မှာ ကုလားထိုင်များ ချထားသည်။

ပြတင်းပေါက်နှင့် နီးသောနေရာမှာတော့ ကုလားထိုင် တစ်လုံးနှင့် စားပွဲတစ်လုံးကို သီးသန့်ချထားသည်။





အခန်းမှာ ရွှေဘုန်း၏ အလုပ်ခန်း ဖြစ်ဟန်ရှိသလို အရေးကြီးသော အစည်းအဝေးကိစ္စများကိုလည်း ထိုအခန်းထဲမှာပင် ပြုလုပ်သည့်ဟန် ရှိပေသည်။

အခန်းနံရံများမှာတော့ ထိုင်း၊ မြန်မာ၊ တရုတ်၊ လာအို၊ အိန္ဒိယ၊ မလေးရှား အစရှိသော တိုင်းပြည်မြေပုံများကို ချိတ်ဆွဲထားသည်။ မြေပုံစာရွက်များပေါ်တွင် အချို့အရေးကြီးသော နေရာများကို သင်္ကေတအမှတ်အသားများ ပြုလုပ်ထားသည်။ အရေးကြီးသောနေရာများကို မှင်နီဖြင့် စက်ဝိုင်းများဝိုင်းပြထားပြီး မြှားများ ပြထားသည်။

ရင်းနေရာများမှာ ထိုတိုင်းပြည်များသို့ လျှို့ဝှက်ဝင်နိုင်သော နေရာများ၊ ရေလှောင်ကန်ကြီးများရှိရာ မြစ်ချောင်းအင်းအိုင် ပင်လယ်ရှိသော နေရာများဖြစ်ကြောင်း သတိပြုမိသည်။

မြန်မာနိုင်ငံ မြေပုံပေါ်မှာတော့ တနင်္သာရီကမ်းမြှောင်ဒေသသို့ ထိုင်းပင်လယ်ကွေ့ဘက်မှ ပတ်ဝင်မည့်လမ်းကြောင်းများကို မြှားများဖြင့် ပြထားသည်ကို တွေ့ရသည်။

အခြားနိုင်ငံရှိ ရေနှင့်ပတ်သက်သော အရေးကြီးသည့် နေရာများကို အမှတ်အသား ပြုလုပ်ထားလေသည်။

အခန်းထောင့်တစ်နေရာမှာတော့ ထိုင်းနိုင်ငံနယ်နိမိတ်ဖြစ်သော ဆန်ကရာဘူရီ လမ်းမကြီးနှင့် ပတ်သက်သော အဝင် အထွက် လမ်းမများကို အရေးတကြီး ရေးမှတ်ထားသည်ကို တွေ့ရသည်။ တစ်နေရာတွင် အမှတ်အသားတစ်ခု ပြထားပြီး (OMEGA) ဟူသော စာလုံးရေးထားသည်။

သေချာပြီ…

သူလိုချင်သော အိုမီဂါစီမံကိန်းရှိသော နေရာကိုပြသော မြေပုံကိုတွေ့သဖြင့် ဖြုတ်ယူ၍ခေါက်ကာ ဘောင်းဘီထဲထည့်လိုက်သည်။ ထို့နောက်တွင် စားပွဲနှင့်ဘီရိုထဲသို့ နှံ့စပ်အောင် လိုက်လံရှာဖွေသောအခါ အခြားအချက်အလက်များကိုလည်း တွေ့သဖြင့် ယူဆောင်လာခဲ့ပြီး အခန်းထဲမှထွက်ကာ တံခါးကို ပြန်ပိတ်လိုက်သည်။

မိမိလိုချင်တာ ရပြီဖြစ်သောကြောင့် ဝင်လမ်းအတိုင်း ပြန်ထွက်ရန် စဉ်းစားလိုက်စဉ်မှာ အဆောက်အအုံကြီး နောက်ဘက်မှ လူသံအချို့ကို ကြားရသဖြင့် ငုံ့ကြည့်လိုက်တော့ ထိုနေရာတစ်ဝိုက်မှာ လက်နက်ကိုင် အစောင့်သုံးလေးယောက်ခန့် အရေးတကြီး လှုပ်ရှား သွားလာနေသည်ကို အပေါ်မှမြင်ရသည်။

မိမိရိုက်ခဲ့သောအစောင့်ကို တွေ့သွားလေပြီလား…။





ဒါမှမဟုတ် တစ်စုံတစ်ခု မသင်္ကာစရာ တွေ့သွားလေပြီလား မသိရသော်လည်း သူ့အတွက်ကတော့ ထိုနေရာမှ ဆင်းရန် ဘယ်လိုမှ အခြေအနေမပေးတော့ချေ။

ထို့ကြောင့် အိတ်ထဲမှသေနတ်ကို ဆွဲထုတ်လိုက်သည်။

ထိုအချိန်မှာ ဟိုအဝေးဆီမှမောင်းလာသော ကားစက်သံသဲ့သဲ့ကို ကြားလိုက်ရသည်။

ဟိုက်ဝေးလမ်းမကြီးပေါ်က အခြားကားတစ်စီးစီး ဖြတ်မောင်းသွားတာလည်း ဖြစ်နိုင်သည်။

ဒါမှမဟုတ် ရွှေဘုန်းတို့ပြန်လာတာလည်း ဖြစ်နိုင်ပေသည်။

ဘယ်လိုပဲဖြစ်ဖြစ် သူ့အတွက်ကတော့ အမြန်ဆုံး အပြင်သို့ ပြန်ထွက်နိုင်ရန် အရေးကြီးနေသည်။

ထက်မင်းကျော်စွာ သေနတ်ကို အဆင့်သင့်ကိုင်ပြီး လှေကားကျယ်ကြီးမှ အောက်သို့ဆင်းလာခဲ့သည်။

လှေကား အလယ်လောက်ရောက်တော့ အောက်ကို ငုံ့ကြည့်လိုက်သည်။ အစောင့်နှင့် လူသွားလူလာမတွေ့ရသဖြင့် ဆက်ဆင်းခဲ့သည်။

ထိုသို့မတွေ့ရသဖြင့် စိတ်ထဲမှာ စနိုးစနောင့်ဖြစ်သွားသည်။ ထိုအခိုက်မှာပင် ကြားနေရသောကားသံက နီးသထက်

နီးလာသည်ကို ကြားလိုက်ရသဖြင့် အချိန်မဆွဲတော့ဘဲ နောက်ထပ် တွေ့သောလှေကားမှ အောက်ထပ်သို့ဆက်ဆင်းသည်။

အောက်ထပ်မှာလည်း အစောင့်မရှိပေ။

အရှေ့ဘက်မှ အစောင့်တွေအားလုံး အဆောက်အအုံကြီး၏ အနောက်ဘက်သို့ သွားနေကြပြီလားဟု တွေးစရာတော့ ရှိသည်။

သို့ဆိုလျှင်လည်း သူ့အတွက်ကတော့ အခြေအနေမယုတ်နိုင်ပေ။ လှေကားမှ တံခါးဝရှိရာသို့ ခပ်သုတ်သုတ်ဖြတ်ပြေးသည်။ တံခါးဝရောက်တော့မှ နောက်မှ ရန်သူကပေါ်လာပြီး...

"ဟော့... ရပ်လိုက်စမ်း"

နောက်ဘက်မှ အမိန့်ပေးသံ ပေါ်လာသည်။

အနည်းဆုံး နှစ်ယောက်တော့ရှိမည်။

ထက်မင်းကျော်စွာ ဖျတ်ခနဲ ဒူးညွှတ်ချလိုက်ပြီး နောက်ဘက်သို့လှည့်သည်။

ဇလကောင်းကောင်း တစ်ယောက်နှင့် ပိန်ပိန် တစ်ယောက်။

ပိန်ပိန်ငနဲက လက်ထဲမှပစ္စတိုဖြင့် လှမ်းပစ်သည်။





နောက်သို့ လှည့်လိုက်စဉ်မှာပင် ဒူးညွှတ်ပြီးဖြစ်သောကြောင့် ကျည်ဆန်က ခေါင်းပေါ်မှ သီသီကလေး ဖြတ်ကျော်သွားသည်။

ထက်မင်းကျော်စွာလက်မှ လူဂါသေနတ်မှ မီးတစ်ချက်ပွင့်ထွက်သွားသည်။ ပိန်ပိန်လူမှာ နောက်သို့ မြောက်တက်သွားပြီး နောက်မှ နံရံဖြင့်ဆောင့်မိကာ ရှေ့သို့ မှောက်လျက်လဲကျကာ ငြိမ်ကျသွားသည်။ ထိုအချိန်မှာ ဇလကြီးက သူ့အနီးရောက်လာပြီး အတင်းဝင်လုံးသည်။ သေနတ်ဖြင့် ပစ်ရန်ပင် အချိန်မရလိုက်။

ဇလကြီးက လူကောင်ထွားသလောက် လျင်မြန်လှသည်။

ထက်မင်းကျော်စွာပေါ်မှ ခုန်အုပ်လိုက်ရာ နှစ်ယောက်သား ကြမ်းပြင်ပေါ်သို့ ပစ်ကျသွားသည်။

ကြမ်းပြင်နှင့် ခေါင်းဖြင့်ဆောင့်မိ၍ မူးနေစဉ် မျက်နှာသို့ လက်သီးတစ်ချက်ဝင်လာသည်။

ဇလကြီးက ထက်မင်းကျော်စွာလက်ထဲမှ လူဂါသေနတ်ကို အတင်းလုသည်။

ဇလကြီးက သေနတ်ကိုင်ထားသော ထက်မင်းကျော်စွာ၏ လက်ကိုလိမ်သည်။

ညစ်သည်။

နံရံဖြင့် ရိုက်သည်။

ထက်မင်းကျော်စွာလက်မှ လူဂါသေနတ် လွင့်ထွက်သွားသည်။

ထိုအခါ ထက်မင်းကျော်စွာက ကိုဗလ နားခေါင်းကို လွတ်နေသောလက်သီးဖြင့် အားကုန်ထိုးသည်။

'ဂျွတ်'ခနဲ နှာခေါင်းရိုးကျိုးသံနှင့်အတူ ကိုဗလ နောက်ဘက်သို့ လန်ထွက်သွားသည်။

နှာခေါင်းနှင့်ပါးစပ်မှ သွေးများစီးကျလာရင်း ကုန်းထလာကာ ခါးမှသေနတ်ကိုဆွဲထုတ်သည်။

ထက်မင်းကျော်စွာက မိမိ၏ လူဂါသေနတ်ရှိရာသို့ တစ်ချက်လှိမ့်သည်။ သေနတ်လက်ထဲရောက်သည်နှင့် ပစ်ကွင်းရှာနေသော ကိုဗလကို ပစ်သည်။

'အင့်'ခနဲ တစ်ချက်သာအော်နိုင်ပြီး နောက်သို့ လန်ထွက်သွားသည်။

ထိုအချိန်မှာ မမျှော်လင့်ဘဲ လဲကျနေသော ကိုပိန်ရှည်ထံမှ သေနတ်သံတစ်ချက်ထွက်လာပြီး ညာဘက် ပခုံးစွန်းကို ရှပ်ထိပြီး သေနတ်လွတ်ကျသွားသည်။

ပြန်မကောက်အားတော့။





လက်မောင်းတွင်ချည်ထားသော ဓားအိမ်မှ ပေါက်ဓားဘစ်ချောင်းကို ဖျတ်ခနဲထုတ်လိုက်သည်။

ထိုအချိန်၌ ဒဏ်ရာရထားသော ကိုပိန်ရှည်က ဝမ်းလျားမှောက်၍ လက်ထောက်ကာ ပစ်ကွင်းကိုရှာသည်။

"ဝှစ်"

"ဒိုင်း"

ဓားပေါက်သံနှင့် သေနတ်သံက ရှေ့နောက်ဆင့်ကာ ထွက်သွားသည်။ ထက်မင်းကျော်စွာက ဝပ်ချလိုက်၍ ကျည်ဆန်က အပေါ်မှရှပ်သွားပြီး ပေါက်ဓားက ကိုပိန်ရှည်၏ နဖူးတည့်တည့်မှာ စိုက်ဝင်နေသည်။ ကိုပိန်ရှည်၏ မျက်နှာပေါ်ဝယ် မယုံကြည်နိုင်မှုများ ဖြစ်ပေါ်လာပြီး နောက်သို့လဲကျသွားသည်။

ရန်သူနှစ်ယောက်ရှင်းသွား၍ 'ပွဲပြီးပြီ'ဟုထင်၍ သေနတ်ကောက်ရန်ထလိုက်စဉ် နောက်ဘက်မှ ညာသံပေး၍ အော်ထွက်လာသံကြားရသဖြင့် ဖျတ်ခနဲ လှည့်ကြည့်လိုက်သည်။

လူဝကြီးတစ်ယောက်က သားလှီးဓားကြီးကို မြှောက်ကာ ပြေးချလာသည်။

အနီးရောက်သောအခါ ထက်မင်းကျော်စွာ၏ ခေါင်းကို ခုတ်ချလိုက်သည်။ မီးရောင်ကြောင့် ဓားရောင်က လက်ခနဲ ဖြစ်သွားသည်။

ထက်မင်းကျော်စွာ နောက်သို့ လှန်ချပေးလိုက်သည်။

သားလိုးဓားကြီးက လေ့ကားလက်ရမ်းကို 'ဒုန်း'ခနဲ ခုတ်မိသွားသည်။

ဓားကို ချက်ချင်းနုတ်၍ နောက်က လိုက်ခုတ်သည်။

စားဖိုမှူး၏ ဓားချက်မိသမျှ ပစ္စည်းများမှာ ထက်ပိုင်း ပြတ်ထွက်ကုန်သည်။

စားဖိုမှူးက သူ့ဓားနှင့်သူတော့ အတော့်ကို လျင်မြန် သွက်လက်လှသည်။

ထက်မင်းကျော်စွာမှာ ဓားရော၊ သေနတ်ပါ အဝေးသို့ ရောက်နေ၍ ဓားချက်များကို လွတ်အောင်ရှောင်ပေးရုံမှလွဲပြီး ထိထိရောက်ရောက် တုံ့ပြန်မှုများမပြုနိုင်ပေ။

ထက်မင်းကျော်စွာ နံရံသို့ကပ်မိသွားသောအခါ စားဖိုမှူး က ပြေးခုတ်သည်။ လွတ်ရုံကလေး ရှောင်ပေးလိုက်ရာ နားရွက်ဘေးမှ နံရံကို ဒုန်းခနဲ စိုက်ဝင်သွားသည်။

ထက်မင်းကျော်စွာ ဒူးကိုကွေး၍ စားဖိုမှူး၏ရင်ဝကို ဆောင့်ကန်ပစ်လိုက်သည်။

"အင့်" ခနဲအော်ပြီး နောက်သို့ ဆုတ်သွားလေသည်။

ထက်မင်းကျော်စွာက နံရံကိုခြေကန်၍ အရှိန်ဖြင့် ပြေးကာ စားဖိုမှူး၏လည်မျိုကို ခြေစောင်းဖြင့်ပင့်ကန်လိုက်ရာ လည်ပင်းရိုး ကျိုးသံပေါ်လာပြီး လဲကျသွားလေတော့သည်။





လုံးဝမလှုပ်တော့။

ထက်မင်းကျော်စွာ နေရာမှ သေနတ်ရှိရာသို့ လျှောက် သွားစဉ် တံခါးဝဘက်မှ အမိန့်ပေးသံ ပေါ်ထွက်လာသည်။

"တော်လောက်ပြီ လက်မြှောက်ပြီး ရပ်နေလိုက်တော့"

ဩဇာတိက္ကမပါသော အသံကို ကြားလိုက်ရသဖြင့် လှည့်ကြည့်လိုက်ရာ တံခါးဝတွင် မားမားကြီးရပ်ကာ စစ်သုံး သေနတ်ကြီးဖြင့် ချိန်ထားသော လူထွားကြီးတစ်ဦးကို တွေ့လိုက် ရသည်။

"ရွှေဘုန်း"

အခန်းထဲသို့ ဝင်လာသည်။

နောက်ဘက်မှာ သေနတ်ကိုင်ထားသော တပည့် နှစ်ယောက် ပါလာသည်။

သူတို့နောက်တွင် ဇင်မာဝေကို လူနှစ်ယောက်က ဆွဲချုပ်ခေါ်လာသည်။ ထက်မင်းကျော်စွာ ဘာမှမတတ်သာ တော့ပေ။

တစ်ယောက်က အတွင်းသို့ဝင်လာပြီး ထက်မင်းကျော်စွာ ၏ လူဂါသေနတ်ကို အဝေးသို့ရောက်အောင် ကန်ထုတ်ပစ် လိုက် သည်။

ဇင်မာဝေက ငိုမဲ့မဲ့မျက်နှာလေးဖြင့်...

"ကျွန်မ တောင်းပန်ပါတယ်"

ဟု လှမ်းပြောသည်။

ထက်မင်းကျော်စွာက ဖင်မာဝေကိုကြည့်ပြီး သနား သွားသည်။

မိမိလိုလူမျိုးက 'သေတစ်နေ့ မွေးတစ်နေ့'မို့ သေဘေး နှင့် ကြုံရသည်မှာ မဆန်းသော်လည်း သူမခမျာ ကြားထဲမှ ဓားစာခံ ဖြစ်ရတော့သည်။

ရွှေဘုန်းမှာ အရပ်မြင့်မြင့်၊ ကိုယ်လုံးကိုယ်ထည် တောင့် တင်းသန်မာလှပြီး နှုတ်ခမ်းမွေးများဖြင့် ခန့်ထည်လှသည်။

သို့သော်…

၎င်း၏မျက်နှာပေါ်တွင် ရက်စက်သော အသွင်ဖြင့် ကောက်ကျစ်သော မျက်လုံးများကတော့ ပေါ်လွင်လှသည်။

ခြုံ၍ကြည့်လျှင် အလွန်ကြမ်းတမ်းရက်စက်မည့် လူမျိုး ဆိုတာ သိသာနိုင်ပေသည်။

ရွှေဘုန်းက အိမ်တွင်းသို့ တစ်လှမ်းချင်း ဝင်လာကာ အိမ်တွင်း၌ အလဲလဲအပြိုပြိုဖြစ်နေသော ၎င်း၏တပည့်များကို မျက်လုံးတစ်ချက် ဝေ့ကြည့်သည်။

"အင်း… ခင်ဗျားလက်ရည်က ကျုပ် မျှော်လင့်တာနဲ့ တောင် ပိုပြီးတော်နေပါလား။ ကျုပ်ကိုတော့ ခင်ဗျားတော်တဲ့





အကြောင်း။ အန္တရာယ် သိပ်များတဲ့အကြောင်း သူတို့က ကြိုပြောထားကြပါတယ်၊ ကျုပ်က နည်းနည်း လျှော့တွက်ထား လိုက်မိလို့ အခုလို…"

သေဆုံးနေသော သူ့တပည့်များကို ကြည့်ပြန်သည်။

ရွှေဘုန်းက ပစ္စတိုသေနတ်ကြီးဖြင့် ထက်မင်းကျော်စွာ၏ နဖူးတည့်တည့်ကို ချိန်ထားသည်။

ခလုတ်ဆွဲလိုက်မည့် အချိန်ကိုသာ ထက်မင်းကျော်စွာ စောင့်နေမိသည်။

သို့သော်…

ရွှေဘုန်းက စိတ်တစ်မျိုးပြောင်းသွားဟန်ဖြင့် သေနတ် ကို အိတ်ထဲပြန်ထည့်လိုက်သည်။

"ထစမ်း…"

ရွှေဘုန်း၏ အမိန့်ပေးသံကြီးက အခန်းထဲမှာ ဟိန်းထွက် သွားသည်။

ထက်မင်းကျော်စွာ နေရာမှထရပ်သည်။

ကျည်ဆန်ပွတ်ထိထားသော နေရာမှ သွေးများ စိမ့်ထွက် နေကာ တစ်စစ်စစ် နာကျင်ကိုက်ခဲနေသည်။

အင်္ကျီလည်ကုပ်နှင့် လက်မောင်းသား တစ်ဝိုက်မှာလည်း သွေးများရွှဲစိုနေသည်။

တစ်ယောက်က သေနတ်ဖြင့် ချိန်ထားပြီး ကျန်တစ်ယောက်က ထက်မင်းကျော်စွာ၏ တစ်ကိုယ်လုံးကို နှံအောင်ရှာသည်။

ဘောင်းဘီအိတ်အတွင်းမှ မြေပုံစာရွက်ကို တွေ့သွားသည်။ ထိုသူက မြေပုံစာရွက်ကို ရွှေဘုန်းကို လှမ်းပေးလိုက်သည်။ ရွှေဘုန်းက မြေပုံစာရွက်ကိုလှမ်းယူပြီး ကြည့်ကာပြုံးလိုက်သည်။

"သူ့ကို လက်ထိတ်ခတ်ပြီး ငါ့ရုံးခန်းထဲခေါ်လာခဲ့၊ ဒီလူနာတွေကိုလည်း ကြည့်လိုက်ကြဦး"

ဒါပဲပြောပြီး ရွှေဘုန်းက လှည့်ထွက်သွားသည်။

တစ်ယောက်က သေနတ်ဖြင့်ချိန်၍ ကျန်တစ်ယောက်က သူတို့နှစ်ယောက်ကို လက်ထိတ်ခတ်သည်။

ထို့နောက် အောက်ထပ်ရှိ ရွှေဘုန်း ရုံးခန်းအတွင်းသို့ ခေါ်သွားလေသည်။

အောက်ထပ်ရှိ စာကြည့်တိုက်ကျယ်ကြီးမှာ ရွှေဘုန်း ရုံးခန်းအဖြစ်သုံးမည်ဟု ထက်မင်းကျော်စွာ၏ ခန့်မှန်းချက်မှာ မှန်ပေ၏။

ရွှေဘုန်းက မဟော်ဂနီရောင် တောက်ပလျက်ရှိသည့် စားပွဲရှည်ကြီးနောက်ဘက်မှ ကုလားထိုင်ပေါ်တွင် ထိုင်နေသည်။





သူသည် ထက်မင်းကျော်စွာကို စူးစူးစိုက်စိုက်ကြည့်ကာ ဘစ်စုံတစ်ခုကို လေးလေးနက်နက် စဉ်းစားနေပုံရသည်။

အခန်းထဲရောက်သောအခါ ဇင်မာဝေကို လက်ထိတ်ခတ်ထားဘဲ ထက်မင်းကျော်စွာကိုတော့ လက်ထိတ်ခတ်ထားသည်။

အစောင့်နှစ်ယောက်က မောင်းပြန် သေနတ်များကို အသင့်ကိုင်ကာ အခန်းပေါက်ဝတွင် အသင့်စောင့်နေကြသည်။

အတန်ကြာမှ ရွှေဘုန်းက–

"မောင်ရင်က ဒီအကြောင်းကို ခြေရာခံလိုက်ပြီး စုံစမ်းနေတာဆိုတော့ ဘယ်လောက်ထိ စုံစမ်းလို့ရပြီလဲ"

ဟု မေးလိုက်သည်။

"အခု ခင်ဗျားနဲ့ တွေ့နေရတဲ့အထိတော့ စုံစမ်းလို့ရပြီးပြီ"

ရွှေဘုန်း မျက်နှာတစ်ချက် ပျက်သွားသည်။

"တခြားရော ဘာသိတာရှိသေးလဲ"

ထက်မင်းကျော်စွာက တည်တည်ငြိမ်ငြိမ်ပင် ပြန်ဖြေသည်။

"နောက် ကျုပ်သိတာကတော့ အိုမီဂါစီမံကိန်းမှာ ဒေါက်တာဇီဝဆိုတဲ့ မြန်မာပြည်က ပညာရှင်တစ်ယောက်ကို

ချုပ်ကိုင်ထားတာရယ်၊ အပြစ်မဲ့တဲ့လူတွေကို ရောဂါကူးပေးမယ်ဆိုပြီး ရောဂါတွေ ပေးနေတာရယ်၊ စမ်းသပ်မှုတွေကြောင့် ငါးတွေ လူတွေ သေရတာရယ်... နောက်ပြီး...”

ဟု ပြောကာ ရပ်ထားလိုက်သည်။

ရွှေဘုန်းက မချင့်မရဲ ဖြစ်သွားပုံရသည်။

“ဆက်ပြောပါဦး”

“နောက်တစ်ချက်ကတော့ စမ်းသပ်မှုအောင်မြင်သွားရင် ဒီဖော်မြူလာကို နိုင်ငံအတော်များများက ခေါင်းဆောင်တွေနဲ့ ဆက်သွယ်ပြီး ရောင်းချမယ်ဆိုတာရယ်၊ အင်္ဂလိပ်အစိုးရကို အကျပ်ကိုင်ပြီး ကိုယ့်နိုင်ငံက ဖယ်ခိုင်းပြီး ခင်ဗျားတို့ လက်ဝါးကြီးအုပ်စိုးမယ် ဆိုတာလောက်ပဲ သိတာပါ”

ဟု အေးအေးဆေးဆေး ပြောပြလိုက်သည်။

“ဒီသတင်းတွေက ဘယ်လောက်အထိ ပြန့်နေပြီလဲ”

“အင်း... အခုဆိုရင်တော့ နိုင်ငံအတော်များများက ထောက်လှမ်းရေးသမား အတော်များများက သိကြပြီဆိုတော့ အိုမီဂါစီမံကိန်းကို မပျက် ပျက်အောင်တော့ ကြိုးစားကြလိမ့်မယ်၊ ခင်ဗျားတို့ ဘယ်နည်းနဲ့မှ လွတ်မှာမဟုတ်တော့ဘူး”

ထက်မင်းကျော်စွာစကား ကြားသောအခါ ရွှေဘုန်းမှာ အကြီးအကျယ် မျက်နှာပျက်သွားလေသည်။ ထိုအမူအရာကို





အကဲခတ်မိလိုက်သော ထက်မင်းကျော်စွာက မိမိ၏စကား မြားချက်မှာ လိုရာပစ်မှတ်သို့ ရောက်သွားပြီ ဖြစ်ကြောင်း ရိပ်မိလိုက်သည်။

“မောင်ရင်ပြောတာတွေဟာ တကယ်ပဲလား”

“ကျုပ် စုံစမ်းရသမျှ ပြန်ပြောပြတာပါ”

ရွှေဘုန်းက အံဆွဲထဲမှ ဆေးပြင်းလိပ် တစ်လိပ်ထုတ်ကာ မီးညှိပြီး မီးခိုးတထောင်းထောင်းထအောင်ဖွာ၍ လေးလေးနက်နက် စဉ်းစားနေသည်။

“အခု အိုမီဂါစီမံကိန်း အကောင်အထည် ဖော်နိုင်ဖို့ ဆိုတာကလည်း ဒီနယ်မှာ ခင်ဗျားရဲ့ကူညီပံ့ပိုးပေးမှုနဲ့ အကာအကွယ်ပေးမှုကြောင့် အောင်မြင်နေတယ်ဆိုတာ သူတို့သိကြတယ်၊ ဒီနယ်တစ်ဝိုက်မှာ ခင်ဗျားကအဓိကပဲ၊ ဒီတော့ အိုမီဂါစီမံကိန်းကို ဖြိုချင်ရင် ခင်ဗျားကို အရင်ဖြိုရမယ်ဆိုတာပါ အားလုံးက သဘောပေါက်ကြပါတယ်၊ ဒီစီမံကိန်းရဲ့ ရည်ရွယ်ချက်ကိုတော့ ဘယ်တိုင်းပြည်ကမှ သဘောမကျကြပါဘူး”

“ကျုပ်တို့ရဲ့ရည်ရွယ်ချက်က ဆင်းရဲတဲ့လူတွေအတွက် ဆေးကုသပေးဖို့၊ ဆေးရုံတစ်ရုံထူထောင်ဖို့နဲ့ ရောဂါကုသဖို့ ဆေးဝါးတွေ ဖော်စပ်နေတာပဲ”

"ဒါက အပေါ်ယံအမြင်ပါ၊ ကျုပ်အမြင်ပြောရရင်တော့ အိုမီဂါစီမံကိန်းကလူတွေက ခင်ဗျားကိုမက်လုံးပေးပြီး စည်းရုံးဘားတာပါ။ တကယ်လို့ သူတို့စီမံကိန်း အောင်မြင်သွားရင်တော့ ခင်ဗျားကို ချမ်းသာပေးမှာမဟုတ်ဘူး"

"အင်း... ဒါကတော့..."

ရွှေဘုန်းက ဆေးပြင်းလိပ်ကြီးကို မီးနိုး တထောင်းထောင်း ဖြစ်အောင် ဖွာရင်း မျက်မှောင်ကြုတ်ကာ စဉ်းစားနေသည်။

အခန်းထဲမှာ တိတ်ဆိတ်မှုက မင်းမူနေသည်။

ဇင်မာဝေမှာ အစောင့်အဝတ်အစားများနှင့်ပင် ရှိသေးပြီး စိုးရိမ်မှုကြောင့် သူမ၏မျက်နှာလေးမှာ ဖြူဖပ်ဖြူရော် ဖြစ်နေသည်။

ထက်မင်းကျော်စွာက တစ်ချက်ငဲ့ကြည့်ပြီး ဘာမှ အားမငယ်စေရန် ခေါင်းတစ်ချက် ညိတ်ပြလိုက်သည်။

"ကဲ... ကျုပ်ကတော့ ပြောစရာကုန်သွားပြီ ခင်ဗျားတို့ ကျုပ်ကို ဘာလုပ်ကြမှာလဲ၊ ဒီအတိုင်း မိတ်ဖြစ်ဆွေဖြစ် ခေါ်တွေ့တာတော့ မဟုတ်ပါဘူး"

"မဟုတ်ပါဘူး။ တကယ်လုပ်ရမှာကတော့ မောင်ရင့်ကို သတ်ပစ်လိုက်ရုံကလွဲပြီး တခြားလုပ်စရာမမြင်ပါဘူး။ မောင်ရင့်





လက်ချက်ကြောင့် ကျုပ်တို့လူတွေသေတာလည်း မနည်းတော့ပါဘူး။ ကျုပ်လူတွေအတွက် အခုနေ မောင်ရင့်ကို သတ်ပစ်ရင်တောင်မှ ကျုပ်တို့ဘက်က နစ်နာနေပါသေးတယ်၊ ဒါပေမယ့် မောင်ရင့်လို လူတော်တစ်ယောက်ကို အကြောင်းမဲ့ မသတ်ချင်ပါဘူး"

ထိုစကားကြောင့် ထက်မင်းကျော်စွာ စိတ်ထဲမှာ နည်းနည်းတော့ အုံ့ညြသလို ဖြစ်သွားသည်။

"မောင်ရင်နဲ့ကျုပ်နဲ့ အပေးအယူ လုပ်ကြရအောင်"

"လောလောဆယ်တော့ အပေးအယူလုပ်စရာ ကျုပ်တို့မှာ ဘာမှမရှိပါဘူး"

ရွှေဘုန်းက ထက်မင်းကျော်စွာကို တစ်ချက် စိုက်ကြည့်သည်။

"ရန်သူပင်ဖြစ်လင့်ကစား အရည်အသွေးရှိပြီး ထက်မြက်တဲ့လူတွေကို ကျုပ်က သဘောကျပါတယ်၊ မောင်ရင် တစ်ယောက်တည်း လုပ်ခဲ့တာတွေက ဒီမှာရှိတဲ့လူတွေ တစ်ဖွဲ့လုံးချပေးလိုက်ရင်တောင် မရနိုင်ပါဘူး။ ကျုပ်က မောင်ရင့်ရဲ့သတင်းတွေကို ကြားနေတာလည်း ကြာပါပြီ၊ ဒီကို တစ်နေ့ရောက်လာမယ်ဆိုတာလည်း သိပါတယ်"

"အခုလို အသိအမှတ်ပြုတာ ကျေးဇူးတင်ပါတယ်"

"ကျုပ်ပြောတဲ့အစီအစဉ်ကို လက်ခံရင် မောင်ရင်တို့ကို အသက်ချမ်းသာပေးပါ့မယ်"

"တကယ်လို့ လက်မခံဘူးဆိုရင်ရော"

"လက်မခံရင်တော့ ကွပ်မျက်ရေးအဖွဲ့လက်ထဲကို အပ်လိုက်ရုံပါပဲ၊ သူလျှိုတစ်ယောက်ကို သတ်ပစ်လိုက်လို့ အင်္ဂလိပ်အရာရှိကြီးတွေက ကျုပ်ကို အပြစ်မြင်ကြမှာ မဟုတ်ပါဘူး။ မောင်ရင့်လို လူတော်တစ်ယောက်ရဲ့အသက်ကို ဒီလိုလွယ်လွယ်နဲ့တော့ အဆုံးရှုံးမခံစေချင်ပါဘူး"

ရွှေဘုန်းက ငြိမ်းခြောက်လိုက်၊ သွယ်ဝိုက်စည်းရုံးလိုက်နှင့် စကားကို ပရိယာယ်ကြွယ်စွာ ပြောဆိုနေသည်။

"ကျုပ်က ဘယ်လိုဆောင်ရွက်ပေးရမှာလဲ"

"တခြားတော့မဟုတ်ပါဘူး။ အိုမီဂါစီမံကိန်းနဲ့ပတ်သက်လို့ ဒီထက်ပိုပြီးပြည့်စုံအောင် သိချင်တယ်၊ အချက်အလက်တွေ လိုချင်တယ်၊ နောက်ဆုံး အိုမီဂါပိုးဖော်မြူလာကိုပါ လိုချင်တယ်"

နောက်ဆုံးတော့ ၎င်းကို ချက်ချင်းသတ်မပစ်သေးသည့် ရည်ရွယ်ချက်ကို သိလိုက်ရသဖြင့် စိတ်ထဲမှာ ရယ်ချင်မိသည်။

"ဒါကတော့ ဟုတ်ပါပြီ၊ တကယ်တော့ အဲဒီစီမံကိန်းဖော်မြူလာရရင် အကျိုးအမြတ်က ဘယ်လိုရမှာလဲ"





"ငွေရွှေကြိုက်တာကို ကြိုက်သလောက်ရမယ်၊ တောင်းသလောက်ပေးမယ်၊ တကယ်လို့ ကျုပ်တို့တိုင်းပြည်မှာ နေမယ်ဆိုရင် အရာရှိ စာရင်းဝင်ဖြစ်အောင် လုပ်ပေးဖို့ တာဝန်ယူတယ်"

"ကျုပ်ဘက်က အာမခံချက် ဘယ်လိုပေးရမှာလဲ"

"မောင်ရင်သွားတဲ့အချိန်မှာ ကျုပ်က ဒီမိန်းကလေးကို ခေါ်ထားပါ့မယ်၊ မောင်ရင်ပြန်မလာမချင်း သူ့ကို မှဲ့တစ်ပေါက်မစွန်းအောင်လို့ တာဝန်ယူပါတယ်၊ တကယ်လို့ မောင်ရင်က ပေးထားတဲ့ကတိကိုဖျက်ပြီး စည်းဖောက်သွားရင်တော့ သူ့ရဲ့အသက်ကို လျော်ကြေးအဖြစ် ပေးရမှာပေါ့"

ဟု အေးအေးဆေးဆေး ပြောသည်။

ထိုအခါ ဇင်မာဝေက...

"အစ်ကို သူပြောတဲ့အစီအစဉ်ကို လက်မခံနဲ့၊ ကျွန်မအသက်သေရင် သေပါစေ"

ဟု လှမ်းပြောသည်။

"မင်းတစ်ယောက်တည်း သေရမှာမဟုတ်ဘူး။ သူပါ သေရမှာ မိန်းကလေး... အေးလေ... ဒီကိစ္စဆိုတာ အလောတကြီးဆုံးဖြတ်လို့ မကောင်းပါဘူး။ ဒီတစ်ညတော့ စဉ်းစားချင် စဉ်းစားဦးပေါ့၊ မနက်လင်းတော့မှ အဖြေပေးတာပေါ့...

ကဲ... သူတို့ကို အပေါ်ထပ်မှာ နှစ်ခန်းခွဲပြီး ချုပ်ထား လိုက်၊ သူ့ကို လက်ထိတ်ဖြုတ်မပေးနဲ့ဦး။ အခန်းထဲရောက်ရင် တံခါးကို သေသေချာချာပိတ်ပြီး ဂရုစိုက်ပြီးစောင့်ကြ"

ဟု အမိန့်ပေးလိုက်သည်နှင့် လက်နက်ကိုင်များက ထက် မင်းကျော်စွာနှင့် ဇော်မာဝေကို အပေါ်သို့ ခေါ်လာကြ သည်။





# အခန်း [ ၁၁ ]

## အသက်လုရသောပွဲ

ထက်မင်းကျော်စွာကို ထားသောအခန်းမှာ အတော် အတန် ကျယ်ဝန်းသည်။ အခန်းထဲမှာ လှဲစရာခုတင်တစ်လုံးသာ ရှိသည်။ ရေအိမ်ခန်းကလည်း အထဲမှာရှိသည်။ သံတိုင်များ အခိုင်အမာ စိုက်ထားသော ပြတင်းပေါက်မှ အောက်သို့ ငုံ့ကြည့်တော့ လက်နက်ကိုင်ထားသော အစောင့် အများ အပြားကို လှမ်းမြင်ရသည်။

အောက်ထပ်နှင့် ဝရံတာမှာလည်း အစောင့်များ ရှိဟန် တူသည်။

မိမိအခန်းဝ အပြင်ဘက်မှာပင် ခေါက်တုံ့ခေါက်ပြန် လျှောက်နေသော ခြေသံအချို့ကို ကြားရလေသည်။

မိမိအား လက်ထိတ်လည်းခတ်ထားသောကြောင့် လွယ်လွယ်နှင့်တော့ လွတ်လမ်းမမြင်သေးပေ။

သို့သော် အခွင့်အရေးကတော့ စောင့်ရပေမည်။

လွတ်မြောက်ရန်လမ်းအတွက် ပရိယာယ်သုံးတန် သုံးရပေမည်။

စိတ်ကိုလျှော့ချလိုက်ပြီး ခုတင်ပေါ်မှာအသာလှဲပြီး မျက်စိကို မှိတ်ထားလိုက်သည်။ ထိုအခါမှ ဇင်ဟာဝေ့မျက်နှာလေးက အထင်းသားပေါ်လာတော့သည်။ သူမခမျာ မိန်းမသားတန်မယ့် သေဘေးနှင့် ကြုံနေရသောကြောင့် အဘယ်မျှ စိုးရိမ်အားငယ် စိတ်တွေ ဝင်နေရှာမည်လဲဟု တွေးလိုက်မိသဖြင့် စိတ်မကောင်း ဖြစ်မိသည်။

စကားပုံတစ်ခုလိုပင်...

အခက်အခဲ အကျပ်အတည်း များများကြုံရလေလေ မိမိစိတ်ကို လျှော့ချထားနိုင်လေလေ ထွက်ပေါက် တွေ့ရလေလေ ဟူသော စကားပင်ဖြစ်သည်။

တစ်ခါတစ်ရံမှာ စိတ်လောကြီးနေသောကြောင့် အလွန်ကြီးသော ထွက်ပေါက်ကို မမြင်နိုင်ဘဲ ... သို့ စိတ်အေးအေးထားပြီး





ကြည့်လျှင် သေးငယ်သော ထွက်ပေါက်ကလေး တစ်ခုပင် တွေ့နိုင်ပေသည်။

ထို့ကြောင့် စိတ်ကို တတ်နိုင်သမျှ အေးအေးထားလိုက်သည်။ အရေးအကြီးဆုံးက မိမိလက်မှ လက်ထိတ်ဖြုတ်ခွင့်ရလျှင်တော့ ထွက်ပေါက်တစ်ခုရအောင် ကြိုးစားနိုင်ပေမည်။

အခြေအနေများကို ခေါင်းအေးအေးဖြင့် တွေးတောသုံးသပ်နေစဉ် အခန်းတံခါးဖွင့်သံ ကြားရပြီး အခန်းထဲသို့ ရွှေဘုန်း ဝင်လာသည်။ သူအခန်းထဲရောက်တော့ အခန်းတံခါးက ပြန်ပိတ်သွားသည်။

"စောစောက ကောင်မလေးရော၊ တခြားလူတွေပါရှိနေလို့ ပြောမကောင်းတာတွေ ရှိနေသေးလို့ပါ"

ဟု ပြောကာ ကုလားထိုင်ပေါ်မှာဝင်ထိုင်သည်။ ထက်မင်းကျော်စွာက ခုတင်ပေါ်မှာပင် ထိုင်လိုက်သည်။

"မောင်ရင်သာ ကျုပ်ပြောတဲ့ အစီအစဉ်ကို လက်ခံရင် မောင်ရင့်လို အရည်အချင်းမျိုးနဲ့ဆိုရင် ကျုပ်ရည်ရွယ်ချက်တွေ အောင်မြင်မှာသေချာတယ်၊ ကျုပ်တို့ရဲ့စီမံကိန်းသာ အောင်မြင်ခဲ့ရင် မောင်ရင့်အတွက် လိုချင်တာ အကုန်ရနိုင်ပါတယ်"

ဟု ထပ်ပြောသည်။

ထက်မင်းကျော်စွာက အသာငြိမ်နေသည်။

"ကျွပ်တို့က အင်္ဂလိပ်အရာရှိတွေကို အပိုင်စည်းရုံးထား တာဆိုတော့ အခုအချိန်မှာ လုပ်ချင်တာ အကုန်လုပ်လို့ရတယ် ဒါကြောင့် မောင်ရင် ကျွပ်တို့နဲ့ ပူးပေါင်းရင် မမှားဘူး"

"အိုမီဂါစီမံကိန်းရဲ့ အဓိကလူက ဘယ်သူလဲ၊ ဦးထိုက်ခံ လား"

ထက်မင်းကျော်စွာက အခွင့်ရတုန်း သိချင်တာမေးလိုက် သည်။

"မဟုတ်ဘူး။ သူက ဓာတ်ခွဲခန်းအဆင့်တစ် တာဝန်ခံပဲ ခေါင်းဆောင်က ဘယ်သူလဲဆိုတာတော့ ကျွပ်လဲမသိသေးဘူး ဒါက အရေးမကြီးပါဘူး။ မောင်ရင် ကျွပ်ပြောတဲ့အစီအစဉ်ကို လက်ခံ မခံသာပြောပါ"

ဟု ထပ်ပြောသည်။

ထက်မင်းကျော်စွာက အခြေအနေကို တွက်ဆပြီး...

"ကျွပ်... ငြင်းဖို့ စိတ်မကူးတော့ပါဘူး"

ရွှေဘုန်းမျက်နှာပေါ်မှာ ကျေနပ်မှုများ ဖြစ်ပေါ်သွား သည်။

"ကျွပ်အနေနဲ့ မြေကြီးထဲမှာ ငြိမ်ငြိမ်လေးနေရတာနဲ့ စာရင် မြေပေါ်မှာ လှုပ်လှုပ်ရှားရှားနေရတာ ပိုကောင်းမယ်လို့ တွေးမိလို့ပါ"





"ဒီအတွေးဟာ မှန်ကန်တဲ့အတွေးပဲပေါ့၊ လူတစ်ယောက် ဟာ ဘယ်လောက်ပဲ အစွမ်းအစရှိရှိ အသက်မရှိတော့ရင် ဘာမှ လုပ်လို့မရတော့ဘူး"

ဟုပြောကာ ကုလားထိုင်ပေါ်မှ ထလာလေသည်။

ထို့နောက် အခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန် လျှောက် နေရာမှ ထက်မင်းကျော်စွာရှေ့မှာ ရပ်လိုက်လေသည်။

"ဒါဖြင့် ကျွပ်တို့ အပေးအယူတည့်ပြီ ဆိုပါတော့"

"အကြမ်းဖျင်းတော့ သဘောတူပြီလို့ ဆိုလို့ရပါတယ်၊ ကျွပ်က အိုမီဂါဖော်မြူလာကို ယူပေးရုံပဲမဟုတ်လား"

"ဟုတ်တယ်"

"ကျွပ်နဲ့ပါလာတဲ့ မိန်းကလေးကိုရော ဘယ်လို စီစဉ် မှာလဲ"

"အင်း...ပထမတုန်းကတော့ မိန်းကလေးကို ဓားစာခံ အဖြစ်ခေါ်ထားပြီးတော့ မောင်ရင့်ကို အကျပ်ကိုင်ပြီး ခိုင်းဖို့ပါပဲ၊ အခုတော့ မောင်ရင်ကိုယ်တိုင်က သဘောတူ လက်ခံပြီဆိုတော့ သူ့ကို မလိုတော့ဘူးလေ"

"ဒါဖြင့် သူ့ကို ဘယ်လိုလုပ်မှာလဲ"

"ကျွပ်တို့ရဲ့ စခန်းကိုသော်လည်းကောင်း၊ လုပ်ငန်း အစီအစဉ်တွေကိုသော်လည်းကောင်း သိသွားတဲ့လူမှန်သမျှ

ဘယ်သူ့ကိုမှ အသက်ရှင်ခွင့် မပေးနိုင်ဘူး။ သူ့ကိုလည်း ဒီလိုပဲစီစဉ်ရမှာပဲ"

ထက်မင်းကျော်စွာ သက်ပြင်းတစ်ချက် ချလိုက်သည်။

မိမိတို့ထွက်ပေါက်အတွက် အခုံးစွန်သော ငွန့်စားမှုကို ပြုရတော့မည်ဟု သဘောပေါက်လိုက်မိသည်။

"အဲဒီတာဝန်ကိုလဲ မောင်ရင်ပဲယူရမှာ"

"ဟင်..."

"ဟုတ်တယ်လေ၊ ကျုပ်တို့နဲ့ လက်တွဲလိုက်ပြီဆိုတဲ့ အထိမ်းအမှတ်ရယ်၊ ကျုပ်တို့အပေါ်မှာ သစ္စာရှိပြီဆိုတာ သက်သေပြတဲ့အနေနဲ့ အောင်ပွဲခံကြမယ်လေ"

ထက်မင်းကျော်စွာစိတ်ထဲမှာ အတော်ကို အော်ဂလီဆန် သွားမိသည်။ ရွှေဘုန်း၏စိတ်ဓာတ်ကိုလည်း စက်ဆုပ်ရွံ့ရှာမှု ဖြစ်မိလေသည်။ တိုက်ပွဲတစ်ခုတွင် သူ့အသက်ကိုယ့်အသက် လုရသည်မို့ လူပေါင်းများစွာတို့၏ အသက်ပေါင်းများစွာကို သတ်ရသော်လည်း အကြောင်းမဟုတ်ပေ။

မိမိအား ဘယ်လိုမှ မတုံ့ပြန်နိုင်သော အမျိုးသမီး တစ်ယောက်ကို သွေးအေးအေးနှင့် သတ်ဖို့စေခိုင်းသော ရွှေဘုန်း၏စိတ်ဓာတ်ကိုတော့ ဘယ်လိုမှလက်မခံနိုင်ပေ။





သို့သော်လည်း အခြေအနေအရ မိမိလက်မှ လက်ထိတ် ပြုတ်ဖို့ရန်နှင့် အကယ်၍ မိမိလက်ထဲသို့ သေနတ်တစ်လက် လောက် ကိုင်ခွင့်ရလျှင် အခြေအနေက တစ်မျိုးပြောင်းသွား နိုင်သည်။

ဒီအခွင့်အရေးကို လက်လွှတ်ပေးလိုက်လျှင် သူတို့ နှစ်ယောက်စလုံး အသက်ကို စွန့်ရပေလိမ့်မည်။

အပြင်မှာ အမှောင်ရိပ်က ထုထည်ကြီးမားစွာ ဖုံးအုပ် ထားဆဲ...။

"ဘယ့်နှယ်လဲ မောင်ရင်"

"ကျုပ်က ဘယ်လိုသတ်ရမှာလဲ"

"ဘယ်လိုသတ်သတ်ပါ။ မောင်ရင် ကျွမ်းကျင်တဲ့နည်းနဲ့ သာ သတ်ပါ၊ သေသွားရင်ပြီးတာပါပဲ"

"ကျုပ်အကျွမ်းကျင်ဆုံးက သေနတ်ပဲ"

"မောင်ရင်ရဲ့ သေနတ်အစွမ်းကိုတော့ ယုံကြည်ပါတယ်၊ ဒါနဲ့ဆိုဖြစ်မလား"

ရွှေဘုန်းက ခါးတွင်ချိတ်ထားသော စစ်သုံးပစ္စတိုကြီးကို ပုတ်ပြသည်။

ဒီပစ္စတိုနဲ့သာ အနီးကပ်ပစ်လို့က ထက်ပိုင်း ပြတ် လောက်သည်။

သေနတ်ကို မကိုင်တွယ်၊ မထိတွေ့ရသော်လည်း မြင်လိုက်ရုံနှင့်ပင် အင်အားများတိုးလာသလို ခံစားရသည်။

သည်သေနတ်သာ သူ့လက်ထဲ ရောက်လာလို့ကတော့...

ပွဲကြီးပွဲကောင်းတစ်ပွဲတော့ တွေ့ရလိမ့်မည်ဟု စိတ်ထဲမှာ တွေးထားလိုက်မိသည်။

"ဖြစ်ပါတယ်၊ ဘယ်တော့လုပ်ပေးရမလဲ"

"အမြန်ဆုံးပေါ့၊ ဒီမိုးသောက်ယံမှာ သူလျှိုသွေးနဲ့ ကျုပ်တို့နှစ်ယောက် အောင်ပွဲခံကြရအောင်ပေါ့"

"ကောင်းပြီ... လုပ်ရမယ့်ကိစ္စကို အမြန်ဆုံးလုပ်တာ ကောင်းပါတယ်၊ ဒါပေမယ့် ကျုပ် သူ့ကိုသတ်မယ်ဆိုတာ သူ မရိပ်မိစေချင်ဘူး"

ရွှေဘုန်းက ပြုံးလိုက်သည်။

"ကျုပ်တို့နှစ်ယောက်ကို ခြံထောင့်ကိုခေါ်... ကျုပ်တို့နှစ်ယောက်စလုံးကို ခင်ဗျားတို့က သတ်တော့မယ်လို့ ထင်စေချင်တယ်၊ အဲဒီအချိန်မှာ လက်ထိတ်ဖြုတ်ပြီး သေနတ်ကျုပ်ကိုပေး"

"မောင်ရင့်သစ္စာကိုစမ်းချင်လို့ အခုလို တရားခံလုပ်ရတာ စိတ်မကောင်းပါဘူး"





"ရပါတယ်၊ နောက်ဆုံးအချိန်မှာ သူ့ကို သတ်လိုက်တဲ့လူဟာ ကျုပ်ဆိုတာ သူသိမသွားစေချင်ဘူး။ ဘာကြောင့်လဲဆိုတော့ သူက ကျုပ်ရဲ့ချစ်သူဗျ"

"သိပါတယ်... မောင်ရင်တို့ ပုလဲဂေဟာမှာ ငြိခဲ့ကြတယ် ဆိုတာလဲ ကျုပ်သိပြီးပါပြီ"

ရွှေဘုန်း၏ ကွန်ရက်ကလည်း မသေးလှပါလားဟု တွေးလိုက်မိသည်။

"ကိုယ့်ချစ်သူတစ်ယောက်ကို သွေးအေးအေးနဲ့ သတ်ပစ်ရမှာ တကယ်တော့ မလွယ်ပါဘူး...

ဒါပေမယ့် ကျုပ်မှာကလည်း တခြား ရွေးစရာလမ်းကလည်း မရှိလေတော့... မထူးပါဘူး၊ အခု လုပ်ငန်းစလိုက်ကြရအောင်"

ရွှေဘုန်းက အမိန့်ပေးလိုက်သောအခါ အစောင့်က ထက်မင်းကျော်စွာကို အခန်းအပြင်သို့ ခေါ်ထုတ်လာသည်။

ဇင်မာဝေကို ထားသောအခန်းသို့ ရောက်သောအခါ 'သူ့ကို ခေါ်လာခဲ့'ဟုဆိုကာ ရွှေဘုန်းက ရှေ့မှလှေကားအတိုင်း အောက်သို့ ဆင်းသွားသည်။

အစောင့်က ဇင်မာဝေကို အပြင်ခေါ်ထုတ်လာသည်။

ဖင်မာဝေ၏ သနားစဖွယ်မျက်နှာလေးကို မြင်လိုက်သော အခါ ထက်မင်းကျော်စွာရင်ထဲမှာ စိတ်မကောင်းဖြစ်သွားသည်။

အနီးရောက်သောအခါ ဖင်မာဝေက...

"ရှင်... သူတို့ကမ်းလှမ်းတာကို လက်ခံလိုက်သလား"

"မခံပါဘူး"

ထက်မင်းကျော်စွာက စိတ်ထဲမှာရှိသည့် အမှန်အတိုင်း ဖြေလိုက်သည်။

"ကောင်းတယ်... ရှင်လက်မခံလို့ သူတို့ ကျွန်မတို့ နှစ်ယောက်ကို သတ်ပစ်တော့မယ် ထင်တယ်"

"အေးတာပေါ့ကွာ"

ထက်မင်းကျော်စွာက ဒါပဲပြောပြီး ရှေ့မှလျှောက်သွားရာ အစောင့်နှစ်ယောက်နှင့် ဖင်မာဝေက နောက်မှဆင်းလိုက်လာ ကြသည်။

အပြင်ရောက်တော့ တံခါးဝမှာ စောင့်နေသော စက် သေနတ်သမားပါ လိုက်လာသည်။

မကြာမီ ခြံထောင့်သို့ ရောက်လာသည်။

အမှောင်ရိပ်များက ဟိုတစ်ကွက် သည်တစ်ကွက် ထိုးကျနေသည်။ မလှမ်းမကမ်းတွင် သေနတ်သမား ယောက် က နေရာယူ၍ သေနတ်များဖြင့် ဝိုင်းချိန်ထားသည်။





ထိုအချိန်တွင် အစောင့်တစ်ယောက်က ထက်မင်း ကျော်စွာကို လက်ထိတ်ဖြုတ်ပေးသည်။

ထက်မင်းကျော်စွာက အချိန်ကြာမြင့်စွာ လက်ထိတ်ခတ် ခြင်း ခံထားရသဖြင့် လက်မှသွေးကြောများ ပုံမှန်လှုပ်ရှားမှု ဖြစ်စေရန် ဆုပ်ချည်ဖြန့်ချည် ပြုလုပ်လိုက်သည်။ ဖင်မာဝေက သူ့ကို နားမလည်သလို ကြည့်နေသည်။ ထက်မင်းကျော်စွာ၏ မျက်နှာပေါ်ဝယ် အပြုံးရိပ်တစ်ချက် သန်းသွားသည်။

ထို့နောက် ရွှေဘုန်းက ခါးမှပစ္စတိုကိုဖြုတ်ကာ ထက်မင်း ကျော်စွာကို ကမ်းပေးလိုက်သည်။

ထက်မင်းကျော်စွာက ပစ္စတိုကို ချိန်ဆကြည့်သောအခါ ကျည်ဆန်အပြည့်ရှိကြောင်း သိလိုက်သည်။

ထိုအခြေအနေကိုမြင်တော့မှ ဖင်မာဝေ သဘောပေါက် သွားပုံရသည်။

"ရှင်... သူတို့အစီအစဉ်ကို လက်ခံလိုက်ပြီပေါ့"

"ဟုတ်တယ်၊ ငါလက်ခံလိုက်ပြီ"

"ဟင်... ရှင် သစ္စာဖောက်၊ လူယုတ်မာ၊ ရှင့်ကို ကျွန်မ ယုံကြည်မိတာမှားပြီ"

"ဖြန်း... ဖြန်း"

ထက်မင်းကျော်စွာ၏ ပါးနှစ်ဖက် ပူထူသွားသည်။

"ကောင်းတာပေါ့ကွာ၊ မင်းဘက်က ဒီလိုတုံ့ပြန်တော့လဲ ငါ့အဖို့ မင်းကိုသတ်ရတာ စိတ်အနှောင့်အယှက် မဖြစ်တော့ ဘူးပေါ့"

ဟုဆိုကာ ဖင်မာဝေကို ပခုံးမှကိုင်ပြီး ဆောင့်တွန်းပစ်လိုက်သည်။ လျှပ်တစ်ပြက်လှုပ်ရှားမှုကြောင့် သေနတ်ကိုင်အစောင့်များအာရုံက ထက်မင်းကျော်စွာထံမှ ဖင်မာဝေထံ ရောက်သွားသည်။

ထိုအခွင့်ကောင်းကို လျှပ်တစ်ပြက်အသုံးချကာ ထက်မင်းကျော်စွာ ဒူးထောက်ချလိုက်သည်။

တစ်ဆက်တည်း နောက်မှ စက်သေနတ်သမားကို အရင်ပစ်သည်။

ကျယ်လောင်သော သေနတ်သံနှင့်အတူ စက်သေနတ်သမား နောက်လန်ကျသွားသည်။

သို့သော် လက်မှခလုတ်ကို ဆွဲလိုက်သဖြင့် စက်သေနတ်ကျည်ဆန်များ တဝေါဝေါ ထွက်လာတော့သည်။

ရွှေဘုန်းက စက်သေနတ်သမား လဲသွားသည်ကို မြင်သောအခါ ထက်မင်းကျော်စွာကို လှမ်းပစ်သည်။

ဘေးသို့ရုပ်မှန်သည်။

ဘေးသို့ပစ်လဲကျသွားသည်။





ထိုအခိုက်မှာ စောစောက သူရပ်နေရာသို့ ကျည်ဆန်များက ပြိုဆင်းလာသည်။

ထက်မင်းကျော်စွာ သစ်ပင်ဘေးသို့ ပြေးကပ်သည်။

သေနတ်မှန်ထားသော စက်သေနတ်သမားထံမှ ကျည်ဆန်များက စပ်ရွှေဘုန်းတို့ဘက်ဝင်သွားရာ အလောတကြီးရှောင်လိုက်ရခြင်းကြောင့် ထက်မင်းကျော်စွာတို့အတွက် အခွင့်အလမ်း ရသွားသည်။

"သစ်ပင်ကွယ်မှာ ကပ်နေ"

ဖင်မာဝေက လဲကျနေရာမှ သစ်ပင်ကွယ်တစ်ခုသို့ လှိမ့်ဝင်သွားသည်။ အသက်ပျောက်သွားသော စက်သေနတ်သမားထံမှ ကျည်ဆန်များ ကုန်သွားတော့မှ သေနတ်သမားနှစ်ယောက် ထလာသည်။

ထက်မင်းကျော်စွာက ရွှေဘုန်းကို သေနတ်ဖြင့် လှမ်းပစ်ချိန်မှာ သေနတ်သမားတစ်ယောက်က အမှောင်ထဲ ပြေးဝင်လာပြီး ထက်မင်းကျော်စွာကို ခုန်အုပ်သည်။

နှစ်ယောက်သား လုံးထွေးလဲကျသွားသည်။

ထိုသူက ဗလကြီးသဖြင့် ထက်မင်းကျော်စွာထံမှ သေနတ်ကို ရအောင်လုသည်။

နှစ်ယောက်သား လုံးထွေးနေစဉ် ရွှေဘုန်းနှင့် အခြား တစ်ယောက်က သေနတ်များကိုကိုင်ကာ ပြေးလာသည်။

မလှမ်းမကမ်း ရောက်သောအခါ အခြားတစ်ယောက်က သေနတ်ဖြင့်ပစ်ရာ ထက်မင်းကျော်စွာက အပေါ်မှလူကို တွန်းကာပေးလိုက်သည်။

ဆတ်ခနဲတွန့်သွားပြီး ချုပ်ကိုင်အား လျော့သွားသည်။ ပါးစပ်မှသွေးများ ထက်မင်းကျော်စွာထံ ကျလာသည်။

သေနတ်ရသောအခါ အနားရောက်လာသော အစောင့် ကို တော့ဖြတ်လိုက်သည်။

နောက်သို့ လန်ထွက်သွားသည်။

အစောင့်များ ရှင်းသွားသောအခါ ရွှေဘုန်းကိုရှာသည်။

မတွေ့ရတော့...။

ထက်မင်းကျော်စွာက ဇင်မာဝေရှိရာ သစ်ပင်ဆီသို့ လိုမ့်ဝင်သွားသည်။ ဇင်မာဝေကို တွေ့ရသည်။

"မင်း ခြံဝကိုသွားပြီး ကားစက်နိုးထားနှင့်"

ဇင်မာဝေထွက်သွားတော့ သူ အိမ်ကြီးနံဘေးမှ ကား ဂိုဒေါင်ဘက်သို့ ပြေးသည်။

ကားဂိုဒေါင်တံခါးမှာ ဟနေသည်။





သူအနီးရောက်သောအခါ အထဲမှ ကားနက်ကြီးတစ်စင်း 'ဝုန်း'ခနဲ ထွက်လာသဖြင့် ဘေးသို့ ကပျာကယာ လိမ့်ရှောင် ပေးလိုက်ရသည်။

ကားနက်ကြီးက သူ့ဘေးမှ သီသီလေးပွတ်ကာ ဖြတ် ကျော်သွားသည်။ သေနတ်ဖြင့် လှမ်းပစ်သော်လည်း မထိတော့ ဘဲ ခြံတံခါးဝသို့ မောင်းထွက်သွားသည်။

ထက်မင်းကျော်စွာ နောက်မှ ပြေးလိုက်သည်။

သူ ခြံတံခါးဝရောက်တော့ အမှောင်ထဲမှာ ကားကြီး၏ နောက်မီး နီနီကလေးကိုသာ လှမ်းမြင်လိုက်ရသည်။

ထိုအခိုက် တစ်ဖက်ချုံထဲမှ ကားတစ်စီး မောင်းထွက် လာသည်။ ဇင်မာဝေပင် ဖြစ်သည်။

သူ ကားမောင်းသူနေရာတွင် ဝင်ထိုင်ပြီး ကားကို တရကြမ်း မောင်းထွက်ခဲ့သည်။

ဇီးယက်ကားလေး၏ မိုင်ခွက်တွင်ပေါ်နေသော လက်တံ မှာ မိုင်(၆၀)ကျော်အထိ တက်လာသည်။

ကျောက်တုံး ကျောက်ခဲများထူသော လမ်းပေမို့ ကားက အပေါ်သို့ မြောက်ခနဲခုန်တက်သွားပြီး ပြန်ကျလိုက်တိုင်း ဘေးတွင်ထိထားသော ဒဏ်ရာက သွေးများထွက်ကာ အောင့် တက်လာသည်။

သူ အံကြိတ်၍ ကားကို ဂရုတစိုက်မောင်းသည်။

"ဒဏ်ရာရလာသလား"

ဖင်မာဝေက စိုးရိမ်စွာမေးသည်။

သူ မဖြေ။

လက်ကာပြပြီး ကားကို အရှိန်ထပ်မြှင့်သည်။

"အစ်ကို့ကို ရုတ်တရက် အထင်လွဲမိတာ ခွင့်လွှတ်ပါနော်"

ထက်မင်းကျော်စွာ ပြုံးသည်။

နှစ်မိုင်မျှ မောင်းမိသောအခါ ရှေ့မှကား၏နောက်မီးကို လှမ်းမြင်ရသည်။

ဘေးမှဒဏ်ရာက သွေးများ လက်တွင်စွန်းနေသဖြင့် ကားလက်ကိုင်ဘီးကို ကိုင်ရတာ သိပ်မမြဲချင်။

ဖင်မာဝေက သူမ အပေါ်အင်္ကျီကို ဆုတ်ဖြဲ၍ အင်္ကျီစဖြင့် ထက်မင်းကျော်စွာ၏ ဒဏ်ရာကို ခွဲပတ်ချည်ပေးသည်။

"မလုပ်နဲ့ ရတယ်"

"သွေးထွက်များရင် မကောင်းဘူး"

ရှေ့မှပြေးနေသော ကားနက်ကြီးနှင့် နီးသထက်နီးလာသည်။

ထက်မင်းကျော်စွာက နံပါတ်(၅)ဂီယာကိုပြောင်း၍ လီဗာကိုဖိနင်းလိုက်ရာ ကားက ကြိမ်တို့လိုက်သော မြင်းတစ်ကောင်





မှာ ဝေါက်ခနဲ ရှေ့သို့ထိုးတက်သွားရာ မိနစ်အနည်းငယ်အတွင်း ကားနက်ကြီးနောက်သို့ ရောက်သွားတော့သည်။

လမ်းက ကျဉ်းလာသည်။

တစ်ဖက်တွင် ချောက်ကမ်းပါးရှိပြီး ကျန်တစ်ဖက်တွင် ကျောက်တောင်ကခံနေသည်။

လမ်းကလည်း ကွေ့သည်ထက် ကွေ့လာသဖြင့် ကားက အထိန်းရခက်လာသည်။

လက်တွင်သွေးများပေနေသဖြင့် စတီယာရင်ကို ကိုင်ရသာ သွက်သွက်ခါအောင် ချော်ထွက်နေသည်။

တစ်ကြိမ်တွင် ကျောက်နံရံဘက်သို့ ခေါင်းတည်သွားပြီး တစ်ကြိမ်တွင် ချောက်ဘက်သို့ ဦးတည်သွားသဖြင့် အတော်ထိန်းလိုက်ရသည်။

ကားနက်ကြီးနှင့် နီးလာသောအခါ လက်တစ်ဖက်က စတီယာရင်ကို ထိန်းကိုင်ပြီး ကျန်တစ်ဖက်က သေနတ်ကို ယူသည်။

အသေအချာ ချိန်၍ပစ်သည်။

ကျည်ဆန်က နောက်ဘက်မီးလုံးကို တစ်ချက်...

လမ်းမပေါ် တစ်ချက်မှန်သည်။

သေနတ်ထဲမှာ ကျည်ဆန်က သိပ်မရှိတော့။

ပစ်မှတ်ကို ထိဖို့လိုသည်။

ထက်မင်းကျော်စွာ အသက် ဝ,အောင်ရှူသည်။ စိတ်ကိုထိန်းပြီး ကားနက်ကြီး၏ တတ်ဆီတိုင်ကို ချိန်၍ပစ်သည်။

"ဝုန်း"ခနဲ ပြည်သံနှင့်အတူ ကားနောက်ပိုင်းမှ ထ သည်။

ကားနက်ကြီး ချာလပတ်လည်ပြီး ချောက်ထဲကို သွားသည်။ မီးတောက်ကြီးတစ်ခု ဝုန်းခနဲထပေါက်ပြီး ကား တုံးတစ်ခုနှင့် ဆောင့်မိကာ ချောက်ထဲ ကျသွားလေတော့ ချောက်ထဲတွင် မီးတောက်များ တဝုန်းဝုန်းတော သည်။

ထက်မင်းကျော်စွာက ကားကို ချောက်ကမ်းပါးနား ရပ်လိုက်သည်။

"ကိစ္စပြီးပြီ... အဆောက်အအုံကို ပြန်ရမယ်"

"ဘာလုပ်မလို့လဲဟင်"

"ကိုယ့်လက်နက်ကိုလည်း ပြန်ရှာယူရမယ်၊ ဆေ လက်ကျန်အစောင့်တွေကိုလည်း ရှင်းပစ်ရမှာ၊ ဒါမှ ဒီကား တွေ အိုမီဂါစီမံကိန်းကို မရောက်မှာ"





မကြာမီ ကားက အဆောက်အအုံသို့ ရောက်လာသည်။

နာရီအနည်းငယ်ကြာသောအခါ ထက်မင်းကျော်စွာ ထွက်လာသည်။

အမှောင်ထဲမှာ အဆောက်အအုံကြီးဆီမှ မီးတောက်ကြီး တဖြည်းဖြည်း တက်လာလေတော့သည်။

# အခန်း [ ၁၂ ]

## မိုးမခမျက်နှာဝတ်ပါ

သူတို့ ရွှေဘုန်းစခန်းမှ ထွက်ခဲ့ပြီးနောက်တွင် လမ်းတစ်လျှောက်လုံး ကားကို ဇင်မာဝေကပင် မောင်းလာခဲ့သည်။ ဒဏ်ရာများရထားသော ထက်မင်းကျော်စွာမှာ ကူရှင်ကိုမှီကာ မှေး၍လိုက်ခဲ့သည်။ လမ်းသို့ရောက်သောအခါ စခန်းထောက်ပြီကလေးများကို တွေ့ရသည်။ ထိုနေရာများတွင်တော့ အင်္ဂလိပ်များနှင့် ထိုင်းလူမျိုးများသာတွေ့ရပြီး မြန်မာလူမျိုး အနည်းအပါးလောက်သာ တွေ့ရသည်။

တစ်နေရာသို့ ရောက်သောအခါ ဇင်မာဝေက ကားကိုရပ်ပြီး ခေါက်ဆွဲ ခေါးပတ်တီးနှင့် စားသောက်စရာအချို့ ဆင်းဝယ်သည်။

ကားပြန်ထွက်လာတော့ ထက်မင်းကျော်စွာမှာ သတိရ တစ်ချက်၊ မရတစ်ချက် ဖြစ်နေပေပြီ။

ထို့ကြောင့် လမ်းနံဘေးရှိ ကားများ ခေတ္တရပ်နားသော နေရာတစ်ခုသို့ ကားကို ချိုးကွေ့ဝင်လာခဲ့ပြီး...

"ဘယ်နေရာ ရောက်လာပြီလဲ"

ထက်မင်းကျော်စွာက မျက်စိမဖွင့်ဘဲ မေးသည်။

"ဟိုရောက်ဖို့ လမ်းတစ်ဝက်လောက်မှာရှိတဲ့ ကားစခန်း ထောက်နေရာတစ်ခုပဲ အစ်ကို"

"ဆက်မသွားဘူးလား။ ဘာဖြစ်လို့ ဝင်နားတာလဲ"

"မနားလို့မရတော့ဘူး။ ကားရောလူပါ ခဏအနားပေးမှ ဖြစ်မယ်၊ ကားရေတိုင်ကီလည်း ဆူနေပြီ နောက်ပြီး ဆီကလည်း မရှိတော့ဘူးအစ်ကို၊ ဒီနေရာမှာ တည်းစရာနေရာတွေ ရှိတယ်"

ကားရပ်နားထားစခန်း အလုပ်သမားများက ရေလဲခြင်း။ ဆီဖြည့်ခြင်းများ ပြုလုပ်ပေးသည့်အပြင် စက်ပိုင်းဆိုင်ရာများပါ ပြုပြင်ပေးသည်။ တည်းခိုရန်နေရာကတော့ တန်းလျားကြီးများ ဆောက်ထားကာ အခန်းများဖွဲ့ထားခြင်းသာ ဖြစ်သည်။

အခန်းထဲရောက်တော့ ဇင်မာဝေက ထက်မင်းကျော်စွာ ကိုယ်ပေါ်မှဒဏ်ရာများကို ရေဆေး။ အရက်ပြန်တို့နှင့် ဆေးကြော ပြီး ဆေးထည့် ပတ်တီးစည်းပေးသည်။

ရွှေအမင်းအလေး



ထို့နောက် လိုအပ်သောဆေးများကိုလည်း တိုက်သည်။

"မင်းကြည့်ရတာ ဆေးဝါးတွေနဲ့ အတော်ကျွမ်းကျင်ပုံ ...ယ်"

"ကျွန်မက ဆေးမကုတဲ့ ဆရာဝန်တစ်ယောက် ဆိုပါ ...ော့"

"ဒါကြောင့်ကိုး... ကဲ... ဒီလောက်ဆိုရင် ငါ့အတွက် ...ပြီ၊ မင်း အနားယူလိုက်ပါဦး"

"ကျွန်မက ဘာမှမဖြစ်ပါဘူး။ အစ်ကို တစ်ခုခုဖြစ်သွားမှာ ...ာ စိုးရိမ်နေတာ"

"ဒီလောက်လည်း အရေးမကြီးပါဘူး။ ကိုယ်တို့အတွက် ...တော့ ဒီလိုအဖြစ်မျိုးတွေက မဆန်းတော့ပါဘူး။ ကိုယ်ခံနိုင် ...ည် ရှိပါတယ်"

ဆေးတိုက်ပြီးသောအခါ ဇင်မာဝေက သူဝယ်လာသော ...စားအသောက်ကို ကျွေးသည်။ ပေါင်မုန့်၊ ငါးသေတ္တာ၊ ...ဆီနှင့် ကြက်ဥတို့မှာ သူ့အတွက် အကောင်းဆုံး အာဟာရ ...ား ဖြစ်ပေတော့သည်။

ဇင်မာဝေက အနားမှာ အစားအသောက်များကို ...ရတစိုက် ကျွေးမွေးရင်း စိတ်မကောင်းစွာဖြင့် တောင်းပန် ...သည်။

ရွှေအမင်းအလေး

"ဟိုမှာတုန်းက ကျွန်မ မဆင်မခြင်နဲ့ အစ်ကို့ကို ပြောမိဆိုမိ စော်ကားမိတာကို ခွင့်လွှတ်ပါနော် အစ်ကို၊ ကျွန်မ တောင်းပန်ပါတယ်"

"ရပါတယ်ကွာ... အထင်မှားအမြင်မှား ဖြစ်တဲ့အခိုက်အတန့်မှာ ဒီလိုပဲဖြစ်တတ်တာ မဆန်းပါဘူး။ ကိုယ် မင်းကို ဘယ်လိုမှ မအောက်မေ့ပါဘူး"

"တကယ်တော့ အစ်ကိုက ကျွန်မရဲ့ ကျေးဇူးရှင်ပါ။ ကိုယ့်ရဲ့ အသက်သခင် ကျေးဇူးရှင်ကိုမှ ပြန်ပြီးစော်ကားမိသလိုဖြစ်တာ စိတ်ထဲမှာ နောင်တရလို့မဆုံး"

ဟုပြောကာ ပါးပြင်ပေါ်သို့ မျက်ရည်များစီးကျလာသည်။

ထိုအခါ ထက်မင်းကျော်စွာက...

"ကဲပါ... ဖင်မာရယ်... ဒီလောက်လဲ ခံစားမနေပါနဲ့၊ အစ်ကို မင်းကို ဘယ်လိုမှသဘောမထားပါဘူး။ စိတ်ထဲကလည်း ခွင့်လွှတ်ပါတယ်၊ ကဲ... တိတ်တော့၊ ခရီးဆက်ရမှာ ကျန်သေးတယ်၊ မင်း အနားယူလိုက်ဦး"

ဟု နှစ်သိမ့်ပေးမှ မျက်ရည်များကို ပြန်သုတ်ပစ်လိုက်သည်။

အခန်းထဲမှာ နှစ်ယောက်အိပ် ခုတင်တစ်လုံးသာရှိသောကြောင့် ထက်မင်းကျော်စွာက ဖင်မာဝေအိပ်ရန် နေရာ





ဖယ်ပေးသည့်အနေနှင့် ကုလားထိုင်ပေါ်သို့ ရွှေ့ထိုင်ပေးလိုက်သည်။

ဖင်မာဝေ အိပ်ပျော်သွားသောအခါ ထက်မင်းကျော်စွာက စောင်ခြုံပေးလိုက်သည်။

ထို့နောက် ကုလားထိုင်ပေါ်မှာ ပြန်ထိုင်ရင်း မိမိဆောင်ရွက်ရမည့် လုပ်ငန်းများအကြောင်းကို အသေအချာ ပြန်စဉ်းစားကြည့်သည်။ မဝေးတော့သောအချိန်မှာ မိမိတို့အဓိကပစ်မှတ်ထားသော အိုမီဂါစီမံကိန်းရှိရာသို့ ရောက်ပေတော့မည်။

မိမိတွေ့ရမည့် ဒေါက်တာဇီဝ၊ ဦးထိုက်ဖံ အစရှိသောလူများနှင့် မလွဲမသွေ ဆုံရပေတော့မည်။

ထက်မင်းကျော်စွာ ခုတောင်းမိသည်မှာ တစ်ခုပဲရှိသည်။

ထိုအချက်မှာ အခြားမဟုတ်ပေ။

ဒေါက်တာဇီဝသည် ပိုးမွှားသုတေသနလုပ်ငန်းကို တစ်ခုတစ်ယောက်က အကြပ်ကိုင်စေခိုင်းသဖြင့် လုပ်နေရသည်ဆိုသော အချက်ပင်ဖြစ်တော့သည်။

နောက်တစ်ချက်က ရွှေဘုန်းမရှိတော့ ပိုးမွှားစီမံကိန်းနှင့်ပတ်သက်ပြီး အဓိကကျသောလူတစ်ဦး ပျောက်ဆုံးနေသည်။

ထိုသူက ဘယ်သူလဲ...။

အခု ဘယ်နေရာမှာရှိနေသလဲ…။

ထိုအဖြေနှစ်ခုကို အသိချင်ဆုံး ဖြစ်တော့သည်။

ထို့ပြင်…

မိမိနှင့် အဆက်အသွယ်ပြုရမည့် ဦးဖန်ကောင်းသည် လည်းကောင်း၊ မြင်းလှည်းသမား ဘထွန်းသည်လည်းကောင်း ယခုအချိန်အထိ အဆက်အသွယ် မလုပ်ရသေးပေ။

သူတို့နှင့် တွေ့ရလျှင်တော့ မိမိအတွက် အဖြေတစ်ခု တော့ ရနိုင်လိမ့်မည်ဟု တွေးမိသည်။

ထိုညတစ်ညလုံး ကားစခန်းမှာ အနားယူလိုက်ရသဖြင့် ဒဏ်ရာများလည်း အတန်အသင့် သက်သာသွားပြီး လန်းဆန်း တက်ကြွမှု၊ အားအင်ပြည့်ဖြိုးမှုများလည်း ရလာသည်။

ထို့ကြောင့် နောက်တစ်နေ့ နံနက်စောစော အချိန် တွင် ဝမ်းပြည့်အောင် အစားအသောက်စားပြီး ခရီးဆက် ခဲ့ကြသည်။

သည့်ဘက်ရောက်လာတော့ ထက်မင်းကျော်စွာ ကိုယ် တိုင် ကားကိုမောင်းလာခဲ့သည်။ သူတို့သည် ဘူရီ အဝေးပြေး လမ်းမကြီးအတိုင်း အရှေ့ဘက်သို့ ခရီးဆက်ခဲ့ကြသည်။ ကန်ချူနာဘူရီဘက် ရောက်လာလေလေ သစ်တောသစ်အုပ် များနှင့် ကျောက်တောင်တန်းများ ပိုမိုများပြားစွာ တွေ့ရသည်။





လူနေသောရွာနှင့် စခန်းထောက်နေရာများပင် သိပ်မတွေ့ရ တော့ပေ။

ထက်မင်းကျော်စွာက ရွှေဘုန်းတို့စခန်းမှ ယူလာသော လမ်းညွှန်မြေပုံကိုကြည့်ပြီး အချို့နေရာများတွင် လမ်းမကြီး အတိုင်း မမောင်းဘဲ ဖြတ်လမ်းများမှအသုံးပြုကာ မောင်းနှင် လာခဲ့သည်။

ဘူရီလမ်းမကြီးနှင့် ဝေးသောနေရာများသို့ ရောက်သော အခါ ကန္တာရဆူးပင်များသာ ပေါက်သော ကန္တာရလွင်ပြင်ကြီး တစ်ခုသို့ ရောက်ခဲ့သည်။

ထိုနေရာဒေသများမှာ လူသူ အရောက်အပေါက် နည်းပါးရှိပြီး တောတိရစ္ဆာန်များကိုပင် တွေ့ရသည်။

မြေပုံ [illegible]နှ်းအရ ထိုနေရာတစ်ဝိုက်တွင် အိုမီဂါစီမံကိန် လာရောက် ထူထောင်ထားသောနေရာနှင့် မဝေးလှတော့သည် ကို တွေ့ရသည်။

ထိုနေရာမျိုးတွင် လျှို့ဝှက်သော လုပ်ငန်းကြီးမျ လာရောက်လုပ်ကိုင်သော ရည်ရွယ်ချက်ကလည်း မှန်ကန်သ ဟု ဆိုရပေမည်။

လမ်းတစ်လျှောက်လုံး ကျောက်တုံး ကျောက်ခဲမျ ထူထပ်စွာ တွေ့ရသော်လည်း အများအားဖြင့်တော့ ကန္တာ

ဆူးပင်များသာ အများအပြားပေါက်နေသည်။ ထိုနေရာသို့ ရောက်လာသောအခါ လမ်းဟူ၍ မယ်မယ်ရရ မရှိတော့ဘဲ အဆင်ပြေသောနေရာများမှ ကားကိုမောင်းကြရသည်။

မကြာမီ သဲကန္တာရလွင်ပြင်လိုနေရာမျိုးသို့ ရောက်လာကြသည်။ ထိုနေရာတွင် မြေပြင်မှာ မြွေဆိုးများတွေ့ရပြီး ကောင်းကင်မှာတော့ လင်းတများ ပျံဝဲနေသည်ကို လှမ်းမြင်ရသည်။

အတန်ကြာအောင် မောင်းလာသောအခါ လွင်ပြင်ထဲမှာ တိုင်းရင်းသားမဟုတ်သော လူမျိုးအတော်များများကို တွေ့ရပြီး မကြာမီ သူတို့အတွက် နောက်ဆုံးစခန်းချဖို့သင့်သော စခန်းထောက်နေရာ တစ်နေရာသို့ ရောက်ခဲ့ကြသည်။

ထိုနေရာမှာ 'မာရီ' အမည်ရှိသော စခန်းကြီးတစ်ခုဖြစ်သည်။ မြေပုံအညွှန်းအရ မာရီဆိုသောနေရာသည် အိုမီဂါ စီပံကိန်း စခန်းနှင့် နာရီဝက်ခန့်သာဝေးသော ခရီးအကွာအဝေးတွင် ရှိသည်။

"အစ်ကို... ကျွန်မတို့ ဒီမှာတစ်ညနားကြဦးမလား"

"နားရမယ် ဇင်မာ... ဒီရွာမှာ အစ်ကို လူတစ်ယောက်ကို ရှာရဦးမယ်"

"ဒီမှာနားလို့ဖြစ်ပါ့မလား"





ဇင်မာဝေက စိုးရိမ်စွာဖြင့် မေးသည်။

"မဖြစ်လဲ ခဏတော့နားရမှာပဲ၊ အဲဒီလူကို တွေ့မှ ဟိုကို ဆက်သွားလို့အဆင်ပြေမယ်၊ ဒါထက် ဒီရွာမှာတွေ့ရတာ ဘယ်လိုလူမျိုးတွေလဲ"

"ဒီမှာတွေ့ရတာက ဟိုင်းနယ်နိမိတ်ထဲမှာဆိုပေမယ့် ထိုင်း လူမျိုးတွေချည်းတော့ မဟုတ်ဘူး။ မလေးလူမျိုးတွေလဲ ရောနေတယ်၊ သူတို့ပြောတာ နားမလည်တော့လဲ ဒီလိုပဲ အခြေအနေကြည့်လုပ်ရမှာပဲပေါ့၊ မြန်မာပြည်ဘက်က တိုင်းရင်းသား လူမျိုးတွေလဲ တွေ့ရပါတယ်"

ဟု ဇင်မာဝေက ပတ်ဝန်းကျင်ကို အကဲခတ်ရင်း ပြောသည်။

ရွာလမ်းအတိုင်း ဖြတ်မောင်းလာတော့ ကလေးများနှင့် လူအချို့က အထူးအဆန်းသဖွယ် ဝိုင်းကြည့်နေကြသည်။

"သူတို့ ကားကို စိတ်ဝင်စားနေကြပုံရတယ်၊ ဒီနေရာကို အိုမီဂါစီပံကိန်းကကားတွေ မကြာခဏလာတဲ့ပုံပေါ်တယ်"

ဟု ထက်မင်းကျော်စွာက မှတ်ချက်ချသည်။

ရွာထဲရောက်လာတော့ လူတစ်ယောက်က အနားလာသဖြင့်...

"ဒီရွာထဲမှာ နားဖို့နေရာနဲ့ စားသောက်ဖို့နေရာ ဘယ်[illegible] ရှိသလဲ"

ဟု ထက်မင်းကျော်စွာက မေးလိုက်သည်။

ထိုသူက မြန်မာစကားကို နားလည်ဟန်ဖြင့် ရွာစွန်[illegible] သို့ လက်ညှိုးထိုးပြလေသည်။

"ကျေးဇူးပဲ"

ကားကို ဆက်မောင်းလာခဲ့သည်။

ရွာလမ်းဆုံးတော့ ဆေးအဖြူများသုတ်ထားသော တို[illegible] နှစ်ထပ်အိမ်တစ်လုံးကို တွေ့ရသည်။ ထိုရှေ့မှာပင် ကား[illegible] ကွေ့ဝင်ပြီး ထိုးရပ်လိုက်သည်။ တံခါးပေါက်ဝနား[illegible] ကောင်တာရှည် တစ်လုံးရှိပြီး ထိုနောက်တွင် လူတစ်ယော[illegible] ထိုင်နေသည်။

"ဒီမှာ အခန်းငှားလို့ရသလား"

"ရပါတယ်ခင်ဗျာ၊ ဒီမှာ အခန်းကောင်းကောင်း [illegible] တယ်"

"ခင်ဗျားက မြန်မာစကား ပြောတတ်သလား"

"ဒီနေရာမှာနေရင် မြန်မာစကား၊ ထိုင်းဘာသာစကား[illegible] လောက်မှ မပြောတတ်လို့ဘယ်ဖြစ်မလဲ၊ ဒါထက် ဆရာတို့[illegible] ဘယ်သွားကြမှာလဲ"





"သွားမှာတော့ အိုမီဂါစီပံကိန်းစခန်းကို သွားမှာပါ၊ ညည့်သည့်တွေဆိုပါတော့၊ အချိန်မရှိတော့လို့ ဒီမှာခဏဝင်နားတာပါ"

"ကောင်းပါတယ်... ကောင်းပါတယ်၊ အဲဒီကိုလာတဲ့ လူတွေ အတော်များများ အချိန်မရှိရင် ကျွန်တော့်ဆီမှာပဲ ဝင်တည်းလေ့ရှိပါတယ်၊ ဒါကြောင့် အခန်းတွေကို ကောင်းအောင် လုပ်ထားရတယ်၊ ဆရာတို့က နှစ်ယောက်အိပ်ခန်း ယူမှာလား"

"ဟုတ်တယ်"

"လာ... အပေါ်ထပ်မှာ ကျွန်တော် လိုက်ပို့ပေးမယ်"

အခန်းပိုင်ရှင်ဖြစ်ဟန်တူသော ထိုလူက ဇင်မာဝေနှင့် သူ့ကို အပေါ်ထပ်သို့ ခေါ်သွားသည်။

"ဒါထက် ဒီရွာမှာ ဆံပင်ညှပ်တဲ့လူ ရှိတယ်မဟုတ်လား"

"ဆိုင်ကိုမေးတာလား ဆရာ"

"မဟုတ်ဘူးလေ... အပြင်ကို လိုက်ညှပ်ပေးတဲ့ ဆံပင်ညှပ်သမားကို မေးတာပါ"

"ဪ... ဒါလား၊ အိုမီဂါစခန်းကို တစ်ပတ်တစ်ခါ နှစ်ခါ သွားပြီး ဆံပင်ညှပ်ပေးရတဲ့လူတစ်ယောက်တော့ ဒီရွာမှာ ရှိတယ်၊ သူက ညဘက်ဆိုရင် အရက်ဆိုင်ကိုအမြဲလာတယ်၊

ဒီအောက်ထပ်က စားသောက်ဆိုင်နဲ့ အရက်ဆိုင်တွဲထားတာလေ၊ ဆရာတွေ့ချင်ရင် သူလာရင် ကျွန်တော်ပြပေးပါ့မယ်"

"အရေးတော့ မကြီးလှပါဘူးဗျာ"

အခန်းတစ်ခန်းရှေ့ရောက်သောအခါ ထိုလူက တံခါးဖွင့်ပေးသည်။

ထက်မင်းကျော်စွာက အခန်းတည်းခိုခကို ကျသင့်ငွေထက် ငွေပိုပေးလိုက်သောအခါ ထိုသူက လွန်စွာကျေးဇူးတင်သော အမူအရာဖြင့် အကြိမ်ကြိမ်နှုတ်ဆက်ပြီး အောက်ထပ်သို့ ပြန်ဆင်းသွားလေသည်။ အခန်းမှာ အကောင်းဆုံးပြင်ဆင်ထားသည် ဆိုသော်လည်း သာမန်အဆင့်မျှသာရှိသည်။ အတွင်း၌ ခုတင်တစ်လုံး၊ စားပွဲကုလားထိုင်များရှိပြီး ရေချိုးခန်း၊ ရေအိမ်ခန်းကို အခန်းထဲမှာပင် ထည့်ပေးထားသည်။

ထက်မင်းကျော်စွာက အခန်းထဲရောက်သည်နှင့် ပြတင်းပေါက်၊ မျက်နှာကြက် အစရှိသောနေရာမှာ နံရံတွင်ကပ်ထားသော မီးအိမ်၊ ပန်းချီကား၊ ကြည့်မှန်နှင့် အခြားမသင်္ကာစရာနေရာများကို လိုက်လံကြည့်ရှုသည်။

နောက်ဆုံး ရေချိုးခန်း၊ ရေအိမ်ခန်းနှင့် ခုတင်အောက်ပါမကျန် လိုက်လံစစ်ဆေးပြီး စိတ်ချရတော့မှ ရေမိုးချိုး၍ အဝတ်အစားလဲသည်။





တစ်နေ့လုံး ပင်ပန်းလာသမျှ ရေချိုး လိုက်တော့မှ အတန်ငယ် လန်းဆန်းမှုဖြစ်သွားသည်။

အပြင်ထွက်ခါနီးတွင် လက်နက်များကိုတော့ အသေအချာ စစ်ဆေးပြီး ထည့်သည်။

အချိန်မှာ ညဦးပိုင်းအချိန် ရောက်နေပြီမို့ အောက်ထပ်ရှိ စားသောက်ဆိုင်ခန်းမှာ စည်ကားစပြုနေပြီ။

ထိုရွာမှာ အများအားဖြင့်တော့ အလုပ်ကြမ်းသမားများသာရှိပေရာ တစ်နေ့လုံး ပင်ပင်ပန်းပန်းလုပ်ကိုင်ကြပြီး အလုပ်နားသော ညဦးပိုင်းအချိန် ရောက်သောအခါ မိမိတို့ကြိုက်နှစ်သက်သော အစီအစဉ်များဖြင့် အပန်းဖြေလေ့ရှိကြသည်။

"ဖင်မာ…ကိုယ် အောက်ထပ် ခဏဆင်းပြီး လူတစ်ယောက်ကို ဆင်းရှာလိုက်ဦးမယ်၊ ကိုယ်ထွက်သွားရင် တံခါးကိုချက်ထိုးပြီး ပိတ်ထားလိုက်၊ ကိုယ်ပြန်လာရင် တံခါးကို သုံးချက်တစ်ခါ၊ နှစ်ချက်တစ်ခါ ခေါက်လိုက်မယ်၊ အဲဒီတော့မှ တံခါးဖွင့်ပေးပါ၊ ညနေစာအတွက်လည်း ကိုယ်တစ်ခါတည်း စီစဉ်လာခဲ့မယ်"

ဖင်မာဝေက ခေါင်းညိတ်ပြလိုက်သည်။

သူ အောက်ထပ်သို့ဆင်းရန် လှေကားထိပ်ရောက်တော့ လူသံများနှင့်အတူ ဓာတ်စက်မှသီချင်းသံအချို့ကိုပါ ကြားနေရသည်။

လှေကားအတိုင်း ဆင်းလာရင်း အောက်ထပ်အခန်းကို တစ်ချက်ဝေ့ကြည့်လိုက်တော့ လူများများမရှိသေးပေ။

အခန်းထဲရှိ စားပွဲဝိုင်းများတွင် စားသောက်သူများတော့ ရှိနေသည်။ အရက်ဘားနှင့် တရုတ်အစားအစာ၊ ထိုင်းအစားအစာအပြင် မြန်မာအစားအစာများပါ ရနိုင်သည်ဟု နောက်မှ သိရပေသည်။

ထက်မင်းကျော်စွာ အခြေအနေကိုကြည့်ပြီး အားလုံး မြင်နိုင်သော အခန်းထောင့်ရှိ စားပွဲတစ်လုံးတွင် နေရာယူလိုက်သည်။

စားပွဲထိုးက ရောက်လာပြီး 'ဘာသောက်မလဲဆရာ'ဟု မေးသည်။

"ဒီဆိုင်မှာ အကောင်းစားအရက် ဘာရသလဲ"

"ရပါတယ်ဆရာ၊ ဘရမ်ဒီ၊ ဝီစကီ၊ အကုန်ရပါတယ်"

"အဲဒါဆိုရင် ငါ့ကို ဝီစကီတစ်ပုလင်းရယ်၊ ဆော်ဒါရယ် ပေး။ နောက်ပြီး ကြက်ဥကို ငရုတ်သီးစိမ်းလေးနဲ့ မွှေကြော်လာခဲ့"





"ကောင်းပါပြီ ဆရာ"

"ဒါထက် ဒီဆိုင်ကိုလာနေကျ ဆံပင်ညှပ်သမား လာပြီလားကွ"

"အခုတော့ မရောက်လာသေးပါဘူး။ လာရင်ဘာပြောရမလဲ ဆရာ"

"ဘာမှမပြောပါနဲ့၊ သူလာရင်သာ ငါ့ရဲ့စားပွဲကို လွှတ်လိုက်ပါ၊ ငါက သူ့ရဲ့မိတ်ဆွေပါ"

"ကောင်းပါပြီ"

ထက်မင်းကျော်စွာက အိတ်ထဲမှ ဆယ်တန်တစ်ရွက်ကို ထုတ်ပြီး စားပွဲထိုးလက်ထဲသို့ ထည့်ပေးလိုက်သည်။

စားပွဲထိုးက ကျေးဇူးတင်ကြောင်း ဦးညွှတ် အရိုအသေပြုပြီး ပြန်ထွက်သွားလေသည်။ ထက်မင်းကျော်စွာက စီးကရက်တစ်လိပ်ကို မီးညှိဖွာရင်း ရှေ့ဆက်ရမည့် အစီအစဉ်များကို တွေးတောနေသည်။

အတန်ကြာသောအခါ စားပွဲထိုးလေး ပြန်ရောက်လာပြီး မှာထားသော အစားအသောက်များကို လာပို့ပေးသည်။

သူက ဝီစကီပုလင်းကိုဖွင့်ပြီး ဖန်ခွက်ထဲသို့ အနည်းငယ်ထည့်ကာ ဆော်ဒါများများနှင့် ရောစပ်ကာ ချထားသော်လည်း မသောက်ပေ။ ယခုလို မိမိနှင့်စိမ်းသော နေရာများတွင်

အရက် သောက်နေ၍ မဖြစ်ကြောင်းကိုလည်း အတွေ့အကြုံအရ သိထားပြီးဖြစ်၏။

ထို့ကြောင့် အရက်ခွက်ကို စားပွဲပေါ်မှာ ဟန်ပြသာ တင်ထားခြင်းဖြစ်သည်။ မကြာမီ သူ့စားပွဲရှေ့သို့လူတစ်ယောက် လာရပ်လေသည်။

မော့ကြည့်လိုက်တော့ အသက်လေးဆယ်ကျော်အရွယ် မုတ်ဆိတ်မွေး နှုတ်ခမ်းမွေးများ ပရပျစ်နှင့် လူတစ်ယောက်ကို တွေ့ရသည်။

"ကျုပ်ကိုတွေ့ချင်တဲ့ ကျုပ်ရဲ့မိတ်ဆွေဆိုတာ ခင်ဗျား လား"

ဟု မေးသည်။

"ခင်ဗျားက ဘယ်သူလဲ"

"ကျုပ်က ဆံသ သမား ရာဂျစ်ပဲ၊ ကျုပ်အသိတွေထဲမှာ တော့ ခင်ဗျားနဲ့တူတာ တစ်ယောက်မှမပါဘူး"

"အေးဗျာ၊ ကျွန်တော်ကလည်း ဒီမှာ ဆံပင်ညှပ်သမား တစ်ယောက်ရှိတယ်၊ ရာဂျစ်ဆိုတော့ ကျွန်တော့်မိတ်ဆွေလို့ ထင်မိလို့ပါ၊ ကျွန်တော့်မိတ်ဆွေနာမည်ကလည်း ရာဂျစ်ပဲလေ၊ ဒါပေမယ့် မမျှော်လင့်ဘဲ အခုလိုတွေ့ရတော့လည်း ကျွန်တော်





ဘို့ချင်း မိတ်ဆွေဖြစ်လို့ရတာပေါ့၊ ဒီအတွက် ကျွန်တော်ကပဲ ဒကာခံပါရစေ၊ ခင်ဗျား ကြိုက်တာမှာပါ"

ထက်မင်းကျော်စွာစကားကြောင့် ရာဂျစ်ဆိုသူက စားပွဲ ပေါ်မှာချထားသော ဝီစကီပုလင်းကို တမက်တမောကြည့်ရင်း...

"ကောင်းတာပေါ့ဗျာ"

ဟုပြောကာ သူ့ရှေ့မှကုလားထိုင်တွင် ဝင်ထိုင်သည်။

စားပွဲထိုး ရောက်လာတော့ သူစားချင်တာတွေကိုမှာ သည်။

ထက်မင်းကျော်စွာက ရှေ့မှာချထားသော အရက်ခွက်နှင့် ဝီစကီပုလင်းကို ရာဂျစ်ရှေ့သို့ တိုးပေးလိုက်သည်။ ရာဂျစ်က သူ့အသင့်ငှဲ့ထားသော ဝီစကီတစ်ကျိုက်သောက်လိုက်ပြီး...

"အား...ကောင်းလိုက်တာဗျာ၊ကျေးဇူးပါပဲ... ဒီလောက် ကောင်းတဲ့အရက်မျိုး မသောက်ရတာ ဘယ်လောက်ကြာမှန်း တောင် မသိတော့ပါဘူး။ ကျုပ်က တစ်နေ့လုပ် တစ်နေ့စား ဆိုတော့ ဒီလိုဈေးကြီးတဲ့ အရက်မျိုးတွေ မသောက်နိုင်ဘူး"

"ဒါထက် ခင်ဗျားက ဒီရွာကပဲလား"

"ဟုတ်တယ်၊ အလုပ်ကတော့ ဆံပင်ညှပ်သမားပေါ့၊ ရွာထဲမှာ ကျုပ်ဆိုင်ကလေးရှိတယ်၊ တစ်ပတ် တစ်ရက်နှစ်ရက် တော့ ဟိုမှာသွားညှပ်ပေးရတယ်"

"ဘယ်ကိုလဲ"

"မိုးမခကို"

"မိုးမခဆိုတာဘာလဲ"

"မိုးမခဆိုတာ အိုမီဂါစီမံကိန်းလုပ်နေတဲ့ နေရာပေါ့။ ဒါထက် ခင်ဗျားကညေ့်သည်လား။ ဒီနယ်ကတော့ ဟုတ်ဟန်မတူဘူး"

"ကျွန်တော်က မြန်မာပြည်ဘက်ကလာတာပါ၊ အပေါ်မှာ ကျွန်တော့်ဇနီးပါတယ်၊ ညားကာစ ဟန်းနီးမွန်း ထွက်လာတာ ဆိုပါတော့"

"ဒီအရပ်က ဘာမှပျော်စရာမရှိပါဘူးဗျာ"

"အိုမီဂါစခန်းရှိတဲ့နေရာမှာရော ပျော်စရာရှိသလားဗျ"

"အဲဒီမှာလည်း ပျော်စရာမကောင်းပါဘူး။ ဆေးဝါးတွေဖော်စပ်ပြီးတော့ လူတွေကို ဆေးကုပေးတဲ့နေရာပါပဲ၊ လူနာတွေကတော့ အများကြီးပဲ"

ထက်မင်းကျော်စွာက အရက်ပုလင်းကိုယူပြီး ရာဂျစ်ရှေ့မှ ခွက်ထဲကို ထပ်ထည့်ပေးသည်။

"ဟင်...ခင်ဗျားလည်း မသောက်ပါလား။ ဘာဖြစ်လို့လဲ"

"အခုမှ မိန်းမ ရကာစရှိသေးတာ၊ အများကြီးသောက်လို့ ဘယ်ဖြစ်ပါ့မလဲ၊ ခင်ဗျားပဲ စိတ်ကြိုက်သောက်ပါ၊





ဒါထက် ခင်ဗျားက အဲဒီနေရာကို ဘယ်ရက်တွေမှာ သွားတာလဲ"

ရာဂျစ်က အရက်ကို မော့သောက်ပြီး...

"တစ်ပတ်မှာ နှစ်ရက်သွားတယ်၊ မနက်ဖြန် သွားရမယ့်ရက်ဆိုတော့ အဲဒီကိုသွားရမယ်"

"အတော်ဝေးသလားဗျ"

"မဝေးပါဘူးဗျ။ ဒီကနေ ကားလမ်းကြောင်းအတိုင်းမောင်းသွားရင် ရောက်ပါတယ်၊ မိုးမခဆိုရင် အားလုံးသိတာပဲ၊ ဒီအကြောင်းတွေက ပြောလို့မကောင်းဘူး။ သူတို့ဆီကလူတွေကြားသွားရင် ကြိုက်မှာမဟုတ်ဘူး"

"ဒါဆိုရင်လဲ မပြောနဲ့တော့ဗျာ၊ ကဲ... ဒီအရက်ဖိုးတွေကျွန်တော်ရှင်းပေးခဲ့မယ်၊ အပေါ်မှာ အမျိုးသမီးက ညစာစားဖို့စောင့်နေတယ်၊ ကျွန်တော်သွားတော့မယ်၊ နောက်မှ ထပ်တွေ့ကြသေးတာပေါ့"

ဟု ပြောကာ ရာဂျစ်ကိုနှုတ်ဆက်ပြီး စားသောက်စရာအချို့ကို ဝယ်ယူပြီး အပေါ်ပြန်တက်လာသည်။

ရာဂျစ်ကတော့ ဝီစကီတစ်လုံးနှင့် မြိုးမြိုးကြီးကျန်ရစ်ခဲ့သည်။

အပေါ်ရောက်တော့ တံခါးကို သုံးချက်တစ်ခါ၊ နှစ်ချက်တစ်ခါ ခေါက်လိုက်တော့ ဇင်မာဝေက တံခါးလာဖွင့်ပေးသည်။

သူ အထဲရောက်၍ တံခါးပြန်ပိတ်ပြီးတော့ ဇင်မာဝေက မေးသည်။

"အဆင်ပြေခဲ့လား အစ်ကို"

"အဆင်ပြေခဲ့ပါတယ်၊ ကိုယ်တို့ မနက်စောစော ခရီးထွက်ကြရမယ်၊ ဇင်မာက ကိုယ့်ကို မိုးမခ နယ်နိမိတ်အထိ လောက်ပဲ လိုက်ပို့ပေးပြီး တစ်နေရာကစောင့်ရမယ်၊ တကယ်လို့ ကိုယ် တစ်ခုခုဖြစ်သွားရင် ဒီအကြောင်းတွေကို ကိုယ်မှာတဲ့ ဆီကို သွားပို့ပေးရမယ်၊ နှစ်ယောက်စလုံး ဝင်လို့ရမှာမဟုတ်ဘူး၊ ကိုယ်ကတော့ ကိုယ့်နည်းကိုယ့်ဟန်နဲ့ ရအောင်ဝင်သွားမယ်"

"ဖြစ်ပါ့မလားအစ်ကို"

"ဒီအတွက် ဘာမှမပူနဲ့၊ ဇင်မာသာ အပြင်မှာ အန္တရာယ်ကင်းအောင်နေပြီး ကိုယ်ပြောသလိုသာလုပ်၊ ကြားလား…"

"အစ်ကို့မှာ ဒဏ်ရာတွေနဲ့ ချက်ချင်းသွားလို့ရပါ့မလား"

"အခွင့်အရေးဆိုတာ နှစ်ခါမရဘူးဇင်မာ၊ ရွှေဘုန်းတို့ဆီကသတင်းတွေက ဒီကို အနေးနဲ့အမြန်ရောက်မှာပဲ၊ အဲဒီသတင်းတွေ ရောက်မလာခင် ကိုယ် အတွင်းရောက်နေမှဖြစ်မှာ… နောက်ပြီး ကိုယ်တို့လူတွေလဲ ဒီနေရာတစ်ဝိုက်မှာ ရောက်ကောင်း ရောက်နေမှာပါ"





"ကဲ… ဒါဖြင့်လည်း အစ်ကို့ဒဏ်ရာတွေကို ဆေးထည့် ပတ်တီးစည်းလိုက်ရအောင်"

ထက်မင်းကျော်စွာက အဝတ်အစားများ ချွတ်ပေးလိုက်သောအခါ ဇင်မာဝေက ဒဏ်ရာများကိုဆေးထည့်ကာ ပတ်တီးအသစ်စည်းပေးသည်။

အတန်ကြာသောအခါ တံခါးခေါက်သံပေါ်လာသည်။

ထက်မင်းကျော်စွာက သေနတ်ကို အသင့်ပြင်လိုက်ပြီး အင်္ကျီကို ကပျာကယာ ကောက်ဝတ်လိုက်သည်။

"ဒေါက်… ဒေါက်… ဒေါက်"

"ဘယ်သူလဲ"

"တည်းခိုခန်းကပါ၊ အပြင်မှာ ဧည့်သည်တစ်ယောက်က ဆရာ့ကို စာတစ်စောင်လာပေးသွားလို့ပါ"

ထက်မင်းကျော်စွာက သတိနှင့်လျှောက်သွားပြီး တံခါးဖွင့်ပေးလိုက်တော့ တည်းခိုခန်းပိုင်ရှင်က သူ့ကို စာအိတ်တစ်လုံး ပေးသည်။

"ဘယ်သူပေးသွားတာလဲ"

"အဘိုးကြီးတစ်ယောက်ပဲဆရာ"

"အခု ဘယ်ရောက်သွားပြီလဲ"

"စာပေးပြီး ပြန်ထွက်သွားတာပဲဆရာ"

"ကျေးဇူးပါပဲ"

တည်းခိုခန်းပိုင်ရှင် ပြန်ထွက်သွားတော့ တံခါးပြန်ပိတ်လိုက်ပြီး စာအိတ်ကိုဖောက်ကာ အထဲမှစာရွက်ကို ထုတ်၍ ဖတ်လိုက်သည်။

"မိုးမခမျက်နှာ ဝက်ပါ
ပျောက်တဲ့သူကိုရှာ..."

ဟူသော ထူးဆန်းသောစာကို ဖတ်ရလေသည်။





## အခန်း [ ၁၃ ]

## ဆံသသသမားမျက်နှာနှင့်လူ

မိုးမခသည် သီးသန့်နယ်မြေတစ်ခုတော့ မဟုတ်ပေ။ ကန်ချနာဘူရီလမ်းမကြီးမှ ခွဲထွက်လာသောလမ်းနှင့် ဆက်စပ်လျက်ရှိသည့် သီးသန့်နေရာတစ်နေရာ ဖြစ်သည်။

ကျောက်တောင်ကျောက်တုံးများ၊ သစ်တောကြီးများ၊ သဲ ကန္တာရလွင်ပြင်များက တြိဂံသဖွယ် ဝန်းရံထားသော အလယ် မြေကွက်လပ်ပေါ်မှာ အိုမီဂါစီမံကိန်းစခန်းရှိလေသည်။

ကျောက်တုံးကြီးများရှိသော တောင်ကုန်းပေါ်မှကြည့်လျှင် ၎င်းစခန်းကို လှမ်းမြင်နိုင်လေသည်။

စခန်း တည်ဆောက်ထားသော နေရာမှာ အတော် ကျယ်ဝန်းလှပြီး အကျဉ်းထောင်စခန်းကြီးများကဲ့သို့ ကွန်ကရစ် အုတ်တိုင်များနှင့် သံဆူးကြိုးများကို အခိုင်အခန့် ကာရံထား သည်။ ၎င်းသံဆူးကြိုးများနှင့် ဝန်းထရံကာထားသော သံပြား များကို လျှပ်စစ်ဓာတ်အားများ လွှတ်ထားသည်။

စခန်းပတ်လည်တစ်ခုလုံးကို သေနတ်ကိုင် အစောင့် များက နေရာလပ်မကျန်အောင် ဝင်ပေါက်ထွက်ပေါက်မှန်သမျှ စောင့်ကြပ်လျက်ရှိပေသည်။ အချို့အစောင့်များဆိုလျှင် အနံ့ခံ ကောင်းသော ခွေးကြီးများကိုပင် လက်ကဆွဲထားသည်။

အဆောက်အအုံမှာ သုံးခုဖြစ်သည်။ တစ်ခုနှင့်တစ်ခု စကြိုလမ်းများနှင့် ဆက်ထားသည်။ ဂိတ်ပေါက်ဝအနီးတွင် ကုန်တင်ထရပ်ကားတစ်စီးနှင့် အဆောက်အအုံများ အနီး မှာလည်း အခြားကားကြီးကားသေးများ ရပ်ထားသည်။

ထက်မင်းကျော်စွာက ကျောက်တုံးကြီးတစ်လုံးနောက်မှာ ဝပ်၍ မှန်ပြောင်းအသေးစားလေးတစ်လက်ဖြင့် အသေအချာ ကြည့်၍ အဆောက်အအုံအနေအထားများကို မှတ်သားလျက် ရှိသည်။

"စခန်းကတော့ အတော့်ကို အခိုင်အခန့် တည်ဆောက် ထားတာပဲ၊ လွယ်လွယ်နဲ့တော့ အထဲရောက်မှာမဟုတ်ဘူး





ဒီနေရာက အိုမီဂါစီမံကိန်းရဲ့ သုတေသနလုပ်နေတဲ့ နေရာ ဆိုတာတော့ သေချာသွားပြီ"

ထက်မင်းကျော်စွာက မှန်ပြောင်းလေးကို ဇင်မာဝေအား ပေးလိုက်သဖြင့် သူမက ယူ၍ကြည့်နေသည်။

သူတို့ရောက်နေသော နေရာမှာစခန်းနှင့် ကိုက်သုံးရာခန့် ဝေးသော ကျောက်တုံးကြီး တစ်တုံးနောက်မှာ ဖြစ်သည်။ ထိုနေရာမှာ တောင်ကုန်းတစ်ခုဖြစ်သောကြောင့် အားလုံး အပေါ်စီးမှ လှမ်းမြင်ရသည်။ ကားကိုတော့ တောင်စောင်း တစ်နေရာရှိ ကျောက်တုံးကြီးများနောက်တွင် ဝှက်ထားသည်။

သူတို့ဝင်နားခဲ့သောရွာဘက်မှ လာသောလမ်းမှာ ဖုန်နှင့် ကျောက်တုံးကျောက်ခဲများ ရောထွေးလျက်ရှိပြီး တောင်ကုန်း များကိုပတ်ကာ စခန်းရှိရာဘက်သို့ ဆင်းသွားလေသည်။

အဝေးဆီမှာတော့ တိမ်စင်သော ကောင်းကင်ပြင်ပေါ်မှ လင်းတများက ပျံဝဲလျက်ရှိသည်။

"ကိုယ်ထင်တာတော့ လင်းတတွေ ပျံဝဲနေတဲ့ဘက်မှာ စခန်းက သေသွားတဲ့ လူသေတွေကို ပစ်တဲ့နေရာဖြစ်မယ် ထင်တယ်၊ လင်းတဆိုတာ အသေကောင်ရှိမှလာတဲ့ အကောင် မျိုးပဲ"

ဟု ထက်မင်းကျော်စွာက မှတ်ချက်ချသည်။

လင်းတများက အပေါ်မှာဝဲနေလိုက်၊ အောက်သို့ထိုးဆင်းသွားလိုက်နှင့် ရှိနေကြသည်။

သူတို့နှစ်ယောက် မြေပေါ်မှာဝပ်နေရာမှ ထလိုက်စဉ် တောင်ကုန်းပေါ်သို့ တက်လာသော သေနတ်ကိုင် အစောင့်သုံးယောက်ကို လှမ်းမြင်လိုက်ရသဖြင့် ထက်မင်းကျော်စွာက မှန်ပြောင်းကို ချုံထဲသို့ လွှင့်ပစ်လိုက်သည်။

ထို့နောက် ဇင်မာဝေကိုဖက်ကာ နေရာမှ ထရပ်လိုက်သည်။

အစောင့်သုံးယောက်က သူတို့ကိုမြင်သွားပြီး တောင်ကုန်းပေါ်သို့ အလျင်အမြန် တက်လာကြသည်။

ထက်မင်းကျော်စွာက ဇင်မာဝေကို မျက်ရိပ်ပြကာ ဘာမှ မထူးခြားသော အမူအရာနှင့် ချစ်သူတစ်ယောက်လို ပခုံးကိုဖက်ထားသည်။

မကြာမီ အစောင့်များက သေနတ်များကို အဆင်သင့်ကိုင်ကာ သူတို့အနီးသို့ ရောက်လာကြသည်။

"ခင်ဗျားတို့ ဒီနေရာမှာ ဘာလာလုပ်နေကြတာလဲ"

ဟု တစ်ယောက်က သေနတ်နှင့်ချိန်ကာ ခပ်ဝဲဝဲလေသံဖြင့် မေးသည်။

ထက်မင်းကျော်စွာက ပြုံးရွှင်သော အမူအရာဖြင့်...





"ကျွန်တော်တို့က ချစ်သူတွေပါ၊ လွတ်လွတ်လပ်လပ် တွေ့ရအောင်လို့ ဒီနေရာကို လာတွေ့တာပါ"

ဟု ဘာမှ အရေးမကြီးသောဟန်ဖြင့် ပြန်ပြောလိုက်သည်။

"ဒီနေရာတစ်ဝိုက်က ဘယ်သူမှမလာရဘူးဆိုတာ မသိဘူးလား"

"ကျွန်တော်တို့က ပြည်မဘက်က လာကြတာဆိုတော့ ဒါတွေတော့ မသိဘူးဗျာ"

"ခင်ဗျားတို့ ကိုယ့်သေတွင်း ကိုယ်တူးတာပဲ၊ ဒီနေရာကို ရောက်လာပြီးရင် ဒီအတိုင်းပြန်လို့ မရတော့ဘူး"

"ကျွန်တော်တို့က ဒီအကြောင်းတွေကို လုံးဝမသိလို့လာမိတာပါ၊ ဒီတစ်ခါတော့ ခွင့်လွှတ်ပါ၊ ကျွန်တော်တို့သွားပါရစေ"

"မရတော့ဘူး။ ခင်ဗျားတို့ကို စခန်းကိုခေါ်သွားရမယ်"

"ဒုက္ခပါပဲဗျာ... ချစ်သူနဲ့ လွတ်လွတ်လပ်လပ် တွေ့ခွင့်ရလို့ ပျော်တဲ့စိတ်ကလေးတောင် ဘယ်ရောက်သွားပြီလဲ မသိတော့ပါဘူး"

"ဒီမှာက ပျော်တဲ့စိတ်ကလေး ပျောက်ရုံပျောက်တာ၊ စခန်းရောက်ရင် စိတ်ညစ်စရာတွေ ထပ်တွေ့ရဦးမှာ၊ ခင်ဗျားတို့ စခန်းကို လိုက်ခဲ့ရမယ်"

"ဗျာ... ကျွန်တော်တို့ကို စခန်းခေါ်သွားပြီး ဘာလုပ်ကြမှာလဲဟင်"

"ဒါကတော့ လူကြီးတွေသဘောကျသလို လုပ်လိမ့်မယ်၊ သူတို့က လူစိမ်းတွေဆိုရင် သိပ်ပြီးစိတ်ဝင်စားကြတယ်၊ တခြားလူတွေလို ဆေးစမ်းသပ်ဖို့ အသုံးချရင်လည်း ချမှာပေါ့"

"ဒါဖြင့် ခင်ဗျားတို့က ကျွန်တော်တို့ နှစ်ယောက်ကို ဖမ်းတာလား"

"ဒီသဘောပါပဲ"

"ကျွန်တော်တို့က ဒီနေရာကိုလာတာ ဒီအတိုင်းလာကြတာမဟုတ်ဘူးဗျ၊ ရွှေဘုန်းဖိတ်လို့လာတာ၊ ဒီအကြောင်းတွေကို သူသိသွားရင်တော့ ခင်ဗျားတို့လွယ်မယ်မထင်ဘူး။ သူက သူ့ရဲ့ ညှိသည်တွေကို ဒီလိုဆက်ဆံတာကို ကြိုက်မှာ မဟုတ်ဘူး"

ဟု ခပ်တည်တည်နှင့် ပြောလိုက်သောအခါ လူသုံးယောက်မှာ ရွှေဘုန်းအမည်ကို ကြားလိုက်ရသည်နှင့် တွန့်ခနဲဖြစ်သွားကြသည်။

"ခင်ဗျားတို့က ရွှေဘုန်း ညှိသည်ဆိုတာ ဘယ်လိုသက်သေပြနိုင်လဲ"

"ပြနိုင်ပါတယ်ဗျာ... ကျွန်တော်တို့ ဒီကိုတက်လာတော့ ဟိုတောင်ကုန်းအောက်မှာ သူတို့စခန်းက လိုက်ပို့တဲ့ လူနှစ်ယောက်ပါလာပါတယ်၊ အောက်မှာ စောင့်နေကြတယ်"





ထိုစကားကို အဟုတ်မှတ်သွားသော ခေါင်းဆောင်လုပ်သူက သူ့လူတစ်ယောက်ကို တောင်ကုန်းအောက်သို့ လွှတ်ကာ ထိုလူနှစ်ယောက်ကို ရှာခေါ်ခဲ့ရန် အမိန့်ပေးသဖြင့် တစ်ယောက် ထွက်သွားလေရာ အနီးတွင် ရန်သူနှစ်ယောက်သာ ကျန်တော့သည်။

"ဘယ်လိုလဲ၊ ကျွန်တော်တို့နှစ်ယောက် လိုက်ခဲ့ရဦးမှာလား"

"ဟိုကနှစ်ယောက် ရောက်လာလို့ ခင်ဗျားတို့ပြောသလို ရွှေဘုန်းဆီက ဆိုတာမှန်ရင်တော့ လိုက်ဖို့မလိုတော့ပါဘူး၊ ဒါပေမယ့် ဟိုကလာတဲ့အထိတော့ ခဏစောင့်ပါ"

ထက်မင်းကျော်စွာ၏ ပရိယာယ်စကားကြောင့် လေသံမှာ စောစောကလောက် မတင်းမာတော့ပေ။

"ကဲ... အဲဒီကို လိုက်သွားကြမယ်"

ထက်မင်းကျော်စွာက ဇင်မာဝေကို မျက်ရိပ်ပြကာ ရှေ့မှသွားစေသည်၊ ဇင်မာဝေက သေနတ်သမားနှင့် သူကြားမှ ဖြတ်လျှောက်သည်။ နောက်မှ သေနတ်သမားနှင့် ကွယ်သွားသော အခိုက်အတန့်မှာ ထက်မင်းကျော်စွာက အနီးမှ သေနတ်သမား၏လက်ကို ပတ်ကန်သည်။

ညာခြေနှင့်ကန်ခြင်းဖြစ်ရာ ထိုညာခြေပြန်အကျ ဘယ်ခြေက အရှိန်နှင့်ပါလာပြီး ရန်သူ၏လည်မျိုကို ထိထိမိမိ ကန်လိုက်ရာ လည်ကျသွားသည်။ ကျန်တစ်ယောက်က သေနတ်နှင့်ပစ်ရန် ပြင်လိုက်သည်နှင့် ဇင်မာဝေက ဘေးမှ ကိုယ်လုံးနှင့်တိုက်လိုက်သောကြောင့် ယိုင်ထွက်သွားသည်။

ထိုအချိန်မှာ ထက်မင်းကျော်စွာလက်ထဲသို့ ပေါက်ဓားတစ်လက်က ချက်ချင်းရောက်လာပြီး မလှမ်းမကမ်းရှိ ရန်သူကိုပေါက်လိုက်ရာ အလေ့အကျင့်ရှိပြီးသောလက်မို့ ရန်သူ့လည်မြိုကို တည့်မတ်စွာစိုက်ဝင်သွားပြီး တအိအိ လဲကျသွားလေတော့သည်။

သေနတ်ကို ဇင်မာဝေက ကောက်ယူလိုက်သည်။

ထိုအချိန်မှာ စောစောကလဲနေသူက ပြန်ထလာပြီး ထက်မင်းကျော်စွာကို နောက်ဘက်မှဝင်လုံးသည်။ သူက ဗလကောင်းသူ ဖြစ်သောကြောင့် သန်မာသောလက်ကြီးများနှင့် လည်ပင်းကိုညှစ်ရန် ကြိုးစားသည်။

ထက်မင်းကျော်စွာက တံတောင်နှင့် ရင်ဝကိုဆောင့်တိုက်တော့ 'အင့်' ခနဲ တစ်ချက်ညည်းညူပြီး လည်ပင်းမှလက်များလျော့သွားသည်။ ထိုအခွင့်ကောင်းကိုယူကာ ကိုယ်ကို တစ်ပတ်လှည့်ထွက်ပြီး ရင်ဝကိုဆောင့်ကန်လိုက်ရာ နောက်သို့ယိုင်ထွက်





သွားကာ နောက်ဘက်ရှိ ကျောက်တုံးနှင့် ခေါင်းနှင့်ဆောင့်၍ လဲကျသွားသည်။

ထက်မင်းကျော်စွာက စောစောကရန်သူဆီမှ ဓားကို ပြန်နုတ်လိုက်ပြီး နှစ်ယောက်စလုံးကို ချုံများနောက်သို့ ဆွဲသွင်းကာ ၎င်းတို့သေနတ်များကို အဝေးသို့ပစ်လိုက်သည်။

"ဇင်မာ... ကားနေရာက သွားစောင့်နေ၊ ကိုယ် ဟိုတစ်ယောက်ဆီကို လိုက်သွားလိုက်ဦးမယ်"

ခြေသံလုံလုံဖြင့် အစောင့်ထွက်သွားရာသို့ အသာလိုက်ခဲ့ရာ လမ်းမှာပင် အောက်မှ ပြန်တက်လာသော အစောင့်ကို မြင်လိုက်သဖြင့် သစ်ပင်ကွယ်တစ်နေရာတွင် ဝင်ကပ်နေလိုက်သည်။

အနီးသို့ရောက်လာပြီး လွန်သွားတော့မှ နောက်မှ ဖျတ်ခနဲခုန်ထွက်ပြီး လည်ပင်းကိုလက်နှင့်ရစ်ကာ နံကြားသို့ ဓားဖြင့် ထိုးသွင်းချလိုက်သည်။

ခဏကြာသောအခါ ငြိမ်ကျသွားသည်။

ထိုအခါမှ ချုံနောက်သို့ ဆွဲသွင်းထားခဲ့ပြီး အေးအေးဆေးဆေး ပြန်ထွက်လာခဲ့သည်။

ကိုယ်ပေါ်မှ ဖုန်နှင့်သွေးစက်များကို သုတ်သင်ဖယ်ရှားရင်း ဇင်မာဝေရှိရာသို့ တက်လာခဲ့သည်။

"အားလုံးတော့ပြီးသွားပြီ၊ အချိန်မရှိဘူး… ကိုယ် အထဲဝင်ဖို့ လုပ်ရတော့မယ်၊ ဒီတော့ ဇင်မာက ကားနဲ့ တစ်နေရာက အဆင်သင့်စောင့်ကြည့်နေ၊ ကိုယ် အခြေအနေ မကောင်းခဲ့ရင် လွတ်အောင်သာ ပြေးပေတော့၊ ကြားလား…"

"အစ်ကို… သတိတော့ထားနော်"

"ကိုယ့်အတွက်မပူနဲ့"

ဟုဆိုကာ ထက်မင်းကျော်စွာက ဆံပင်ညှပ်ဆရာ လာမည့် ကားလမ်းဘက်သို့ ထွက်လာလေသည်။ လမ်းမနံဘေး ရောက်သောအခါ အရိပ်ကောင်းသော သစ်ပင်တစ်ပင်ဘေး တွင် ဝင်ထိုင်ရင်း ခေတ္တ အမောအပန်း ဖြေရလေသည်။

နေရောင် မြင့်တက်လာသည်နှင့်အတူ နေပူရှိန်ကလည်း အတော်ပြင်းလာသည်။ ထိုနေရာမှ သဲကန္တာရလွင်ပြင်ဆီသို့ လှမ်းမြင့်နေရပေရာ တံလျှပ်များထနေသည်။

အဝေးဆီတွင် တောတန်းများ၊ တောင်တန်းများရှိပြီး ထိုနေရာများမှာ လမ်းပန်းဆက်သွယ်မှုမကောင်း၊ မြို့ပြနှင့် ဝေးလွန်းသည်က တစ်ကြောင်းကြောင့် ထိုနေရာများတွင် နေကြသော လူမျိုးစုများမှာ ဖွံ့ဖြိုးမှုမရှိကြပေ။

အသိဉာဏ်နည်းပါးပြီး ဗဟုသုတ မရှိကြသောကြောင့် အိုမီဂါပိုးစီမံကိန်းသို့ အစမ်းသပ်ခံဘဝနှင့် ရောက်လာကြပြီး





လူအတော်များများ အသက်ပေးခဲ့ကြရလောက်ပြီဟု တွေးလိုက် မိသည်။

ထက်မင်းကျော်စွာ စိတ်မကောင်းစွာဖြင့် သက်ပြင်း တစ်ချက် ချလိုက်မိသည်။

ထိုအခိုက်မှာပင် အဝေးဆီမှမောင်းလာသော မော်တော် ကား အင်ဂျင်စက်သံသဲ့သဲ့ကို ကြားလိုက်ရသည်။ လမ်းမပေါ် ထွက်ကြည့်လိုက်တော့ လမ်းအတိုင်း သည်ဘက်သို့ ဖုန် တထောင်းထောင်းထအောင် မောင်းလာသော ကားတစ်စီးကို လှမ်းမြင်ရသည်။

သည်အချိန်ဆိုရင်တော့ ထိုကားမှာ ဆံပင်ညှပ်ဆရာ ရာဂျစ် စီးလာသော ကားမှလွဲ၍ အခြားမဖြစ်နိုင်ပေ။

ကားစက်သံမှာ မမှန်ရုံမက ကားမှာလည်း လွန်စွာ ဟောင်းနွမ်း စုတ်ပြတ်လျက်ရှိသော ဂျစ်ကားအစုတ်တစ်စီးပင် ဖြစ်သည်။

အနီးသို့ရောက်လာတော့ ထက်မင်းကျော်စွာက လမ်းမ ပေါ်တက်ပြီး လက်ပြတားသည်။ ကားဆရာက တအံ့တဩဖြင့် သူ့ကားကို အတော်ဝေးဝေးမှာပင် ဘရိတ်အုပ်ကာ ရပ်တန့်ရန် ကြိုးစားသော်လည်း တကျွိကျွိ တအီအီနှင့် အနားရောက်မှ ရပ်တန့်သွားသည်။

ကားမောင်းလာသူ ရာဂျစ်က စိတ်ပျက်လက်ပျက် အမူအရာဖြင့် ကားပေါ်မှ ဆင်းလာသည်။

"ဘာအတွက် တားတာလဲဗျာ… ကျုပ်ကားက စက်ရပ်သွားရင် တော်တော်နဲ့ပြန်နှိုးလို့မရဘူးဗျ၊ နောက်ကျတော့မှာပဲ"

ဟု ညည်းညူလိုက်လေသည်။

ထက်မင်းကျော်စွာက အနီးသို့လျှောက်သွားတော့ သူက ဇဝေဇဝါဖြစ်ဟန်ဖြင့် မော့ကြည့်သည်။

"နေပါဦး… ခင်ဗျား ညက ကျုပ်ကို အရက်ကောင်းတွေ တိုက်သွားတဲ့လူမဟုတ်လား၊ ဒီနေရာမှာ ဘာလာလုပ်နေတာလဲ"

"ဘာမှမလုပ်ပါဘူး။ ခင်ဗျားဆီကလိုချင်တာရှိလို့ စောင့်နေတာပါ"

"ဘာလိုချင်လို့လဲ"

"ခင်ဗျားရဲ့အဝတ်အစားတွေနဲ့ စီးလာတဲ့ဂျစ်ကားကို လိုချင်လို့ပါ"

"ဟာ…မဖြစ်နိုင်တာ၊ ဒါတွေမပါဘဲနဲ့ ကျုပ်က ဟိုကို ဘာနဲ့သွားရမှာလဲ"

"ခင်ဗျားက သွားစရာမလိုတော့ဘူးလေ၊ ခင်ဗျားအစား ကျုပ်ပဲသွားလိုက်ပါ့မယ်"





"ဟာ… မဖြစ်ဘူး၊ ဒါတော့ ဘယ်နည်းနဲ့မှဖြစ်မှာမဟုတ်ဘူး၊ ဟိုစခန်းကလူတွေက အဲဒီလိုလုပ်ရင် နှစ်ယောက်စလုံးကို သတ်ပစ်မှာဗျ"

"သူတို့သတ်တာကနောက်မှ၊ ကျုပ်စိတ်မရှည်ရင် အခု ချက်ချင်းသတ်ပစ်လိုက်မှာ၊ ကျုပ်ပြောတဲ့အတိုင်းသာ မြန်မြန် လုပ်စမ်းပါ"

ဟုပြောကာ အိတ်ထဲကသေနတ်ကို ထုတ်ပြလိုက်တော့မှ ရာဂျစ်က…

"သြော်… ခင်ဗျားက ဓားပြတစ်ယောက်ပဲကိုး"

ဟု မှတ်ချက်ချကာ ၎င်း၏အဝတ်အစားများကို ချွတ်ပေးလေတော့သည်။ ထို့နောက် ထက်မင်းကျော်စွာက ၎င်း၏အဝတ်အစားများနှင့် လဲလှယ်ဝတ်ဆင်ကာ ရာဂျစ်အား ကြိုးနှင့် တုပ်ထားခဲ့ပြီး ဂျစ်ကားကို စခန်းဘက်သို့ မောင်းချလာတော့သည်။

မသွားခင်ကတည်းက ခြေလက်၊ မျက်နှာတို့ကို ဖုန်များ သုတ်၍ ဖျက်ကာ ဆံပင်ညှပ်သမားဆောင်းသော ဦးထုပ်နီကို ဆောင်းလိုက်ကာ ရုပ်ဖျက်ထားသော ထက်မင်းကျော်စွာမှာ မူလရုပ်မရှိတော့ပေ။

ဆံပင်ညှပ်သမား၏အိတ်ထဲမှာတော့ အရေးအကြီးဆုံး ပစ္စည်းဖြစ်သည့် ဓာတ်ခွဲခန်းအတွင်း ဝင်ခွင့်ထွက်ခွင့် လက်မှတ်ကို တွေ့ရသည်။ သူဝတ်ထားသော အဝတ်အစားများ အောက်မှာတော့ လက်စွဲတော် ပေါက်ဓားကလေးများနှင့် သေနတ်တို့ အဆင်သင့်ပါလာသည်။

ဂိတ်ပေါက်ဝတွင် အစောင့်နှစ်ယောက် ရှိသော်လည်း တစ် ယောက်က ခွေးဆွဲထားသော အစောင့်တစ်ယောက်နှင့် စကားပြောရင်း မလှမ်းမကမ်းတွင် ရပ်နေကြသည်။ ဂျစ်ကား ဝင်လာသည်ကို မြင်သော်လည်း လာနေကျမို့ ဂရုစိုက်ခြင်း မရှိကြပေ။

တံခါးပေါက်ဝတွင် ဂျစ်ကားကို ရပ်လိုက်သောအခါ အစောင့်က ထွက်လာသည်။ ထက်မင်းကျော်စွာက အိတ်ထဲမှ ဝင်ထွက်ခွင့်ကတ်ပြားကို ထုတ်ပြလိုက်သည်။

အစောင့်က ကတ်ပြားကိုကြည့်၍ ပြန်ပေးကာ ထက်မင်းကျော်စွာကို တစ်ချက်မော့ကြည့်သည်။

"ခင်ဗျားက အရင်ကလာနေကျလူ မဟုတ်ပါလား"

"ဟုတ်ပါတယ်၊ သူမနက်က နေမကောင်းဖြစ်ပြီးတော့ မထနိုင်လို့ ကျွန်တော့်ကို လွှတ်လိုက်တာပါ၊ ကျွန်တော်က





ကိုရာဂျစ်ရဲ့တပည့်ပါ၊ သူ့လိုပဲ ကျွမ်းကျွမ်းကျင်ကျင် ဆံပင်ညှပ်တတ်ပါတယ်"

အစောင့်က သိပ်ပြီးဘဝင်ကျပုံမပေါ်ပေ။

"ဒီလူ သိပ်ခက်တဲ့လူပဲ... ဒီကတ်ကို တခြားလူကို မပေးရဘူးဆိုတာ သိရက်နဲ့၊ သူ ဘယ်လိုဖြစ်တာလဲ"

"ညက သောက်တာများသွားလို့ပါ"

ထိုအဖြေကိုတော့ အစောင့်က ကိုယ်ချင်းစာမိသွားပုံ ရသည်။

မျက်နှာပေါ်မှာ တင်းမာမှုများ ချက်ချင်း လျော့ကျသွားသည်။

"အင်း... အရက်နဲ့တွေ့တာနဲ့ ကျန်တာတွေကို ဘာမှ မစဉ်းစားတော့ဘူး ထင်တယ်၊ ကဲ...ကဲ...ဝင်ပေတော့"

ဟုပြောကာ တံခါးပေါက်ကို ကားဝင်သာအောင် ဖွင့်ပေးလိုက်သည်။

ထိုအခါမှ ထက်မင်းကျော်စွာမှာ ရင်ထဲမှအလုံးကြီး ကျသွားပြီး ကားကို ဖြည်းညင်းစွာ မောင်းဝင်လာသည်။

## အခန်း [ ၁၄ ]

## အိုင်ဗိုဂါစိမ်းကင်းအတွင်းမှ တိုက်ပွဲ

အဆောက်အအုံရှေ့ဘက် ကားများရပ်ထားရာ နေရာတွင် ကားကိုကွေ့ပြီး ထိုးရပ်လိုက်သည်။

ဆံပင်ညှပ်သမားတုန်းကတော့ ဘယ်နေရာမှာ ကားရပ်၍ ဘယ်အရာကို အရင်လုပ်သည်မသိပေ။

အရေးကြီးတာက သည့်ဝင်းထဲတွင် သူ့ကို တစ်စုံတစ်ယောက်က သံသယမဖြစ်ဖို့၊ သတိမပြုမိဖို့ အရေးကြီးသည်။

ကားရပ်ပြီးသည့်တိုင် အနှောင့်အယှက် တစ်စုံတစ်ရာ မတွေ့ရသဖြင့် ကားပေါ်မှ တံခါးဖွင့်ဆင်းသည်။

နောက်ဘက်တွင် အိတ်တစ်လုံးတွေ့ရသဖြင့် ဖွင့်ကြည့်သောအခါ ခေါင်းညှပ်ကိရိယာများ တွေ့ရသည်။

သူ ပတ်ဝန်းကျင်ကို အကဲခတ် ကြည့်လိုက်တော့ လူအတော်များများကို တွေ့ရသော်လည်း သူ့အလုပ်နှင့်သူ ရှုပ်နေသောကြောင့် သူ့ကို ဘယ်သူကမှ ဂရုတစိုက် မကြည့်အားကြပေ။

မလှမ်းမကမ်းထောင့်တစ်နေရာတွင် စက်သေနတ်လွယ်ထားသော အစောင့်နှစ်ယောက် စီးကရက် သောက်ရင်း စကားပြောနေကြသည်။

ဂျူတီကုတ်အဖြူဝတ် ပညာရှင်တစ်ယောက်က ဗိုင်တွဲတစ်တွဲ ချိုင်းကြားညှပ်ကာ သူ့အနီးမှ ဖြတ်လျှောက်လာသောကြောင့် တစ်ဖက်သို့ မျက်နှာလွှဲထားလိုက်ရသည်။

အဆောင်၏ ရှေ့ဝင်ပေါက်တံခါးဝ ဖွင့်ထားသည်။

အတွင်းဘက်မှာ အစောင့်တစ်ယောက် ထိုင်နေသည်။

အရပ် ထောင်ထောင် မောင်းမောင်းနှင့် လူမျိုးကွဲတစ်ယောက်ဖြစ်သည်။ ဝတ်စုံအပြည့် ဝတ်ဆင်ပြီး မျက်မှန်တပ်ထားသူ ဖြစ်သည်။

သူ ဝင်သွားတော့ မျက်မှန်နှင့်အစောင့်က မော့ကြည့်သည်။





"လက်မှတ်ပြပါ"

ထက်မင်းကျော်စွာက အိတ်ထဲမှ ဝင်ခွင့်ကတ်ပြားကို ထုတ် ပေးလိုက်သည်။

"ဒီနေ့ ဆံပင်ညှပ်ဖို့ သူ့ကိုယ်စားလာတာပါ"

မျက်မှန်နှင့်လူက လက်မှတ်ကိုတစ်လှည့်၊ သူ့ကို တစ်လှည့် စိုက်ကြည့်နေသည်။

"ဒီလက်မှတ်ကို ဘယ်သူ့ကိုမှ လွှဲမပေးရဘူးလို့ သူ့ကို အသေအချာ မှာထားတာပဲ"

"သူက ဒီလက်မှတ်ပြရင် ဝင်လို့ရတယ်ဆိုလို့ လာခဲ့တာပါ၊ မရရင်လဲ ပြန်သွားပါ့မယ်"

ထက်မင်းကျော်စွာက ခပ်တည်တည်ပြောလိုက်သည်။

အစောင့်က သက်ပြင်းချကာ ဝင်ခွင့်ကတ်ကို ပြန်ကြည့်နေသည်။

"ဒီတစ်ပတ်တော့ရှိစေတော့၊ နောက်တစ်ပတ် ဆံပင်ညှပ်ခန်းထဲ မဝင်ခင် ကျွန်တော်နဲ့ အရင်လာတွေ့ဖို့ သူ့ကို ပြောလိုက်ပါ"

"ဟုတ်ကဲ့ဆရာ"

"ဒီစခန်းထဲမှာ စည်းကမ်းသိပ်ကြီးတယ်၊ ဝင်ရတဲ့အခန်း၊ မဝင်ရတဲ့အခန်းတွေ၊ မသွားရတဲ့နေရာ၊ သွားရတဲ့နေရာတွေ အများကြီးရှိတယ်...

တစ်ခုခုများရင် မလွယ်ဘူး"

"ဟုတ်… ဟုတ်ကဲ့ပါ"

ဝင်ခွင့်ကတ်ပြားပေါ်မှာ လက်မှတ်ထိုးပြီး သူ့ကိုပြန်ပေးလိုက်သည်။ အစောင့်က လက်မှတ်ထိုးပြီးသောအခါ အထဲသို့ ဝင်နိုင်ပြီဖြစ်ကြောင်း ခေါင်းဆတ်ပြသည်။

သူက ကျေးဇူးတင်ကြောင်းပြောပြီး စင်္ကြံလမ်းအတိုင်း အတွင်းဘက်သို့ လျှောက်လာသည်။ အတွင်းဘက်တွင် မီးရောင်များကြောင့် ထိန်လင်းလျက်ရှိသည်။

နံရံများကို ဆေးအဖြူများ သုတ်ထားသောကြောင့် အလင်းရောင်မှာ ပိုမိုတောက်ပလျက်ရှိသည်။

ဆံပင်ညှပ်အခန်း ဘယ်နေရာမှာရှိတာကို သူ မသိပေ။

စင်္ကြံလမ်းဆုံးသောအခါ တံခါးကိုဖွင့်ကာ အဆောက်အအုံ အနောက်ဘက်အခြမ်းသို့ ဝင်သည်။

မျက်နှာချင်းဆိုင်မှ လျှောက်လာကြသူများကလည်း သူ့ကို ဂရုမစိုက်ကြပေ။ သူ့အလုပ်နှင့်သူ ကိုယ့်အလုပ်နှင့်ကိုယ် ရှုပ်နေ ကြသည်။

အချို့နေရာများတွင် မှန်တံခါးများ တပ်ဆင်ထားသဖြင့် အတွင်းဘက်တွင် စာရွက်စာတမ်းများဖြင့် အလုပ်ရှုပ်နေသော ဝန်ထမ်းအလုပ်သမားများကို တွေ့ရသည်။





အခန်းတစ်ခန်းထဲတွင် ကွန်ပျူတာ စက်ခလုတ်ခုံတစ်ခုကို တွေ့ရသည်။

ပညာရှင် တော်တော်များများမှာ စက်ခလုတ်ခုံအနီးတွင် အလုပ်လုပ်နေကြသည်။

တံခါးပေါက်တစ်ခုကို ဖြတ်အထွက်တွင် အဆောက်အအုံ၏ ပင်မအဆောက်အအုံ ခန်းမကြီးထဲသို့ ရောက်သွားသည်။

ထိုတံခါးများ၏အပေါ်ဝယ် အင်္ဂလိပ်၊ မြန်မာ၊ ယိုးဒယားဘာသာစကားဖြင့် (အခွင့်ရှိသူများသာ)ဟု အမိန့်ပေးရသော စာတန်းများ ချိတ်ဆွဲထားသည်။

သေချာပြီ…

ဤနေရာများတွင် ဤစခန်း၏ အဓိက အရေးပါအရာ ရောက်သော ဒေါက်တာဗိုဇနှင့် ဒေါက်တာထိုက်ဖ်တို့၏ အလုပ် ခန်းများရှိမှာ သေချာပြီ။

တံခါးတစ်ခုရှေ့မှဖြတ်ကျော်ပြီး အခန်းဝမှ ထွက်လိုက်သောအခါ ရင်ဘတ်တွင် တံဆိပ်အဝါတစ်ခုချိတ်ထားသော ဂျူတီကုတ် အဖြူဝတ် ပုဂ္ဂိုလ်တစ်ဦးနှင့် ဝင်တိုက်လုမတတ် ဖြစ်သွားသည်။

ထိုသူက အရပ်မြင့်သော်လည်း ပိန်ပိန်သွယ်သွယ်ဖြစ်သည်။

သူက ထက်မင်းကျော်စွာ၏ ပုံပန်းသဏ္ဌာန်ကို ရုတ်တရက် တွေ့လိုက်ရသောအခါ တအံ့တသြ ဖြစ်သွားပုံရသည်။

"ခင်ဗျား ဘယ်သူလဲ"

ဟု အင်္ဂလိပ်ဘာသာစကားဖြင့် မေးသည်။

"ကျွန်တော်က ဆံပင်ညှပ်ဆရာပါ"

သူကလည်း အင်္ဂလိပ်ဘာသာစကားဖြင့် ပြန်ပြောသည်။

"ဆံပင်ညှပ်ဆရာ ဟုတ်လား... ဒီအဆောင်မှာ ဘာလာလုပ်နေတာလဲ၊ ဒီမှာ ခင်ဗျားအလုပ် ဘာရှိလို့လဲ"

"ဒါက အဆောင်လားဆရာ"

"ဒါက သီးသန့်အဆောင်၊ ဆံပင်ညှပ်အခန်းက ဟိုးနောက်ဘက်က အဆောင်မှာ အရှုံးရဲ့၊ ဒါတောင် မသိဘူးလား"

တစ်ဖက်သို့ လက်ညှိုးထိုးပြပြီး ပြန်လှည့်လာသောအခါ သူ့လည်ပြိုပေါ်သို့ လက်ဝါးစောင်းတစ်ချက်က ပြင်းထန်စွာ ကျရောက်သွားတော့သည်။

"ဒုတ်..."

အင့်ခနဲသာ တစ်ချက်ညည်းနိုင်ပြီး နေရာတွင်ခွေကျသွားသည်။

လဲနေသူကို တံခါးဝသို့ ဆွဲရွှေ့သည်။





တံခါးကို လှည့်ဖွင့်ကြည့်သည်။

သော့ချထားသဖြင့် ဖွင့်မရပေ။

ထိုအခိုက် မလှမ်းမကမ်းမှ တံခါးတစ်ချပ်ပွင့်လာပြီး ဂျူတီကုတ်နှင့် လူတစ်ယောက် ထွက်လာသည်။

သူတို့ဘက်မကြည့်ဘဲ တစ်ဖက်သို့ လှည့်လျှောက်သွားသည်။

အတော်ဝေးသွားတော့မှ အိတ်ထဲမှ မာစတာကီးကို ထုတ်၍ တံခါးဖွင့်သည်။

တံခါးပွင့်သွားသောအခါ တွန်းဖွင့်ပြီး လဲနေသူကို အခန်းထဲဆွဲသွင်းပြီး တံခါးပြန်ပိတ်သည်။

ထို့နောက် မီးဖွင့်လိုက်သောအခါ အခန်းထဲမှာလင်းသွားသည်။

ထက်မင်းကျော်စွာ သူ့ကိုယ်ပေါ်မှ အဝတ်အစားတွေကို ချွတ်သည်။

ကြွေဇလုံတွင် ရေဖြင့် တစ်ကိုယ်လုံး ဆေးကြောသန့်စင်ပစ်သည်။

ပြီးလျှင် မေ့နေသူထံမှ ဘောင်းဘီ၊ ဂျူတီကုတ်၊ နက်တိုင်၊ အတွင်းအင်္ကျီတို့ကို ချွတ်ယူပြီး လဲဝတ်သည်။

ရင်ဘတ်တွင် တံဆိပ်တပ်သည်။

လှူဂါပစ္စတိုကို အသံတိတ်ကိရိယာတပ်ပြီး သူနေရာတွင် နေသားတကျထားသည်။ ဓားမြှောင်အိတ်ကိုလည်း လက်ဖျံတွင် စည်းလိုက်သည်။ အားလုံးပြီးသောအခါ မေ့နေသူကို ကြိုးဖြင့် တုပ်၍ ပါးစပ်အဝတ်စည်းကာ အခန်းထောင့်တွင် ထည့်ထားသည်။

သူဝတ်ခဲ့သော အဝတ်အစားအဟောင်းတွေကို အဝတ်ခြင်းထဲထည့်ပြီး အခြေအနေကိုကြည့်ပြီး အခန်းအပြင်ဘက်သို့ ထွက်ခဲ့သည်။

ယခုအထိတော့ သူ့အတွက် အခြေအနေကကောင်းနေသည်။

ရင်ထိုးတံဆိပ်ပေါ်တွင် ဒေါက်တာဟိန်းဇာ အဆောင်(၁) ဟူသော စာတန်းကို အင်္ဂလိပ်လိုထိုးထားသည်။

သူ အပြင်ထွက်လာတော့ စင်္ကြံလမ်းပေါ်တွင် ဗိုင်တွဲပိုက် လျှောက်လာသော အမျိုးသမီးတစ်ဦးနှင့် ဆုံသည်။

အမျိုးသမီးက သူ့ကို 'ဟဲလို' ဟုနှုတ်ဆက်ပြီး ကျော်သွားပြီးတော့မှ ဇဝေဇဝါဖြင့် တစ်ချက်ပြန်ကြည့်သည်။

သူက အမျိုးသမီးကို လုံးဝဂရုမစိုက်တော့ဘဲ စင်္ကြံလမ်းအတိုင်း ခပ်သုတ်သုတ်ထွက်လာခဲ့သည်။





စင်္ကြံအဆုံးရှိ တံခါးပေါက်ရောက်သောအခါ အတွင်းသို့ ဝင်လိုက်သည်။ သူဝင်သွားသောအခန်းမှာ လူနာများထားသော အခန်းဖြစ်သည်။ ခုတင်များပေါ်ဝယ် လူမျိုးပေါင်းစုံ လူနာအများအပြားကို တွေ့ရလေသည်။

လူနာအားလုံးမှာ ဆေးဝါးကုသမှုမခံရသဖြင့် အတော်ကို နေထိုင်မကောင်း ဖြစ်နေပုံရသည်။

မင်းလမ်းမကြီးပေါ်တွင် အနီအဖြူ ဝတ်ထားသော သူနာပြုဆရာမတစ်ဦးက လူနာတစ်ဦးကို ဆေးထိုးပေးနေသည်ကို လှမ်းမြင်ရသည်။

သူနာပြုဆရာမလေးက သူ့ကိုမြင်သောအခါ ခေါင်းညိတ် အသိအမှတ်ပြုပြီး သူ့အလုပ် သူဆက်လုပ်နေသည်။

သူကလည်း ခေါင်းညိတ်ပြပြီး စင်္ကြံလမ်းအတိုင်း ဆက်ထွက်ခဲ့သည်။

အတွင်းပိုင်းရောက်သောအခါ ကြမ်းပြင်ပေါ်တွင် လူနာများစွာကို နောက်ထပ်တွေ့ရသည်။

လူနာများစွာ ဆေးကုသမှုမခံရဘဲ ညစ်ပတ်ပေရေစွာ စွန့်ပစ်ထားခြင်းခံရသဖြင့် ပိန်လှီခြောက်သွေ့ကာ ရောဂါ အသည်းအသန် ခံစားနေကြရသည်။

အချို့ဆိုလျှင် အနာများက ဟောင်းလောင်းပေါက်ကြီးများဖြစ်ကာ သွေးပြည်တရွှဲရွှဲ ဖြစ်နေသည်။

ကယ်ပါယူပါဟု အော်ဟစ်ညည်းညူသံများဖြင့် လောက ငရဲတိုက်သံသဖွယ် ဖြစ်နေတော့သည်။

သူ အနီးမှ ဖြတ်လျှောက်သွားသောအခါ 'အစာပေးပါ' 'ဆေးကုပေးပါ'ဟု ကယ်ပါယူပါ တစာစာ အော်ဟစ်နေကြ တော့သည်။

အရိုးပေါ် အရေတင်နေသော လူနာတစ်ယောက်မှာ ခုတင်ပေါ်ဝယ် ပက်လက်ကလေးရှိနေသည်။

သူ့မျက်လုံးများမှာ အကြောင်သားဖြစ်ကာ အသက်ကို ဖုတ်လှိုက်ဖုတ်လှိုက် ရှူနေသည်။

သေမည့်အချိန်ကို စောင့်နေရပုံရသည်။

မျက်နှာတစ်ခုလုံး ဝေဒနာကို ပြင်းပြင်းထန်ထန် ခံစားနေ ရဟန်ဖြင့် ရှုံ့တွလျက်ရှိသည်။

အခန်းတစ်ခုလုံးမှာလည်း ညစ်ပတ်နံစော်လျက်ရှိသည်။

ၡင်းအခန်းထဲရှိ လူနာအားလုံးတို့မှာ အိုမီဂါမိစ္ဆာပိုး၏ အစမ်းသပ်ခံသားကောင်များ ဖြစ်ခဲ့ကြဟန်ရှိသည်။

ၡင်းတို့၏အသွေးအသားများကို မိစ္ဆာပိုးများက ဝါးမျို စားသောက်ခဲ့ကြပေပြီ။

ထက်မင်းကျော်စွာ မျက်စိထဲမှာ မြို့ကြီးတစ်မြို့သို့ အိုမီဂါ ရောဂါပိုးများ ကူးစက်ပျံ့နှံ့သွားပြီးနောက် ရက်ပိုင်းအတွင်းမှာ





လူများစွာတို့ ရောဂါဖြစ်ကြပြီး မကြာမီ တစ်ယောက်ပြီး တစ်ယောက် လဲကျသေဆုံးကြပုံများကို မြင်ယောင်နေမိတော့ သည်။

နားထဲမှာ 'ကယ်ပါ... ယူပါ... အစာပေးပါ၊ ဆေးပေးပါ' ဟူသော ကြေကွဲဖွယ်အော်သံများကို ကြားယောင်နေမိတော့ သည်။

မကြာမီ တစ်မြို့လုံး နေရာတိုင်းမှာ အလောင်းချင်းထပ် သွားပြီး ဆေးကုမည့်သူမရှိ၊ အလောင်းများကို မြှုပ်နှံသင်္ဂြိုဟ် ပေးမည့်သူ မရှိတော့ဘဲ တစ်မြို့လုံး လင်းတများ ပျံ့ဝဲနေသည်ကို မြင်ယောင်နေမိတော့သည်။

"ဘာများ အကူအညီပေးရဦးမလဲ"

ရုတ်တရက် အမေးခံလိုက်ရသဖြင့် လှည့်ကြည့်လိုက် သောအခါ သူ့ဘေးနားမှာ ယောက်ျားသူနာပြုတစ်ယောက် ရပ်နေသည်ကို တွေ့ရသည်။ ထိုသူက သူ့ရင်ဘတ်မှတံဆိပ်ကို တစ်ချက်လှမ်းကြည့်သည်။

"ခုမနက် တိုးတက်မှုအခြေအနေ ဘယ်လိုရှိသလဲ"

"တတိယအဆင့် အခြေအနေကို တော်တော်များများ တွေ့ရပါပြီ...

ရောဂါလက္ခဏာတွေကလည်း ထင်ရှားပါတယ်...

နောက်ဆုံးအဆင့်ရောက်ဖို့ အပြီးသတ်ဖို့ လေးငါးရက်လောက်ပဲ လိုပါတော့တယ်"

ထိုသူမှာ လုပ်ငန်းရည်ရွယ်ချက်နှင့် လုပ်ငန်းအခြေအနေအားလုံးကိုသိထားသော အတွင်းလူဖြစ်ဟန်ရှိသည်။

သူက မလှမ်းမကမ်းရှိ ခုတင်ပေါ်မှ အလောင်းတစ်လောင်းကို လက်ညှိုးထိုးကာ...

"ဒါက ဘယ်လိုအခြေအနေလဲ"

ထိုသူက ဇဝေဇဝါဖြင့် သူ့ရင်ဘတ်မှတံဆိပ်ကို ကြည့်ပြန်သည်။

"ဒီလူနာက မနေ့က ဒေါက်တာစမ်းသပ်ရင်း သေသွားတဲ့လူနာပါ၊ ဒေါက်တာက ဘယ်သူလဲ...

ခင်ဗျားက ဘာဖြစ်လို့ ဒေါက်တာဟိန်းဇာရဲ့ ဂျူတီကုတ်ကို ဝတ်ထားရတာလဲ"

ဟု မေးလိုက်သည်။

ထိုမေးသံကြောင့် အခြေအနေတစ်မျိုး ပြောင်းရတော့မည်ဟု နားလည်လိုက်သည်။

"ဪ... အေးဗျာ၊ သူ့ဂျူတီကုတ် ခဏဝတ်လာတာ၊ တံဆိပ်ဖြုတ်ထားခဲ့ဖို့ မေ့သွားတယ်"

"ခင်ဗျားက ဒီမှာလူသစ်လား"





"ဟုတ်ပါတယ်၊ ဒေါက်တာဇီဝခေါ်လို့ ပြီးခဲ့တဲ့အပတ်ကမှ ရောက်လာတာပါ"

ထက်မင်းကျော်စွာက ခပ်တည်တည်ပင် ပြောလိုက်သည်။

ထက်မင်းကျော်စွာစကားကို ထိုသူက ယုံကြည်ပုံမရပေ။

သူ ထွက်သွားသည်နှင့် အင်တာကွန်းမှတစ်ဆင့် အချက်အလက်များကို မေးမြန်းပြောဆိုမှာ သေချာနေပြီ။

ထက်မင်းကျော်စွာ အခန်းအပြင်သို့ထွက်ရန် သူ့ဘေးမှ ဖြတ်လျှောက်လာစဉ် သူ့လက်ထဲသို့ ဓားတစ်လက်က လျှောခနဲ ဆင်းလာသည်။

အနီးရောက်သည်နှင့် လူချင်းပူး၍ နံကြားသို့ ထိုးသွင်းလိုက်သည်။ ထိုသူမှာ မယုံကြည်သောမျက်နှာဖြင့် မချိမဆန့် ညည်းတွားကာ တအိအိ လျှောကျသွားသည်။

ထက်မင်းကျော်စွာ အလောင်းကိုပွေ့ပြီး ခုတင်အလွတ်တစ်လုံးပေါ် တင်သည်။ ဓားမြှောင်ကိုပြန်နုတ်ပြီး စောင်တစ်ထည်ဖြင့် လွှမ်းခြုံပေးလိုက်သည်။ အနီးဝန်းကျင်မှ အခြားလူနာများက မျက်လုံး အပြူးသားကလေးများဖြင့် ကြည့်နေကြသော်လည်း လုံးဝမလှုပ်ရှားနိုင်ကြပေ။

သူ လူနာဆောင်အတွင်းမှ အမြန်ဆုံးထွက်ခဲ့သည်။

စကြိအဆုံးတွင် ပိတ်ထားသောတံခါးတစ်ချပ် ရှိသည်။ ဆိုင်းဘုတ်တစ်ချပ်လည်း ချိတ်ဆွဲထားသည်။

"ညွှန်ကြားရေးမှူး"

"မည်သူမှ ဝင်ခွင့်မပြု"

စာတ်ခွဲခန်း၏ အဆင့်(၁)တာဝန်ခံ ဒေါက်တာထိုက်ဖံ၏ ရုံးခန်းဖြစ်နိုင်သည်။

သူ အခန်းဝတွင် ခေတ္တရပ်၍ စဉ်းစားသည်။

ဒေါက်တာဇီဝကိုရှာ၍ ရင်းနှင့် ရင်းရှာဖွေတွေ့ထားသော ဖော်မြူလာကို ရှင်းလင်းသုတ်သင်မှဖြစ်မည်။

မဟုတ်လျှင် အားလုံးအတွက် ရင်လေးစရာ ကောင်းသော အန္တရာယ်ဆိုးကြီးနှင့် မုချရင်ဆိုင်ရပေတော့မည်။

ဒေါက်တာဇီဝနှင့် အိုမီဂါပိုးဖော်မြူလာကိုမတွေ့ဘဲ လက်လျှော့ပြန်လို့ကတော့ ဘယ်နည်းနဲ့မှမဖြစ်ပေ။

ဒေါက်တာဇီဝကို တွေ့နိုင်ဖို့ရာ လက်တစ်ကမ်းမျှသာလိုတော့သည်။

အကယ်၍ ဒေါက်တာထိုက်ဖံကို တွေ့လျှင်လည်း ဒေါက်တာဇီဝကိုတွေ့ဖို့ရန် ခဲယဉ်းမည်မဟုတ်ပေ။

ဆုံးဖြတ်ချက်ချပြီး တံခါးကိုဖွင့်၍ အတွင်းသို့ဝင်လိုက်သည်။





ညေ့်ကြိုခန်းသို့ ရောက်သွားသည်။ အသက်(၃၀)ကျော် အရွယ် အမျိုးသမီးတစ်ယောက်က စားပွဲမှာထိုင်နေသည်။

တံခါးအတွင်းဘက်တွင် လူကောင် ထွားကျိုင်းလှသော အစောင့်တစ်ဦးရှိသည်။

နောက်ဘက်မှာ ပိတ်ထားသော ရုံးခန်းတစ်ခန်း ရှိသည်။ အတွင်းမှစကားပြောသံအချို့ကို မသဲမကွဲကြားရသည်။ သူဝင်သွားတော့ အစောင့်က ရင်ဘတ်မှတံဆိပ်ကို လှမ်းကြည့်သည်။ သို့သော် ဘာမှမပြောပေ။

စားပွဲနားသွားရပ်တော့ အမျိုးသမီးက သူ့ကို မော့ကြည့်သည်။ စကြိလမ်းတွင် တွေ့ခဲ့သော အမျိုးသမီးဖြစ်သည်။

"ဘာကိစ္စရှိပါသလဲ ဒေါက်တာ"

ချိုသာသောအသံဖြင့် မေးသည်။

"ကျွန်တော် ဒေါက်တာထိုက်ဖံနဲ့ တွေ့ဖို့ပါ"

သူက တည်ငြိမ်စွာ ပြောသည်။

သူမက ထက်မင်းကျော်စွာကို စေ့စေ့စပ်စပ်ကြည့်သည်။

"ဒေါက်တာ့ကို ကျွန်မ ဒီစခန်းမှာ တစ်ခါမှ မမြင်မိပါဘူး"

ဟု သံသယဖြင့် မေးသည်။

ထက်မင်းကျော်စွာက ပြုံး၍-

"ကျွန်တော်က သုတေသနကိစ္စအတွက် ရောက်လာတဲ့ လူသစ်ပါ၊ ပိုးမွှားသုတေသန ပညာရှင်ပါ၊ ဒေါက်တာဇီဝကို အကူအညီပေးဖို့ ရောက်လာတာပါ"

သူ့လေသံနှင့် ဟန်အမူအရာက ပိပိရိရိရှိလှသည့်အပြင် ဒေါက်တာဇီဝဟူသောအမည်ကို ကြားလိုက်ရသဖြင့် အတွင်းရေးမှူးက ချက်ချင်း ယုံကြည် လက်ခံလိုက်သည်။

"ဪ... ဟုတ်ကဲ့၊ အခုလောလောဆယ် ဒေါက်တာထိုက်ဇံနှင့် ဒေါက်တာဇီဝတို့ အရေးတကြီးကိစ္စတွေ ပြောနေကြပါတယ်၊ ခဏနေရင် တွေ့ခွင့်ရပါလိမ့်မယ်...

ဘာအကြောင်းနဲ့ တွေ့မယ်ဆိုတာသာ ကျွန်မကို တဆိတ်ကြိုပြောပါရှင်"

အမျိုးသမီးက သူ့ရှေ့မှ မှတ်တမ်းစာအုပ်တွင် ရေးသွင်းရန်ပြင်သည်။

"ဗိုင်းရပ်စ်ပိုးနဲ့ပတ်သက်ပြီး အချက်တစ်ချက်မှားနေတာကို ကွန်ပျူတာမှာ တွေ့ရပါတယ်၊ ဒီကိစ္စမျိုးဆိုရင် သူနဲ့တိုက်ရိုက်တွေ့ရမယ်လို့ မှာထားလို့ပါ"

"ဪ... ကောင်းပါပြီ"

သူမက နာရီကိုကြည့်ပြီး ဆက်ပြောသည်။





"နောက်နာရီဝက်လောက်ဆိုရင် ဒေါက်တာထိုက်ဇံနဲ့ တွေ့လို့ရပါပြီ၊ ရှင် ခဏစောင့်ချင်စောင့်ပါ"

"ကျေးဇူးပါပဲ"

သူက စားပွဲရှေ့မှ ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်လိုက်သည်။

"ဘွန်ကို"

အတွင်းရေးမှူးက အစောင့်ကိုလှမ်းခေါ်သည်။ ထက်မင်းကျော်စွာလက်က သေနတ်ဒင်အနီးသို့ ရောက်သွားသည်။ မျက်နှာသိုးသိုးနှင့်အစောင့်က အနားရောက်လာသည်။ သူ့ခါးတွင် စစ်သုံးပစ္စတိုကြီးကို အသင့်ချိတ်ဆွဲထားသည်။ အစောင့်က ထက်မင်းကျော်စွာကို တစ်ချက်ကြည့်သည်။

"ဘွန်ကို... ဒီဖိုင်တွဲကို အခန်း(၈)ကို သွားပို့ပေးပါ၊ ကွန်ပျူတာစီပြီး မှတ်တမ်းတင်ထားဖို့လည်း တစ်ခါတည်း ပြောလိုက်ပြီးရင် စောင့်ပြီး ဖိုင်ကိုပြန်ယူခဲ့"

အစောင့်က အတွင်းရေးမှူးလှမ်းပေးသော ဖိုင်ကိုယူပြီး အခန်းအပြင်သို့ ထွက်သွားသည်။

ထက်မင်းကျော်စွာရင်ထဲမှာ ကြိတ်၍ဝမ်းသာသွားသည်။ ကွန်ပျူတာစီ မှတ်တမ်းတင်မှာနဲ့ဆိုလျှင် နောက်ထပ်နာရီဝက်လောက်အချိန်အတွင်း ဘယ်နည်းနဲ့မှ အစောင့်ပြန်လာနိုင်မည် မဟုတ်တော့ပေ။

အစောင့်ထွက်သွားပြီး အတန်ကြာလျှင် ထက်မင်းကျော်စွာ နေရာမှထရပ်ပြီး အမျိုးသမီးကို လှူဂါနှင့် ချိန်ထားလိုက်သည်။

"ကျေးဇူးပြုပြီး ငြိမ်ငြိမ်လေးနေပါ၊ အသံပေးတာမျိုး၊ လှုပ်ရှားတာမျိုးလုပ်ရင်တော့ တကယ်ပစ်ရပါလိမ့်မယ်"

အမျိုးသမီးက မျက်စိမျက်နှာပျက်စွာနဲ့ ငြိမ်သက်စွာ ထိုင်နေသည်။

ထက်မင်းကျော်စွာက စားပွဲနောက်တွင် အချက်ပေးခလုတ် ရှိမရှိ ဝင်တော့ မတွေ့ရပေ။

အနောက်ဘက်တွင် သတ္တုဘီရိုကြီးတစ်လုံးတွေ့ရသဖြင့် ဖွင့်ကြည့်တော့ ဆေးသေတ္တာတစ်လုံးကို တွေ့ရသည်။ ဆေးသေတ္တာ ထဲမှ ပလာစတာကိုထုတ်ပြီး အမျိုးသမီး၏ပါးစပ်ကို ပိတ်သည်။ ခြေနှင့်လက်ကိုတုပ်ချည်ပြီး ဘီရိုကြီးထဲထည့်ကာ အပြင်မှ တံခါးပိတ်လိုက်သည်။

ပြီးလျှင် တံခါးဝသို့သွား၍ အပြင်ဘက်သို့ အခြေအနေကို ကြည့်သည်။

ထွက်သွားသောအစောင့်၏ အရိပ်အယောင်ကို မမြင်ရသေးပေ။

တံခါးပြန်ပိတ်၍ ချက်ချထားလိုက်သည်။





ထို့နောက် ရုံးခန်းနားကပ်၍ နားစွင့်လိုက်သည်။

အတွင်းမှ စကားသံကို သဲ့သဲ့ကြားရသည်။

"ခင်ဗျား စိတ်လောနေလို့ပါ၊ ကျွန်တော့်ရဲ့စမ်းသပ်မှုက နောက်ဆုံးအဆင့် ရောက်နေတယ်ဆိုပေမယ့် လက်စမသတ်သေးဘူးဗျ"

ဒေါက်တာဇီဝ၏အသံ ဖြစ်ဟန်ရှိသည်။

စကားသံမှာ မကျေနပ်မှုများ ရောစွက်နေသည်။

"ကျုပ်တို့ ခင်ဗျားကို ဒီကိုခေါ်လာတဲ့ ရည်ရွယ်ချက်ကတော့ ပြည့်ပါပြီ၊ ကျုပ်တို့ ရည်ရွယ်ချက်က ခင်ဗျားဆီက ဇီဝပိုးထုတ်လုပ်တဲ့ ဖော်မြူလာ ရဖို့အတွက်ပဲဗျ၊ ဒီဖော်မြူလာ လောက်နဲ့တင် လုံလောက်ပြီလို့ ထင်ပါတယ်"

ဒေါက်တာထိုက်ဖ၏ အသံက အေးဆေးရက်စက်မည့် လေသံမျိုးဖြစ်သည်။

"ဒါပေမယ့် အခုပြီးတဲ့ဖော်မြူလာက ပိုးထုတ်တဲ့အဆင့်နဲ့ ပွားတဲ့အဆင့်ပဲပြီးသေးတာဗျ၊

ဒီပိုးတွေ ရက်ရှည်တည်တံ့အောင်လုပ်ဖို့ ကျန်သေးတယ်ဗျ"

"ဒါက နောက်အပိုင်းပါ"

"ကျုပ်ဘက်က အထက်ကို အစီရင်ခံစာတင်တဲ့အခါ အားလုံး အပြီးသတ်စေချင်တယ်"

"ဒီဘက်မှာ အခက်အခဲတွေ၊ အနှောင့်အယှက်တွေ ဘယ် လောက်ရှိတယ်ဆိုတာ ခင်ဗျားမသိနိုင်ပါဘူး ဒေါက်တာ"

ဒေါက်တာထိုက်ဖံ၏လေသံက တင်းမာနေဆဲ။

"သုတေသနလုပ်တယ်ဆိုတာ ကလေးကစားသလို လွယ် လွယ်လုပ်လို့မရဘူးဗျ၊ လိုအပ်တဲ့အချိန်ကို သုံးရတယ်၊ စိတ်ရှည်ရတယ်၊ လုပ်ငန်းလက်စမသတ်ဘဲနဲ့တော့ ကျွန်တော် မလွှတ်ချင်ဘူး"

"အထက်လူကြီးတွေက ခင်ဗျားကို ဇိဇာချဲ့နေတယ်လို့ ထင်သွားရင် ခင်ဗျား ဘယ်လိုဖြေရှင်းမလဲ ဒေါက်တာ"

ဒေါက်တာဇီဝ အသံတိတ်နေသည်။

"အထက်က ခင်ဗျားတီထွင်လိုက်တဲ့ ပိုးမွှားလက်နက် ဖော်မြူလာကို ပို့ပေးဖို့ တမင်အချိန်ဆွဲနေတယ်လို့ ထင်ရင် ခင်ဗျား ဘယ်လိုဖြေရှင်းမလဲ ဒေါက်တာ"

"ကျွန်တော်က ဒီလိုလုပ်မတဲ့လားဗျာ"

"ဒါက ခင်ဗျားအပိုင်းလေ… အထက်အရာရှိတွေက တော့ ဒီလိုထင်မှာမဟုတ်ဘူး။ အခုဆိုရင် ဟိုမှာ ပိုးမွှားတွေ





သိုလှောင်ဖို့ သုတေသနစခန်းတွေ၊ မာတ်ခွဲခန်းတွေ အများကြီး ဆောက်ပြီးလို့ အဆင်သင့်ဖြစ်နေပြီ"

"ဟင်…"

ဒေါက်တာဇီဝ တအံ့တသြဖြစ်သွားပုံရသည်။

"ခင်ဗျား နောက်ဆုံးတီထွင်ထုတ်လုပ်တဲ့ မျိုးမွှားမှုအဆင့် ဆင့် ဖော်မြူလာသာရရင် လပိုင်းအတွင်းမှာ သူတို့ ပိုးမွှားတွေ အများကြီး မွေးနိုင်တော့မှာ"

တရှက်လှန်လှောသံများကြားရသည်။

"ကျုပ်ဆီကို အထက်လူတွေဆီက သတင်းရောက်လာ တယ် ဒေါက်တာ၊ ခင်ဗျားက ဒီမှာ နောက်ဆုံးစိတ်ကျေနပ် လောက်တဲ့ အဆင့်အထိရောက်အောင် သုတေသနလုပ်နေတုန်း ဟိုမာတ်ခွဲခန်းတွေမှာလဲ ပိုးတွေမွေးထုတ်ဖို့ လုပ်ကြမယ်တဲ့"

"အာ… ဒီလိုတော့ မဖြစ်ဘူးထင်တယ်"

ဒေါက်တာဇီဝအသံက စိုးရိမ်တကြီးထွက်လာသည်။

"ကျုပ် ဒီမှာ သုတေသနလုပ်နေတဲ့ကိစ္စ အမှားအယွင်း တစ်ခုခုဖြစ်လာရင် ဆိုးကျိုးတွေ တွေ့လာနိုင်တယ်"

"အဲဒါကတော့ အထက်က ဆုံးဖြတ်ကြပါလိမ့်မယ်"

ဒေါက်တာထိုက်ဖံလေသံက အေးစက်စက် မာကြော ကြောနှင့် ထွက်လာသည်။

"ခင်ဗျားရဲ့ နောက်ဆုံးအစီရင်ခံစာကို သူတို့စောင့်နေကြတယ်၊ ၂၄နာရီအတွင်း ပို့ပေးရလိမ့်မယ် ဒေါက်တာ...

ဟိုရောက်မှ ဇီဝပညာရှင်တွေက အဆင့်ဆင့်စစ်ဆေးကြလိမ့်မယ်"

ထိုစကားလုံးမှာ ပြင်းထန်သလို၊ ပညာရှင်တစ်ယောက်ကို စော်ကားရာ ရောက်နေတော့သည်။

အခန်းထဲမှာ အတန်ကြာအောင် တိတ်ဆိတ်ငြိမ်သက်သွားသည်။

အတော်ကြာမှ ဒေါက်တာဇီဝအသံ ပေါ်လာသည်။

"ကောင်းပြီလေ... သူတို့က ဒီလိုဖြစ်ချင်တယ်ဆိုရင်လဲ ကျွန်တော့်ဘက်က အကောင်းဆုံးဖြစ်အောင် အစီရင်ခံစာ ရေးပေးလိုက်ပါ့မယ်"

"ကျေးဇူးပါပဲ ဒေါက်တာ"

ထက်မင်းကျော်စွာ တံခါးဘေးမှခွာကာ အတွင်းရေးမှူး စားပွဲအနီးတွင် သွားရပ်နေလိုက်သည်။

မကြာမီ အခန်းထဲမှ ဒေါသတကြီး အမူအရာဖြင့် ဒေါက်တာဇီဝ ထွက်လာလေသည်။

သူ့ကို တစ်ချက်သာကြည့်၍ တံခါးကိုဖွင့်၍ အပြင်သို့ ထွက်သွားလေတော့သည်။





ဒေါက်တာဇီဝနောက် လိုက်သွားလျှင် ဓာတ်ခွဲခန်းကို ရောက်နိုင်သည်။

သို့သော် ဇီဝပိုးဖော်မြူလာမှတ်တမ်းများက ဒေါက်တာ ထိုက်ဖံထံတွင် ရှိပေလိမ့်မည်။

ဆုံးဖြတ်ချက်ချပြီး သူ ဒေါက်တာထိုက်ဖံအခန်းထဲ ဝင်လာခဲ့သည်။

လူဂါကိုထုတ်၍ အဆင်သင့် ကိုင်ထားသည်။

အခန်းထဲရောက်တော့ ဒေါက်တာထိုက်ဖံက နောက်ဘက်မှ သံမဏိဘီရိုကြီးကိုဖွင့်ပြီး စာရွက်စာတမ်းများဖြင့် အလုပ်ရှုပ်နေသည်။

သံမဏိတံခါးများ...

အံဝုက်များဖွင့်ပြီးသည်အထိ စောင့်နေလိုက်သည်။

ပြီးမှ အနားသို့ ကပ်သွားသည်။

သူ့ခြေသံကြောင့် ဒေါက်တာထိုက်ဖံက လှည့်ကြည့်သည်။

အသက်လေးဆယ်ကျော်အရွယ်ရှိ လူမျိုးကွဲတစ်ယောက် ဖြစ်သည်။

"ခင်ဗျားဘယ်သူလဲ"

အလန့်တကြား မေးသည်။

"ဒေါက်တာ သိပ်ပင်ပန်းနေပြီ၊ နားလိုက်ပါဦး"

ထက်မင်းကျော်စွာလက်ထဲမှ လှူဂါသေနတ်က မြွေတစ်ကောင်လို ခေါင်းထောင်ထွက်လာပြီး 'ဖောက်'ခနဲ မြည်သံနှင့်အတူ ဒေါက်တာထိုက်ဖံ၏နဖူးပြင်၌ အပေါက်ကလေးဖြစ်ကာ နောက်သို့လန်ထွက်သွားကာ နောက်ဘက်မှ သံမဏိဘီရိုနှင့်ဆောင့်ကာ ရှေ့သို့ ဝုန်းခနဲ လဲကျလာလေတော့သည်။

"စိတ်မကောင်းပါဘူးဒေါက်တာ"

ထက်မင်းကျော်စွာက လဲကျလာသော ဒေါက်တာထိုက်ဖံကိုယ်ကို ဖမ်းဆွဲပြီး ကြမ်းပေါ်ချလိုက်သည်။

မျက်လုံးပွင့်နေသည်မှလွဲ၍ လုံးဝမလှုပ်တော့။

မီးခံသေတ္တာထဲမှ စာရွက်စာတမ်းများနှင့် အနက်ရောင်ဖိုင်တွဲနှစ်တွဲကို ဆွဲထုတ်လိုက်သည်။

ဖိုင်တွဲတစ်တွဲ၏အဖုံးတွင် ငွေရောင်အစင်းများ ကန့်ထားသည်။

ကျန်ဖိုင်၏အဖုံးပေါ်တွင် 'အိုမီဂါစီမံကိန်း'ဟု ရေးထားသဖြင့် လှန်ကြည့်လိုက်သည်။

ထိုဖိုင်ထဲတွင်...

အစည်းအဝေးမှတ်တမ်းများ...

အိုမီဂါပိုးစီမံကိန်း အစပိုင်းလေ့လာတွေ့ရှိချက်များ...





ဒေါက်တာဖိဝနှင့် ဆက်သွယ်သောစာများ...

အိုမီဂါပိုးတိုးတက်နှုန်း ဇယားကွက်များ...

သုတေသနပြုချက်များ...

အိုမီဂါပိုးနှင့်ပတ်သက်သော လုပ်ငန်းစဉ်များ...

ရှေ့အစီအစဉ်များနှင့် ရည်ရွယ်ချက်များကို တွေ့ရသည်။

သူ ဖိုင်ကိုပြန်ပိတ်သည်။

ဘီရိုအတွင်းမှ အော်သံ၊ ကန်ကြောက်သံများကို သဲ့သဲ့ကြားရသည်။

ထက်မင်းကျော်စွာ တံခါးဝရောက်တော့ တံခါးပွင့်လာပြီး အစောင့်က ပြန်ဝင်လာသည်။

သူက ထက်မင်းကျော်စွာကို တစ်ချက်ကြည့်ပြီး လူသူကင်းမဲ့နေသော စားပွဲကို တစ်ချက်လှမ်းကြည့်သည်။

"သူ ဘယ်မှာလဲ"

ထက်မင်းကျော်စွာက ဒေါက်တာထိုက်ဖံ အခန်းထဲသို့ လက်ညှိုးထိုးပြသဖြင့် ဖြတ်လျှောက်သွားစဉ် ဘီရိုအတွင်းမှ တဒုန်းဒုန်းထုသံများ ပေါ်လာသည်။ အစောင့် ခါးမှသေနတ်ကို ဖြုတ်၍ ဘီရိုဆီသွားရန်ပြင်သည်နှင့် သူက နောက်မှ လှူဂါထုတ်၍ ပစ်လိုက်သည်။

"ဒုတ်"

လက်ပြင်တွင် အပေါက်ကလေးဖြစ်သွားပြီး ရှေ့သို့ မှောက်ကျသွားသည်။

ပြန်မထနိုင်တော့…

"အခုလို နောက်ကပစ်ရတာတော့ စိတ်မကောင်းပါဘူး ကိုရှုပ်ဆိုးရယ်…"

ဒါပဲပြောပြီး ထက်မင်းကျော်စွာ အခန်းအပြင်ဘက်သို့ ထွက်ခဲ့သည်။

သူဦးတည်ချက်က ဒေါက်တာဇီဝရှိရာသို့…





## အခန်း [ ၁၅ ]

# သူ့အသက် ကိုယ့်အသက် လုကြရပြီ

တတ်ခွဲခန်းအဝတွင် ယူနီဖောင်းဝတ်ထားသော လူမျိုးခြားတစ်ယောက်က စောင့်နေသည်။

အသားမည်းမည်း အရပ်မြင့်မြင့်နှင့် မုတ်ဆိတ်မွေး ပါးမြိုင်းမွေးများနှင့် ဖြစ်သည်။

ဗလက တောင့်တင်းကြံ့ခိုင်လှသည်။

သူက ထက်မင်းကျော်စွာကို စေ့စေ့ကြည့်သည်။

အခန်းဝတွင် အင်္ဂလိပ်ဘာသာအပါအဝင် ဘာသာသုံးမျိုးလောက်ဖြင့် ရေးထားသော သတိပေးစာတန်းများ ရှိသည်။

အဆောင်(က) သုတေသန
အတွင်းသို့ဝင်ခွင့်မပြု
ဝင်ရောက်သူအား ပြစ်ဒဏ်ပေးခြင်းခံရမည်။

"ခင်ဗျား ဘာကိစ္စရှိလဲ"

အင်္ဂလိပ်ဘာသာဖြင့် မေးသည်။

"အထဲမှာ ဒေါက်တာဇီဝရှိသလား"

"ရှိတယ်၊ ဘာကိစ္စလဲ"

"ဒီဗိုင်ကို သွားပေးမလို့ပါ"

အစောင့်က ထက်မင်းကျော်စွာချိုင်းကြားမှ ဗိုင်တွဲကို တစ်ချက်လှမ်းကြည့်သည်။

"အဆင့်(တစ်) ခွင့်ပြုချက်ကတ်ပါမှ ဝင်ခွင့်ရမယ်"

အစောင့်က လွယ်လွယ်ဖြင့် ခွင့်မပြုပါ။

"တကယ်လို့မပါရင်တော့ အဲဒီဗိုင်ကို ကျွန်တော်ပဲသွားပို့ပေးရမယ်"

"ဒါဆိုရင်လဲ ရပါတယ်"

ဒီအစောင့်ကို အပြတ်မရှင်းနိုင်လို့ကတော့ အခန်းထဲသို့ ဘယ်နည်းနဲ့မှ ဝင်ခွင့်ရမည်မဟုတ်ပေ။

ထက်မင်းကျော်စွာက ဗိုင်တွဲနှစ်ခုကို တစ်ခုချင်း လှမ်းပေးသည်။ အစောင့်က တစ်ခုချင်းယူသောအခါ ၎င်းလက်နှစ်ဖက်





စလုံး မအားသော အခွင့်အရေးကိုယူပြီး အိတ်ထဲမှသေနတ်ကို ဆွဲထုတ်သည်။

အစောင့်ကလည်း ပါးနပ်လျင်မြန်သည်။

သူ့လက်လှုပ်သည်ကိုမြင်သည်နှင့် ဗိုင်ကို ချက်ချင်းပစ်ချပြီး သူ့လက်နှစ်ဖက်ကို ဖမ်းချုပ်သည်။

လက်ထဲမှ သေနတ်ပြောင်းအား အစောင့်ဘက်သို့လှည့်သည်။

သို့သော် အစောင့်ကသန်လွန်းလှသည်။

သူ့လက်ကို တစ်အားလိမ်ချိုးသည်။

လူဂါ အောက်သို့လွတ်ကျသွားသည်။

မိမိလက်တစ်ဖက်ကျိုးပြီဟု ထင်လိုက်မိစဉ် အစောင့်က သူ့လက်ကို နံရံနှင့်ရိုက်သည်။

လက်နှစ်ဖက်စလုံး ကျင်တက်သွားသည်။

ခေါင်းနှင့် ဆောင့်မိသောအခါ ခေါင်းတစ်ခုလုံးမူးသွားပြီး သွားများပင် ကျင်တက်လာသည်။

သူ ခဏတော့ မူးနောက်တွေဝေသွားသည်။

အစောင့်က သူ့လည်ပင်းကို ညှစ်သတ်ရန် ကြိုးစားသည်။

လည်ပင်းအစ်၍ အသက်ရှူကျပ်လာသည်။

လက်တစ်ဖက် လှုပ်ရှားလိုက်သည်နှင့် လက်ထဲသို့ ဓားတစ်ချောင်း လျှောကျလာသည်။

လက်ကိုလျှို့သွင်း၍ အစောင့်ရင်ဝသို့ စိုက်သွင်းလိုက်သည်။

'အင့်'ခနဲ ညည်းသံကြားလိုက်ရပြီး လည်ပင်းညှစ်ထားသောလက်များ လျော့ကျသွားသည်။

နောက်တစ်ချက် နှလုံးအိမ်သို့ ဆတ်ခနဲထိုးသွင်းလိုက်သောအခါ မျက်လုံးပြူးထွက်လာပြီး လှုပ်ရှားမှုများ ရပ်သွားလေတော့သည်။

ထက်မင်းကျော်စွာက ဓားကိုပြန်နုတ်ပြီး အသက်မဲ့သွားသောအစောင့်ကို ကြမ်းပေါ်ချသည်။

ပတ်ဝန်းကျင်သို့ တစ်ချက်ကြည့်တော့ စင်္ကြံလမ်းတစ်လျှောက် လူရှင်းနေသည်။

ဓာတ်ခွဲခန်းဘေးမှာ ရုံးခန်းလေးရှိသည်။

အစောင့်နေရာဖြစ်မည်။

ထိုအခန်းတွင် ဘာမှမရှိသဖြင့် အသက်မဲ့နေသောအစောင့်ကို ဆွဲယူလာပြီး အထဲသို့ထည့်ကာ တံခါးပြန်ပိတ်လိုက်သည်။





ပြီးလျှင် ပုံပျက်ပန်းပျက်ဖြစ်နေသော ဂျူတီကုတ်ကို သပ်သပ်ရပ်ရပ်ဖြစ်အောင် ပြင်ဆင်သည်။

လူဂါနှင့်ဓားမြှောင်ကို နေသားတကျဖြစ်အောင် ပြန်ထည့်သည်။

ကြမ်းပေါ်ကျနေသော ဖိုင်တွဲကို ပြန်ကောက်ယူသည်။

ထို့နောက် ဓာတ်ခွဲခန်းတံခါးကိုဖွင့်၍ အတွင်းသို့ဝင်သွားသည်။ အခန်းက ကျယ်ဝန်းလှသည်။

အတွင်းဘက်၌ ဓာတ်ခွဲခန်းသုံး ပစ္စည်းကိရိယာများက ပြည့်နေသည်။

စားပွဲများပေါ်တွင် မှန်သေတ္တာများစွာကို စီတန်း၍ အတန်းလိုက်တင်ထားသည်ကို တွေ့ရသည်။

အိုမီဂါပိုးမွှားများ သိုလှောင်ထားရာ နေရာဖြစ်သည်။

အခန်း၏ နံရံတစ်ဖက်တွင် အီလက်ထရောနစ် စက်ကြီးတစ်လုံးရှိသည်။

စက်ကိုင်သမားက စက်ပေါ်မှာ အလုပ်ရှုပ်နေသည်။

ဒေါက်တာဇီဝက စားပွဲမြင့်မြင့်တစ်လုံးပေါ်တွင် စာရေးနေသည်။

အခန်းထဲတွင် ဒေါက်တာဇီဝအပြင် အခြားစက်သမားသုံးယောက်ရှိသည်။

သူ့ဘက်တွင် သတ္တုအလူမီနီယံ ဘီရိုတစ်လုံးရှိပြီး မှန်တံခါးများ တပ်ထားသောကြောင့် အတွင်းမှအရာများကို တွေ့နိုင်သည်။

စာရွက်ငယ်များ ချိတ်ဆွဲထားသော ဖန်ပြွန်ချောင်းကလေးများ ရာနှင့်ချီ၍ရှိနေသည်။

ဖန်ပြွန်များထဲတွင် စိမ်းစိမ်းမှိုင်းမှိုင်းအရာများကို လှမ်းမြင်ရသည်။ မွေးမြူထုတ်လုပ်ထားသော အိုမီဂါပိုးများ ဖြစ်ပေလိမ့်မည်။

ဒေါက်တာဇီဝက စားပွဲမှခွာကာ အနီးရှိကောင်တာတစ်လုံးဆီသို့ သွားသည်။ စားပွဲပေါ်မှ မီးအပူပေးထားသော ဘီယာခွက်ကို ကြည့်နေသည်။

သူသည် အသက်လေးဆယ်ကျော် အရွယ်ခန့်ရှိပြီး အရပ်မြင့်မြင့် လက်ပြင်ကုန်း၍ အသားအရေမှာ ဖြူဖပ်ဖြူရော်ရှိသည်။ နှာခေါင်းကာသွယ်၍ ပေါ်လွင်ပြီး ပါးစပ်မှာ တင်း၍စေ့နေသည်။

ဆံပင်က အဖြူရောင်သမ်းစပြုနေပြီး နောက်ဘက်သို့ လှန်ဖြီးထားသည်။ ဘောင်းဘီ၊ ဂျူတီကုတ်အဖြူ နက်ကတိုင်များကို သေသပ်စွာဝတ်ဆင်ထားပြီး ရင်ဘတ်တွင် နာမည်ကတ်ကို ချိတ်ဆွဲထားသည်။





ဒေါက်တာဇီဝကို မြင်ရသောအခါ သိန်းငှက်(၁)မှာလိုက်သော စကားများကို ပြန်လည်သတိရမိသည်။

"ဒေါက်တာဇီဝကိုတွေ့ရင် ခေါ်လို့ရရင် ပြန်ခေါ်လာခဲ့၊ ခေါ်မရရင်တော့ သတ်သာပစ်ခဲ့ကွာ..."

ထက်မင်းကျော်စွာ အခန်းတွင်းရောက်နေသော်လည်း အခန်းထဲမှလူများက သူ့အလုပ်နှင့်သူ ရှုပ်နေသဖြင့် မည်သူကမှ ဂရုပြုမိကြပုံမပေါ်ပေ။

ထက်မင်းကျော်စွာက လက်ထဲမှဖိုင်ကို စားပွဲတစ်လုံးပေါ်သို့ တင်ထားလိုက်သည်။

ထို့နောက် ဒေါက်တာဇီဝအနီးသို့ ခပ်သွက်သွက်ကပ်သွားလိုက်သည်။

အခြားလူများအား ကျောပေး၍ ဒေါက်တာဇီဝအနီးတွင် ဝင်ရပ်သည်။ သူ့လှုပ်ရှားမှုကို ကျန်သူများက မြင်တွေ့စရာအကြောင်းမရှိပေ။

လှူဂါသေနတ်ကိုထုတ်၍ ဒေါက်တာဇီဝကို ချိန်ထားလိုက်သည်။

"ဒါက ဘာသဘောလဲ"

အေးစက်မာကျောသော လေသံဖြင့် ခပ်တိုးတိုးမေးသည်။

"မင်းက ဒီမှာ ဘာလာလုပ်နေတာလဲ"

"ကျုပ် ဒီအဖွဲ့ကမဟုတ်ဘူး"

ထက်မင်းကျော်စွာက တည်ငြိမ်စွာ ပြန်ပြောလိုက်သည်။

သူက ထက်မင်းကျော်စွာအား မျက်မှောင်ကြုတ်၍ ကြည့်ပြီး သဘောပေါက်သွားဟန် ရှိသည်။

"ဪ... ဒီလိုလား။ ဒီအခန်းထဲက အသက်ရှင်ရက်နဲ့ ဘယ်လိုမှ ပြန်မထွက်နိုင်ဘူး"

ထိုသို့ပြောကာ ထက်မင်းကျော်စွာကို ကျော်ပြီး နောက်ဘက်မှ သူ့လူများကို လှမ်းကြည့်သည်။

"အဲဒီလိုစိတ်ကူးရင်တော့ ကျုပ်သေနတ်နဲ့ပဲ စကားပြောရလိမ့်မယ် ဒေါက်တာ"

ဒေါက်တာဇီဝက သူ့ကို စူးစူးရဲရဲကြည့်သည်။

"မင်း ဘာလိုချင်တာလဲ"

သူက လူဂါကို ဒေါက်တာဇီဝနံကြားသို့ ဖိထောက်လိုက်ပြီး...

"အခန်းထဲကလူတွေကို အခန်းအပြင်ထွက်သွားဖို့ ပြောလိုက်ပါဒေါက်တာ"

"မပြောနိုင်ဘူးကွာ... သူတို့က..."

"မပြောရင် ပစ်လိုက်ရုံပဲ"





ဒေါက်တာဇီဝ မျက်နှာပေါ်ဝယ် စိုးရိမ်မှု၊ ကြောက်ရွံ့မှုများ ယှက်သန်းလာသည်။

"ဒါတွေဒီလိုဖြစ်ရတာ ဟိုလူတွေ သောက်သုံးမကျလို့ ဖြစ်ရတာပဲ"

ဟု ညည်းညူလိုက်သည်။

ထို့နောက် အခန်းတွင်းမှလူများကို အပြင်သွားနေကြရန် လှမ်းပြောလိုက်သည်။

ထိုလူသုံးယောက်က ဖဝေဖဝါဖြင့် နားမလည်သော မျက်နှာများဖြင့် ဒေါက်တာဇီဝကို လှမ်းကြည့်ပြီး အခန်းအပြင်ဘက်သို့ ထွက်သွားကြလေတော့သည်။

"ခင်ဗျားရဲ့ နောက်ဆုံးတွေ့ရှိချက် မှတ်စုဖိုင်တွေက ဘယ်မှာလဲ"

သူက လိုရင်းအချက်ကို မေးသည်။

"မင်းယူလာတဲ့ ဒေါက်တာထိုက်ဖံရဲ့ ဖိုင်ထဲမှာပါတဲ့ အချက်တွေက နောက်ဆုံးတွေ့ရှိချက်တွေပဲ"

ထက်မင်းကျော်စွာက ခေါင်းကို ဖြည်းလေးစွာခါသည်။

ဒေါက်တာဇီဝမျက်လုံးများက အနီးနံရံရှိ သော့ခတ်ထားသော သတ္တုဘီရိုမြင့်မြင့်ဆီသို့ တစ်ချက်ရောက်သွားသည်။

"ဒီမှတ်စုတွေကို ကျုပ်ဆီက လွယ်လွယ်ရလိမ့်မယ်လို့ မင်းထင်သလား။ ဒီမှတ်စုတွေကို မင်းတို့ရလို့ရော ဘာအသုံးချတတ်မှာလဲ၊ မင်းတို့အတွက် ဘာမှအဓိပ္ပာယ်မရှိပါဘူးကွာ"

"ဘာပဲဖြစ်ဖြစ် ကျုပ်ကတော့ ရအောင်ယူရမှာပဲ ဒေါက်တာ"

"မင်းတို့က ဒီဖော်မြူလာရတော့ ဘာသုံးမှာလဲ"

"ဖျက်ဆီးပစ်ဖို့ပါ"

သူက အေးအေးပဲပြောသည်။

"ဘာကွ... ဖျက်ဆီးပစ်ဖို့ဟုတ်လား။ ငါ အနှစ်နှစ်အလလက စုဆောင်းလာခဲ့တဲ့ ဒီဖော်မြူလာတွေကို မင်းက လွယ်လွယ်နဲ့ ဖျက်ဆီးလို့ရမတဲ့လား...

မင်း အချိန်ရှိတုန်း ဒီနေရာက မြန်မြန်ထွက်သွားစမ်းကွာ။ တော်ကြာ ဒေါက်တာထိုက်ဖံသိသွားရင် မင်းဘယ်လိုမှ ကံကောင်းနိုင်မှာမဟုတ်ဘူး"

"ဒေါက်တာထိုက်ဖံက စောစောကပဲ တမလွန်ကို အလည်သွားနှင့်ပြီ"

"ဘာ... မင်း သူ့ကိုသတ်လိုက်ပြီ၊ ဟုတ်လား..."

"ဟုတ်တယ်၊ ဒီလိုလူတွေကို လောကမှာဆက်ထားရင် အပြစ်မဲ့တဲ့လူတွေအတွက် အန္တရာယ်များလွန်းလို့ သတ်ရတာပါ။





ရွှေဘုန်းကိုလဲ ဒီလိုစိတ်ကူးနဲ့ပဲ သတ်ခဲ့ပြီးပါပြီ... ဒီတစ်ခါ ဒေါက်တာရဲ့အလှည့်ပါပဲ"

ထက်မင်းကျော်စွာက လူဂါကို မြှောက်လိုက်သည်။

ဒေါက်တာဇီဝ မျက်နှာပေါ်ဝယ် ကြောက်ရွံ့ခြင်း၊ ထိတ်လန့်ခြင်းများ ဖြစ်ပေါ်လာ၏။

"ဘယ့်နှယ်သေသေပေါ့ကွာ၊ ဒါက အရေးမကြီးပါဘူး။ အခု မင်းဘာလုပ်ချင်တာလဲ"

"ကျွန်တော်လုပ်ချင်တာကတော့ ဒေါက်တာလိုက်မယ်ဆိုရင် ကျွန်တော်နဲ့ တစ်ပါတည်းခေါ်သွားဖို့နဲ့ ဒီစခန်းကြီးကို ဖျက်ဆီးပစ်ဖို့ပါပဲ၊ ဒေါက်တာမလိုက်ဘူးဆိုရင် ဒေါက်တာ့ကို သတ်ပြီး အိုမီဂါဖော်မြူလာတွေကို ဖျက်ဆီးလိုက်ရုံပါပဲ...

ကြိုက်တဲ့လမ်းကို ရွေးနိုင်ပါတယ် ဒေါက်တာ"

ဒေါက်တာဇီဝ ငိုင်ပြီး စဉ်းစားနေသည်။

သူက ဘီရိုဆီ လျှောက်သွားသည်။

စားပွဲပေါ်မှ အနီကြည့်မှန်ပြောင်းကိုယူ၍ သော့ကိုရိုက်ဖွင့်လိုက်သည်။ ပျောက်စီးသွားသော ကီရိုယာကိုပစ်ချ၍ သော့ပျက်ကို ဖြုတ်ပြီး တံခါးဆွဲဖွင့်သည်။

အတွင်း၌ ဖိုင်တွဲတစ်တွဲနှင့် စာရွက်စာတမ်းအချို့ ရှိသည်။

သူက အကုန်ယူပြီး စားပွဲပေါ်တင်သည်။

ဒေါက်တာထိုက်ဖ်၏ ရုံးခန်းမှယူလာသော ဖိုင်တွဲများကို စုထပ်လိုက်သည်။

စာရွက်နှင့်ဖိုင်များကို လှန်ကြည့်သည်။

အမှန်ပင် အိုမီဂါစီမံကိန်း ဖော်မြူလာ စာရွက်များ ဖြစ်သည်။

"ဒီစီမံကိန်းထဲ မင်းပါဖို့ ငါတို့လက်ခံပါ့မယ်...

တို့အဖွဲ့ထဲဝင်ရင် ဩဇာအာဏာနဲ့ ငွေကြေးပြည့်စုံအောင် ရပါစေမယ်"

"အပြစ်မဲ့တဲ့လူတွေရဲ့ အသက်တွေနဲ့ စတေးပြီး ကျွန်တော် စည်းစိမ်မခံချင်ပါဘူး"

ထိုသို့ပြောကာ ဖိုင်တွဲကိုပြန်ပိတ်သည်။

လူဂါကို အိတ်ထဲထည့်သည်။

ထို့နောက် စာရွက်စာတမ်းများ၊ ဖိုင်များကိုယူပြီး တတ်ငွေ့ မီးဖိုပေါ်တင်လိုက်သည်။

"ဟေ့... မလုပ်နဲ့၊ မလုပ်နဲ့"

သူက ဂရုမစိုက်ဘဲ ဖိုင်တွဲများပါ မီးပေါ်တင်သည်။

မီးတောက်များက တဝုန်းဝုန်း တောက်လာတော့သည်။

ထိုအချိန်တွင် ဒေါက်တာဇီဝက သူ့ဆီပြေးလာပြီး ကိုယ်ဖြင့် ဝင်ဆောင့်သည်။





နှစ်ယောက်အရှိန်ကြောင့် နောက်ဘက်မှ ပိုးများမွေးထားသည့် ဖန်ပြွန်များတင်ထားသောစင်ကို ဝင်ဆောင့်မိကာ အောက်ပြုတ်ကျပြီး ကွဲကုန်တော့သည်။

ဖန်ပြွန်ရည်များမှာ တတ်ဆီသဖွယ် မီးက ချက်ချင်း ကူးစက်ပြီး အိုမီဂါပိုးများထားရာ ဘီရိုကိုပါ ကူးစက်လောင်လေတော့သည်။ နှစ်ယောက်စလုံး နေရာမှထရပ်လိုက်သည်။

ဒေါက်တာဇီဝက မီးစွဲနေသော ဖော်မြူလာဖိုင်များကို မီးတောက်ထဲမှ ပြန်ထုတ်ယူရန် ကြိုးစားနေသည်။

သို့သော် မီးတောက်က အရှိန်ရလာပြီဖြစ်သောကြောင့် မလွယ်တော့ပေ။

မီးတောက်များက အခန်းထဲရှိ ပိုးမွှားများ မွေးမြူရာ စားပွဲများနှင့် ဖန်ပြွန်များ၊ ပစ္စည်းကိရိယာများကိုပါ ဆက်လောင်နေလေပြီ။

ထက်မင်းကျော်စွာက ဒေါက်တာဇီဝ အော်ဟစ်ဆဲဆိုနေသည့်ကြားမှ တစ်ဖက်မှပတ်သွားပြီး မီးမစွဲသေးသောဖိုင်များကို ကောက်ယူပြီး မီးထဲပစ်ထည့်သည်။ ဒေါက်တာဇီဝက အခန်းနံရံမှ အချက်ပေးခလုတ်ကိုခွဲရန်ပြင်သည်။ သူက လူဂါကိုထုတ်ပြီး ဒေါက်တာဇီဝကို ပစ်ရန်ပြင်လိုက်စဉ်မှာ အခန်းတံခါး ဝုန်းခနဲပွင့်လာပြီး အစောင့်နှစ်ဦး ပြေးဝင်လာသည်။

တစ်ယောက်က သူ့ကို သေနတ်ဖြင့်လှမ်းပစ်သည်။

သူက ဒူးကိုညွတ်ပြီး ကိုယ်တစ်ပတ်လှည့်ကာ အစောင့်ကို ပစ်သည်။ ထိသည်။ နောက်လန်ကျသွားသည်။

နောက်တစ်ယောက်က မီးတောက်ကိုကျော်ပြီး သူ့နောက်ဘက်မှ ခုန်ဝင်လာသည်။

သေနတ်ဖြင့်လှည့်ချိန်သော်လည်း ပစ်ချိန်မရတော့ပေ။

သေနတ်ကို အသုံးမချနိုင်မီမှာ နှစ်ယောက်သားလုံးထွေးပြီး ကြမ်းပေါ်သို့လဲကျသွားစဉ် မီးလောင်နေသောစားပွဲတစ်လုံးနှင့် ဝင်တိုက်မိသည်။ ကြမ်းပေါ်ကျသွားစဉ် ခေါင်းကိုမဆောင့်မိ စေရန် သတိထားပြီး ကိုယ်ကို လျှော့ချလိုက်သည်။

အစောင့်က အပေါ်မှ သူ့မျက်နှာကိုထိုးရန် လက်မြှောက်သည်။

ထိုအချိန်တွင် ထက်မင်းကျော်စွာ၏ လက်တစ်ဖက်က လျှိုဝင်လာပြီး လူဂါနှင့် တေ့ဖြုတ်သည်။

နောက်သို့ မြောက်တက်သွားပြီး မီးလောင်နေသောစားပွဲများကြားသို့ ကျသွားသည်။

ထိုအချိန်တွင် အချက်ပေးခေါင်းလောင်းမြည်သံများပေါ်လာသည်။





ထက်မင်းကျော်စွာ ဒေါက်တာဇီဝကိုရှာတော့ အခန်းထဲမှာ မတွေ့ရတော့ပေ။ အခန်းဝတွင် တွေ့လိုက်ရသဖြင့် သေနတ်ဖြင့် လှမ်းပစ်သော်လည်း မထိလိုက်ပေ။

အပြင်သို့ လှစ်ခနဲပြေးထွက်သွားသည်။

သူ့အပေါ်အင်္ကျီကို ချွတ်၍ မီးတောက်များကို ယမ်းပြီး တံခါးဆီသို့ပြေးသည်။

အပြင်ရောက်တော့ ဒေါက်တာဇီဝ၏ အရိပ်အယောင်ကိုပင် မတွေ့ရတော့ပေ။

သုတေသနအခန်းကြီးတစ်ခုလုံး မီးတောက်ကြီးများကဝါးမျိုပြီး မီးတောက်မီးလျှံများက အခြားအဆောင်အခန်းများသို့ပင် ကူးစက်စပြုနေပြီ။

မီးခိုးများကို မှုတ်ထုတ်ရင်း ကြေးလမ်းအတိုင်းပြေးသည်။ ဝန်ထမ်းများ၊ အစောင့်များက သူ့ကိုကျော်ဖြတ်ပြီး မီးငြိမ်းသတ်ရန်အတွက် မီးလောင်သောနေရာသို့ အလုအယက်ပြေးသွားနေကြသည်။

အပြင်သို့ရောက်သောအခါ သူ့ဘေးမှ ကားတစ်စီးက 'ဝေါ' ခနဲ ဖြတ်မောင်းထွက်သွားသည်။

ကားမောင်းသူက ဒေါက်တာဇီဝ။

သူက ဂိတ်ဝရောက်သောအခါ အစောင့်များကို တစ်စုံတစ်ခု အော်ဟစ်ပြောဆိုပြီး ကားကိုတရကြမ်း မောင်းထွက်သွားလေတော့ သည်။

အနီးရှိ လင့်ရိုဗာကားတစ်စီးပေါ်သို့ ထက်မင်းကျော်စွာ ပြေးတက်သည်။ ကားတွင် သော့တန်းလန်းရှိသဖြင့် အလွယ်တကူ စက်နိှုးပြီး မောင်းထွက်ခဲ့သည်။

ဂိတ်ဝသို့ ရောက်ခါနီးသောအခါ အစောင့်တစ်ယောက်က တံခါးပိတ်ရန်ကြိုးစားပြီး ကျန်တစ်ယောက်က သေနတ်ဖြင့် လှမ်းပစ်သည်။

ကျည်ဆန်က လေကာမှန်ကိုမှန်သည်။

မှန်စများက လွင့်ထွက်လာသည်။

မျက်နှာကိုမထိမိရန် ခေါင်းကိုငုံ့၍ ကားကို လီဗာဖိနင်းသည်။

အရှိန်နှင့် ဝေါခနဲထွက်သွားပြီး တံခါးဝရောက်သောအခါ တုံ့ခနဲရပ်လိုက်သည်။

တံခါးဝရောက်နေသောအစောင့်က ကားနှင့်မတိုက်မိစေရန် ဘေးသို့ခုန်ထွက်သွားသည်။

ကားရပ်လိုက်သည်နှင့် နောက်မှလိုက်လာသော ဖုန်လုံးကြီးများက ကားကို ဖုံးအုပ်ပစ်လိုက်သည်။





သေနတ်သမားက ကားပေါ်ကို သဲကြီးမဲကြီးရှာသည်။

သို့သော်... ဘယ်သူမှမရှိတော့။

သူ ကားထဲငုံ့ရှာနေစဉ် ကားနောက်ဘက်မှ လူတစ်ယောက် ထွက်လာသည်။

သေနတ်ဖြင့် ထိုးချိန်လိုက်စဉ်မှာ တစ်ဖက်မှပစ်လိုက်သော ကျည်ဆန်က သူ့ကိုယ်ထဲ ဖောက်ဝင်သွားသည်။

ကျန်တစ်ယောက်က လှမ်းပစ်သည်။

ကား၏ကိုယ်ထည်ကိုသာ မှန်သည်။

တံခါးဘေးတွင် အကာအကွယ်မရှိသောအစောင့်ကို အလွယ် တကူပစ်ချပြီး တံခါးဖွင့်ကာ ကားပေါ်ပြန်တက်၍ မောင်းထွက်ခဲ့သည်။

သူ့နောက်ဘက်မှာတော့ အိုမီဂါ သုတေသနစခန်းကြီး တစ်ခုလုံး မီးလုံးကြီးများက ဝါးမျိုလိုက်ကြလေပြီ။

သူ ကားကို ဆက်မောင်းသည်။

နောက်ဘက်မှ လိုက်လာသူမရှိတော့ပေ။

# အခန်း [ ၁၆ ]

## ကန္တာရအလွင်းမှ ဒုက္ခခရီး

ဒေါက်တာဇီဝ စီးသွားသောကားကို တစ်နာရီကျော်မျှ လိုက်ရှာသော်လည်း မတွေ့ရသေးပေ။

မြေပြင်ပေါ်တွင်တော့ လတ်လတ်ဆတ်ဆတ် မောင်းသွားသော ကားဘီးရာများကို မြင်ရသည်။

ထက်မင်းကျော်စွာ ကားဘီးရာအတိုင်း ခြေရာခံ၍ လိုက်သည်။

ကားဘီးရာက မြို့ဘက်မသွားဘဲ သဲကန္တာရများရှိရာဘက်သို့ ဦးတည်မောင်းထွက်သွားခြင်း ဖြစ်မည်။

သူ့ကားဘီးရာအတိုင်း အရှေ့တောင်စူးစူးဘက်သို့ ဦးတည်၍လိုက်သည်။

လမ်းကကြမ်းသည်။

ကျောက်တုံးကျောက်ခဲ သဲပွက်များကို ဖြတ်ကျော်ရသည်။

သို့သော် သူစီးလာသော လင့်ရိုဘာကားက အကြမ်းခံသဖြင့် ခရီးကြမ်းကို အားမနာတမ်း မောင်းနိုင်သည်။

နောက်ထပ်တစ်နာရီခန့် မောင်းသောအခါ ရှေ့တွင် ဖုန်တထောင်းထောင်းထအောင် မောင်းသွားသော ကား တစ်စင်း၏ပုံရိပ်ကို လှမ်းမြင်ရသည်။

သူ့နောက်မှ မောင်းလိုက်သည်။

ရှေ့မှကားကို ဖုန်လုံးများကြားတွင် ပျောက်သွားလိုက်၊ ပြန်တွေ့ရလိုက်နှင့် တစ်စတစ်စ နီးကပ်လာသည်။

တစ်နေရာရောက်သောအခါ ဖုန်လုံးကြီးများကိုကျော်၍ မောင်းထွက်လိုက်စဉ် ရှေ့တွင် ကန့်လန့်ရပ်ထားသော ကားကို လမ်းမပေါ်တွင် ဘွားခနဲတွေ့လိုက်ရသဖြင့် ဘရိတ်ကိုနင်း၍ ကားကို တုံ့ခနဲရပ်ပစ်လိုက်သည်။

အနီးဝန်းကျင်တွင် ကျောက်တုံးကြီးများနှင့် ချုံပုတ်များ သာရှိသည်။





အခြေအနေကို အကဲခတ်ကြည့်တော့ ငြိမ်သက်နေသည်။

ကားစက်သတ်၍ လှူဂါကိုထုတ်ပြီး ကားပေါ်မှဆင်းသည်။

ရှေ့မှရပ်ထားသော ကားအနီးသို့ ကပ်သွားသည်။

အတွင်းသို့ကြည့်သည်။

ရှေ့ခန်းတွင် ဘယ်သူမှမရှိ။

ကားသော့က တန်းလန်းဖြစ်သည်။

မြေပြင်ကိုကြည့်တော့ ထွက်သွားသော ခြေရာများကို တွေ့ရသည်။

ကားတစ်စုံတစ်ခု ဖြစ်လို့လား...

ဒါမှမဟုတ် ဓာတ်ဆီကုန်နေလို့လား...

တစ်ခုခုဖြစ်၍သာ ခြေကျင် ဆင်းလျှောက်သွားခြင်း ဖြစ်မည်။

ဒါ ပရိယာယ်တစ်ခုလည်း ဖြစ်နိုင်သည်။

ကားသော့ကို ဖြုတ်ယူထားပြီးမှရလျှင် ပိုကောင်းမည်ဟု ယူဆပြီး ပြတင်းပေါက်မှငုံ့၍ ကားသော့လှမ်းယူလိုက်စဉ် တစ်စုံတစ်ခု မှားယွင်းသွားပြီဟု သိလိုက်သည်။

နောက်မှ အသံကြားလိုက်ပြီး ကိုယ်ကိုပြန်ထွက်လိုက်စဉ် နောက်ဘက်မှ ပြင်းထန်စွာ အရိုက်ခံလိုက်ရသဖြင့် မြေပေါ်သို့ ပစ်လဲကျသွားသည်။

သူ… လောကနှင့် အဆက်ပြတ်သွားပြီးနောက် အမှောင်ထုက ဖုံးလွှမ်းသွားလေတော့သည်။

အချိန်မည်မျှကြာအောင် သတိလစ်နေသည် မသိနိုင်တော့။ ပြန်လည်သတိရလာသောအခါ ခေါင်းထဲမှာ မူးဝေနောက်ကျိနေသည်။ ခေါင်းတစ်ခုလုံးမှာအုံနေပြီး နောက်စေ့ဘက်မှာ တစ်ဆစ်ဆစ် နာကျင်ကိုက်ခဲနေသည်။

နောက်စေ့တစ်ပိုက်နှင့် လည်ကုပ်တစ်ပိုက်တွင် စီးကျနေသော သွေးများမှာ စေးထန်း ခြောက်သွေ့စပြုနေပြီ။

မျက်လုံးကို အားယူ၍ ဖွင့်ကြည့်လိုက်သည်။

စူးရှသောအလင်းရောင်က မျက်လုံးထဲတိုးဝင်လာသည်။

ကောင်းကင်ပြင်၌ နေလုံးကြီးက အပူရှိန်ပြင်းစွာ တောက်ပလျက်ရှိသည်။

မျက်လုံးကိုပြန်မှိတ်၍ နေရာမှထရန် ကြိုးစားကြည့်သည်။

ခေါင်းထဲမှာ မိုက်ခနဲ မိုက်ခနဲဖြစ်နေသည်။

သူ ကားကိုမှီထိုင်ရင်း ပြီးခဲ့သောအကြောင်းများကို ပြန်စဉ်းစားကြည့်နေသည်။

ဒေါက်တာဇော်၏ ပရိယာယ်ထဲ ဝင်သွားမိပြီး ပယ်ပယ်နယ်နယ် အတွယ်ခံလိုက်ရခြင်းဖြစ်သည်။

ယခုသူစီးလာသော လင့်ရိုဘာကားကမရှိတော့။





သဲကန္တာရထဲမှာ ခရီးဆက်၍မရသော ကားတစ်စီးနှင့် သူသာ ကျန်ရစ်ခဲ့သည်။

သူ ကြိုးစားပြီး ထနိုင်ရန် ကြိုးစားသည်။

ထလိုက်တိုင်း ခေါင်းထဲမှာ မိုက်ခနဲဖြစ်ကာ ပြန်လဲကျသွားသည်။

အတန်ကြာအောင် ကြိုးစားထမှ ရသည်။

ကားခေါင်းပိုင်းလှမ်းကြည့်တော့ သော့ကမရှိတော့။

ပလတ်နှင့်ဆက်သွယ်ထားသော ဝါယာကြိုးများပါ ဆွဲဖြုတ် သွားသည်။ အထဲမှာ ဆီရှိသည့်တိုင် ကားကဘယ်လိုမှ စက်နှိုး၍ ရနိုင်မည်မထင်ပေ…။

လည်ချောင်းထဲတွင် ရေငတ်သည့်ဒဏ်က ပြင်းပြလာသည်။

ကားထဲမှာ သောက်ရေပုလင်း လက်ကျန်ကလေးများ ရှိလိုရှိငြား ရှာကြည့်သည်။

ရေ… ရေ ဘယ်မှာရမလဲ…။

ဒီလူမနီးသူမနီး သဲကန္တာရကြီးထဲမှာ ရေဘယ်လိုရှာရမလဲ…။

သူ့ခေါင်းထဲမှာ ဖျတ်ခနဲသတိရလိုက်သည်။

ကားရေတိုင်ကီထဲမှာ ရေရှိတာပေါ့။

သူ အားယူလျှောက်သွားပြီး ကားစက်ဖုံးကိုဖွင့်သည်။

နောက် ရေတိုင်ကီအဖုံးကို ဖွင့်ကြည့်တော့ ရေတစ်စက်မှမရှိ။

အောက်ဘက်သံပြင်ပေါ်မှာ ရေကွက်ကြီးတွေ့ရသည်။

ရေတိုင်ကီကို တမင်ဖောက်ချသွားခြင်း ဖြစ်မည်။

ဒီလောက် ပူပြင်း ခြောက်သွေ့သော သဲကန္တာရထဲမှာ ဆက်နေလို့ကတော့ မကြာမီ အသက်ပျောက်သွားမှာ သေချာသည်။

ဤနေရာတွင် ဆက်နေလို့မဖြစ်တော့။

ထို့ကြောင့် နေရာမှ စတင်ထွက်ခွာခဲ့သည်။

ဒယီးဒယိုင်နှင့် နေပြင်းပြင်းအောက်မှာ ခရီးထွက်လာခဲ့ရသော်လည်း ဘယ်အရပ်ကို ဦးတည်လျှောက်ရမည်ကို မသိပေ။

ကြည့်လေရာ သဲကန္တာရပြင်ကြီးကိုသာ မြင်နေရသည်။

နေပူရှိန်ကြောင့် တံလျှပ်များထနေသည်။

အတန်ငယ် ကြိုးစားလျှောက်သောအခါ နဖူးမှချွေးများ စီးကျလာသည်။

ခေါင်းမှဒဏ်ရာက တစ်ဆစ်ဆစ် နာကျင်ကိုက်ခဲလာသည်။ နေရာတွင် မျက်စိမှိတ်ပြီး ခဏနားပြီးမှ ဆက်လျှောက်သည်။ သူ ကားလမ်းမကြီးဆီ ရောက်နိုင်ရန် ကြိုးစားမှ ဖြစ်တော့မည်။





တစ်နေရာတွင် ဒေါက်တာဗီဝ ဖြတ်မောင်းသွားသော ကားဘီးရာများကို တွေ့ရပြီး တစ်နေရာ ရောက်သောအခါ ပျောက်သွားပြန်သည်။

ရှေ့ဆက်သွားသောအခါ လုံးဝ ရှာမတွေ့တော့ပေ...။

ခေါင်းပေါ်မှ ဒေါသတကြီးဖြင့် အပူရှိန်များ လွှတ်ချပေးနေသော နေလုံးကြီးက သူညာဘက်ရောက်လိုက်၊ ဘယ်ဘက်ရောက်သွားလိုက်နှင့် တစ်ခါတစ်ရံ နောက်မှလိုက်နေပြီး တစ်ခါတစ်ရံ သူက ရှေ့မှသွားနေပြန်သည်။ သဲကန္တာရအလယ်တွင် အဖော်ဆိုလို့ သူ့ဘေးမှအရိပ်သာ ရှိသည်။ လည်ချောင်းတစ်ခုလုံး ရေငတ်သည့်ဒဏ်ကြောင့် ခြောက်သွေ့ကွဲအက်လာသလို ခံစားနေရသည်။

ခန္ဓာကိုယ်ထဲမှာ ရေဓာတ်က မရှိတော့သဖြင့် ချွေးက တိတ်သွားသည်။ တစ်ကိုယ်လုံး ချွေးနှင့်ဖုံများရောထွေးလျက် စေးကပ်ကပ်ကြီးဖြစ်လာသည်။

သူ့ရှေ့တွင် လူပ်ရှားနေသော အရိပ်များကိုမြင်သဖြင့် မော့ကြည့်လိုက်သောအခါ ကောင်းကင်မှ ဝဲ၍လိုက်လာသော လင်းတငှက်ကြီးလေးကောင်ကို မြင်ရသည်။

လင်းတငှက်ကြီးများက သူလဲကျမည့်အချိန်ကို စောင့်ရင်း နောက်မှ တကောက်ကောက် လိုက်လာကြပုံရသည်။

သူ၏ လှုပ်ရှားပုံကိုကြည့်ပြီး မကြာခင် သဲပြင်ပေါ်တွင် လဲကျတော့မည်ကို လင်းတငှက်ကြီးများက သိနေဟန်ရှိသည်။

ရှင်းငှက်ကြီးများက ရေဝတ်သည့်ဒဏ်

အပေါ်မှအပူရှိန်ထက်ပင် အန္တရာယ်ကို အလျင်အမြန် ပေးနိုင်ကြသည်။

အာဖရိကတိုက်ဘက်မှ လင်းတကြီးများဆိုလျှင် တောင်ဆိတ်တစ်ကောင်ကိုပင် ဆယ့်ငါးမိနစ်အတွင်း အရိုးဘဝရောက်အောင် ထိုးဆိတ်စားသောက်နိုင်သည်။

လင်းတတို့သည် လူဖြစ်စေ၊ တိရစ္ဆာန်ဖြစ်စေ မလှုပ်ရှားနိုင်သော သတ္တဝါဟူသမျှ မည်သူ့ကိုမျှ ကြောက်လန့်ခြင်း မရှိကြပေ။

လင်းတများနှင့်ပတ်သက်၍ သူ မှတ်သားဖူးသောအချက်မှာ မိမိအနေဖြင့် မလှုပ်ရှားနိုင်တော့ပါက မြေပြင်ပေါ်ဝယ် ဝမ်းလျားမှောက်၍ နေလိုက်ခြင်းက အသက်အန္တရာယ်ကို အချိန်ကြာမြင့်စွာ တားဆီးထားနိုင်သည် ဟူသော အချက် ဖြစ်သည်။

သူ အားယူ၍ဆက်လျှောက်သည်။

ကန္တာရကြီးတစ်ခုလုံး ကြောက်မက်ဖွယ် ကောင်းလောက်အောင် တိတ်ဆိတ်ငြိမ်သက်နေသည်။





ခေါင်းပေါ်မှ ဝဲလိုက်လာသော လင်းတကြီးများက အောက်ဘက်သို့ တစ်စတစ်စနိမ့်ဆင်းလာသည်။ သူ မြေပေါ်သို့ လဲကျသည်နှင့် သူ့ကိုယ်ပေါ်သို့ ချက်ချင်း ရောက်လာကြမည်မှာ သေချာ၏။

ထက်မင်းကျော်စွာ မှုန်ဝါးသောမျက်လုံးဖြင့် နာရီကို ကြည့်လိုက်တော့ မွန်းလွဲနှစ်နာရီကျော်ပြီ။

နေပူရှိန် အမြင့်ဆုံးအချိန် ဖြစ်သည်။

နေပူရှိန်ကြောင့် ဦးခေါင်းတစ်ခုလုံး တဖျစ်ဖျစ်မြည်နေသည်ဟုပင် ထင်ရသည်။ မိမိဆံပင်များ မီးစွဲနေပြီလားဟု လက်ဖြင့် စမ်းကြည့်ရသည်။

သူ ပတ်ဝန်းကျင်တစ်ဝိုက် ကြည့်သော်လည်း လမ်းမကြီးကိုသော်လည်းကောင်း၊ သက်ရှိသတ္တဝါ တစ်စုံတစ်ယောက်မှ မတွေ့ရ။ သက်ရှိသတ္တဝါဟူ၍ သူ့ခေါင်းပေါ်မှ လင်းတကြီးများသာရှိသည်။

သူ လမ်းနှင့်ဝေးရာ ဆန့်ကျင်ဘက်သို့ လျှောက်နေမိပြီလားမသိပေ။

ကားလမ်းကိုရောက်ပါက သူ့အတွက် အသက်ရှင်နိုင်ရန် အခွင့်အလမ်းရှိနိုင်ပေသည်။

မဟုတ်လျှင်တော့...

သူ အားတင်းလိုက်သည်...

သူ လူသူမနီးတဲ့ သဲကန္တာရထဲတွင် လူမမြင်သူမမြင် သေသွားလို့ မဖြစ်သေးပေ။

အိုမီဂါပိုးစီမံကိန်းနှင့် ဖော်မြူလာကို ဖျက်ဆီးပစ်ခဲ့ပြီး သော်လည်း ကိစ္စကမပြီးတတ်သေး။

ဒေါက်တာဖီဝ လွတ်နေသေးသည်။

ဒေါက်တာဖီဝရှိနေသရွေ့ အိုမီဂါစီမံကိန်းက ပေါ်လာဦးမည်သာ ဖြစ်သည်။

သို့သော် သူဆက်မလှမ်းနိုင်တော့။

ဒူးများညွတ်၍ သဲပေါ်လဲကျသွားသည်။

ထို့နောက် နောက်ဘက်သို့ ပိုင်းခနဲ ပစ်ကျသွားသည်။

သူ ဘယ်လိုမှ မတတ်နိုင်တော့ပေ။

လည်ချောင်းနှင့် အာခေါင်တစ်ခုလုံး ကွဲအက်ခြောက်သွေ့ နေပြီ။ သူလဲကျသွားသည်ကိုမြင်သောအခါ ကောင်းကင်မှ ဝဲလိုက်လာသောလင်းတများ အောက်ဘက်သို့ တဖြည်းဖြည်း နိမ့်ဆင်းလာကြသည်။

မြေပြင်သို့ရောက်သောအခါ ခုန်ဆွခုန်ဆွနှင့် အနားကပ် လာကြသည်။ ထို့နောက် ရင်ဘတ်ပေါ် ခုန်တက်သည်။

သူ မျက်လုံးဖွင့်ကြည့်သည်။

ရှည်လျားတွန့်လိမ်သော လည်တံ…





အကြည့်ရဆိုးသော မျက်လုံးနက်များ…

ချွန်ထက်၍ ကောက်ချိတ်ကွေးနေသော နှုတ်သီး…

အလွန်ဆိုးသော ပုပ်အက်အက်အနံ့ဆိုးများက နှာခေါင်းထဲ တိုးဝင်လာသည်။

လင်းတ တစ်ကောင်က သူ့မျက်လုံးကို ထိုးဖောက်ရန် အားယူလိုက်သည်။

သူ ရှိသမျှအားကို စုစည်း၍ ရင်ဘတ်ပေါ်မှ လင်းတ ခြေထောက်ကို ဖမ်းဆွဲလိုက်သည်။

လင်းတက အတောင်ပံ တစ်ဖျပ်ဖျပ်ခတ်၍ ထပျံသည်။

ကျန်တစ်ကောင်ကပါ အလန့်တကြားထပျံလေရာ သူ့ ရင်ဘတ်ပေါ်မှာ ခြေသည်းကုတ်ရာများ ထင်ကျန်တော့သည်။

အတန်ကြာအောင်ငြိမ်နေပြီးမှ မျက်လုံးဖွင့်ကြည့်လိုက် သောအခါ ကောင်းကင်ပြင်ပေါ်တွင် ဝဲပျံနေသောလင်းတများ တစ်ကောင်မှမတွေ့ရတော့ပေ။

သက်ပြင်းတစ်ချက်ချပြီး မျက်နှာကို နေထိုးသဖြင့် တစ်ဖက်သို့ စောင်းလှည့်လိုက်သည့်အခါ သူ့နံဘေးမြေပြင် ပေါ်တွင် ပတ်ချာပိုင်း၍ စောင့်ဆိုင်းနေသော လင်းတအုပ်စု ကြီးကို မြင်လိုက်ရလေတော့သည်။

သွားပြီ…

သည့်တစ်ကြိမ်တော့ ဘယ်လိုမှ အသက်ရှင်နိုင်စရာ လမ်းမရှိနိုင်တော့ပေ။

ရန်သူများ၏လက်ချက်နဲ့မသေရဘဲ လင်းတစား၍ သေရတော့မည်။

သူ ကြိုးစား၍ ထပ်မံလှုပ်ရှားကြည့်သော်လည်း ဘယ်လိုမှ မတတ်နိုင်တော့ပေ...။

သူ ငြိမ်နေစဉ် လင်းတတစ်ကောင်က ခြေထောက်ကို လာဆိတ်ကြည့်သည်။ သူ လှုပ်သောအခါ နောက်သို့ဆုတ်သွားကြသည်။ အတန်ကြာလျှင် လာဆိတ်ကြည့်ပြန်သည်။

သူ လှုပ်လိုက်ပြန်လျှင် ပြန်ဆုတ်သွားလိုက်နှင့် သူ သေမသေကို လာရောက် စမ်းသပ်နေကြသည်။

မတတ်နိုင်တော့...။

သူ ကြိုးစား၍ သဲပူပေါ်တွင် ဝမ်းလျားမှောက်ချလိုက်သည်။ မျက်နှာကို လက်မောင်းဖြင့် အုပ်ထားလိုက်သည်။

လင်းတတို့၏ လှုပ်ရှားသံ...

အတောင်ပံ တဖျပ်ဖျပ်ခတ်သံများက တစ်စတစ်စ နီးလာကြချေပြီ...။ ထက်မင်းကျော်စွာ၏အာရုံမှာ အမှောင်ထု ဖုံးလွှမ်းသွားလေတော့သည်။





# အခန်း [ ၁၇ ]

## ဒေါက်တာဇီဝနှင့် နောက်ဆုံးဘဝ

နားထဲမှာအသံတွေက ဝေ့ဝေ့ဝါးဝါး ကြားလာရသည်။ လင်းတများတောင်ပံရိုက်ခတ်သံအပြင် ကားစက်သံတစ်သံကိုပါ ခပ်သဲ့သဲ့ကြားနေရသည်။ တစ်စတစ်စနီးလာသော ကားစက်သံကြောင့် မြေကြီးများတုန်ခါမှု ဖြစ်လာသည်။

အနီးသို့ရောက်လာသောအခါ သူ့အနားမှာ ဝိုင်းနေသော လင်းတများ တဝေါဝေါနှင့် ထ,ပျံကုန်ကြသည်။

ကားစက်ရပ်သံ၊ တံခါးဖွင့်သံ၊ ပြေးလာသောခြေသံကို ကြားနေရသည်။

ဒေါက်တာဇီဝ တစ်ကြော့ပြန်လာလေပြီလား…။

သူပြန်လာပြီး သတ်သွားလျှင်လည်း ကန္တာရထဲမှာ လင်းတစာမိပြီး သေရတာနှင့်စာလျှင် အများကြီးသက်သာပေလိမ့်မည်။

"အစ်ကို…အစ်ကို"

မိမိပခုံးကိုလှုပ်ပြီး ခေါ်သံကိုကြားလိုက်ရသည်။

သဲကန္တာရထဲမှာ အိုအေစစ်ကိုတွေ့ရသည့်နှယ် ရင်ထဲမှာ စိမ့်ခနဲဖြစ်သွားကာ အင်အားတစ်ခုတိုးလာသလို ခံစားရသည်။

သူ မှောက်နေရာမှ အားယူပြီးလှည့်လိုက်တော့ ကောင်းကင်ပြင်မှာ နေရောင် ပြင်းပြင်းမရှိတော့ပေ။

"အစ်ကို… သတိရပြီလား"

ဇင်မာဝေက သူ့မျက်နှာကို ကိုင်ပြီး မေးသည်။

ယခုလိုအချိန်မျိုးမှာ ဇင်မာဝေ၏ မျက်နှာလေးကို တွေ့လိုက်ရသည်မှာ လရောင်ပမာ အေးမြလှသည်။ မလှမ်းမကမ်းမှာလည်း လူတစ်ယောက် ရပ်နေသည်။

မည်သူမည်ဝါဖြစ်သည်တော့ မသဲကွဲပေ။

ဇင်မာဝေက သူ့ကိုပွေ့ထူပြီး ရေဘူးကိုဖွင့်ကာ တိုက်သည်။ ရေ၏အေးမြမှုက လည်ချောင်းထဲတစ်လျှောက်မှသည် အသည်းနှလုံးတိုင်အောင် အေးမြသွားသည်။





ရေသောက်လိုက်ရသဖြင့် ချက်ချင်း အားပြည့်လာသည်။

"ဘယ်လိုရောက်လာပြီး ရှာတွေ့တာလဲ"

"သူ လိုက်ပို့ပေးတာအစ်ကို"

ဇင်မာဝေက သူ့ဘေးမှလူကို လက်ညှိုးထိုးပြတော့မှ အသေအချာ ကြည့်လိုက်သည်။

မြင်းလှည်းသမား ဘထွန်း…

"မင်းက ဒီရောက်နေတာကြာပြီလား"

"ဆရာ့အရင်ကတည်းက ဒီအထဲ ရောက်နေတာ၊ ဒါကြောင့် ဒီကအစ်မလေးကိုရှာ၊ သတင်းပေးပြီး အခုလို လိုက်လာနိုင်တာပေါ့"

"ကျေးဇူးပါပဲကွာ… မင်းတို့သာ အချိန်မီရောက်မလာရင်တော့ လူသတ်လို့မသေဘဲ လင်းတဆွဲလို့ သေမှာပဲ"

ဟု ပြောကာ ရေတစ်ခွက် ထပ်သောက်သည်။

ဇင်မာဝေက သူမ လိုက်လာပုံအကြောင်းကို အတိုချုပ်ကာ ပြောပြလေသည်။

"အခု အစ်ကိုရောက်နေတာ လမ်းမကြီးနဲ့ ကိုက်ငါးဆယ်လောက်ပဲဝေးတယ်"

ဇင်မာဝေက ကားလမ်းမပေါ်မှာ ရပ်ထားသော ဇီးယက် (124) ကားကို ပြသည်။

"ကျွန်မတို့ကတော့ လင်းတတွေကို ကြံဖန်ပြီး ကျေးဇူးတင်နေရသေးတယ်၊ သူတို့ပြပေးလို့သာ အစ်ကို့ကို ရှာတွေ့ခဲ့တာ၊ မဟုတ်ရင် အတော်ရှာရခက်မယ်"

ဟု ဇင်မာဝေက ပြောသည်။

ထို့နောက် မျက်နှာကို ရေအနည်းငယ်သွတ်ပြီး နေရာမှ ထကာ ကားရှိရာသို့လာကာ သုံးယောက်သား ကားပေါ်တက်ပြီး မောင်းထွက်လာသည်။ ဘထွန်းက ကားမောင်းပြီး ဇင်မာဝေက သူ့ကိုဖေးမပေးထားသည်။

လမ်းမကြီးအတိုင်း မောင်းထွက်လာရာ လမ်းဘေးတစ်နေရာတွင် ကန်ချနာဘူရီသို့ မိုင် (.........) ဟူသော လမ်းညွှန်ဆိုင်းဘုတ်ကို တွေ့ရပြီး လမ်းခွဲတစ်ခုသို့ မောင်းဆင်းသွားသော ကားဘီးရာ အသစ်စက်စက်ကို တွေ့ရသည်။

ယခု နေဝင်တော့မည်မို့ လမ်းပေါ်တွင် ကားအသွားအလာ မရှိတော့သလောက် ကျဲသွားလေရာ ထိုကားဘီးရာမှာ ဒေါက်တာ ဇီဝစီးသွားသော ကားဘီးရာဖြစ်လောက်သည်ဟု မှတ်ချက်ချကာ ထိုဘီးရာအတိုင်း လိုက်ခဲ့ကြသည်။

"အခုဘယ်ကိုမောင်းရမလဲဆရာ"

"ဒေါက်တာဇီဝနောက်ကို အမီလိုက်ရမယ်၊ သူလွတ်သွားရင် အန္တရာယ်ကြီးတော့ အလွတ်ပေးလို့မဖြစ်ဘူး"





ဇင်မာဝေက သူ့သေနတ်နှင့် ဓားများကိုပေးသဖြင့် နေသားတကျပြန်ထည့်ကာ ဇင်မာဝေကိုမှီ၍ မေးလိုက်လာရာ တစ်ရေးနိုးသောအခါ မီးရောင်များလင်းနေသော မြို့တစ်မြို့အဝင်သို့ ရောက်လာကြသည်။

မြို့အဝင်တွင် ဓာတ်ဆီဆိုင်တစ်ဆိုင်မှာ ဓာတ်ဆီထည့်ရင်း သတင်းစုံစမ်းကြည့်ရသည်။

"အခုည လင့်ရိုဘာကားတစ်စီးများ ဒီမှာ ဆီဝင်ဖြည့်သွားသေးလား"

"လင့်ရိုဘာကား..."

ထိုသူက ဆီပိုက်ကိုင်ထားရင်း မျက်မှောင်ကြုတ်ကာ စဉ်းစားနေသည်။

အတန်ကြာမှ...

"ကားအမျိုးအစားတော့ သတိမထားလိုက်မိဘူး၊ အမိုးဖွင့်ထားတဲ့ ကန္တာရသွား ကားတစ်စင်းတော့ ညဦးပိုင်းက ဆီဝင်ဖြည့်တာ မှတ်မိလိုက်တယ်"

"မောင်းတဲ့လူက အရပ်မြင့်မြင့် ဝိန်ဝိန်ပါးပါးနဲ့လား"

"ဟုတ်တယ်"

"သူ့ကား ဘယ်ကိုမောင်းသွားသလဲ ညီလေး"

"မြို့ထဲဘက်မောင်းသွားတာပဲ၊ ကျွန်တော်ထင်တာတော့ တည်းခိုခန်းတစ်ခုခုမှာ ဝင်နားမယ် ထင်တယ်"

"ကျေးဇူးပါပဲကွာ"

ထက်မင်းကျော်စွာက တတ်ဆီဖိုးအပြင် အပိုငွေပါ ပေးခဲ့ပြီး ကားပေါ်ပြန်တက်ကာ မောင်းထွက်လာခဲ့ကြသည်။

"အခု ဘယ်ကိုမောင်းရမလဲဆရာ"

"ဒီညတော့ အချိန်မရှိတော့ဘူး။ တို့လည်းပင်ပန်းလှပြီ၊ တစ်နေရာမှာဝင်နားပြီး မနက်စောစောမှ ဆက်လုပ်ကြတာပေါ့"

ဟု ဆိုကာ တည်းခိုခန်းရှိရာ မောင်းခဲ့ကြပြီး ထိုညအဖို့ ကောင်းမွန်စွာ နားကြသည်။

တစ်ညလုံး ကောင်းစွာ နားလိုက်ရသောကြောင့် နောက်တစ်နေ့နံနက် စောစောနိုးခဲ့ကြပြီး နံနက်စာကို တည်းခိုခန်းမှာရသော အစားအစာများကို မှာစားရင်းနှင့် အလုပ်သမားတစ်ယောက်ကို မေးကြည့်ရသည်။

"ဒီမြို့မှာ ဒီတည်းခိုခန်းအပြင် နောက်ထပ်တည်းခိုခန်း ဘယ်နှစ်ခုရှိသလဲ ညီလေး"

"တစ်မြို့လုံးမှာ တည်းခိုခန်းသုံးနေရာပဲရှိတယ်၊ နောက်နှစ်နေရာက သိပ်မဝေးလှပါဘူး"

ဟု အလုပ်သမားလေးက အခြားတည်းခိုခန်းရှိသော နေရာများကိုပင် လမ်းညွှန်ပေးသဖြင့် ထိုနေရာမှ ထွက်ခဲ့ကြသည်။





ပထမတွေ့ရသော တည်းခိုခန်းရှေ့တွင် ကားတစ်စင်းတလေမှမရှိသဖြင့် နောက်တစ်နေရာသို့ဆက်လာခဲ့ရာ ထိုနေရာသို့ ရောက်တော့မှ ရပ်ထားသော၊ ဒေါက်တာဇီဝ စီးသွားသော ကားကို တွေ့ရသည်။ ကားထဲမှာ ဒေါက်တာဇီဝရှိနေသဖြင့် သူတို့ကားဝင်လာသည်ကိုမြင်သည်နှင့် ၎င်း၏ကားကို တရကြမ်း မောင်းထွက်သွားလေသည်။

"ကဲ... ဘထွန်းရေ၊ အဲဒီကားနောက်က မျက်ခြည်မပြတ်အောင်သာ လိုက်ပေတော့ဟေ့"

ဟုပြောကာ သေနတ်ကိုထုတ်ပြီး အသေအချာစစ်ဆေးပြီး လက်ထဲမှာ အဆင်သင့် ကိုင်ထားသည်။

နံနက်လင်းစအချိန်ဖြစ်သောကြောင့် လမ်းများပေါ်တွင် လူအသွားအလာ ရှင်းနေလေရာ ကားများကို စက်ကုန်တင်၍ မောင်းကြသည်။ လမ်းမပေါ်မှ အချို့လူများကတော့ စောစောစီးစီးအချိန်မှာ ကားမောင်းပြိုင်နေကြသော သူတို့ကို တအံ့တဩ လှမ်းကြည့်နေကြသည်။ အချို့မျက်နှာချင်းဆိုင်ဘက်မှ လာနေကြသော ကားများ၊ လူများကလည်း လမ်းဘေးသို့ ဆင်းရှောင်ပေးကြသည်။

အတန်ကြာသောအခါ မြို့ပြင်သို့ ရောက်လာတော့သည်။

မြေသားလမ်းများ ဖြစ်သောကြောင့် ဖုန်လုံးကြီးများက တထောင်းထောင်း ထလျက်ရှိသည်။ မြို့ပြင်ရောက်လာလေလေ လမ်းကပိုဆိုးလာလေ ဖြစ်သည်။ ကျောက်တုံး ကျောက်ခဲများပေါ်မှာ မောင်းရသဖြင့် ကားက ဘယ်ညာ လူးလိမ့်နေသည်။

အကြမ်းခံသော ကားအမျိုးအစားဖြစ်၍သာ တော်ရော့သည်။

သာမန်ကားဆိုလျှင် သည်လမ်းမျိုးမှာ ရှေ့ဆက်သွားဖို့ ရန်ပင် လွယ်မည်မထင်ပေ။

အချို့နေရာများတွင် ကျောက်တုံး ကျောက်ခဲကြီးများ ကြားမှ လမ်းဖောက်ထားသောကြောင့် ခက်ခက်ခဲခဲ မောင်းရသည်။

တစ်နေရာ ရောက်သောအခါ လင့်ရှိဘာကားက မြင်ကွင်းမှ ပျောက်ကွယ်သွားသည်။ ကျောက်တုံးကြီးတစ်တုံး အလွန်သို့ ရောက်သောအခါ သဲဗွက်ထဲမှာ တခြမ်းစောင်းနစ်နေသော ဒေါက်တာဇီဝ၏ကားကို လှမ်းမြင်လိုက်ရသဖြင့် ကိုက်နှစ်ဆယ် အကွာလောက်မှာ မိမိတို့ကားကို ထိုးရပ်လိုက်သည်။

"ဘထွန်း... မင်းမှာ သေနတ်ပါလား"





"ဇင်မာဝေနဲ့ ကားကိုဂရုစိုက်၊ သူလွတ်ဖို့ ဒီကားကို ရအောင် ကြံလိမ့်မယ်၊ ငါလိုက်သွားမယ်"

ဟု ပြောကာ ထက်မင်းကျော်စွာက ကားကိုကွယ်ပြီး အောက်သို့ဆင်းလိုက်သည်။ ဒေါက်တာဇီဝက တံခါးပေါင်ပေါ်မှာ သေနတ်ကို အဆင်သင့်တင်ကာ စောင့်နေသည်။

"စုံထောက်စုတ်၊ မင်းကြောင့် ငါတို့ရဲ့ အစီအစဉ်တွေ အားလုံးပျက်ရတယ်၊ မင်းနဲ့ငါ ဒါ နောက်ဆုံးစာရင်းရှင်းတဲ့ ပွဲပေါ့ကွာ"

ဟု လှမ်းပြောသည်။

ထက်မင်းကျော်စွာ ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်တော့ ကားနှစ်စီးစလုံး၏ပတ်ဝန်းကျင်မှာ ကျောက်တုံးကြီးများရှိသည်။ ထိုကျောက်တုံးကြီးများနောက် ရောက်အောင် ပြေးနိုင်လျှင် မိမိအတွက် အခွင့်အရေးပိုရနိုင်သည်။

ဒေါက်တာဇီဝက သူ့ကိုပစ်ရန် ကားရှေ့ပိုင်းသို့နေရာ ရွှေ့စဉ် လျှပ်တစ်ပြက် အခွင့်အရေးကို အသုံးချကာ ကျောက်တုံးကြီး တစ်တုံးနောက်သို့ လိမ့်ဝင်လိုက်သည်။

နေရာရွှေ့ပြီး ပြန်ကြည့်လိုက်တော့ မူလနေရာတွင် ထက်မင်းကျော်စွာကို မတွေ့ရသဖြင့် ဒေါက်တာဇီဝ ဒေါပွသွားသည်။

"ဟော့...စုံထောက်ရတ်၊ ဘယ်ရောက်သွားပြီလဲ၊ ထွက်ခဲ့လေကွာ"

ဟု အော်ပြောလေသည်။

ထက်မင်းကျော်စွာက ကျောက်တုံးကြီးကို အကာအကွယ်ယူကာ အပေါ်ရောက်အောင်တက်သွားသည်။ တဖြည်းဖြည်းနှင့် ဒေါက်တာဇီဝရှိရာ အပေါ်ဘက်သို့ ရောက်သွားတော့သည်။

ဒေါက်တာဇီဝကတော့ သူ့ကားရှိရာသို့ သဲကြီးမဲကြီးလှမ်းကြည့်လျက်ရှိသည်။ သူ ကျောက်တုံးတစ်တုံး ကောက်ယူကာ ကားနောက်ပိုင်းကို လှမ်းပစ်လိုက်သည်။ ဒေါက်တာဇီဝက အသံကြားရာကို လှည့်ပြီး သေနတ်ဖြင့်ပစ်သည်။

ထိုအခွင့်အရေးကို အသုံးချကာ သူ အပေါ်မှ ခုန်ချလိုက်သည်။

ဒေါက်တာဇီဝလက်မှ သေနတ်လွတ်ကျသွားသည်။

နှစ်ယောက်သား ပြိုင်တူထရပ်လိုက်စဉ် ခုန်ချလိုက်စဉ်က ကျောက်တုံးဖြင့်ဆောင့်မိသောကြောင့် ဒူးညွတ်ကျသွားသည်။

သူ့သေနတ်ကလည်း မလှမ်းမကမ်းရှိ သဲဖွက်ထဲမှာ စိုက်ဝင်နေသည်။

ဒေါက်တာဇီဝက သဘောကျစွာ ပြုံးလိုက်ပြီး...





"အခုတော့ ဘာတတ်နိုင်သေးလဲ"

ဟု ပြောကာ သေနတ်ဆီသို့သွားသည်။ ထိုအခိုက်မှာပင် သူ အားယူ၍ခုန်ထကာ ရင်ဝကို ခေါင်းဖြင့်ဆောင့်လိုက်ရာ အရှိန်ဖြင့် နှစ်ယောက်သား သဲဖွက်ထဲ လဲကျသွားသည်။

သူ့လက်သီးက ဒေါက်တာဇီဝကိုထိသလို ဒေါက်တာဇီဝလက်နှစ်ဖက်ကလည်း သူ့လည်ပင်းကို မလွတ်တမ်းညှစ်ထားသည်။ လုံးထွေးသတ်ပုတ်ရင်း ကားဘေးသို့ ရောက်သွားလေသည်။

ဒေါက်တာဇီဝက အငြိုးစိတ်ကြောင့် လည်ပင်းညှစ်ထားသောလက်ကသန်လှသည်။ သူ ခေါင်းနှင့်မျက်နှာကို ဆတ်ခနဲတိုက်ပစ်လိုက်တော့မှ ကားဘေးသို့လဲကျသွားသည်။ ပြန်ထလာတော့ သဲတူးသည့် ဂေါ်ပြားတစ်လက်ပါလာသည်။

သူ့ကို ပြေးရိုက်သည်။

ဘေးသို့ရှောင်ပေးလိုက်တော့ ဂေါ်ပြားက သဲထဲစိုက်ဝင်သွားသည်။ ဂေါ်ပြားကိုနုတ်ယူနေစဉ် သူက ခြေထောက်ကို ပတ်ကန်တော့ ယိုင်သွားစဉ် သူ နေရာမှထရပ်သည်။

ဒေါက်တာဇီဝက ဂေါ်ပြားကိုနုတ်ယူပြီး စလွယ်သိုင်းဝင်ရိုက်ပြန်သည်။ ရှေ့သို့ခြေတစ်လှမ်းတိုးဝင်ကာ ခါးစောင်းတင်၍ ကိုင်ပေါက်ချလိုက်သည်။

သဲပြင်ပေါ် ဗုန်းခနဲ ပစ်ကျသွားကာ ဝေါ်ပြားလည်း လွင့်ထွက်သွားသည်။ ပြန်ထလာသောအခါ ရင်ဝကိုဆောင့်ကန်လိုက်ရာ တံခါးပွင့်နေသောကားထဲ လဲကျသွားသည်။

သူပြန်ထလာတော့ သေနတ်တစ်လက် တွေ့သွားသည်။ သေနတ်ကိုငုံ့ယူနေစဉ် ပြေးသွားပြီး ကားတံခါးကိုဆောင့်ကန်လိုက်ရာ တံခါးနှင့် ကားဘောင်ကြားမှာ ခေါင်းညှပ်သွားပြီး အုန်းသီးတစ်လုံး ကွဲသလို ကွဲထွက်သွားသည်။

တံခါးကိုဆွဲဖွင့်လိုက်တော့ မြေပေါ်သို့ အရုပ်ကြိုးပြတ်ပုံကျသွားလေတော့သည်။

အသက် ပျောက်သွားလေပြီ။

"ခင်ဗျားဟာ လူတော်တစ်ယောက်ဖြစ်ပေမယ့် အယူအဆတွေ မှားနေတော့ တိုင်းပြည်အတွက် အန္တရာယ်ဖြစ်မှာစိုးလို့ အခုလိုလုပ်ရပေမယ့် စိတ်မကောင်းပါဘူး"

ဟုပြောကာ မိမိသေနတ်ရှိရာသို့သွားကာ ကောက်ယူလိုက်သည်။ ထိုအချိန်မှာ ဇင်မာဝေနှင့်ဘထွန်းတို့ ရောက်လာကြသည်။

"အားလုံးပြီးပြီလား ဆရာ"

"ဒီစီမံကိန်းမှာ အဓိကပါတဲ့ ဖုဋ္ဌဝိသဆိုတဲ့ လူတစ်ဦးနောက်ကို လိုက်ရဦးမယ်၊ သူ့ကိုတော့ ဉာဏ်သုံးပြီး ဖမ်းမှရတော့မယ်"





ဟုပြောကာ ဘထွန်းက သဲထဲမြုပ်နေသောလင့်ရိုဘာကား ကို ပြန်ဖော်ပြီးမောင်းကာ ထက်မင်းကျော်စွာနှင့် ဇင်မာဝေတို့က ဇီးယက် (124) ကို မောင်းကာ နောက်ကြောင်းသို့ ပြန်လှည့်ခဲ့ ကြသည်။

သူတို့စိတ်ထဲမှာတော့ တိုင်းပြည်အတွက် အန္တရာယ်ကြီးလှသော ရန်ဆူး ့နိမ်ခြောင့်တွေကို ဖယ်ရှားသုတ်သင်နိုင်ခဲ့သဖြင့် ကျေနပ်နေမိကြသည်။

အတတ်ပညာတော်သော်လည်း အတွေးချော်ခဲ့သော ဒေါက်တာဇီဝ၏ အသက်မဲ့ကိုယ်ခန္ဓာကြီးကတော့ သဲပွက်ထဲမှာ နစ်လျက်ကျန်ခဲ့လေသည်။

ကောင်းကင်ပြင်မှာ နေရောင်ခြည်ကြောင့် နံနက်ခင်းအလင်းရောင်များက ထွန်းလင်း တောက်ပလျက်ရှိသည်။

သူတို့၏ မဟာတာဝန်တို့မှာ မပြီးဆုံးသေးပေ။

# အခန်း [ ၁၈ ]

# မိုးမခနိဂုံး

တစ်နေ့သ၌ ၁၂၃၄ ခု၊ သီတင်းကျွတ်လဆန်း(၃)ရက်၊ ၁၈၇၂ ခု၊ အောက်တိုဘာလ (၅)ရက်၊ စနေနေ့ထုတ် မြန်မာသံတော်ဆင့် သတင်းစာ၌ အောက်ပါသတင်းတစ်ပုဒ် ထူးထူးဆန်းဆန်း ပါလာလေသည်။

ထိုသတင်းမှာ…

MERGUI

တနင်္သာရီမြစ်တစ်လျှောက်တွင် ကျွဲနွားတို့သည် ပေါများသဖြင့် အဖိုးနည်းနည်းနှင့် · ရနိုင်သည်ဖြစ်သောကြောင့်

ငှင်းတိရစ္ဆာန်များကို ဖောက်ကားရောင်းဝယ်လျှင် များစွာ ဖြစ်ထွန်းကြမည်ဟု ဗြိတ်မြို့၌ ပြောဆိုကြကြောင်း၊ ကျွဲနွားတို့မှ တစ်ပါး ဝံပုလွေတို့သည်လည်း မြစ်စဉ်တစ်လျှောက်တွင် များစွာရှိကြောင်း၊ ဗြိတ်မြို့တစ်ခွင်တွင် အဆိပ်ရောဂါများစွာ ပေါက်ရောက် ကပ်ငြိကြကြောင်း။ ဆန်မှာလည်း အထက် တစ်လ နှစ်လကဲ့သို့မဟုတ် ပါသင်္ဘောနှစ်စင်းသုံးစင်းတို့က တင်ယူလာ၍ အဖိုးလျှော့ကြောင်း။ တရုတ်လူမျိုးတစ်ယောက် သည် လူသတ်မှု၌ ပါဝင်လေသည်နှင့် စစ်ဆေးမေးမြန်းပြီး လျှင် ထောင်တွင်ထားရာ မကြာမီ သေဆုံးလေသည်နှင့် ၎င်းအကြောင်းကို စုံစမ်း ထောက်လှမ်းရာ စိတ်မကောင်း စိတ်ညစ်ညူးခြင်းကြောင့် သေဆုံးခြင်းမဟုတ်ဘဲ တစ်စုံတစ်ခု သော အဆိပ်သင့်သည့် လက္ခဏာမျိုးဖြင့် သေဆုံးရကြောင်းကို မော်လမြိုင်မြို့ သတင်းစာတိုက်သို့ မိတ်ဆွေတို့ ပေးသည့်စာတွင် တွေ့မြင်ရလေသည်ဟူသော အကြောင်းအရာပင် ဖြစ်တော့ သည်။

ထိုသတင်းစာ ကြော်ငြာပါလာပြီး နောက်တစ်ပတ်ခန့် ကြာသောအခါ မြန်မာသံတော်ဆင့်သတင်းစာမှာ အောက်ပါ သတင်းတစ်ပုဒ် ထူးထူးဆန်းဆန်း ပါလာပြန်လေသည်။





FOR SALE

ကျွန်ုပ်ထံတွင် အဆိပ်ဖော်စပ်ရာတွင် ထိရောက်စွာ အကျိုးပြုသော နည်းကောင်းအချို့ရှိပါသည်။ ထိုအထဲတွင် မြင်ရုံနှင့် သေစေသောအဆိပ်၊ ထိရုံနှင့် သေစေသောအဆိပ် များအပြင် ပင်လယ်ရေမှော်တွင် ကပ်နေသော သံကောင်ပြာ တစ်မျိုးမှ ထုတ်ယူနိုင်သော အဆိပ်များလည်း ရှိပါသည်။

အဆိပ်ကို စီးပွားဖြစ် အသုံးချလိုသူများ၊ ကျွန်ုပ်နှင့် လာရောက် ဆက်သွယ်နိုင်ပါသည်။

ကျွန်ုပ်ထုတ်ယူသော အဆိပ်များ အစွမ်းထက်ပုံနှင့် ပတ်သက်၍ ယခင်ရက်များအတွင်း၌ မြန်မာသံတော်ဆင့် သတင်းစာတွင် ပါပြီးသော ထူးဆန်းသည့် အကြောင်းအရာ များကို သက်သေပြနိုင်ပါသည်။ စိတ်ပါဝင်စားသူများ ကျွန်ုပ် နေထိုင်ရာ ရွှေခုံတိုင် စေတီတော်နောက်ဘက် တောင်ကုန်း ပေါ်ရှိ မြစိမ်းရောင်အိမ်ကြီးသို့ လာရောက် ဆက်သွယ် ဝယ်ယူရနိုင်ပါကြောင်း

ဟူသော သတင်းဖြစ်သည်။

ထိုသတင်းကြော်ငြာမှာ တစ်ပတ်တစ်ခါလောက် သံတော် ဆင့်သတင်းစာမှာ ပါလာသည်ကို အများက သတိပြုမိကြ ပေသည်။

တစ်နေ့သောအခါ ရွှေခုံတိုင် (ယခုရွှေဂုံတိုင်)လမ်းမပေါ်တွင် မြင်းလှည်းတစ်စင်း တရွေ့ရွေ့တက်လာသည်။

ထိုနေရာမှာ လမ်းများ ချောမွေ့ခြင်း မရှိသောကြောင့် တရွေ့ရွေ့တက်လာရခြင်း ဖြစ်သည်။ အတန်ကြာသောအခါ စေတီတော်နှင့် အတန်ငယ်လှမ်းသော လူသွားလမ်းကလေးရှေ့တွင် ရပ်သွားရာ မြင်းလှည်းပေါ်မှ အသက်ငါးဆယ်ကျော်ခြောက်ဆယ်နီးပါး အရွယ်ရှိသော လူကြီးတစ်ယောက် ဆင်းလာသည်။

သူသည် နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေး အရှည်များနှင့် ဖြစ်ပြီး ရှမ်းဘောင်းဘီ၊ အင်္ကျီ ခေါင်းပေါင်း အစရှိသည်တို့ကို ဝတ်ဆင်ထားကာ ကြီးမားသော လွယ်အိတ်ကြီးတစ်လုံးကို လွယ်ထားလေသည်။

ထိုလူကြီးသည် လူသွားလမ်းကလေးအတိုင်း တရွေ့ရွေ့တက်လာသည်။ ထိုနေရာတစ်ဝိုက်မှာ လူနေအိမ်ခြေမရှိဘဲ တောများ၊ တောင်ကုန်းများသာ ရှိသည်။ အချို့လူများက ထိုနေရာကို ခေါင်လှသောကြောင့် မနေလိုလှပေ။

သို့ကြောင့်လည်း ထိုနေရာတစ်ဝိုက်မှာ လူနေအိမ်မရှိဘဲ ကုလားလူမျိုးများ နို့စားနွားများမွေးသောခြံများနှင့် ရာသီထွက် စိုက်ခင်းအချို့တော့ရှိသည်။





တောင်ကုန်းတစ်ခုပေါ်မှာတော့ တစ်အိမ်လုံး အစိမ်းရောင်များ သုတ်ထားသော အိမ်ကြီးတစ်လုံးရှိသည်။

ထိုအိမ်ကြီးမှာ ရှေးက ကုလားလူမျိုး သူဌေးတစ်ဦး ပိုင်ဆိုင်သော အိမ်ကြီးဖြစ်ကာ ၎င်းအိန္ဒိယသို့ ပြန်သွားသောအခါ ဈေးနှုန်းချိုချိုနှင့် ရောင်းချသွားသဖြင့် ဆေးဆရာကြီးတစ်ဦးက ဝယ်ယူ နေထိုင်လျက်ရှိသည်။

ဆေးဆရာကြီးမှာ တပည့်အချို့နှင့်နေပြီး နေ့ရောညပါ ဆေးဝါးဖော်စပ်သော အလုပ်များကို လုပ်ကိုင်လျက်ရှိသည်။

ယခုရက်ပိုင်းအတွင်း သံတော်ဆင့်သတင်းစာတွင် For Sale ကြော်ငြာထည့်သောလိပ်စာမှာ ထိုအိမ်ကြီးပင်ဖြစ်တော့သည်။

အစိမ်းရောင်အိမ်ကြီးမှာ ရှေးခေတ်လက်ရာ ဖြစ်သောကြောင့် ကြီးကျယ်ခမ်းနားမှု ရှိသည်။

ဝင်လာသောလူကြီးက ၎င်းလွယ်အိတ်အတွင်းမှ သတင်းစာ ဖြတ်ပိုင်းကိုထုတ်ပြီး အိမ်ကြီးရှေ့ မျက်နှာစာတွင်ရေးထားသော လိပ်စာနှင့်တိုက်ကြည့်ပြီး သေချာတော့မှ ပိတ်ထားသော တံခါးကို ခေါက်လိုက်သည်။

"ဒေါက်...ဒေါက်...ဒေါက်"

တံခါးခေါက်သံ ပေါ်ထွက်လာပြီး အတန်ကြာသောအခါ တံခါးလာဖွင့်ပေးသည်။

"ဘာကိစ္စရှိလို့ပါလဲ ခင်ဗျာ"

"သတင်းစာမှာပါတဲ့ ကြော်ငြာလိပ်စာက ဒီလိပ်စာပဲ မဟုတ်လားကွယ့်"

"ဟုတ်ပါတယ်ခင်ဗျ"

"သဟာဖြင့် ကာယကံရှင်နဲ့ တွေ့ပါရစေ"

"အထဲမှာ ဆရာကြီးရှိပါတယ်၊ ကြွပါခင်ဗျာ"

ဟု တံခါးလာဖွင့်ပေးသော လူရွယ်ကလေးက ခေါ်သွားသဖြင့် ထိုလူကြီးက နောက်မှလိုက်သွားသည်။ ဧည့်ခန်းရောက်သောအခါ ကုလားထိုင်တစ်လုံးတွင်ထိုင်စေပြီး လူရွယ်လေးက အခန်းထဲဝင်သွားသည်။ မကြာမီ အခန်းထဲမှာ အသက်ငါးဆယ်ကျော်အရွယ် လူကြီးတစ်ယောက်ထွက်လာပြီး ဧည့်သည်ရှေ့တွင် ဝင်ထိုင်သည်။

"ဧည့်သည်ကြီးရဲ့ လာရင်းကိစ္စကိုသိပါရစေ"

"သတင်းစာမှာ ကြော်ငြာထည့်တာ ဆရာကြီးလား"

"ဟုတ်ပါတယ်၊ ကျုပ်နာမည် သူရရွှေပါ။ ဧည့်သည်ကြီးက ဘယ်လိုအခါပ်မျိုးကို အလိုရှိတာလဲ"





"ကျုပ်က ပင်လယ်ရေမှော်ကထုတ်တဲ့ အဆိပ်စပ်နည်းကို လိုချင်တာပါ"

"ဘာသုံးဖို့အတွက်ပါလဲ"

"ဆေးဝါးအတွက်ပဲဆိုပါတော့၊ မြွေဆိပ်ဖြေဆေးတစ်မျိုးမှာ အဲဒါသုံးဖို့ စိတ်ကူးရှိလို့လာကြည့်တာပါ၊ ဆရာကြီးရဲ့နည်းက အတော်ထိရောက်မှု ရှိနေပြီလား... တစ်ဆိတ်လောက် သိပါရစေ"

"အင်း... ပြောရရင်တော့ ကျုပ်စမ်းသပ်ခဲ့သမျှ အဆိပ်နည်းတွေထဲမှာတော့ အထိရောက်ဆုံးလို့တောင် ပြောလို့ရပါတယ်၊ ကျုပ်ရဲ့တပည့်တွေ စမ်းသပ်မှုအချို့ကြောင့် တစ်လောက သတင်းစာမှာ အတော်အလုပ်ရှုပ်သွားကြတယ်လေ... အဲဒါကြောင့်ပဲ ထင်ပါရဲ့၊ မမျှော်လင့်တဲ့ အခက်အခဲတွေကတော့ ရောက်လာတယ် ထင်ပါရဲ့ဗျာ"

ဟုပြောကာ ဆေးတန်ကို ဆေးဖြည့်ကာ မီးညှိပြီးဖွာနေသည်။

ဧည့်သည်ကြီးက...

"ဆရာကြီး အဲဒီနည်းကိုရောင်းဖို့ အစီအစဉ်ရှိတယ် မဟုတ်လား"

"ရှိတော့ရှိပါတယ်၊ ဒါပေမယ့်..."

"ကိုင်း... ဒါပေမယ့်တွေ ဘာတွေ လုပ်မနေပါနဲ့တော့ ဆရာကြီးရယ်၊ ဒီဖော်မြူလာနည်းကိုသာ ရောင်းမယ်ဆိုရင် ကျုပ် ဆရာကြီးတောင်းသလောက် ပေးပါ့မယ်၊ ဟောဒီမှာ ရွှေချောင်းတွေ ပါလာပါတယ်၊ စရံအဖြစ် ပေးခဲ့ပါမယ်"

ဟုပြောကာ ၎င်းလွယ်အိတ်ကြီးထဲမှာယူလာသော ရွှေချောင်းများကိုထုတ်၍ စားပွဲပေါ်တင်ပေးလိုက်သည်။

ပြတင်းပေါက်မှ ဝင်လာသော အလင်းရောင်ကြောင့် ရွှေချောင်းများက အလင်းရောင်များ တဖျပ်ဖျပ်လက်နေသည်။

"ညွှန့်သည့်ကြီးကို အားနာစရာဖြစ်နေပါပြီ၊ ဒီပင်လယ်ရေမှော်ကထုတ်ယူတဲ့ အဆိပ်နည်းအကြောင်းကို အင်္ဂလိပ်အစိုးရကလည်း ရိပ်မိသွားတော့ သူတို့ကလည်း ဒါကိုလိုချင်တယ်၊ ဒါကြောင့် အကြပ်ကိုင်ပြီး တောင်းနေကြတယ်၊ နောက်ဆုံး မလွန်ဆန်နိုင်လေတော့ ညွှန့်သည့်ကြီး ဘယ်လောက်ပေးပေး မရောင်းနိုင်တော့ပါဘူး။ သူတို့ကိုပဲပေးရမှာပါ၊ ဒီတော့ တခြား အဆိပ်ဖော်စပ်နည်းတွေ ယူပါလား"

ဟု အေးအေးဆေးဆေး ပြောပြသည်။

"ဒါဖြင့် ဒီနည်းကို ကျုပ်မရနိုင်တော့ဘူးပေါ့"

"ဟုတ်တယ်ဗျာ... သူတို့ကိုတော့ မလွန်ဆန်ဝံ့ပါဘူး။ စိတ်မကောင်းစရာပါပဲ"





"ဘာမှစိတ်မကောင်းဖြစ်စရာ အကြောင်းမရှိပါဘူး။ ဒီနည်းက ဆရာကြီးကိုယ်တိုင် ထုတ်တာမဟုတ်လား"

"ဟုတ်ပါတယ်၊ ကျုပ်ကိုယ်တိုင် မြန်မာ့နည်းစစ်စစ်နဲ့ ထုတ်ထားတာပါ"

"ဒီလိုဆိုရင် ဘာခက်သလဲ၊ ဆရာကြီးကို ခေါ်သွားရင် ပြီးတာပဲ"

ဟုပြောကာ လွယ်အိတ်ထဲမှာ အသင့်ယူဆောင်လာသော ခြောက်လုံးပြူးသေနတ်ကို ယူပြီး ချိန်ထားလိုက်သည်။

"ဒါက ဘာသဘောလဲကွယ့်"

"တခြားတော့ မဟုတ်ပါဘူး။ ဆရာကြီးကို ကျုပ်နဲ့ တစ်ခါတည်း ခေါ်သွားမယ့် အစီအစဉ်ပါပဲ"

"တကယ်လို့ ကျုပ်က ငြင်းမယ်ဆိုရင်ရော"

"အဖြေက ရှင်းပါတယ်၊ ဒီဖော်မြူလာကို တခြားလူဆီ ရောက်မှာဆိုရင်တော့ ဒီဖော်မြူလာကိုတွေ့တဲ့ ဆရာကြီးကို ပစ်သတ်ခဲ့တာ အကောင်းဆုံးပါပဲ"

"အင်း... ကြောက်စရာပဲ၊ ဒါထက် ခင်ဗျားနာမည်က ဘယ်သူလဲ"

"ကျုပ်နာမည် ဖုဠ္ဌဝိသ"

"ဖုဋ္ဌဝိသဆိုတော့ ထိလိုက်ရုံနဲ့ အသက်သေအောင် အဆိပ်ပြင်းမယ့် အဓိပ္ပာယ်ပဲ၊ အဝေါ်ကြောက်စရာ ကောင်းတာပဲ၊ အခု ကျုပ်က ဘယ်လိုလုပ်ရမှာလဲ"

"ကျုပ်နဲ့ တစ်ခါတည်းသာ လိုက်ခဲ့ပေတော့"

"အင်း... အခုမှတော့ မတတ်သာပေဘူး၊ လိုက်ဆိုတော့လည်း လိုက်ရတော့မှာပေါ့၊ ဒါပေမယ့် ကျုပ်ရဲ့ဆေးဝါးဖော်စပ်တဲ့ ပစ္စည်းအချို့တော့ ယူမှရမယ်"

"နောက်မှယူလို့ မရဘူးလား"

"ကျုပ် နောက်တစ်ခေါက် ဒီကိုပြန်လာလို့ဖြစ်တော့ဘူး၊ ဘာကြောင့်လဲဆိုတော့ အင်္ဂလိပ်အစိုးရက ကျုပ်ပျောက်သွားတာသိရင် ဒီအတိုင်းကြည့်နေမှာ မဟုတ်ဘူး"

ဟုဆိုကာ ဆေးတံကို တစ်ချက် နှစ်ချက်ဖွာလိုက်ရာ မီးခိုးငွေ့များ တက်လာသောအခါမှ စားပွဲပေါ်ရှိ ဆေးလိပ်ခွက်ထဲ ချခဲ့ပြီး နေရာမှထရပ်သည်။

မီးခိုးငွေ့များက ပတ်ဝန်းကျင်မှာ ပျံ့ဝဲလျက်ရှိသည်။

သေနတ်ကိုင်ထားသော ဉာဉ်သည်ကြီးမှာ ထိုမီးခိုးငွေ့များကို တစ်ချက်နှစ်ချက် ရှူမိလိုက်သည်နှင့် ခေါင်းထဲမှာ မူးဝေဝေဖြစ်လာသဖြင့် နေရာမှထရန် ကြိုးစားလိုက်သော်လည်း မရတော့ပေ...။





"ဟင်..."

နောက်တစ်ကြိမ် ကြိုးစားထသော်လည်း မရပေ။

ထိုကုလားထိုင်မှာ အခြားကုလားထိုင်များလို အလွတ်ချထားခြင်းမဟုတ်ဘဲ ခြေထောက်လေးချောင်းကို ကြမ်းပြင်နှင့် ပုလိစွဲထားသောကြောင့် ဖြစ်သည်။

ဖုဋ္ဌဝိသဆိုသော လူကြီးသည် အခြေအနေ မဟန်တော့သဖြင့် သေနတ်ကိုမောင်းတင်ပြီး ရှေ့မှဆရာကြီးကို ပစ်ခတ်ရန် ကြိုးစားသော်လည်း မျက်စိထဲမှာ လူတစ်ယောက်တည်းမဟုတ်တော့ဘဲ လှုပ်ရှားနေသော လူအရိပ်များကို တွေ့မြင်ရသဖြင့် လက်ထဲမှသေနတ်ဖြင့် ဆင့်ကာဆင့်ကာ ပစ်ခတ်လိုက်သည်။

"ဒိုင်း...ဒိုင်း...ဒိုင်း"

"ဒိုင်း...ဒိုင်း...ဒိုင်း"

ခြောက်ချက်တိတိ ပစ်ခတ်လိုက်ပြီးသောအခါ ၎င်း၏ ခြောက်လုံးပြူး သေနတ်ထဲမှာ ကျည်ဆန် ကုန်သွားလေတော့သည်။

ထိုအခါမှ ဆရာကြီးသူရဿ ဆိုသူက အနီးသို့ပြန်လျှောက်လာသည်။

"တို့မြန်မာတွေရဲ့ ရှေးက သူခိုးဖမ်းနည်းပညာက ဒီတစ်ခါ တော့ အတော့်ကို အသုံးတည့်ပါလားဟေ့၊ ကိုင်း...

ကိုင်း…အပြင်မှာစောင့်နေကြတဲ့ အိုင်ပီအောင်မင်းအောင်တို့၊ ဦးဗန်ကောင်းတို့၊ မောင်ကျော်စွာတို့ရေ… မင်းတို့ လိုချင်တဲ့ တရားခံကို မိထားပြီဆိုတော့ အတွင်းကို ဝင်လာလို့ရပါပြီကွယ်"

ဟု ဆရာကြီးသူရရှာက လှမ်းပြောလိုက်သောအခါ အပြင်မှာ စောင့်နေကြသူများက အတွင်းသို့ဝင်လာကြသည်။

ထက်မင်းကျော်စွာနှင့်အတူ ဖင်မာဝေလည်း ပါလာသည်။

ထို့ပြင် မြင်းလှည်းသမား ဘထွန်းအမည်ခံ ဆားပုလင်းအောင်ထွန်းဆိုသော လူရွယ်နှင့် ပုလိပ်နှစ်ယောက်လည်းပါလာသည်။

အထဲသို့ရောက်သောအခါ ဖုဒ္ဓဝိသဆိုသူထံမှ ခြောက်လုံးပြူးသေနတ်ကို သိမ်းယူလိုက်ပြီး ထက်မင်းကျော်စွာက လက်ထိတ်ခတ်လိုက်သည်။

ထို့နောက် ထက်မင်းကျော်စွာက ထိုသူ့မျက်နှာပေါ်မှ ဆံပင်အတု၊ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေး အတုများကို ဖယ်ရှားလိုက်သောအခါ ၎င်း၏မူလမျက်နှာ ပေါ်လာတော့သည်။

"ဟင်…ဦး…ဦးလေး"

ဖင်မာဝေက တအံ့တသြ ရေရွတ်လိုက်သည်။





"ဟုတ်ပါတယ်၊ အများက သေဆုံးသွားပြီလို့ ထင်ထားတဲ့ ဦးမင်းဟာန်ပါပဲ၊ တကယ်တော့ အိုမီဂါစီမံကိန်းမှာ ဖုဒ္ဓဝိသအမည်နဲ့ ခေါင်းဆောင်လုပ်နေတာလဲ ဦးမင်းဟာန်ပါပဲ"

"ဟင်… "

ထက်မင်းကျော်စွာက ဆက်ရှင်းပြသည်။

"တကယ်တော့ ဦးမင်းဟာန်နဲ့ ဒေါက်တာဇီဝတို့ နှစ်ယောက် အလွန်ရင်းနှီးကြတယ်၊ ဒေါက်တာဇီဝက ပင်လယ်ရေမှော်ကတစ်ဆင့် ထုတ်ယူနိုင်တဲ့ အဆိပ်ဖော်မြူလာကို တွေ့တဲ့အခါမှာ ဦးမင်းဟာန်နဲ့တိုင်ပင်ပြီး စီမံကိန်းတစ်ခု ထူထောင်ကြတာပါပဲ၊ သူတို့နှစ်ယောက်ရဲ့ ရည်ရွယ်ချက်က ဒီဖော်မြူလာကို နိုင်ငံကြီးတွေနဲ့ ဆက်သွယ်ပြီး ရောင်းချဖို့ပဲ၊ ဒီလိုရောင်းချနိုင်ရင် သူတို့တစ်သက်မပြောနဲ့ ဆယ်သက်စားရင်တောင် မကုန်တော့ဘူး။ နောက်ဆုံးတော့ ကိုယ့်တိုင်းပြည်ကိုတောင် အန္တရာယ်ပြန်ပြုဖို့ အထိပါပဲ"

"အင်း…အတော်ဆိုးဝါးတာပဲ"

"သူတို့နှစ်ယောက် ပေါင်းပြီးတော့ အိုမီဂါစီမံကိန်း ထူထောင်ပြီးတဲ့နောက်မှာ ဦးမင်းဟာန်က ဟန်မပျက်ပြန်နေပြီး ဒီဘက်က သတင်းတွေရအောင် စုံစမ်းတယ်၊ နောက်ပိုင်း ကျွန်တော်တို့ ရောက်သွားတော့ ဖင်မာဝေကို တည်ကြက်အဖြစ်

ချန်ထားခဲ့ပြီး သူက ကားမှောက်လို့သေပြီဆိုပြီး ခြေရာဖျောက် သွားခဲ့တယ်၊ ဒါပေမယ့် သတင်းတွေကိုရနေဖို့ ဇင်မာဝေရဲ့ အနားမှာ ဒေါ်မင်းဇာကို နောက်ချန်သူလျှိုအဖြစ် ထားခဲ့တယ်"

"ဒါဖြင့် ဒေါ်မင်းဇာလည်း မသေဘူးပေါ့"

"မသေသေးပါဘူး။ ရှိပါတယ်၊ သူရှိတဲ့နေရာကို စုံစမ်းလို့ ရပါပြီ၊ မကြာခင်ဖမ်းမိမှာပါ၊ သူ့ကို ကျွန်တော် သံသယစရှိတာ ကတော့ သူ့အခန်းထဲကစာအော်ထဲကရတဲ့ မှတ်တမ်းစာအုပ်ကို ဖတ်ကြည့်တော့ သူသေပြီးတဲ့ရက်စွဲရဲ့နောက်ပိုင်းမှာ ဆက်မှတ် တဲ့ မှတ်တမ်းအချို့ကို တွေ့လိုက်ရကတည်းကပါပဲ၊ သေပြီးတဲ့ လူတစ်ယောက်ဟာ မှတ်တမ်းကို ဘယ်လိုမှ ဆက်မှတ်နိုင်မှာ မဟုတ်ပါဘူး။ ဇင်မာဝေက ဒီအကြောင်းတွေကို မသိရှာတော့ လူမရှိတဲ့အချိန်မှာ ဒေါ်မင်းဇာနဲ့ပေါင်းပြီး သူတို့လှုပ်ရှားခဲ့ကြ တာပါ၊ နောက်တော့ အခြေအနေမကောင်းတော့လို့ ဒေါ်မင်းဇာ ကိုပါ ဇာတ်မြှုပ်ပစ်ခဲ့တာပါ"

"အတော် အကြံကြီးပေတာပဲ"

"နောက် ကျွန်တော်တို့ မိုးမခရောက်တဲ့ အခါကျတော့ ဦးဗန်ကောင်းဆီက 'မိုးမခမျက်နှာဝက်ပါ ပျောက်တဲ့လူကိုရှာ' ဆိုတဲ့စာကို ရကတည်းက ပျောက်တဲ့လူဆိုတာ ဦးမင်းဟန်မှ လွဲပြီး တခြားလူ မဖြစ်နိုင်ဘူးလို့ တထစ်ချတွေးခဲ့တာပါ...





ဒါကြောင့် ဆရာကြီးသူရဇ္ဇနဲ့ တိုင်ပင်ပြီးတော့ သူတို့ မက်မောတဲ့ အရာနဲ့မျှားပြီး အခုလိုဖမ်းနိုင်ခဲ့တာပါ၊ တကယ် တော့ သူတို့ရဲ့ စီမံကိန်းကြီးတစ်ခုလုံးကို ချေဖျက်နိုင်ခဲ့တာ ကျွန်တော်တို့ အဖွဲ့ဝင်တွေအားလုံး ကြိုးစားခဲ့ကြလို့ပါပဲ"

ဟု ထက်မင်းကျော်စွာက ရှင်းပြလေသည်။

"ဟုတ်တယ်၊ ကျုပ် မှားခဲ့ပါတယ်၊ ယူနီဗာစီတီမှာ အတန်းတက်နေကတည်းက ဒေါက်တာဇီဝက ကျုပ်နဲ့ မိတ်ဆွေ တွေပါ၊ သူ ဖော်မြူလာတစ်ခု တွေ့တဲ့အခါမှာ ကျုပ်တို့ နှစ်ယောက် မကြံစည်သင့်တာတွေ ကြံစည်ခဲ့ကြတာပါ။

တကယ်တော့ ဒီဖော်မြူလာ စမ်းသပ်ကတည်းက လူတွေ၊ တိရစ္ဆာန်တွေ အများကြီး သေခဲ့ကြကတည်းက ကျုပ်တို့ နောင်တရဖို့ကောင်းပါတယ်၊ ဒါပေမယ့် လောဘက တိုက်တွန်းလို့ ဆက်လုပ်ခဲ့ကြတော့ အခုလို ဒုက္ခတွေ့ကြရတာ ပါပဲဗျာ"

ဟု နောင်တရသော လေသံနှင့် ပြောပြသည်။

ထိုအခါ ဆရာကြီးသူရဇ္ဇက ဆေးရည်တစ်မျိုးယူဆောင် လာပြီး ကုလားထိုင်ပေါ် လောင်းချလိုက်သောအခါမှ ဖုဠဝီသ အမည်ခံ ဦးမင်းဟန်မှာ နေရာမှ ထခွင့်ရလေတော့သည်။

"နောက်တစ်ခု ကျုပ်ပြောချင်တာက ဟောဒီ ကျုပ်တူမလေး ဇင်မာဝေဟာ ဒီအကြောင်းတွေကို ဘာမှမသိပါဘူး။ ကျုပ်တို့ခိုင်းသမျှ လုပ်ရတာပဲ ရှိပါတယ်၊ ဒါကြောင့် သူ့မှာ အပြစ်မရှိပါဘူး။ ဒီအပြစ်တွေအားလုံးက ကျုပ်အပေါ်မှာပဲ ရှိပါတယ်၊ ဒါကြောင့် သူ့ကို ခွင့်လွှတ်ပေးကြပါဗျာ"

ဟု တောင်းပန်ပြောဆိုလေသည်။

"စိတ်ချပါ... ဇင်မာဝေအတွက် ဘာမှမပူပါနဲ့ ကျွန်တော်တို့ သူ့ကို အစစအရာရာ စောင့်ရှောက်ပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ်ကွယ်... ကဲ... ဝတ္ထုရားအရသာ ဆောင်ရွက်ကြပါတော့"

အခန်းထဲမှာ ဇင်မာဝေ၏ရှိုက်သံလေးများ ပေါ်ထွက်လာသည်။

ထက်မင်းကျော်စွာက ဇင်မာဝေ၏ ပခုံးလေးကိုဖက်ပြီး နှစ်သိမ့်မှုများ ပေးရသည်။

ကျွန်ုပ်တို့လည်း ထိုမြင်ကွင်းကိုကြည့်ပြီး အတော်အတန် စိတ်မကောင်းစွာ ဖြစ်မိသော်လည်း လူဆိုတာ ကိုယ့်ကြမ္မာ ကိုယ်သာဖန်တီးကြပြီး ဘယ်သူမပြု မိမိမှုသာ ဖြစ်တော့သည်။ ကိုယ်ပြုသော ကောင်းမှု၊ မကောင်းမှု ကံများကို ကိုယ်သာ





ခံစားရပေသည်ဟု သံဝေဂရမိရင်း ကျွန်ုပ် ရေးသားသော ဤ "မိုးမခဝက်ပါ" အမည်ရှိ ဂန္ထိရဆန်းကြယ် လျှို့ဝှက်စွန့်စားမှု ဝတ္ထုကြီးမှာလည်း ဤနေရာတွင် နိဂုံးကမ္ပတ် အဆုံးသတ်ပြီ ဖြစ်ပေတော့သတည်း။ ။

အနီဃာဟောတု သုခီအတ္တာနံ ပရိဟရန္တု၊...

ဖြိုးစက္က

တပြီးချိန် ၶ ၂၉-၈-၂၀၀၄ ဗုဒ္ဓဟူးနေ့
ညနေ (၅း၀၀)နာရီ